www.burmeseclassic.com

BURMESE CLASSIC .com

သာဂဒိုး

# သဘာဝဓာတ်စာ နှင့် ကျန်းမာရေး

ပိစပ်ရွက် နှင့်
ကျောက်ဖရုံသီးတို့၏
စွမ်းပကား

မိုးယုံရွက်နှင့်
ကျောက်ဖရုံသီးတို့၏
စွမ်းပကားကြောင့်
ရောဂါပျောက်ကင်းသူတို့နှင့်
တွေ့ဆုံမေးမြန်းခန်းများ
ပါဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com




# ဟိုနိုင်ငံ ဒီနိုင်ငံ ယူသွားကြမည့် ပိစပ်

'အစ်ကိုဒိုး သတင်းတစ်ခုကြားလို့ဗျ၊ မလေးရှားသွားပြီး အစ်ကိုဒိုး ပိစပ်ဆေးခန်း ဖွင့်မလို့ဆိုဗျ၊ အစ်ကိုဒိုးတော့ ချမ်းသာခြင်းလမ်းကြောင်းကို ကောင်းကောင်း ရောက်နေပြီပဲ၊ ပိစပ် အကျိုးပေးပဲ'

ဟာ၊ မဟားတရား ကျားသားမိုးကြိုး၊ အကျိုးနည်းတဲ့ သတင်းတွေပါလား၊ မစမယ့်သူတွေ တိုးဦးတော့မယ်လေ၊ နဂိုကမှ ဘုရားတရားကိုတအားရှိခိုးပြီး လူဗန်တိုဗန်ရှည်နှင့် နေနေရသည့်ဥစ္စာ၊ ခုစကားက တီးချင်လို့ချင်သူ များဦးတော့မည်ဖြစ်သည်။

နောက်မှ သိရ၏။ ကျွန်တော် တယ်လီဖုန်းဆက်နေသည့် စကားများ ကြားပြီး ကိုယ့် ခင်သူတစ်ဦးထံက ပြန့်ကားသည့် စကားဖြစ်သည်ကော။ ကျွန်တော်က ပါးစပ်သမားတော်ဖြစ်နေတာကတော့ အများသိသည်ပဲ။ ဖုန်းနှင့် ဖြစ်စေ၊ အိမ်လာမေးလို့ဖြစ်စေ ကိုယ်က ကိုယ်သိသမျှပိစပ်ဖြင့် ရောဂါကုမှုနည်းများ ပြောရ၊ နည်းပေးရတာဖြစ်သည်။ နိုင်ငံခြားကလာသည့်အထဲ မလေးရှားကလည်းပါသည်။

မလေးရှားမှ တစ်ဦးမှာ စူလာနဖာနည်းအဖြာဖြာ ကိစ္စထဲက သူကမလေးရှားတွင် စူလာနဖာဖြင့် နည်းပေးလမ်းပြ ကုသပေးနေခဲ့တာဖြစ်သည်။ မလေးရှားတွင် စူလာနဖာ ထိုသူက မရအရလိုက်ရှာပြီး စာအုပ်ထဲကအတိုင်း လူတွေနည်းပြဟာ ကူညီဟာ ကုသပေးတာတွေ လုပ်နေခဲ့သူဖြစ်သည်။ ထိုအချိန် မလေးရှားရှိ တရုတ်သတင်းစာတစ်စောင် ဘယ်လိုစိတ်ကူးရကာ စေတနာပိုလိုက်သလဲ မသိ၊ သာဂဒိုး၏ စူလာနဖာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆေးနည်းဆေးပင်များ စာအုပ်ကို သတင်းစာတွင် ပုံဖြင့်အကျအန ဖော်ပြလိုက်ပြီး စာအုပ်အကြောင်း ကောင်းကောင်းကြီး ခိုးပ နေလိုက်သည်။

ညကွင်းပင် ဒိုးရောင်းရင်းမှာ စုလာနဖာဆရာ ပိုလို့ ဖြစ်သွားကာ ကျွန်တော်နှင့် ဖုန်းပြောပြောပြီး ရောဂါသည်များ နည်းပေးဆောင်ရွက်ပေးနေ ဖြစ်နေခဲ့ပါသည်။

အခု သူနှင့်က ပိစပ်စခန်းက ပြန်စလို့နေပြန်လေသည်။ သူကလဲ မပေးရှားတွင် ပိစပ်လိုက်ရှာလိုက်ရာ သုံးမကုန်နိုင်အောင် တအုံကြီး ပိစပ်တွေ တွေ့ပြန်ပါတော့သည်။ ဒါနှင့် သူ့အား ပိစပ်ပညာများပေးနေရပြန်တော့သည်။

သူကလဲ စေတနာပိုသည်။ ပိစပ်ကို သူ့အိမ်တွင် စက်ဖြင့် များများသွစ်လိုက်ပြီး ရောဂါသုံလူနာဆီများကိုသွား။ မေတ္တာ စေတနာကွေပိုက်လျက် ဆေးတိုက်တာတွေလုပ်ခဲ့ပါလေတော့သည်။ ဒါနှင့် သူလည်းစုလာနဖာဆရာ ဖြစ်နေရာက အခု ပိစပ်ဆရာဖြစ်ရပြန်တော့သည်။ ဇာတ်လမ်းကား ဒါပဲဖြစ်တော့သည်။ သူ့စေတနာကို ကျွန်တော်ချစ်ပါသည်၊

အခုကျွန်တော်က ပိစပ်ဖြင့် ရိုးရိုးမကုသဲ အထူးတစ်မျိုးကုရန် ကြံဆောင် လိုက်ပါသည်။ တခြားမဟုတ်ပါဘူး။ ယခု အေအိုင်ဒီအက်စ် သီတင်းပါတ် ကျွန်တော်က မြန်မာဆေးဆရာများ အေအိုင်ဒီအက်စ်ကို ကုသပေးကြဖို့ လှုံ့ဆော်လိုက်ပြီး မြန်မာဆရာများနည်းလမ်းပါပေးခဲ့သည်။

ကိမ်ရောက်လာသည့် ဆရာများကို နည်းလမ်းပြောပြ ရှင်းလင်းပြီးလျှင် နယ်မှသရာများအတွက်ကိုတော့ ဂျာနယ်များကပင် နည်းလမ်းများ ပေးကာရေးခဲ့ပါသည်။ မှတ်မိကြပါလိမ့်မည်။ မြန်မာဆရာများ ကုမည်ဆိုတော့ ကျွန်တော် ပါးစပ်ဖြင့် ကုသပြောဆိုသလို ပိစပ်အရည်သောက်၍ တိုက်နည်းမှ တစ်ဆင့်တက်ကာ နည်းလမ်းတစ်မျိုးဖြင့် ကြိုးစားရန် လုပ်လိုက်ရပါသည်။ ဆရာများလည်း ငွေကြေးယူကာ ကုကြရမည်ဖြစ်သော ခုလို သင့်တော်လှပေသည့်နည်းကို ကျွန်တော် ကြံဆောင် စီစဉ်ပြီးပေးရတာ ဖြစ်သည်။



ယင်းမှာ ပိစပ်ကိုကျို၍ ကျိုဆေးလုပ်ပြီးလျှင် တိုက်သည့်နည်းလမ်း ဖြစ်ပါသည်။ ကျွန်တော့် လက်တွေ့ လေ့လာကြည့်ချက်များအရက ပိစပ်သတ္တုရည်ထက် ကျိုဆေးလုပ်၍တိုက်တာက ပိုမိုတိပြင်းကာ ပိုထိရောက်ပြီး အကျိုးရှိတာကို လက်တွေ့များ တွေ့လာရသည်။

နည်းကိုလည်း ရေးပြပြီးပါပြီ။ ဆန်တစ်ပြည်ချက်အိုးဖြင့် နမူနာပြကာ ညွှန်ခဲ့သည်။ အမှန်ကား ဆန်သုံးပြည်ချက်အိုး သုံး၍ သုံးဆတိုးချက်လည်း ဆေးများ ပိုချက်နိုင်တာပဲဖြစ်သည်။

ကိုယ်တွေ့အရပြောလျှင် မိုးပြဒယ်အိုးကြီးဖြင့်လုပ်လဲ အချိန်အဆ ပုံစံရပြီးပြီဖြစ်၍ တွက်လို့လွယ်ပါပြီ။ ဆန်တစ်ပြည်ချက်အိုးနှင့် ပိစပ်ကျိုလျှင် ပိစပ်ဆေးအနှစ် သုံးပုလင်းရ၏။ ဆန်သုံးပြည်အိုးဆိုက ပိစပ်ဆေးအနှစ် ကိုးပုလင်းရမည်။

ဤသို့ချက်၍ ရသော ဆေးရည်သည် ပိစပ်သတ္တုရည်နှင့်အာနိသင်ချင်း ယှဉ်ကြည့်သော လေးပုံတစ်ပုံ သုံးရုံဖြင့် အစွမ်းထူးတာ တွေ့ရပါသည်၊ သတ္တုရည် လက်ဖက်ရည်ကြမ်းပန်းကန်တစ်ဂက်သာသာ တိုက်ခဲ့ရာ၌ အခုအရည်ကျို ဆေးကျတော့ ဟင်းစားဇွန်းဖြင့် တစ်ဇွန်းခွဲသာတိုက်ရတာ ဖြစ်တော့သည်။ အာနိသင်တက်ကာ ပြောင်းကာ တိုး၍လာသည်။

ဒါတွေကို ကျွန်တော်သည် မြန်မာဆရာများတွက် ပြုလုပ်ပြပြီး တယ်လီဖုန်းဖြင့်လည်း နည်းတွေလမ်းတွေ ပြောပါသည်။ ကျိုထားသည့်အရည်ကို တစ်ဇွန်းခွဲတိုက်ပါ။ တစ်နေ့ သုံးကြိမ် အရောဂါကို ချိုအတိုင်း တိုက်ပါ၊ စိုပိုးသမားကို တစ်ဇွန်းခွဲ နှစ်ကြိမ် တိုက်ပါ။ ဘီပိုးသမားကိုတော့ တစ်ဇွန်း တစ်နေ့ နှစ်ကြိမ် တိုက်ပါ။ ဆေးရည်အဆင့်က သတ္တုရည်ထက် အာနိသင်ကြီးလာရာ အချိန်အဆ ပြောင်းပါသည်။ ပိစပ် ဓါတ်စာရွက်ဘဝကနေ ဓာတ်စာရည်ဖြစ်သွားသည်ပေါ့။

ခုလို မြန်မာဆရာများနှင့် ပြောကြလုပ်ကြသည်ကို ကျွန်တော်က မလေးရှားလည်း လက်ဆင့်ကမ်းဦးမှပါလို့ အကြောင်းစုံနည်းစုံ အတွေ့စုံပေးဖွဲ့ကို အစုံ ပြောခဲ့ရပြန်သည်ပေါ့။ ဟိုကလည်း အားတက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ကိုယ်ပိုင်လူနာများကလည်း ရှိလို့နေပြီ။ စူလာနဖာသာမက ပိစပ်ကလည်း ဟိုမှာ တန်ခိုးထွားနေပြန်ပြီ။ ဤတွင် သူ့အစု သူ့အသိုက်လည်း ဓာတ်စာချက်နည်းနှင့် ကုနည်း ဆေးတိုက်နည်းများ ပြန့်ကား ဖြန့်သွားရပြန်တော့သည်ပဲ။

'ကဲ ဆရာရေ၊ အထူး ပြောမနေနဲ့တော့နော်၊ ကျွန်တော်လဲ ဆေးတိုက်ဖွင့်လိုက်တော့မယ်၊ ဒီလို ရောဂါကြီး ရောဂါစုံတွေကို ကုနေတဲ့ နောက်တော့ အကျအနပဲ ဆေးတိုက်ဖွင့်လိုက်ပေါ့မယ်ဗျာ၊ ဘယ်လိုလဲ'

မလေးရှားဘက်က ဒီလိုပင် အသံမြည်ကာ ကြွလာဖန်လာတာဖြစ်တော့ သည်။ ကျွန်တော် ဘာပြောမည်နည်း။ အရင်လည်း စူလာနဖာနှင့် အခု ပိစပ်လဲ အရှိန်ရလာနေတော့ ဘာပြောစရာရှိပါမည်နည်း။

'ကျွန်တော် ဆရာ့နာမည်နဲ့ ဆေးတိုက်အမည် တင်ချင်တယ်၊ ကျွန်တော်တော့ အာသီသကြီးနေပြီ'

'အမယ်မယ် ကျုပ်နာမည် မလုပ်လိုက်နဲ့လေ၊ မလေးရှားမှာ ဒီလို လုပ် ဖြစ်လာရင် ဒီက မနာလိုတိုရှည်တွေ စိတ်တွေကြေပြီး သေနေဦးမယ်၊ စဉ်းစားတာ ထောင့်စုံ စဉ်းစားရတယ်လေ'

'ဒီလိုပါခင်ဗျာ၊ အနည်းဆုံးတော့ဖြင့် ဆရာ့အမည်ကို ထိပ်ဆုံး အလုံးကိုတော့ သုံးခွင့်ပေးပါ၊ ကျွန်တော် အားကိုးပါရစေလေ၊ ကျွန်တော်တို့ ပျောက်တဲ့ လူနာအနေအရ ထိုင်းတို့၊ စင်ကာပူတို့ ဆီကတောင်မှ လာနိုင်တာနော်၊ ကျွန်တော် စနစ်တကျ လုပ်လိုက်ပါတော့မယ်၊ အဲ ဆရာ ကိုယ်တိုင်လဲပဲ ခဏခဏ လာမှဖြစ်မယ်'

အဲ၊ အဲဒါကို ကျွန်တော်တို့ တယ်လီဖုန်းပြောကြ၊ အိမ်ထဲမှာ ပြောကြနှင့်ဟာ၊ ကြားသူက ကြားပြီး သတင်းစကားပြန့်ကာ သာဂဒိုး မလေးရှားမှာဆေးခန်း သွားဖွင့်တော့မယ်လို့ သတင်းချီတာနှင့် တူပါသည်။ ကြမ်းကြား လေကြား စကားဆိုတာ ခက်သားလားဖြစ်သည်ပဲ။

ဟိုဒီနိုင်ငံရောက် မြန်မာများဟာ ဒီပိစပ်သတင်းစကားကြားပြီး ဒိုးဆီကို ပြောကြဆိုကြ တောင်းကြတာလည်း ရှိနေပါသည်။ ပိစပ်ကို



အမေရိက ယူချင်သူ အာဖရိက ယူချင်သူ ဂျပန်ကိုသယ်ချင်သူ ဩစတေးလျသို့ ပို့ချင်သူတွေ မျိုးစုံ ရှိလာနေပါသည်။ အချို့မှာ ကျွန်တော် အရည် လုပ်ထားတာကို ယူသွားလိုသည်။ ခက်သည်က ယနေ့မှာ အရည်မှန်သမျှကို လေကြောင်းလမ်းက အန္တရာယ် စိုးရိမ်ဖွယ်လို့ ပယ်နေတော့ကာ ဤ အရည်ကို ပေးလို့မဖြစ်နိုင်ပါ။ အမျိုးမျိုး စဉ်းစားပြီး အရွက်ကို စမ်းယူသွားကြရာ အဆင်ပြေပုံရပါသည်။ ဤအရွက်ကို ဟိုမှာ ဘာလုပ်မည်နည်း။ ဒိုးကတော့ အရွက်ကို ဆန်တစ်ပြည်ချက်အိုးနဲ့ ကျိုနည်းပြပြီး သုံးနိုင်ရန် နည်းလမ်းတွေကိုတော့ ပေးလိုက်ပါသည်။ သို့သော် အရွက်ပြုတ်သည့် အရည်ကလည်း ကြာရှည်မခံပါ။ တစ်လခွဲ နှစ်လဆို အချဉ်ပေါက်သွားနိုင်သည်။ ဒီတော့ ဘာပြောနိုင်သနည်း။ ဘာပြောရမည်နည်းဗျာ။ 'အေး၊ ငါတော့ ကမ္ဘာ့အဆင့်မီ ဆေးထုတ်နိုင်အောင်လို့ မြန်မာကြံ ကြံလိုက်ပါဦးမယ်ကွာ'

ဒါ ဒါပဲ ပြောလိုက်နိုင်သည်ကော။

[ ဈေးကွက်ဂျာနယ်၊ ၄၊ ဇန်နဝါရီ၊ ၂၀၀၇ ]

www.burmeseclassic.com

www.burmeseclassic.com

## ပိစပ် ကမ္ဘာကို ပြန့်ချင်သလား

ကမ္ဘာအရပ်ရပ်သွားနေခဲ့သူများ မြန်မာပြည်ကို လာကြ၊ သွားကြ ရှိကြသည်ပ၊ ထိုလိုလူများထဲက အချို့ဟာ ပိစပ်သောက်မိကြသည်နှင့် တူပါသည်။ ပိစပ် ယူသွားရေးအတွက် ရတက်မအေးတွေ ဖြစ်ကုန်လေသည်။

ကျွန်တော် လာမေးသမျှကိုတော့ နည်းမျိုးစုံစဉ်းစားပြီး နည်းတော့ပေးရသည်ပဲ။ ခက်သည်က အရည်ယူသွားမရခြင်းပင်ဖြစ်သည်။ ယနေ့လေကြောင်း အန္တရာယ်တွက်သည့်အထဲ အရည်တစ်ခုခုဆိုတာ ထိပ်ကဖြစ်နေ မဟုတ်လား။ ဒီတော့ ပိစပ်ရည် ဘယ်လာယူသွားဖို့က ဟန်ပါတော့မလဲ။

ကျွန်တော့်ထံ ပိစပ် နိုင်ငံခြားယူသွားရေး လာမေးကြသူများဟာ တော်တော်စုံနေပါသည်။ ပထမဦးဆုံးလာတာက ဩစတြေးလျလူများဖြစ်သည်ပ။ နောက်အာဖရိကတို့ အမေရိကန်တို့ဖြစ်သည်။ စင်ကာပူ၊ မလေးရှားသမားများလည်း ပါသည်ပ။

နည်းအမျိုးမျိုး စဉ်းစားကြပြီး သူတို့ဟာ အရွက်ခြောက်လောက်ပဲ ယူသွားလို့ရမည်လို့ တွေးရကြသည်။ ဤအရွက်ခြောက်ကကော အာနိသင် ရှိမလားလို့မေးကြသည်။ ဒီတော့ ဤအရွက်ခြောက်ကို ကျိုပါ၊ သုံးလေး နာရီ ကျိုလိုက်ပါ။ အရည်ကို သုံးပါ၊ ထိုကျိုထားသည့် အရည်သည် အရွက်ထောင်း သောက်သည်ထက် သတ္တိကြီးသဖြင့် အရွက်ထောင်းအရည်ထက် လျှော့သုံးရမည်။ ဒီလိုအထိ ရှင်းနေရသည်။

ဆိုပါတော့၊ အရွက်ထောင်းအရည် ခြောက်ဇွန်းစာလောက်ဆိုလျှင် ကျိုထားသည့်အရည် နှစ်ဇွန်းစာလောက်သာ သောက်ရန်၊ တိုက်ရန်ပဲ ဖြစ်ပါသည်။



ကျွန်တော့်မှာလည်း ဤကိစ္စတွေ အတော်ကို အလုပ်ရှုပ်ရသည်။ အချို့ သူများကိုဆို လက်တွေ့လုပ်ပြရသည်။ ပိစပ်ကျိုပြီး အဆင့်လိုက်ပြသည်ပ။ သူတို့နေသည့် နိုင်ငံအရောက်တွင် ဒီကယူသွားသည့် ပိစပ်ရွက်အခြောက်တွေကို ဆေးပြန်ကျိုနိုင်ရန် စီစဉ် ဖန်တီးပေးရတာ ဖြစ်သည်။ သူတို့မပြခင် မပြောခင်မှာ ကိုယ်တိုင်ကလည်း နည်းမျိုးစုံအောင် စမ်းရသေးတော့သည်။ အာနိသင် ပျက်သွားပြီးကို နည်းပြသလို ဖြစ်လိုက်ရင် သူလည်းမကောင်း ကိုယ်လည်းမကောင်း မဟုတ်လား။

ဟိုမှာ ပိစပ်ရွက်ကိုတွေ့လျှင် (ရလျှင်)တော့ကား အကောင်းစားတွေ ဖြစ်သွားချေမည်ပေါ့။ ခုတော့ ပိစပ်တွေ့ရန် မသေချာလှသည့် တိုင်းပြည်နိုင်ငံများအတွက်ဟာ တစ်ဘာသာကြံဖန်ကာ စီစဉ်ရပြန်တာဖြစ်ပါသည်။ စမ်းသပ်လုပ်တာနှင့် အာနိသင်ပြောင်းလဲတာနှင့်ဟာ လမ်းကြောင်းမှားပြီး အလကား မဖြစ်ရအောင် ကြံဆောင် လေ့လာလုပ်ကိုင်သည်ပ။ ကျွန်တော်ကလည်း ကုသိုလ်လေးက ရှိပုံပါသည်။ စမ်းရင်း စမ်းရင်း နည်းလမ်းသစ်တွေလည်းရကာ ကမ္ဘာ့ အဆင့် ဆေးထုတ်မည်ဆိုလျှင် (စိတ်ကူးယဉ်တာပါ) ဘယ်လိုလုပ်နိုင်မလဲအထိ လုပ်ဖြစ်သွားရသည်ပဲ။

ဒီလိုကြားထဲ မလေးရှားက တဂွမ်ဂွမ်တွေ အလွန် ဆက်သွယ်နေလေပါသည်။ ကျွန်တော်၏ တိုက်တွန်းချက် လမ်းညွှန်ချက် အားပေးချက်ဖြင့် မလေးရှားမှာ အတော် လုပ်ဖြစ်သွားပြီ ဖြစ်ပါတော့သည်။ ပထမ မလေးရှားတွင် ပိစပ်အခြေအနေကို မေးရသည်ပ။ ရှာခိုင်းဖွေခိုင်း နယ်လှည့်ခိုင်း လုပ်သည်ပ။

မလေးရှား ပိစပ်ရှာပုံတော်မှာ အောင်ပါလေသည်။ ခြေဖြန့်ရှာကြတော့ အတော်များများပေါက်သည့်နေရာများကိုပင် တွေ့ပြီပ။ မလေးရှားသည် ရိုးရာဆေး တိုင်းရင်းဆေး ဆိုတာတွေကို အလေးထားသူ့အတော်များသည့် တိုင်းပြည်ဖြစ်၏ကိုး။

ဒါနှင့် ဗိုးက ပိစပ်စွမ်းရည်ဖြင့် ဆေးကုခိုင်းကြည့်သည်။ အတော်စိတ်ဝင်စားတာတွေ ဖြစ်နေသည်။ ကင်ဆာရောဂါကို၊ အေအိုင်ဒီအက်စ်

www.burmeseclassic.com

www.burmeseclassic.com



တို့လိုကစ၍ ကိုင်ခိုင်းတာဖြစ်သည်၊ သို့သော်...တဲ့၊ ပိစပ်ရွက် ထောင်းတိုက်ရသည့် အပိုင်းတော့ နည်းနည်း ခုတာပေါ့လေ။

သို့သော် ဒိုး လမ်းညွှန်စေခိုင်းသူက လူပါးတစ်ဦးဖြစ်တော့ကာ ပိစပ်ထောင်းကာ အရည်ညှစ်တာကို ဖြစ်နိုင်သမျှ လူမမြင်အောင်လုပ်တာပ။ ရောဂါ တွေပျောက်တော့ စိတ်ဝင်တစားရှိတာပ။ ဒိုးက ဖွတ်စအိုနာလို လူကအစ ကုခိုင်း၏။ အစဆိုတာ အလကားကတော့ စရသည်ပေါ့လေ။

စူလာနဖာတုန်းကလည်း ဒီလိုပဲ လုပ်ခဲ့တာပဲ ဖြစ်သည်။ ဘယ်လိုက ဘယ်လိုဖြစ်သည်လဲမသိ။ ဒိုး၏ ပထမစာအုပ်သည် မလေးရှားရှိ တရုတ် သတင်းစာတစ်စောင်တွင် တခမ်းတနား ရေးတာခံရသည်ကော။ ဒိုး ကုသိုလ်ကံက ဆန်းပြားသား ဖြစ်သွားသည်။

ကျွန်တော် အေအိုင်ဒီအက်စ်ရက်သတ္တပတ်အချိန်အခါအကြောင်း ပြပြီး မြန်မာဆေးဆရာများ ပိစပ်ဖြင့် အေရောဂါ ကုသကြရေးကို အကျိုးမျှော် နှိုးဆော်ခဲ့ပါသည်။ ဤနှိုးဆော်ရာတွင်ပိစပ်ထောင်းတိုက်သည့်စတိုင်နှင့်ဟာ ဖြစ်ပါ့မလားလို့ အရင်စဉ်းစားပြီးနောက် ပိစပ်ကို ကျိုဆေးလုပ်ရေးကို ကျွန်တော် စမ်းသပ်ဟန်ကျပြီးထိုထိုဆရာများနည်းလမ်းပေးခဲ့ပါသည်။

ဒါကိုပင် ယခု မလေးရှားက ဆရာကိုလည်း နည်းလမ်းပေးရတာ ဖြစ်သည်။ ဒိုး 'ကဲ ကိုယ့်လူရေ၊ ကနေ့ကစပြီး ဆေးစတိုင်ပြောင်းရမယ်၊ ဒီလို စတိုင် ပြောင်းတာနဲ့အတူ ဆိုင်ဖွင့်တန်လည်းပဲ ဖွင့်လိုက်တော့ဗျာ၊ ကျွန်တော်ပေးတဲ့ နည်းလမ်းတွေနဲ့ ကုသတော့ဗျာ'

မလေးရှားက ကိုယ့်လူ 'အာဟာ၊ ကျွန်တော် စိတ်ကူးနေတာနဲ့ အတော် ဖြစ်ပြန်တာပါပဲ၊ အလုပ်က စတောင်နေပြီ'

'ဟုတ်လား၊ ကောင်းဗျာ၊ ခင်ဗျား ပိစပ်ကိုထောင်းထုပြီး အရည်ကို ဆေးလုပ်တိုက်နေလို့ကတော့ ရှိသေထိုက်တဲ့ ဆေးခန်းဖြစ်လာမှာ မဟုတ်ဘူး၊ အများ လေးစားအောင် တင့်တယ်အောင်ဟာ ဆေးကို ဆေးနဲ့တူအောင်လုပ်၊ ဆေးကုတာလည်း ဆေးကုတာနဲ့ တူအောင်လုပ်၊ ဆေးခန်းကိုလည်း ဆေးခန်းနဲ့ တူအောင်လုပ်'



'ခုလည်း ခုပုံနဲ့ဟာ အများကြီး ကုပေးနေရတာပဲ၊ ဆရာသင်ပေးတဲ့ အတိုင်းပဲ ကင်ဆာရော၊ အေအိုင်ဒီအက်စ်ရော၊ လိပ်ခေါင်းရော၊ အနာစုံ၊ အကိုက်အခဲစုံရော သိပ်ဟုတ်နေပြီ'

'ဟ ဟ၊ အဲဒါ ဟုတ်ကို မဟုတ်ဘူး၊ တိုလီမိုလီလုပ်စားတာနဲ့တူနေတယ်၊ ပုံပြောင်းလိုက်တော့၊ ကနေ့ကစပြီး ပိစပ် ထုထောင်း တိုက်တာလုပ်နည်းကို ရပ်လိုက်တော့၊ ခင်ဗျားလည်း ဝါသနာသက်သက် မဟုတ်တော့ဘဲ သမားတော် ခေါ်စေတော့'

'အာ ဒီလိုတွေလား'

'ခင်ဗျားဟာ ကျွန်တော်သင်တာတွေနဲ့ လုပ်တတ်ပြီး လူတွေကို ကယ်လို့ ကုလို့ရနေပြီ၊ အရည်ညှစ်တိုက်တာကို ဒီနေ့ကစ ဖြုတ်၊ ပိစပ်ကိုကျိုပြီး ကုရမယ်၊ ဆန်တစ်ပြည်ချက်အိုးထဲမှာ ပိစပ်ရွက်အပြည့်ရေထည့်ပြီး ပြုတ်ပါ၊ လေးနာရီလောက်ပြုတ်ပါ၊ ရေဆက်ကာဆက်ကာ ထည့်ပေးပြီး ပြုတ်ပါ၊ ပိစပ်ရွက် အကြေမှာ ရပ်၊ သုံးပုလင်းလောက် ရေအကျန်မှာ ရပ်တော့၊ အဲဒါ ဆေးရည်ဖြစ်ပြီပဲ၊ ဒီအရည်ဟာ သိပ်စွမ်း သိပ်ထက်တာ ဖြစ်တော့ ကင်ဆာသမားကို နံနက် နှစ်ဇွန်း၊ ညနေ နှစ်ဇွန်း တိုက်ပါ၊ အေအိုင်ဒီအက်စ်လည်း ဒီလိုပဲတိုက်ပါ၊ ဘီပိုးသမားတို့၊ စီပိုးသမားတို့ တခြားရောဂါစုံသမားတို့ တစ်ဇွန်းခွဲ တိုက်ပါ၊ သူတို့ ကိုတော့ တစ်နေ့နှစ်ကြိမ် တိုက်ပါ'

'ဆရာက အပြတ်အသားကိုပေးတာပါလား၊ ဒီအတိုင်းကျွန်တော် လုပ်ပြီး လုပ်ငန်းလည်း မြှင့်ပါမယ်၊ အကျအန ကုပါ့မယ်၊ ဆရာလည်း လာခဲ့ပါ ခင်ဗျာ၊ ပြီး ဆေးခန်းလည်း ဆရာ့နာမည်ထုတ်ချင်တယ်'

'ဟ ဟ ဒါ မလုပ်နဲ့လေ၊ ကိုယ့်လူပဲ အားပြီး တက်ပေတော့'

'ဆရာရေ၊ ဆရာ့နာမည်တော့ အကြန်မတတ်ရတောင်မှ ထိပ်ဆုံးစာ တစ်လုံးတော့ ယူပါစေဆရာ၊ ဆရာလမ်းညွှန်တာသင်ပေးတာ သိပ်ကိုကျေးဇူးတင် မဆုံးဘူး၊ အခုက မထောင်းပြီးအရည်တိုက်တာတောင် ရောဂါပျောက်ပြီး လူနာများစွာ ကယ်ရသလိုပဲ၊ အခု ဟန်ကျပန်ကျ လုပ်လိုက်ပါ့

www.burmeseclassic.com

www.burmeseclassic.com




မယ်၊ ဆရာလည်း လာဖြစ်အောင် လာပါနော်၊ ဆရာလုပ်ပေးတဲ့ ဟန်ကျပန်ကျထဲမှာ ဆရာလည်း ဟန်ကျပန်ကျပေါ့'

ဘာလိုလိုနှင့် ဒိုးကလည်း မလေးရှား အားကိုးရာလူ ဆရာတစ်ဆူ ခပ်ကြောင်ကြောင်နှင့် ချောင်စွာဖြစ်လို့နေပြန်ပြီ။ အေးလေ ဒီမှာ စေတနာနှင့် လုပ်တာ ဝိုင်းအုပ်မှုတွေရှိတော့လည်း ဟိုမှာပဲ သာသာယာယာ ဆရာသွားလုပ်စားနေရ ကောင်းမလား။ တယ်တော့ မကောင်းပါဘူးလေ၊ ကိုယ့်နေရာ ကိုယ်နေလို့ ပါးစပ်ကုဆရာသမား ဝါးလားပြောသွားလားလုပ်သွား နေတာပဲ ကောင်းပါသည်ပ။ ဟုတ်စ။

ခုနေကတော့ ဒီလိုတွေပြောကာ ပျော်လို့နေရသည်ပေါ့။ အထက်မှာ ပြောခဲ့သည့် ပိစပ်သယ်လိုသည့်မိတ်ဆွေများ၊ အမေရိကတို့ အာဖရိကတို့ စသည်က စသည်တို့က မိတ်ဆွေများကလည်း ခေါ်သွားလိုသည်ချည်း ပြောတာပဲ။ ကျွန်တော်ကတော့ ပြောပါသည်၊ ရိုးရိုးကိုပဲ ပြောပါသည်ဗျာ။

'ရွှေတိဂုံကြီးနဲ့ ဝေးရာတော့ တယ်မသွားချင်ဘူး' လို့ လက်တို့ကာ ပြောရသည်ဗျာ။

[ ပေါ်ပြူလာဂျာနယ်၊ ၇၊ ဇန်နဝါရီ၊ ၂၀၀၇ ]



စုလာနဖာဖြင့် ဆီးချို သွေးချိုပျောက်ပြီး
ပိစပ်ဖြင့် ရောဂါပျောက်သူများ လှိုင်ကော်၌ လိုက်လံပြသူ ဦးတင်ဌေ

ww.burmes classic.com




ပိစပ်သောက်၍ ရောဂါပျောက်သူများကိုစု လှိုင်ကော်တွင် ဆွေးနွေးနေကြစဉ်



ပိစပ်ဖြင့် အစာအိမ်ရောဂါပျောက်သူ ဦးတင်မြင့်

www.burmeseclassic.com




ပိစပ်ဖြင့် အစာအိမ်ကင်ဆာ ပျောက်သူ ဦးတင်မြင့်က ဦးသာဂဒိုးအား ဆေးရုံမှတ်တမ်း ဖလင် ပြသစဉ်



ဘိုး အသည်းရောဂါဖြစ်ရာမှ ပိစပ်သောက်၍ ကျန်းမာလာသူ မခင်မေထူး ရှင်းလင်း ပြောကြားစဉ်

www.burmeseclassic.com

ww.burmeseclassic.com



ဦးသန်းစိုးက ဇနီးသည်၏ ဘီပိုး အသည်းရောဂါ ပျောက်စေရန်
စနစ်တကျ ပိစပ်ဆေးရည်လုပ်ပုံ ပြသစဉ်



တင်ပါး အရိုးကင်ဆာဖြစ်ရာမှ ပိစပ်သောက်၍ ကျန်းမာလာသူ
နော် ရှိုစ် မူးနာ

www.burmeseclassic.com

www.burmeseclassic.com



AIDS ဖြစ်ရာမှ ပိစပ်သောက်၍ ပျောက်ကင်းပြီး
တရားထိုင်နေသည့် အမျိုးသမီးပုံ

## နှလုံးအဆို့ရှင်ပျက်သည့်ရောဂါကိုစွ ခက်လှသော်လည်း

ဟုတ်ပါသည်။ နှလုံးရောဂါထဲတွင် ပြင်းထန်ပြီး အကုခက်သည့် ရောဂါတစ်ခုက နှလုံးအဆို့ရှင်ပျက်သည့်ရောဂါလို့ ဆိုကြပါသည်။ ပြီး ခုလိုနှလုံးအဆို့ရှင် ပျက်ရာတွင် အပျက်ကြီးနှင့် အပျက်ကလေးလို့လည်း ခွဲသိကြရသေးသည်။ အပျက်ကြီးဖြစ်လျှင်ကား နှလုံးအဆို့ရှင်ကို လဲပစ်သည်အထိ ဖြစ်ရသည်။

အခုရေးမှာက နှလုံးအဆို့ရှင်ပျက်ပြီး လဲကိုလဲရမလိုမျိုး ဆိုးရွားနေရာက ပိစပ်က ဝင်ကယ်လိုက်သဖြင့် ကောင်းမွန်သွားခြင်းကိုစွ ရေးဖို့ဖြစ်လာပါသည်။ အချို့ ပြောမည်ထင်သည်။ နှလုံးအဆို့ရှင်ကို လဲကိုလဲပစ်ရမည့် ရောဂါအခြေအနေမှာ ပိစပ်ဆိုတဲ့ ဒီအရွက်ကလေးက ကုသပျောက်ကင်းတယ်ဆိုတာ ဘယ်လို ဟုတ်မှာလဲလို့ ဆိုကြမည်၊ ပြောချင်ထင်ချင်မည်ဖြစ်ပါသည်။ မိတ်ဆွေတစ်ဦးကို ဒီကိစ္စ ကျွန်တော်ပြောတာကို လက်မခံဘဲ ခုအတိုင်းပဲပြောတာခံခဲ့ရပါသည်။ ကျွန်တော်လည်း ရမ်းသန်းမှန်းသန်း ပြောတတ်သည် မဟုတ်ပါ။ ရောဂါပျောက်သူ ရှိကို ရှိလို့ သက်တွေဖြင့် ပြောရခြင်းပဲဖြစ်ပါသည်။

ရောဂါပျောက်သည့် မိသားစုကလည်း အခေစား အဝါးစားထဲက မဟုတ်ပါ။ ဒေသအလိုက် ထင်ရှားသည့် ဆရာဝန်မိသားစုဖြစ်ပါသည်။ ဆရာဝန်ကတော် ရောဂါဖြစ်ပြီဆိုလျှင် ဆရာဝန်ကြီးကိုယ်တိုင် ဘယ်မျှ ပြ၍ ကြိုးစားကုသမည်ဆိုတာ အထူးပြောစရာလိုပါမလား။

နှလုံးအဆို့ရှင်ရောဂါဖြစ်သူက အသက် ၃၆ နှစ်ရှိ ဖို့မို့ ဖြစ်ပါသည်။ သူကိုယ်တိုင်ပြောတာကို အနည်းငယ် သည်းခံကာ နားထောင်ပါ။

www.burmeseclassic.com

'ကျွန်မရောဂါက အလွန် ဆိုးဆိုးရွားရွား ပြင်းထန်နေခဲ့ပါတယ်၊ နှလုံး အဆို့ရှင်ရောဂါဒဏ်ကို အတော်အပြင်းအထန် ခံနေရပါတယ်၊ ကျွန်မ အခု ဇီးကုန်းမြို့က ဆက်နေတာပါ၊ ကျွန်မတို့ဟာ ဆရာဝန်မိသားစု ပါ၊ ဒီရောဂါရဲ့ အဆင့်ကိုသိတာပေါ့၊ ကျွန်မမှာ ဘယ်လောက် အပြင်းအထန် ရောဂါဒဏ် ခံနေရသလဲဆိုရင် အိပ်ရာက ထပြီး မျက်နှာသစ်ဖို့ လုပ်လိုက်တာနဲ့ကို မျက်နှာသစ်တဲ့ လှုပ်ရှားမှုက လူကို မောစေပြီး ချက်ချင်း လှဲအိပ်ရသည့်အထိကို ဖြစ်ပါတယ်၊ ဒဏ်ပြင်းတဲ့ ရောဂါဖြစ်နေ ပါတယ်၊ ပြီး ထမင်းစားရင်လဲ ထမင်းဝိုင်းက ထလိုက်တာနဲ့ ဒီထမင်းဝိုင်း မှာ ကိုယ့်ရဲ့လှုပ်ရှားမှုလေးအတွက်ပဲ မောဟိုက်လို့ ချက်ချင်းလှဲအိပ်ပစ်ရ ပါတယ်'

အံ့သြတကြီးဖြစ်ကာ . . .

'ဟာ အတော်ကိုဆိုးတာပဲ၊ ရောဂါပြင်းထန်ပါတယ်'

'ကျွန်မက ရွတ်တာ ဖတ်တာ ဝါသနာပါတယ်၊ ပရိတ်တို့ ပဋ္ဌာန်းတို့ ရွတ်ချင်တယ်၊ ရောဂါကြောင့် လုံးလုံးရွတ်မရဘူး၊ ရောဂါဒဏ်ကြောင့် မောစေပါတယ်၊ ဒီလိုကြား ကျွန်မမှာ ရင်မော စိတ်မောအောင် ကြုံနေရ တာက အိမ်မှာ ရင်သွေးတစ်ယောက်က ၁၀ တန်း ဖြေဖို့ ရှိနေပါတယ်၊ အဲဒါကို သူ့မလုပ်ပေးနိုင်တော့ ကိုယ် စိတ်ညစ်၊ စိတ်ရှုပ်၊ စိတ်ထွေသိပ်ဖြစ် ရတာပါပဲ၊ ရင်မောတာပါပဲ၊ ပြချင်၊ သင်ချင်၊ ကြပ်မတ်ချင်တယ်၊ အခုက မျက်လုံးကြောင်တောင်နဲ့ ကြည့်ပြီး နေရတာ၊ တစ်ခါတစ်ခါ စိတ်မခံမရပ် နိုင်အောင် ဖြစ်ရပါတယ်'

'ဟုတ်ကဲ့ စာနာပါတယ်ဗျာ၊ ခံပြင်းခံခက်ကြီးပေါ့လေ'

'အစားအသောက် ရှောင်လိုက်ရတာလဲ အများကြီးပါပဲ၊ ငါး သလောက် အကြိုက်သမား တစ်ခါထဲကို လှည့်တောင်မကြည့်ရ ဖြစ်တယ် လေ၊ ဆေးကလည်း သောက်ရတာ အများကြီးပါပဲ၊ ရောဂါက ဆေးနဲ့ ထိန်းရုံပဲ ထိန်းလို့ရတဲ့ အနေအထားဖြစ်နေတယ်၊ ယိုယွင်းနေတော့တဲ့ နှလုံးအဆို့ရှင်ကို လဲကို လဲပစ်ရတော့မယ့် အခြေအနေကိုး၊ ခု သူ့ဒဏ်က



ကြည့်ပါဦး၊ ခုန်နှုန်းက ၆၀-၇၀ ရှိရမယ့်ဟာ အခုက ခုန်နှုန်း ၄၀ လောက် ပဲ ရှိ ရှိ နေတော့ အလွန်ကို ဆိုးရွားတဲ့ ဘဝဖြစ်တာပါ'

'ကျွန်တော် သိမိသမျှဟာ ဒီနှုန်းဟာ ဆိုးပါတယ်၊ အချိန်မရွေး ဘဝကိုပင် ဖြတ်သွားနိုင်တာပဲ၊ ရပ်သွားကောင်း ရပ်သွားနိုင်တယ်'

'ဒီလိုအခြေအနေဆိုးကြီးမှာ ပိစပ်သတင်းများကြားတော့ သောက် ချင်တယ်၊ နှလုံးရောဂါရှင်တို့ သောက်နိုင်တယ်လို့ ပြောတာ ကြားကြားနေ တော့ သောက်လိုက်ချင်တယ်၊ သောက်လဲ ကြည့်ပါတော့တယ်၊ သို့သော် ကျွန်မရဲ့ ဒုက္ခအခက်က ဖြစ်ပြန်ပါတယ်၊ ပိစပ်ကို ထောင်းသောက်ရတဲ့ အရည် သတ္တုရည်ဆိုတာကို ဘယ်လိုမှကို သောက်မရဘူး ဖြစ်နေပါတော့ တယ်၊ ထောင်းထားတဲ့ သတ္တုရည်ပေါ့နော်'

'ဒီလိုတော့ ခက်သားပါလား၊ အများသောက်နေတာ'

'ဟုတ်ကဲ့၊ သောက်ကြပါတယ်၊ သောက်နိုင်ကြပါတယ်၊ ရောဂါ တွေလည်း ပျောက်ကြပါတယ်၊ ဒေါ်အေးကြိုင်ဆိုတာ သွေးကင်ဆာ ဖြစ်နေခဲ့ပါတယ်၊ အသက် ၅၅ နှစ် ရှိပါပြီ၊ ပိစပ်ကို ကြိုးစားသောက်လိုက် တာ အခုဆို အလုပ်ကြမ်းတွေ ဘာတွေတောင် လုပ်နိုင်တဲ့အခြေအနေကို ရောက်သွားပါပြီ၊ ကျွန်မကသာ သောက်မရ ဖြစ်နေတာ၊ ကျွန်မတို့လည်း အမျိုးမျိုး စဉ်းစားပြီး နည်းလမ်းရှာကြပါတယ်၊ ဒါနဲ့ ပျောက်နိုင်တယ်ဆို တာကို ယုံကြည်တယ်လေ၊ ဘယ်လိုနည်းနဲ့သောက်ရင်အဆင်ပြေမလဲပေါ့'

ထိုအချိန်က ကျွန်တော်ဒိုးဆီ တယ်လီဖုန်းမဆက်ခဲ့ကြပါ။ ဆက် များ ဆက်ခဲ့ရင်လည်း ကျွန်တော်သိသမျှ နည်းလမ်းစုံကို ပေးမှာဖြစ်ပါ သည်။ ဒီလိုပဲ နည်းလမ်းရှာသောသူများကို ကိုယ်သိတာများ ပြောပြရပါ သည်။

'ကျွန်မတို့ နောက်တော့ နည်းတစ်ခုနဲ့ ပိစပ်ကို သောက်ဖို့လုပ် လိုက်ပါတယ်၊ တခြားမဟုတ်ပါဘူး။ ပိစပ်ရွက်တွေကို အခြောက်လုပ်ပါ တယ်၊ ပိစပ်ရွက်များကို ဗန်းနဲ့ထည့်ပြီး ကြိုးနဲ့ အိမ်ထဲမှာဆွဲပြီးတော့ အခြောက်ဖြစ်အောင်ထားပါတယ်၊ ခုလိုလုပ်လို့ ခြောက်လာတဲ့ ပိစပ်ရွက်

www.burmeseclassic.com

တွေကို ကျွန်မက လက်ဖက်ခြောက်ပမာ သောက်လိုက်တာပါပဲ၊ ကျွန်မတို့ အကျိုးဖြစ်ပါတယ်၊ ရောဂါဟာ သိသိသာသာကြီးပါပဲ'

'ဒီလို ကြံဆသောက်တာကိုး၊ ဒါကိုလဲ ပိစပ်သောက်ခြင်းနည်း တစ်ခုအဖြစ် ကျွန်တော်ပြောရဦးတော့မယ်ဗျာ၊ လက်တွေ့ကိုး၊ ကျွန်တော်တို့ ရန်ကုန်မှာတော့ သုံးလေးယောက်ကတော့ ခုလိုပဲ မမို့မို့နည်းလိုပဲ အခြောက်လုပ်သောက်ကြတာ ရှိပါတယ်၊ ဒီထဲက ကျွန်တော့်မိတ်ဆွေကြီး ဈေးကွက်ဂျာနယ် အယ်ဒီတာ ချုပ်ဖြစ်တဲ့ ဦးကျော်စိန်မင်းလဲ ပါတယ်ပေါ့၊ သူလဲ နှစ်ရှည်လများ ခံစားနေရတဲ့ ဆိုးရွားတဲ့ အညောင်းကြီးရောဂါကနေ ပိစပ်နဲ့ ကျော်ဖြတ်နိုင်ခဲ့တာပဲလေ'

'ဟုတ်ကဲ့၊ ဆရာ့အချိန်တွေကိုသုံးရတာ အားနာပါတယ်၊ ဒါပေမယ့် ပြောတော့ ပြောပါရစေ၊ ကျွန်မ မပြောနိုင်၊ မလှုပ်နိုင်အောင် ရောဂါဒဏ်ပိတဲ့ဘဝက ကျွန်မက ခုလိုစကားတွေ အများကြီးပြောရတာ ခွင့်လွှတ်ပါ၊ ကျွန်မ လုံးဝ ရှောင်ရတဲ့ အစားအစာထဲပါပြီး ကျွန်မကြိုက်လှတဲ့ ငါးသလောက်ဟင်းကို ကျွန်မ အခုစားနိုင်နေပြီဆိုတာ ပြောတာနဲ့ ကျွန်မရောဂါအခြေအနေကို သိနိုင်ပါတယ်ရှင်'

'အား တယ်ထူးပါလား'

'ကျွန်မ အခု အရင်ရှောင်ရတာတွေကို ပြန်စားလို့ရနေတယ်လေ၊ ကျွန်မ ရောဂါအခြေအနေက ခုလိုအထိဖြစ်ပြီး အခုတော့ ပရိတ်တွေ ပဋ္ဌာန်းတွေ ရွတ်နိုင်ပြီ၊ အခုတောင် စကားပြောတာ ဘယ်လောက်ရှည်ကုန်ပြီလဲ၊ သည်းခံတော့ နားတောင်ပါနော်'

'မမို့မို့ ပြောပါဗျာ၊ စုံအောင်ပဲပြောပါ'

'ကျွန်မအဖို့ အပူဆုံးအလုံးကိုကျော်ပြီး ၁၀ တန်း ကျောင်းသားကို ကောင်းကောင်းကြပ်မတ်လုပ်ကိုင်ပေးနိုင်တာတော့ ကျွန်မ အပျော်ဆုံးပါပဲရှင့်၊ ကျွန်မ အခုဆေးအချိုးတွေ လျှော့ချလိုက်ပြီ၊ အခုဖြစ်နေတာက တစ်အိမ်လုံးလဲ ပိစပ်သောက်ဖြစ်သွားပြီ'

'ဟုတ်လား၊ ဆရာဝန်ကြီးကော ပါလား'



'ပါတာပေါ့၊ သောက်တာပေါ့၊ ကျွန်မကို နည်းနည်းတော့ စကားရှည်ခွင့် ပေးပါဦးနော်၊ ကျွန်မ အမေကိစ္စလဲ တစ်လက်စတည်းမှာ ပြောပြချင်လာလို့ပါ၊ ကျွန်မ အမေနာမည် ဒေါ်ခင်မြင့်မြင့်ပါ၊ အသက်က ငါးဆယ်ကျော်၊ ခြောက်ဆယ်လောက်ပါ၊ အမေ့ရောဂါကလဲ ပြင်းထန်ခဲ့ပါတယ်၊ သွေးတိုး၊ နှလုံးတို့၊ ဆီးချိုတို့နှိပ်စက်တာပါ၊ ရောဂါတွေ ပြင်းထန်မှုနဲ့ အမေ့ မျက်လုံးတစ်ဖက်တောင် မမြင်ဖြစ်ရပါတယ်၊ နောက်ပြီး ကျောက်ကပ်ကို ထိလာပါတယ်၊ ရောဂါတွေ ပြင်း ဆေးပြင်းတွေကြောင့်ပါပဲ၊ ကျောက်ကပ် ချတ်ယွင်းလာမှုဟာ ကိုယ်မှာ ဖောတာ ရောင်တာတွေ ဆက်ဖြစ်လာပြန်ပါတယ်၊ တခြား ဆီးကိစ္စလဲ ဆက်လာတယ်၊ ကျွန်မတို့ အမေကိုလဲ ပိစပ်တိုက်ပါတယ်၊ ကျွန်မတို့ နည်းအတိုင်းပါပဲ'

'ဩော် ဒါကလဲ နည်းတစ်နည်း ဖြစ်လာနေပြန်ပါသော်ကောဗျာ'

'ထူးတာတစ်ခုလဲ ပြောရပါဦးမယ်၊ ကျွန်မရော အမေရောပါရှင့်၊ ခုလို ပိစပ်သောက်ကြတာမှာ ဝမ်းတွေရော၊ ဆီးရောဟာ မည်းလာကုန်ပါတယ်ရှင့်၊ ကျွန်မတုန်းကလဲ ခုလို ဆီးနဲ့ ဝမ်းဟာ မည်းတာပါပဲ၊ ဝမ်းမည်းခြင်းဟာ ဝမ်းတွင်းမှာ အူတို့ အစာအိမ်တို့ ပေါက်ပျက်လို့ သွေးထွက်ပြီး ဝမ်းမည်းတယ်လို့ ထင်ကြပါတယ်၊ ကျွန်မတို့မှာ အမေရော၊ ကျွန်မရောပါ အစာအိမ်ပေါက်ခြင်း၊ အူပေါက်ခြင်း လက္ခဏာတွေ ဘာခံစားရမှုမှ မရှိတော့ ဒါဟာ ရောဂါတွေကျတာပါလို့ မြင်လိုက်မိပါတယ်၊ နောက် ဆီးရော၊ ဝမ်းရော အကောင်းပြန်ဖြစ်ချိန်မှာ လူမှာ ပေါ့ပါးသွားခဲ့ပါတယ်၊ အမေလည်း အဖောအရောင်တွေ ကျသွားတာ သိပ်ကို သိသာပါတယ်'

'အဖောအရောင်တွေကျပြီး ကျောက်ကပ်ပြန်ကောင်းတဲ့လက္ခဏာ ကတော့ အလွန်ကို ထူးတာပဲနော်၊ ကျောက်ကပ်ကိစ္စဟာ လွန်စွာကို နူးညံ့ပြီး လုပ်ရခက်တတ်တာ ဖြစ်ပါတယ်လေ'

'ကျွန်မစကားတွေ သိပ်ရှည်လွန်းသွားကုန်ပြီလား၊ နောက် ထူးတာလေး တစ်ချက်တော့ ဆက်ပြောဦးမှာပါ၊ တခြားမဟုတ်ပါဘူး၊ အမေဟာ ခုလို ရောဂါတွေ ခံစားနေခဲ့ရသလိုပဲ ဝမ်းကိစ္စကလဲ သိပ်ကို ခက်ခဲ့ပါ

www.burmeseclassic.com

ww.burmeseclassic.com



တယ်၊ အမေ့ ဝမ်းဟာ အင်မတန်ကို ခက်လွန်းလို့ နေ့စဉ်ကို ဝမ်းချုနေခဲ့ရပါတယ်၊ ဝမ်းမချုရင် လုံးလုံး ဝမ်းမသွားတဲ့ ကိစ္စဖြစ်ခဲ့တာပါ၊ အခုတော့ အံ့သြစရာပါ၊ ရောဂါစုံတွေပျောက် ခြင်းနဲ့အတူပဲ ဝမ်းဟာ ပုံမှန်ပြန်သွားတာ ဖြစ်လာခဲ့ပါတယ်'

ကဲ၊ ဆရာဝန်မိသားစု အတွေ့အကြုံ ရောဂါစုံကိစ္စတွေကို စုံစွာ ပြောပြသလို ကျွန်တော်ကလည်း စုံစွာပဲ ပြည်သူအများကို တင်ပြသွားရတော့ ကျွန်တော်လဲ စကားရှည် စာရှည် ဖြစ်ကုန်ရပြန်သည်ပေါ့။ အများအကျိုးများမှာကို စကားများများနှင့် များလိုက်ရတာကို သည်းခံတရားပွားများလိုက်ကြစေဗျား။

[ ဈေးကွက်ဂျာနယ်၊ ၁၁၊ ဇန်နဝါရီ၊ ၂၀၀၇ ]

## ထင်ရှားစွမ်းအင် ပီစပ် ခေါ် ဂျာမနီပင် နှင့် စူလာနဖာ

စူလာနဖာနှင့် ပီစပ် ခေါ် ဂျာမနီ၏အစွမ်းများကို ကျွန်တော် လိုက်လံတူးဆွရှာဖွေကာ ရေးသားနေပါတယ်။

ဒီနေ့ ၁၄၊ ၆၊ ဝ၆ နေ့ ဖြစ်ပါတယ်။ ဒီနေ့ နံနက်မှာ ကျွန်တော် ဗိုလ်တထောင်ဘုရားကြီးမှာ အရုဏ်ဆွမ်းကပ်ပြီး လုပ်ဖွယ် ဝေယျာဝစ္စများလုပ်ပြီးတော့ တရားထိုင်ဖို့ ဘုရားအတွင်း တန်ဆောင်း ပြန်အဝင်မှာ ရဟန်းတော်တစ်ပါးနှင့် တွေ့ပါတယ်။

'ဒကာကြီး ခဏ စကားပြောပါရစေ'လို့ ရဟန်းတော်က အမိန့်ရှိပါတယ်။

ကျွန်တော် ရိုသေစွာဦးညွတ်ပြီးတော့ ကန်တော့ပါတယ်။ အရှင်မြတ်က

'ဒကာကြီးရယ် ကျုပ်က ရွှေကျင်ကျောင်းတိုက်မှာ ဒုလ္လဘ ရဟန်းခံနေတာပါ၊ ကျုပ်က နိုင်ငံခြားဆေးမျိုးစုံကို ရောင်းတဲ့သူပါ၊ ကျုပ်က နည်းနည်းတော့ ခက်တယ်လို့ သူများက ပြောချင်လည်း ပြောမှာပဲ ဘာလို့ဆိုတော့ ကျုပ်က နိုင်ငံခြားဆေးရောင်းပြီး မြန်မာဆေးစားပြီးတော့ ကျန်းမာရေးလိုက်စားနေတဲ့သူဖြစ်တယ်လေ'

ကျွန်တော် ပြုံးမိပါတယ်။

www.burmeseclassic.com

'ဒကာကြီးကို ပြောစရာလေးတစ်ခုရှိလို့ပါ။ ကျုပ် ကြုံရ တွေ့ရတာလေး ပြောပြချင်လို့ပါ။ တခြားမဟုတ်ပါဘူး၊ ရွှေကျင် ကျောင်းတိုက်ကြီးမှာပေါ့ ရွှေကျင်ကျောင်းတိုက်ကြီးဆိုတာ နေရာသိတယ်နော်၊ ပုဇွန်တောင်ပြတိုက်လုပ်တဲ့ အဆောက်အအုံကြီးဘေးက ထင်ရှားတဲ့ ကျောင်းတိုက်ပါပဲ၊ ဒီကျောင်းတိုက်ကြီးမှာ မနေ့ကပေါ့ ကျုပ်ရှေ့မှာ တွေ့တာကျုပ်ပြောချင်တာပါ။ 'လာပြီ လာပြီ ဒေါ်သက်ရှိ' ဆိုတာ နာမည် ကြားဖူးတယ်မဟုတ်လား'

'ဟာ သိတာပေါ့ ဘုရား၊ ထင်ရှားတဲ့ အမျိုးသမီးကြီးပါပဲ၊ မြန်မာ့စီးပွားရေးကို တအားကြိုးစားနေတဲ့အမျိုးသမီးတစ်ဦးဆိုတာ တပည့်တော်သိပါတယ်၊ သူ့ကြိုးစားမှုများလည်း ဘုရားတပည့်တော် အစုံ ကြားသိရပါတယ် ဘုရား'

'အဲ အဲဒီ ဒကာမကြီးက ဆရာတော်ကို လျှောက်တယ်၊ ဆရာတော်ဆိုတာ ကျောင်းတိုက်ကြီးကို အုပ်ချုပ်တော်မူနေတဲ့ ဆရာတော် အရှင်ခေမာစာရဆိုတဲ့ ပုဂ္ဂိုလ်ပါ၊ ဒကာကြီး သိတယ် မဟုတ်လား၊ ဝါကြီးထေရ်တော်ကြီး ပုဂ္ဂိုလ်ပဲ'

'မှန်ပါ ထင်ရှားတဲ့ ပုဂ္ဂိုလ်တစ်ပါးပါ၊ တပည့်တော် သိပါတယ်၊ အလေးအမြတ်ထားပါတယ်'

'ဒီဆရာတော်ကြီးကို ဒေါ်သက်ရှိက လျှောက်ထားတာကို ကျုပ်ကြားသိရတဲ့အတွက် ဒကာကြီးကို ပြောပြချင်တာပါ၊ 'ဆရာတော်ဘုရားလို့' လျှောက်တဲ့ ဒေါ်သက်ရှိက လျှောက်နေတဲ့ အချိန်မှာဘဲ သီလရှင်ဝတ်၊ ဝတ်ထားပါတယ်၊ သီလရှင်ဘဝ ရောက်နေပါကယ်၊ ဗုဒ္ဓဂါယာဘုရားဖူးပြီး ပြန်လာတယ်လို့ သိရပါတယ်၊ ဆရာတော်ကို လှူဖွယ်များလာရောက် လှူဒါန်းတာ ဖြစ်ပါတယ်၊ ဒေါ်သက်ရှိ ပြောတာက'

'မှန်လှပါ ဘုရား'

'အရှင်ဘုရား၊ ဘုရားတပည့်တော်ဟာ ကျန်းမာရေး အလွန်ကိုကောင်းနေပါတယ်၊ ပေါ့ပါးလန်းဆန်းမှု ဖြစ်နေပါတယ်၊ အကျိုးက ဘာလဲ



ဆိုတော့ ဆရာကြီး ဦးသာဂဒိုးရဲ့ စူလာနဖာတန်ခိုးပါပဲ ဘုရားလို့ လျှောက်တာ ကျုပ်က ကိုယ်တိုင် တွေ့သိကြားခဲ့ရလို့ပါ၊ စူလာနဖာ အကြောင်းကိုလည်း အများကြီးပြောပြီးတဲ့နောက် ဦးသာဂဒိုးရဲ့ စာအုပ် နှစ်အုပ်အကျိုးနဲ့ တပည့်တော် ကျန်းမာရေးကောင်းသွားတာ စူလာနဖာ အမြဲသောက်နေတာပါ၊ ဒီစာအုပ် နှစ်အုပ်ကို အရှင်ဘုရားကို ကန်တော့ပါဦးမယ်' ခုလို ဒကာမကြီးက ဆရာတော်ကြီးကို လျှောက်ထားတာကို ဒကာ သာဂဒိုးကို ပြောပြချင်နေတာပါ'

'ကျေးဇူးပါပဲ ဘုရား၊ အင်မတန် အဖိုးတန်ပါတယ်၊ စူလာနဖာဆိုတာ ရှေးလူတွေလည်း အများကြီးသောက်ပါတယ် ဘုရား'

ဘေးလူတွေ သွားသွားလာလာဖြစ်တာနဲ့ ကျွန်တော်တို့ စကားကို ဖြတ်လိုက်ကြရပါတယ်။ ရှေးလူတွေ စူလာနဖာသောက်တဲ့ထဲ ဘယ်သူတွေ ပါတယ်ဆိုတာကို နည်းနည်းပြောရင် အံ့ဩသွားကြမလားမသိပါဘူး။ အသက် ၉၀ ကျော်အထိ နေသွားတဲ့ ဥက္ကဋ္ဌကြီးဟာ စူလာနဖာ သောက်ပါတယ်။ နောက်ပြီး ဗမာ၊ ရှေးမြန်မာတို့ရဲ့ ထုံးနည်းဖြစ်တဲ့ နနွင်းကိုလည်း သောက်ပါတယ်။ စူလာနဖာကို အရောနဲ့သောက်တာ များပါတယ်။ အသက်၉၀ ကျော်ထိ ကျန်းမာစွာနေသွားနိုင်တာဟာ ဒီအကျိုးတွေလည်း ပါတယ်ပေါ့။ ဒီအကျိုးတွေပြလို့ပဲလို့ ဒီလိုပြောလို့ရပါတယ်။

ဥက္ကဋ္ဌကြီး သောက်တဲ့ စူလာနဖာမှာ အရော ပါတတ်တာဟာ ကျွန်တော်တို့ သိပြီးသား တောင်ဆီးဖြူ ပါပါတယ်၊ ပြီး ဆိတ်နို့ပင်ဆိုတာလည်း အနည်းအပါး ပါတယ်၊ ကျွန်တော်တို့ ရှေးပုဂ္ဂိုလ်တွေ ဆရာတော်ကြီးတွေဟာ နနွင်းစားတတ်ကြပါတယ်၊ ဥက္ကဋ္ဌကြီးဟာ နနွင်းကို လက်ဖက်ရည်ဇွန်း တစ်ဇွန်း နေ့စဉ် ညနေပိုင်း သုံးနာရီမှာ သောက်လေ့ရှိပါတယ်၊ နေ့စဉ်ကို သောက်ပါတယ်၊ ထိုနည်းတိုင်း စူလာနဖာကိုလည်း နေ့တိုင်းကို သောက်ပါတယ်။

www.burmeseclassic.com

## ဆီးကိုစ္စ

ဒါကိုလည်း ဦးပဥ္စင်းကိုလျှောက်ဖို့အကြံမှာ လူတွေဖြတ်သန်း အသွားအလာ များသွားတာနဲ့ စကားရပ်လိုက်ရပါတယ်၊ ဦးပဥ္စင်းက ဆီးဒုက္ခရောက်နေတာလည်း ပြောပါတယ်၊ ဆီးကိစ္စမှာ ဆရာတော်ကြီးများ သောက်လေ့ရှိတဲ့ ခံတက်ရွက် လေး ငါး ခြောက်ရွက် ကျိုသောက်ခြင်းကို ပြဖို့ တိုက်တွန်းရပါတယ်၊ ခံတက်ရွက်ကို ဆရာတော်ကြီးတွေ သောက်တာကိုလည်း ပြောပြရပါတယ်၊ လျှောက်ထားရပါတယ်၊ ဆရာတော်ကြီးများဟာ ဆီးကိစ္စ အင်မတန်များခဲ့ရပါတယ်၊ ပရိသတ်ကို ဒကာ ဒကာမတွေကို ညာတာသောအားဖြင့် သီးခံကာ မိန့်ခွန်းများပြောရ သိလိုတာများ လျှောက်ထားတာများ ရှင်းပြရနှင့် အလွန်ချုပ်တီးကာ နေကြရပါတယ်၊ ဒီအခါ ဆီးက ရှေးအခါကစပြီး နှိပ်စက်တာဖြစ်ပါတယ်၊ အဲဒီတော့ ခံတက်ရွက်ကို သောက်ရပါတယ်၊ ခံတက်ရွက် အကျိုးအားကြောင့် ဆရာတော်ကြီးတွေမှာ ဆီးရောဂါကင်းတာအပြင် ဆီးအကျိတ်နှိပ်စက်မှုကင်းတာတွေ ဖြစ်ကော့တာ အမှန်ပါပဲ၊ ဒါဟာလည်း လွယ်လွယ်လေးနဲ့ အလွန်ကောင်းတဲ့ တောဆေးနည်းတစ်ခုပါ၊ စူလာနဖာ စာအုပ်များဟာလည်းတောဆေးနည်းများပဲ ဖြစ်ပါတယ်။

နယ်များက ဖတ်ကြပြုကြ၊ နည်းပေးကြ လက်ဆင့်ကမ်းကြတာ ကြားရတော့ ကျွန်တော် စာအုပ်ရေးရတဲ့အကျိုး နပ်လေခြင်းလို့ စိတ်ထဲမှာ ပီတိတွေ တသွင်သွင်ဖြစ်နေမိရပါတယ်။

## နှာခေါင်းရောဂါ

မနေ့တစ်နေ့ကပဲ တောင်တွင်းကြီးက တယ်လီဖုန်းဆက်လာပါတယ်၊ တောင်ယာသမားကြီးတစ်ယောက် တော်တော့ကို ဒုက္ခရောက်နေတယ်၊ တောင်ယာသမားကြီးဟာ ခဏခဏ တောင်တွင်းကြီးကနေ မကွေးသွားရပါတယ်၊ ဆရာဝန်များနဲ့ တွေ့ရပါကယ်၊ ရောဂါက ဘာလည်းဆိုတော့ နှာခေါင်းရောဂါ၊ ပိုက်ဆံကုန်ပေါင်းလည်းများပြီ အခုထိလည်း မပျောက်



ဘူး၊ တောင်ယာအလုပ်များမှာလည်း စိတ်ရှုပ်ရှုပ်နဲ့ အတော် ဒုက္ခဖြစ်နေရတာပါ။

ဒီအခါ စူလာနဖာ ဖတ်သူတစ်ဦးရဲ့ တိုက်တွန်းချက် ရှင်းပြချက်အရ နှာခေါင်းကို ဆားနဲ့ ရှင်းလိုက်တာ ရောဂါပျောက်ကင်းသွားခဲ့ပါတယ်၊ ဒါကို ဝမ်းသာအားရနဲ့ အဝေးက လှမ်းကန်တော့နေတယ်လို့ အမျိုးသမီးတစ်ဦးက စေတနာထားကာ သတင်းပါးတာပါ။

ဒီလိုကြားရတဲ့အခါ ကျွန်တော်တို့မှာ ပီတိစားရတာပါပဲ၊ အတွေ့အကြုံများကို ကျွန်တော် စုရေးထားတာ ဖြစ်ပါတယ်၊ ပဲကြီးလှော်ဆိုတာ ကျွန်တော်တို့ ဒီအတိုင်းစားနေတာပါပဲ၊ ကြုံတိုင်း စားနေတာပဲ၊ ဒါဟာ ဆေးအဖြစ်စားရင် တန်ခိုးထွားတယ်ဆိုတာ ဦးသာဂဒိုး ထောက်ပြတော့မှ သတိထားမိတယ်၊ အကျိုးများသွားတယ်၊ နည်းလမ်းအရ ခုန်ပျံကျော်လွှားတောင် ဖြစ်သွားတယ်၊ ဒီလို သတင်းစကားများ လှမ်းပြောတဲ့အခါ ကျွန်တော် ပီတိစားရပြန်တာပါပဲ။

## ဆီးကျောက် နှင့် ကျွန်းသား

ကျွန်တော်စူလာနဖာက တောဆေးနည်းတွေ ဖော်လိုက်တော့ တခြားတောဆေးနည်းပေါင်းစုံလည်း ပေါ်လာကုန်ပါတယ်၊ တချို့ အံ့သြစရာ တောဆေးနည်းများဖြစ်တာကစ်ခု ဒီနေရာမှာ ပြောပြဦးမှာဘဲ၊ ဆီးကျောက် အလွန်ဒုက္ခရောက်ပါတယ်၊ အလွန် ကသိကအောက် ဖြစ်ပါတယ်၊ ယောကျ်ားများမှာ ဒီဆီးကျောက်ကိစ္စနှိပ်စက်တာ ရောဂါအလွန်ထူကြပါတယ်၊ ဆီးကျောက်ကို ကျွန်းသားနဲ့ ဖြိုရင် ပြိုတယ်ဆိုတာ ခုပြောပြမှာပါ။

အခုပေါ်လာတဲ့၊ ထင်ရှားသိလာတဲ့၊ တွေ့လာတဲ့ တောဆေးနည်းတစ်ခုထဲမှာ ဒီကျွန်းသားလည်း ပါလာတယ်ပေါ့၊ တခြား မဟုတ်ပါဘူး၊ ဆီးကျောက်တည်လို့ ကသိကအောက်ဖြစ်ပြီး ကောင့်နေ အော်နေပြီဆိုရင် သိပ်ထူးထူးထွေထွေ မလုပ်ပါနဲ့၊ ကျွန်းသား တစ်စိတ်တစ်စကို နည်းနည်း

www.burmeseclassic.com

ပါးပါး ခုတ်ထစ်ဖြတ်တောက်ပြီး သုံးခွက် တစ်ခွက်တင် ကျိုသောက်လိုက်ရုံတင်ပါပဲ။

ကျိုသောက်၊ ကျိုသောက်တာနဲ့ တစ်ပြိုင်နက်တည်း ဆီးသွားပြီဆိုရင် တစ်ခါတည်း မရှက်မကြောက် တစ်နေရာမှာ ခွက်ကြီးနဲ့သာထိုးခံလိုက်ပါတော့၊ ဒီဆီးကျောက်ဟာ ဘဒေါက်၊ ဘဒေါက်နဲ့ ဆီးကျောက်တွေဟာ ဝေါက်သံပေးပြီး ပြေးထွက်လာပါလိမ့်မည်၊ အလွန်အံ့သြစရာကောင်းတဲ့ တောဆေးနည်း တစ်နည်းပါပဲ။

'ဟာ ကျွန်းသားက အခုနေခါ အခက်သား' လို့ ညည်းညူစကား သိပ်ပြောကြား မနေကြပါနဲ့၊ ပရိဘောဂ အလုပ်ရုံတွေမှာ ကျွန်းသားရှိတယ်၊ ကျွန်းသားနဲ့ လုပ်နေကြတာပဲ၊ အဲဒီက ရွှေပေါ်စာ လွှစာလည်း ကျွန်းသားပဲလေ၊ သူ့ကို ပြုတ်သောက်ရင်လည်း ခုနက ကျောက်ဟာ ဝေါက်တောက် ပြေးထွက်လာတယ်၊ စွမ်းတာက ဘယ်လိုကြောင့်မှန်းကို မသိဘူး၊ ကျွန်းသားအနံ့၊ သို့သော် သောက်ရတာတော့ နည်းနည်းခက်တယ်၊ အနံ့အရသာလေးက ခပ်ပြင်းပြင်းလေးရှိတယ်၊ သို့သော် တစ်ခွက်ကို သောက်လိုက်တာနဲ့ တစ်ခွက်ပေါ့လေ၊ တစ်ခွက်ကို သောက်လိုက်တာနဲ့ ခွက်သာခံလိုက်ပေတော့၊ ဒေါက် ဒေါက် ဒေါက်နဲ့ ကျောက်က ဝေါက်ပြီး ထွက်လာသလိုပါဘဲ၊ အဲဒီလောက် ဆေးစာတ်ပြင်းပြီးတော့ ထင်လင်းတဲ့ ဆေးတစ်မျိုးဖြစ်ပါတယ်။

အခု ကျွန်တော့် စူလာနဖာစာအုပ် လှူဆော်မှုကြောင့် ဒီလိုလေးတွေလည်း ပေါ်လာလေ့ဖြစ်လာပါတယ်၊ အရင် နိုင်ငံခြားရေးဌာနမှာလုပ်ခဲ့တဲ့ ဦးတင်မောင်ဝင်းက ကျွန်းသားဟာ သူ့ဘဝမှာ သုံးခါ ကယ်ဖူးတယ်လို့တောင် ပြောပါတယ်၊ ဒါ တောဆေး၊ တောက ရတာပဲ၊ ပထမ တစ်ခါ ကယ်တယ်၊ မြန်မာပြည်မှာ ဒုတိယတစ်ခါ ကယ်တယ်၊ တတိယတစ်ခါ ကယ်ရဖို့ဖြစ်ပြန်တော့ နိုင်ငံခြားရောက်နေတယ်၊ အတော် ခက်တဲ့ အခက်ဖြစ်ပြန်တယ်ပေါ့၊ နိုင်ငံခြားမှာ ကျွန်းသား ဘယ်သွားရှာမလဲ၊ သို့သော် မြန်မာပဲ မြန်မာပြည်လှမ်းမှာလိုက်တဲ့အခါ ကျွန်သားရလာပြီ၊ တတိယ



အကြိမ် ကျွန်းသားကပင် သူ့ဆီးကျောက်များ ကယ်သွား ဖယ်သွားပေးခဲ့တာ ဖြစ်ပြန်တော့တယ်။

ဒီလိုအတွေ့အကြုံများက အလွန် စိတ်ဝင်စားစရာကောင်းပါတော့တယ် ခင်ဗျာ၊ အများသိကြတဲ့အတိုင်း စူလာနဖာကို ကျွန်တော် ထုတ်ဖော်တင်ပြရေးသားခဲ့ပြီး အခုတစ်ခါ ပိစပ်အစွမ်း ဆက်လက် တင်ပြနေရပြန်ပါတယ်၊ စူလာနဖာအကျိုးက အများသိပါပြီ၊ မြန်မာပြည် တစ်နံတစ်လျား သုံးစွဲပြီး ရောဂါများ အများကြီးဖယ်ရှင်းပါတယ်၊ ခုနက အထက်မှာ ဒေါ်သက်ရီ ဆရာတော်ကို လျှောက်သလိုပါပဲ၊ ရောဂါစုံကို ပျောက်တာပါပဲ၊ ထူးခြားတဲ့ ဆေးပင်တစ်မျိုးပါ၊ ဒါဖြင့် ပိစပ်ကကော ဘယ်လိုထူးသလဲ၊ ဟုတ်ပါတယ်၊ ပိစပ်က တစ်မျိုးထူးပါတယ်၊ ဒီနှစ်ခုက ဆန်းပြားစွာ ခြားနားပါတယ် ခင်ဗျား၊ ဒါလည်း ရှင်းပြဖို့လိုတာ အမှန်ပါဘဲ။

ပိစပ်ဟာ ကင်ဆာလည်း ပျောက်ပါတယ်၊ AIDS လည်း နှိမ်ပါတယ်၊ တခြားရောဂါတွေကိုလည်း ပြေးစေပါတယ်၊ အင်မတန်ဆိုးရွားတဲ့ ဘီပိုးဆိုတာလည်း ၆၀ ဝ။ တစ်ချက်တည်းထိုးလွှတ်လိုက်ပါတယ်၊ အဲဒီလောက် စွမ်းအားကြီးတဲ့ ပိစပ်ဖြစ်ပါတယ်၊ ဒီပိစပ်နဲ့ စူလာနဖာနဲ့က တစ်မျိုးစီ ခြားနားပါတယ်၊ ဒီမှာ ပြောရပြရဖို့ ဖြစ်ပြန်ပါတယ်။

စူလာနဖာကိုလည်း ကျွန်တော်ဟာ ရမ်းကာပန်းကာ ရေးခဲ့တာ မဟုတ်ပါ၊ ကိုယ်တိုင် အချိန်ယူကာ လေ့လာခဲ့ပါတယ်၊ ပတ်ဝန်းကျင်မှာ မိသားစုမှာ အရင်သောက်စေပါတယ်၊ သောက်ပြီး သူ့ရဲ့ ဆိုးကျိုးကောင်းကျိုးကို စုံစွာသိပြီးမှ ကျွန်တော်ဖော်ရေးတာဖြစ်ပါတယ်။ ဆိုးကျိုးကောင်းကျိုးမှာ တခြားမဟုတ်ပါဘူး၊ အကန့်အသတ်ပါပဲ၊ စူလာနဖာကို ရေ မသောက်ပဲ သူ့ချည်းသောက်နေရင်တော့ဖြင့် မူးမေ့သွားနိုင်တာ အမှန်ပဲ၊ ဘာဖြစ်လို့လဲ၊ သူ့စွမ်းအားက ကြီးမားသားကိုး၊ အကန့်အသတ်နဲ့ သောက်ရပါတယ်၊ မတ်ခွက်နဲ့ တစ်ခွက် တစ်ခွက်ခွဲ သေရော ကျေရော နှစ်ခွက်ဆိုတော်လောက်ပါပြီ၊ ခုတော့ ရေမသောက်ဘဲ သောက်တယ်ဆိုတော့လည်း မှောက်တော့တာပေါ့လေ။

www.burmeseclassic.com

ကျွန်တော်လည်း များစွာ သတိပေးရေးသားတာတွေ လုပ်ခဲ့ပါတယ်၊ သို့သော် တချို့က ခက်ပါတယ်၊ အင်မတန် ခေါင်းမာတယ်လေ၊ ပိစပ်မှာလည်း ထိုနည်းလည်းကောင်း သတိပြုစရာရှိပါတယ်၊ ဒီနှစ်ခုကလည်း ဆန့်ကျင်ဘက် ဖြစ်ပါတယ်၊ ကျွန်တော်တို့ လက်တွေ့ လေ့လာတဲ့အခါမှ စူလာနဖာဟာ ရောဂါကြီးတွေ ပျောက်တာ တွေ့ခဲ့ သိခဲ့ ရေးခဲ့ပြီးပါပြီ၊ ပြီး အချိန်အဆနဲ့ သောက်နေသမျှ ခေါင်းရှင်းတယ်၊ အကိုက်အခဲပျောက်တယ်၊ ကိုယ်လက်ညောင်းညာတာတွေ ပျောက်တယ်၊ ရောဂါဘယတွေ ကင်းဝေးတယ်၊ အကြောအချဉ်တွေ သန်မာတယ်၊ လေသွား လေလာ ဖြောင့်တယ်၊ ဆီးကောင်းတယ်၊ သွေးသားသန့်စင်တယ်၊ သွေးသားသန့်စင်တဲ့နေရာမှာ စူလာနဖာရဲ့ စွမ်းအားပိုထူးခြားတယ်၊ ဘယ်လိုမှ စဉ်းစားမရအောင် ထူးခြားပါတယ်၊ ကျွန်တော်ကိုယ်တိုင် လက်တွေ့စမ်းပြီးတော့ များစွာလည်း တင်ပြပြီးပါပြီ။

## သွေးနီဥများသူ

သွေးနီဥ၊ သွေးနီဥ အင်မတန်များတဲ့ ရောဂါသမားကို ကျွန်တော် စူလာနဖာတိုက်ပါတယ်၊ အမှန်က သွေးနီဥကို မြန်မာဆေးနည်းနဲ့ ကုမယ်ဆိုရင်ပေါ့၊ မှတ်ချင်လည်း မှတ်ပါခင်ဗျာ၊ ကန်စွန်းရွက်အနီ လက်တစ်ဆုပ် အရွက်တွေကိုဖြုတ်၊ နောက်ပြီး ပြုတ်၍ သုံးခွက် တစ်ခွက်တင် သောက်လိုက်ပါ၊ ရက် ၂၀ ကျော် သောက်လိုက်တာနဲ့ သွေးနီဥများတဲ့ရောဂါ ပျောက်ပါတယ်၊ ဒါ မြန်မာနည်း ရိုးရိုးလေးပါ။

သို့သော် သူက အနေအထိုင် ဆင်ခြင်ရတာတယ်၊ အရက်သေစာ သတိထားအပ်တယ်၊ ကျွန်တော် လူတစ်ယောက်ကို ဒီနည်းပေးပြီးတော့ တိုက်ပါတယ်၊ နောက်တော့ သတင်းတစ်ခုကြားပါတယ်၊ ဒီလူဟာ အရက် မဖြတ်နိုင်ဘူး၊ အရက်ဒုက္ခရှိတယ်ဆိုတာကြားတော့ ကျွန်တော် ဆေးပြောင်းလိုက်ပါတယ်၊ ပျောက်ချင်တာကတော့ ဇောကြီးတယ်၊ ဒါပေမယ့် အရက်ကတော့ သောက်ချင်တယ်ဆိုတော့ သူ့ကို ဆေးပြောင်းပါတယ်၊



ဘယ်လိုဆေး ပြောင်းလိုက်သလဲ။

သူ့ကို စူလာနဖာသောက်ဖို့ လမ်းပြောင်းလိုက်တာပါပဲ၊ စူလာနဖာ တိုက်လိုက်တဲ့အခါမှာ သူဘာဖြစ်သလဲ၊ ခါတိုင်း သူ သွေးနီဥများလာရင် အင်မတန် ခေါင်းကိုက်တယ်၊ ဇက်ထိုးတယ်၊ ကိုယ်ကြီးက ကုန်းနေတယ်၊ လမ်းလျှောက်မရဖြစ်နေတယ်၊ ချက်ချင်း ဆေးရုံပြေးပြီးတော့ သွေးတွေကို ထုတ်ပစ်ရတယ်၊ သွေးနီဥ ထုတ်တဲ့အခါမှာ အလွန် ပင်ပန်းပါတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ သွေးက ထုတ်လိုက်တာနဲ့ ခဲသွားတဲ့အခါကျတော့ ပိတ်ဆို့ပြီး ဒုက္ခရောက်တာပါပဲ၊ အဲဒီတော့ သွေးထုတ်ခံရသူလည်း ဒုက္ခများတယ်၊ သွေးထုတ်ပေးရတဲ့ ဆရာများလည်း ပင်ပန်းတကြီး ရှိသွားတယ်၊ ဒီလို ဒုက္ခကြီးစွာဖြစ်တာ စူလာနဖာသောက်လိုက်တာနဲ့ ပျောက်ပါတယ်၊ ဆေးရုံ မသွားရတော့ပါဘူး၊ အဆင်ပြေပါတယ်၊ သွေတိုး ဒိဂရီကျသွားပါတယ်၊ ဒါ စူလာနဖာစွမ်းအင်ပါ။

## သွေးဖြူဥများသူ

ဒီစူလာနဖာပါပဲ၊ ဘာဖြစ်လို့ သွေးဖြူဥများတဲ့ သူကျတော့လည်း သူ့ကြောင့် ပျောက်ပြန်တာလဲ၊ ဒါ ကျွန်တော် နားမလည်နိုင်အောင်ဖြစ်တာပါ၊ ကျွန်တော် မစွမ်းပါ၊ ကျွန်တော် မသိပါ၊ တွေ့တာသာ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်၊ ကျွန်တော် လက်လှမ်းမီသမျှပညာနဲ့စုံစွာ ထောက်လှမ်းပြီး တင်ပြတာပါ၊ သိရန်ပြောပြတာပါ။

ကျွန်တော် သွေးဖြူဥရဲ့သဘော သိရန်အတွက် သွေးဖြူဥရောဂါရှိတဲ့ ၁၂ နှစ် သမီး မိန်းကလေးကို အိမ်မှာ တစ်နှစ်ထားကာကုသလို့ လက်တွေ့ ကြည့်ခဲ့ရပါတယ်၊ ဒီကလေးဟာ ညီအစ်ကို မောင်နှမနှစ်ယောက် ဖြစ်ရာမှာ သူ့ကို စမ်းသပ်ကြည့်မယ်ဆိုတာ မိဘများကို ပြောကြားပြီး ကျွန်တော် အိမ်ခေါ်ထားပါတယ်၊ အိမ်ပေါ်ခေါ်ပြီးအချိန်တစ်ခါမှာ သူ့ကို သွေးသွင်းရပါတယ်၊ သွေးဖြူဥ များသူများဟာ မကြာခဏ သွေးသွင်းကြရတာပါပဲ၊ သူက သွေးကင်ဆာဘက်ကို လက်တစ်ကမ်း အလင်းလှမ်းနေတဲ့ရောဂါပါ၊

www.burmeseclassic.com

ww.burmesec sic.com



သွေးကင်ဆာရောဂါ အခြေခံပါ။ အဲဒီမှာ ကျွန်တော်က ခေါ်ထားပြီး ပထမ လာလာချင်း သွေးတစ်ခါသွင်း၍ ကျွန်တော် နေ့စဉ်ဂရုပြုကာစူလာနဖာတစ်ခွက် တိုက်ပါတယ်၊ စူလာနဖာတစ်ခွက် ကျွန်တော်ကလည်း နေ့တိုင်းသောက်တော့ သူ့ကိုလည်း လာဆိုပြီးတော့ နေ့တိုင်းသောက်စေပါတယ်၊ ကျွန်တော် ကိုယ်တိုင် ကြပ်မတ်ပြီး သောက်စေပါတယ်၊ သူ့မှာ တစ်နှစ်အတွင်းမှာ တစ်ခါမှ သွေးမသွင်းရပါဘူး၊ ဆန်းကြယ်တဲ့ အတွေ့အကြုံလို့ ပြောချင်လည်း ပြောပါ၊ ကျွန်တော် တွေ့တာကို ပြောပြတာပါ၊ သူ့မှာ ရင်မှာရှိတဲ့ ရင်အောက်ပိုင်းက ဘေလုံးဆိုတာလည်း ပျောက်သွားပါတယ်၊ မျက်နှာ ဖြူဖပ်ဖြူရော် လျှာဖြူဖပ်ဖြူရော် မူးတူးတူး ယိုင်တိုင်တိုင်ဟာလည်း စူလာနဖာ မှန်မှန်သောက်ချိန်မှာ ပျောက်နေပါတော့တယ်။

တစ်နှစ်ပြည့်သောအခါမှာတော့ ကျွန်တော် သူ့ကို သွေးတစ်ခါသွင်းပြီး သူ့မိဘထံ ပြန်အပ်လိုက်ပါတယ်၊ စူလာနဖာ သတ္တိကို ကျွန်တော် သိပြီလေ၊ သွေးနီဥကိုလည်း သူနိုင်အောင် ထိန်းနိုင်တယ်၊ သွေးဖြူဥများသူကိုလည်း နိုင်အောင် ထိန်းပေးနိုင်တယ်၊ ဒီစွမ်းအင်ဟာဘာလဲ ကျွန်တော် သိအောင်လေ့လာ (ကိုယ်တိုင်ကိုယ်ကျ လေ့လာပါတယ်၊ သိရှိအောင်လုပ်တာ ဖြစ်ပါတယ်) ဒါ့ကြောင့် စူလာနဖာစွမ်းအားကို အံ့ဩသွားရတာပါ၊ကင်ဆာပျောက်တာ ဝမ်းသာပါတယ်၊ ကိုက်ခဲပျောက်တယ် ဆိုတာလည်း ဝမ်းသာပါတယ်၊ ဘီပိုး ပျောက်ကြတယ်ဆိုတာလည်း ဝမ်းသာပါတယ်၊ အမူးအမော်တွေ ပျောက်တာလည်း ဝမ်းသာပါတယ်၊ ကျွန်တော်တို့ကတော့ ဝမ်းသာခြင်းအားဖြင့် ပီတိစားပါတယ်။

ခုလို စူလာနဖာတွေ ကိစ္စတွေ အထွေထွေကို လေ့လာနေပြီး နောက်မှာ အခု ပိစပ်ခေါ် ဂျာမနီပင်ရဲ့ ထူးခြားမှုကို ရေးသားဖို့ဖြစ်လာခဲ့ပြန်ပါတယ်၊ ဒီဂျာမနီပင်ကို ကျွန်တော် အံ့ဩပါတယ်၊ ဘာဖြစ်လို့ အံ့ဩရပြန်တာလည်းဆိုရင် ရောဂါမျိုးစုံပျောက်တယ်ဆိုပြန်တော့ ဒီတစ်ခါတော့ သေချာအောင် ပိုလို့သေချာအောင် လူနာတွေကို ကိုယ်တိုင်လိုက်ကြည့်မယ်လို့ ကျွန်တော် ဆုံးဖြတ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ရောဂါပျောက်ပုံပျောက်နည်းစွမ်းအား ကြီးမားလွန်းလို့ဖြစ်ပါတယ်။



တချို့ကတော့ ဆေးကုသရ ခက်တယ်၊ သွေးကင်ဆာရောဂါသမားပိစပ်နဲ့ ပျောက်သွားတယ်ဆိုတာ ဘယ်လိုယုံနိုင်မှာလဲ၊ သို့သော် သူ့ကို ကျွန်တော် တွေ့တာ အံ့ဩစွာပြောပြတာ မှတ်ရပါတယ်။

## သွေးကင်ဆာ

တကယ်ပျောက်ပါတယ်။

ဘယ်လိုပျောက်သလဲ၊ ကျွန်တော် သူ့ကို Interview လုပ်ပြီး ဒီစာအုပ်မှာ ကျနစွာ ရေးပါတယ်၊ ကျွန်တော် သူ့ကို မြင်မြင်ချင်း လုံးဝမယုံပါ၊ သူ့ကိုယ်ခန္ဓာကြီးနဲ့ ဒီလောက် ထွားကျိုင်း ကျန်းမာ ဖြစ်နေတာ ဘယ်လိုသွေးကင်ဆာဖြစ်တဲ့ လက္ခဏာလဲလို့ စိတ်ထဲ တော်တော် အံ့ဩတကြီးဖြစ်ရပါတယ်၊ သို့သော် သူက အမှတ် ၂ ဆေးရုံမှာ ကိုယ်တိုင်တက်ခဲ့တာဖြစ်နေတော့လည်း ကျွန်တော် ဘာပြောနိုင်မှာလဲနော်၊ အခုတော့ သွေးကင်ဆာ ဘယ်လိုလုပ် ပိစပ်ရွက်က နှိမ်တာလည်း စဉ်းစားရခက်ပါတယ်။

သူ့မှာ သွေးကင်ဆာ ဖြစ်နေစဉ်မှာ သူငယ်ချင်းက ဒီရောဂါကတော့လေ ရှမ်းပြေးပင်နဲ့မှ ပျောက်မှာပါဆိုတော့ သူအံ့ဩခဲ့ရပါတယ်၊ သူနဲ့တွေ့ဆုံခန်းမှာပါပါတယ်၊ ရှမ်းပြေးပင်ဆိုတာ သူလည်း မသိပါဘူး၊ ဒါနဲ့မိတ်ဆွေ က ရှမ်းပြေးပင်ဟာ ပုသိမ်မှာရှိတယ်၊ သူ ယူပေးမယ်ဆိုပြီးတော့ယူလာပေးတယ်၊ ကြည့်လိုက်တော့ ပိစပ်ပင် ဖြစ်နေတယ်။

သူ့အိမ်နားမှာ များစွာရှိတဲ့ ပိစပ်ပင်တွေ ဖြစ်နေတယ်၊ အံ့ဩသွားတယ်၊ ပိစပ်ပင်ကို သောက်ပါတယ်၊ သူနဲ့တွေ့တဲ့အခန်းမှာ စုံအောင်ဖတ်ရှုကြည့်နိုင်ပါတယ်၊ သူ့နာမည်က ဦးအောင်ကျော်ပါ၊ အသက် ၆၀ သာသာ သမဝါယမဦးစီးအရာရှိ လုပ်ခဲ့တာပါ၊ ကျွန်တော် သွေးကင်ဆာပျောက်တာ၊ ကျွန်တော် ရုတ်တရက် မယုံနိုင်သလို သူများတွေ ပြောလိုက်တာလည်း ယုံသူ အင်မတန်နည်းပါးတယ်၊ ဒါနဲ့ စိတ်ကျေနပ်ပြီးတော့ သေချာချာ ဓာတ်ပုံရိုက်ခြင်း၊ အသက် မှတ်တမ်းတင်ခြင်း စသည်များ လုပ်ရပါတယ်။

www.burmeseclassic.com

အပင်ပန်းခံပြီးလည်း သူ့ဆီ သွားရပါတယ်၊ သူကလည်း ဝမ်းသာအားရစွာနဲ့ ရှင်းပြ အသိပေးပါတယ်၊ ဦးအောင်ကျော်နဲ့ ကျွန်တော် တွေ့ပြီးတဲ့နောက်မှာ စိတ်မှာ တော်တော်လှုပ်ခါသွားပါတယ်။

## မယုံသည့်အပင်

ဒီပိစပ်ဟာ လူတွေမယုံစရာ ရောဂါပျောက်တဲ့ ပိစပ်ဖြစ်နေပါလား၊ ဒီကိစ္စကို ရိုးရိုးတင်ပြလို့ ယုံကြမှာလား၊ ဒီတင် ကျွန်တော် လူတွေကို တတ်နိုင်သမျှတွေကာ ရေးမယ်လို့၊ တင်ပြမယ်လို့ ဖော်ပြမယ်လို့ စိတ်ကူးရပါတော့တယ်၊ ကျွန်တော် ပထမ ခင်မင်တဲ့ စာနယ်ဇင်းများမှာ ပိစပ်ပင်ရဲ့ စွမ်းပကားကို အတိုချုပ်အားဖြင့် ရေးသားလိုက်ပါတယ်၊ လူတွေ မယုံပါ၊ ကျွန်တော့်ကို အရူးပမာထင်ပါတယ်။

တချို့ကျတော့လည်းပဲ ထူးတယ် ဆိုပြီးတော့ ပြေးလာကြပါတယ်၊ ကျွန်တော်ရေးတဲ့အထဲမှာ ကျွန်တော်သိရှိနေရတာကတော့ သွေးကင်ဆာပျောက်တာ AIDS ပျောက်တာ၊ အရိုးကင်ဆာပျောက်တာတို့၊ အစာအိမ်ကင်ဆာပျောက်တာတို့၊ နှလုံးကင်ဆာပျောက်တာတို့ အဆုတ်ကင်ဆာပျောက်တာတို့၊ ဘီပိုး အသည်းကင်ဆာပျောက်တာတို့ စသည့် ကျွန်တော်သိရှိပြီးသမျှကို တတ်နိုင်သမျှ ရေးပါတယ်၊ ဒီလို ရေးသားမှုကို ယုံစားသူ အတော်ရှားတာ အံ့အားသင့်ရပါတယ်။

ငါ ဘယ်လိုရေးရပါမလဲ ဆိုပြီးတော့ ရောဂါသည်ရှိတဲ့နေရာကို ကျွန်တော် သွားဖြစ်အောင် သွားခဲ့ရပါတယ်၊ ဒီကြားထဲမှာ မယုံစားသူရှိသလို အားကိုးအားထားပြုသူများလည်း အတော်များများတွေ့ပါတယ်၊ သူတို့ဒုက္ခကို ကူညီပါ၊ တတ်နိုင်သမျှ စောင့်ရှောက်ပါဆိုပြီးတော့ ပြောလာသူတွေ အတော်တွေ့လာပါတယ်။ အထူးသဖြင့် ပြောရရင်တော့ AIDS ကိစ္စ၊ A ရောဂါလို့ ပြောရမှာပါပဲ၊ A ရောဂါဆိုတာကလဲ ရောဂါနဲ့ကြုံရတာကြေကွဲစရာကောင်းပါတယ်။

မပြောချင်လောက်အောင်ပါပဲ။ ဆရာတော်များတွေမှာ သွားဖြစ်တယ်ဆိုရင် စဉ်းစားသာကြည့်ပါတော့၊ ခေါင်းရိတ်ဖို့ကာက ဖြစ်တာပါ၊ ထို



နည်းလည်းကောင်း လက်ဖက်ခွက်ဝိုင်းစားရင်း ရောဂါသမားရဲ့ သွားနံ့ရည် လက်ဖက်ခွက်မှာ ဝင်ကာ ရောဂါကူးတာလည်း ရှိပါတယ်၊ တခြား စုတ်ထိုးလို့၊ စုတ်ပေါက်လို့ ဒုက္ခရောက်ရတာလဲ များစွာပါ။ ဒီလိုကြားထဲမှာ အပ်ပေါက်လို့ ဒုက္ခရောက်သူတစ်ဦးဟာ ကျွန်တော့်ဆီ ရောက်လာပါတယ်။ စုတ်အပ်ပေါက်တယ်ဆိုတာ လွယ်လွယ်ပြောတာပါ။ တကယ်က စုတ်ပေါက်တယ်လို့ ပြောရမှာပါ၊ အရုပ်တွေကို စုတ်နဲ့ထိုးသလိုပါပဲ၊ ညောင်းလို့ညာလို့ ကုတ်ပိုးတက်လို့ ဇက်ကြောတက်လို့ ဆိုပြီးတော့ စုတ်နဲ့ ထိုးတတ်ကြတယ်လေ၊ အဲဒီစုတ်လက်ချက်ပဲ။ သွက်သွက်ကြီး ဒုက္ခရောက်တော့တာပါပဲ။ စုတ်မှာက AIDS ပိုးပါနေတာ မသိကြရှာဘူးပေါ့။

## အဖျားမကျဘူး

ဘယ်နှယောက် ဖြစ်မှန်းတောင်မသိဘူး၊ ကျွန်တော့်ဆီ ရောက်လာတဲ့ ကလေးမအေမှာ ပြူးကာပြာကာ အတော် စိတ်ဆင်းရဲရှာပါတယ်။ ကလေးဟာ ကျွန်တော့်အိမ်ပေါ် မတက်နိုင်ရှာပါဘူး။ မအေနဲ့ ဆွေးနွေးရပါတယ်။ ကျွန်တော် အားပေးပါတယ်။ ဒီပိစပ်ရွက်ဆိုတာ အဖုတ်အပြတ်လမ်းဘေးကအပင်ပါ။ သို့သော် ရောဂါကြီးတွေ ဧကန် အမှန်ပျောက်တာ ကျွန်တော် လူတွေကို တွေ့ရပါတယ်။ ပြောပြ ရှင်းပြတော့ သူ့သားကို တိုက်မယ်လို့ ဖြစ်ပါတယ်။ မအေရဲ့မေတ္တာနဲ့ ဝေဒနာကို တွေ့ရတာ အလွန်ရင်နာစရာကောင်းပါတယ်။

မအေကြီးဟာ သားကို ဂရုတစိုက် တိုက်ပါတယ်။ တိုက်တဲ့အတိုင်းပဲ ကာလမကြာခင်မှာ အကျိုးများပါတယ်။ ဘာအကျိုးများသလဲ ကလေးဟာ ရောဂါနဲ့ကလေးဆိုတာ သူပြောတဲ့ စကားပါ။ ကျွန်တော် မြင်တာ အသက် ၃၀ ကျော်နေပါပြီ။ ရောဂါက ပြင်းထန်နေပါတယ်။ ဘယ်လောက် ထိပြင်းထန်လည်း အဖျားဟာ ဘယ်လိုမှ မကျဘူး။ အဖျားမကျ ဖြစ်နေပါတယ်။ ဆရာဝန်ပေါင်းစုံ ရန်ကုန်မြို့ နာမည်ကြီးဆေးခန်းက ပုဂ္ဂိုလ်ပေါင်းစုံနဲ့ ပြသပါတယ်။ ဘယ်လိုမှ အဖျားမကျပါဘူး။ နောက်ဆုံး စအိုက

www.burmeseclassic.com

www.burmeseclassic.com



ဆေးသွင်းတဲ့နည်းပါ သုံးပါတယ်။ ဆေးသွင်းတုန်းခဏပဲ ရောဂါသက်သာပါတယ်။ အဖျားဟာ မကျပါဘူး။

အဲဒီအခါမှာ ပီစပ်ကို မအေက တိုက်တာ ဖြစ်ပါတယ်။ ပီစပ်သောက်လို့ ၁၀ ရက် သာသာအကြာမှာ အဖျားကျကာ လန့်ပြေးပါတော့တယ်။ မအေနဲ့တကွ ပတ်ဝန်းကျင်ပါ အံ့ဩသွားပါတယ်။ အဖျားကျပြီဆိုတော့ ကျန်တာဟာ လွယ်ပါပြီပေါ့။ ဒီလိုကိုယ်တွေ့ကြုံတာ ပြောပြရပါတယ်။

## မတရား ယားတာ

နောက် ဒီလိုပဲ သတင်းကြားနဲ့ လာလာပြီး မေးကြတာတွေရှိပါတယ်။ တစ်ဦးလည်း ရောက်လာပါတယ်။ သူက တစ်မျိုးထူးဆန်းပါတယ်။ ရောဂါကတော့ နာမည်ကျော် A ရောဂါပါပဲ။ နာမည်အထွေထွေနဲ့ ကျော်နေတဲ့ A ရောဂါပါပဲ။ သူက လက်ဖဝါး လက်ဆစ်ကနေ လက်ဖျားအထိ မတရားယားပါတယ်။ လက်ဆစ်ဆိုတာ လက်ဖဝါးရဲ့အရင်းကို ကျွန်တော်ပြောလိုခြင်းဖြစ်ပါတယ်။ အဲဒီကနေ လက်ဖျားထိ မတရားယားကာ အိပ်တောင် မရပါလို့ ပြောပါတယ်။ ဆေးမျိုးစုံပါပြီ ပြောပါတယ်။ နည်းမျိုးစုံ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာနဲ့ ကုကြည့်ပါတယ်လို့ ပြောပါတယ်။ ဘယ်လိုမှ အဆင်မပြေခဲ့ပါဘူး။

ရောဂါတက်တဲ့အခါတိုင်းမှာ မတရား ယားပါတယ်။ နောက်တော့ ပီစပ်နဲ့အတွေ့မှာ ဒီအယားရောဂါ ပြေးပါတော့တယ်။ အဲဒါဝမ်းသာလွန်းလို့ ကျွန်တော့်ဆီလာပြောတာပါ၊ လာကန်တော့တာပါ။ အဖေပါ ခေါ်လာပါတယ်။ ကျွန်တော် ကြည်နူးစွာ ပီတိဖြာရပြန်ပါတယ်။ အဖေရှေ့မှာ ကျနစွာပြောပြီး ကန်တော့ပါတယ်။

## နီးလျက်နှင့် ဝေးသူနှစ်ယောက်

ဒီလိုကောင်းတာ ကြုံသလို မကောင်းတာ အဖုံဖုံလည်း ကြုံရတာကိုလည်း ဒီမှာပဲ ပြောရဦးတော့မယ်။ A ရောဂါ အကြောင်း၊ ပီစပ်နဲ့တွေ့တာ ကျေနပ်ဖွယ်ဖြစ်ကာ များစွာဖြစ်သလို A ရောဂါရှိပြီး ပီစပ်ဆိုတာ



စိတ်မှာ မသေချာ မရေရာ ထင်တာနဲ့ ဝေးကွာ ဝေးကွာရင်း သေတာနှစ်ယောက်တွေ့ပါတယ်။

စိတ်မကောင်းစွာနဲ့ ပြောရတော့မှာပါ။ ကျွန်တော့် အိမ်နားမှာနေပါတယ်။ ကျွန်တော့်မိသားစုနဲ့ခင်ပါတယ်။ အကြီးကောင်နဲ့ ခင်တယ်။ သူက ကျွန်တော်ရဲ့ လိုအပ်တဲ့အကူအညီများကို အမြဲတမ်းဆောင်ရွက်ပေးတတ်ပါတယ်။ ကျွန်တော်တို့ သူ့ကို ချစ်ခင်ပါတယ်။ သူ ဒီရောဂါရှိလာပြီလို့ သိလိုက်တဲ့အချိန်မှာ ကျွန်တော်တို့ကလည်း ပီစပ်အကြောင်း သိရချိန်နဲ့ တိုးနေပါတယ်။ ကျွန်တော်ဟာ သူ့ကို ပီစပ်တိုက်ဖို့ ကြိုးစားပါတယ်။ သူဟာ အရှက်လွန်တာလား မယုံတာလား တော်တော်စဉ်းစားရကြပ်တဲ့ ရည်ရွယ်ချက် ဖြစ်နေပါတယ်။ သူဖြစ်နေတဲ့ ရောဂါဟာ A ရောဂါ မဟုတ်ဘူး။ ဒီစကားပဲ အတန်တန်ပြောပြီး ပီစပ်ကို ပယ်ပါတယ်။ ပီစပ်ကို အထင်သေးစွာ ခါပါတယ်။ သူ ကံဆိုးရှာပါတယ်။ သူ ကျွန်တော်ပြောတာက သူ A ရောဂါ မဟုတ်ဘူး။ သူ့ရောဂါဟာ သူ့မှာရှိနေတဲ့ အခုရောဂါဟာ အသည်းနဲ့ ပတ်သက်တဲ့ B ပိုး ရောဂါပါလို့ ပြောပြောနေပါတယ်။ အေးလေ၊ B ပိုး ဆိုရင်တော့ တို့သိထားတဲ့အတိုင်း တောင်ဆီးဖြူသောက်ပေါ့။ ရောဂါပျောက်နိုင်တာပေါ့လို့ ပါးစပ်နဲ့ပဲ တောက်လျှောက်တွန်းကာ ပြောရတာ ဖြစ်တော့တယ်။

## ကိုယ်တွေ့ကြည့်ခရီး

ဒီလိုကြားမှာ ကျွန်တော်ဟာ ရောဂါမျိုးစုံလေ့လာဖို့ ခရီးဝေးသွားရပါတယ်။ ပဲခူးမြို့ ဦးအောင်ကျော်တွေအပြီးမှာ ကျွန်တော်ဟာရောဂါသည်များတွေကို တွေ့ပြီး ဆွေးနွေးမှုဖြစ်တော့မှာလို့ ယုံကြည်စွာ လှိုင်ကော်ကိုထွက်ခွာသွားပါတယ်။ သိကြတဲ့အတိုင်း အင်မတန် ခရီးပြင်းတဲ့ လှိုင်ကော်ခရီးကို နှင်ခြင်းသာဖြစ်ပါတယ်။ လေယာဉ်ပျံက မသေချာပါ။

စီစဉ်ဖို့ အချိန်တိုက်လို့မရပါ။ ဒါနဲ့ ကားနဲ့ပဲ သွားခဲ့ရပါတယ်။ ကားဆိုတာက လူဟာ ငှလို ကွေးသွားရတာဖြစ်ပါတယ်။ မှူစင်စစ်က ငှဖြစ်မျောက်ဖြစ်ဆိုတာလို အတော်ခက်ပါတယ်။ မတ်တပ်ရပ်လို့ မရပါ။ ထိုင်ခုံ

www.burmeseclassic.com

www.burmeseclassic.com



မှာ ထိုင်ရတာနဲ့ ငှပုံစံလို ထိုင်ရပါတယ်။ လှုပ်ရှားရပါတယ်။ ဒီလိုနဲ့ ရန်ကုန်ကနေ အောင်ပန်းကို ၁၆ နာရီ သွားရပါတယ်။ အောင်ပန်းကနေ လွိုင်ကော်ကို အခြားကား အသေးစားလေးနဲ့ ငါးနာရီ သွားရပြန်ပါတယ်။ ကျွန်တော့်အသက်အရွယ်နဲ့ ခက်လှတယ်လို့ ထင်သော်လည်းပဲ ဒီအပင် အကျိုး တန်ခိုးကို သိချင်တာနဲ့ ကြိုးစားပြီးသွားဖြစ်ခဲ့ရပြန်ပါတယ်။

လွိုင်ကော်မှာ ရောဂါမျိုးစုံ ရောဂါသည်များ တွေ့ရတဲ့ အထဲမှာ ကင်ဆာရောဂါ၊ B ပိုးရောဂါ၊ အသည်းရောဂါကို ပိစပ်က ကောင်းစွာ နိုင်တာတွေ ကြုံရပါတယ်။ B ပိုးရောဂါ အကုသမျိုးစုံခံကာ ရောဂါကို ဖယ်ရှားဖို့ကြိုးစားပါတယ်။ မအောင်မြင်ပါ။ ပိစပ်နဲ့တွေ့ကာမှ ပျောက်တာကို ကာယကံရှင်များက ဝမ်းသာစွာပြောပြပါတယ်။ ကျွန်တော် အံ့သြပါတယ်။ လက်တွေ့ ကြုံတော့မှ ယုံရခက်တာကို အံ့သြစွာ လက်ခံရပါတယ်။

## မကယ်လိုက်နိုင်ပါ

ကျွန်တော် ရန်ကုန်အပြန်မှာ ငါ့အိမ်နားက B ပိုးသမားကို ပိစပ်တိုက်မယ်လို့ စိတ်က ထက်သန်စွာ ကြံပါတယ်။ သူ သောက်ဖြစ်မယ်ဆိုရင် သူ့မှာ A ရောဂါပါ ပျောက်မှာဖြစ်ပါတယ်။ A ရောဂါလို့ မပြောချင်ပေမယ့် B ပိုးရောဂါလို့ ပြောတဲ့ရောဂါလည်းပဲ ပျောက်မယ်လို့ပြောကာ ကျွန်တော် တိုက်ရင် ရမယ်လို့ ထင်ပါတယ်။

ဒါပေမယ့် သူ့ခမျာ ကျွန်တော် ဆေးတိုက်ချိန်မရလိုက်ပါ။ သူ့ခမျာ ရောဂါက သေဒဏ်ပေးတာ ခံလိုက်ရပါတော့တယ်။ ဘယ်လိုမှ မတတ်နိုင်တဲ့ ကြမ္မာလို့သာ ပြောရမယ်ဖြစ်ပါတယ်။

## နောက် အသက်တစ်ခု

ဒီလိုနဲ့ တပ်ဆက်တည်း သူညီမှာလည်း ရောဂါရှိတယ်လို့ ကြားလာရပြန်ပါတယ်။ ကျွန်တော်တို့နဲ့ အနေမဝေးပါ။

ဒီအခါ ကျွန်တော်ကလည်းပဲ လွိုင်ကော်က တွေ့လာတဲ့အတွေ့အကြုံများအရ ဒီကလေးကိုတွေ့ကာ ရှင်းပြ နားသွင်းမယ်၊ ဆေးယုံကြည်စိတ်



ထက်သန်ပါတယ်။ ဒါပေမဲ့ ဒီကလေးဟာ ခေါ်လို့ မလာပါ။ ကျွန်တော့် မြေးများဖြစ်တဲ့ ဥမ္မာမြင့်၊ အိပိုင်တို့ ခေါ်ခိုင်းပါတယ်။ မအိပိုင်ကို အတန်တန် ပြောကာ ခေါ်ခိုင်းပါတယ်။ ဒါပေမယ့် ကျွန်တော့်ထံကို မလာပါဘူးဗျာ။ ကျွန်တော့်မှာ အတော့်ကို နေရထိုင်ရ စိတ်ရှုပ်ရပါတယ်။ သူ့စိတ်ထဲမှာ ဒီပိစပ်ဆိုတဲ့ အရွက်အစုတ်အပြတ် လမ်းဘေးက အပင်ကလေးက ဒီရောဂါကို ပျောက်တယ်ဆိုတာ ဟုတ်နိုင်ပ့ါမလား။ သံသယ ပွားသလား၊ သူ့ခမျာ သိပ်အချိန်ကြာကြာ နေမသွားရရှာပါ။ သူ့ရောဂါက ရောဂါဖြစ်ကတည်းက သူ့ကို သေဒဏ်စီရင်ထားတဲ့ရောဂါ။ သိပ်မကြာခင် အချိန်မှာ သေဒဏ်ပေးသွားတယ်။

ဒီလို ရန်ကုန်မှာ ကြုံရတာများလည်း ရှိခဲ့ပါတယ်။ အင်မတန် ကြမ္မာဆန်တဲ့ ကိစ္စတွေလို့ ထင်စရာလည်း ဖြစ်ပါတယ်။ နီးလျက်နဲ့ ဝေးတယ်။ ဝေးလျက်နဲ့ နီးချင်လည်းနီးတတ်ပါတယ်။ ဟိုအင်မတန်ဝေးတဲ့ လွိုင်ကော်ကလူတွေက ယုံကြည်စွာသောက်လို့ ရောဂါတွေ ပျောက်ရတာကို ကျွန်တော်ကိုယ်တိုင် သွားတွေ့လို့ မမေ့နိုင်စရာအဖြစ်များ ကြုံတွေ့သွားရပါတယ်။

လွိုင်ကော်မှာ တွေ့ရတဲ့ နော်ရှိုစ် ဆိုတာဟာ အသက် ၂၀ ကလေးမ ရုပ်ရည်လှလှ ကလေးမလေးပါ။ သူ့ခမျာ လူငယ်သော်လည်း ရောဂါက မငယ်ပါ။ အရိုးကင်ဆာရောဂါတဲ့။ သူ့ကိုလည်း လူကြီးများက ကြိမ်းကာမောင်းကာ တိုက်တွန်းကာ ဆေးတိုက်ခဲ့ရတာလို့သိရပါတယ်။ ဟုတ်တယ်လေ။ ဒဆေးသောက်သူများအနေနဲ့ ဒီလို အစုတ်အပြတ်အပင်က ရောဂါကြီးတွေပျောက်တာ ဘယ်သူယုံမှလည်း ယုံလို့ရမလဲ။ သို့သော် လက်တွေ့ တက်လှမ်းလာတဲ့အခါမှာတော့ နော်ရှိုစ်ဟာ ကိုယ်တိုင်ခွက်ကြီးနဲ့သောက်တာ ဒီအခါကျပြန်တော့လည်း တားရမြစ်ရပြန်ပါတယ်။ ဘာကြောင့်လည်း ဆေးဆိုတာ ဘာပဲဖြစ်ဖြစ် အကန့်အသတ်ရှိတာကို စူလာနတာမှာလည်း အကန့်အသတ်ရှိလို့ သတိပေးပြောရတာတွေ ရှိသလို ပိစပ်မှာလည်း သူ့အကန့်အသတ်ရှိလို့ သတိပေးတားမြစ်ရတာ ကန့်သတ်ရတာကြိုတင် ဆင်ခြင်ဖို့ လုပ်ရတာတွေ ရှိပါတယ်။ အခုတော့ မနော်ရှိုစ်ဟာ

www.burmeseclassic.com

တုတ်ထောက်ပြီးတော့ အရိုးကင်ဆာသမား ဒုက္ခများနေရာက အခုတော့ ဘိုင်စကယ် တလွှားလွှား၊ မော်တော်ဆိုင်ကယ် တဗုန်းဗုန်းနဲ့ ပြုံးပြုံးကြီး မောင်းနေနိုင်တာ ဖြစ်ပါတော့တယ်။

စူလာနဖာပင်ဟာ အလွန်ထက် အလွန်ကောင်းပြီး သူလည်း သူ့နည်းနဲ့သူ အတိမ်းအစောင်းမခံတာရှိတာကို ပြောခဲ့ပြီးပြီ။ သူလည်း သူ့အသတ်အမှတ် အကန့်အသတ်နဲ့ သောက်တတ်ရတာဖြစ်ပါတယ်။ ရေမသောက်ပဲ သောက်လို့ မှောက်ကျသွားတာ တွေ့ပြီး ပြောပြီးပြီ တားလည်းပြီးပြီ။

ပိစပ်ရွက်ကလည်း ဒီတိုင်းပါပဲ။ သူ့အကန့်အသတ်နဲ့ သောက်ရတာ ဖြစ်ပါတယ်။ ရောဂါပျောက်ချင်တယ်ဆိုပြီး တအားကြီးသောက်လို့ အဆင်မပြေပါဘူး။ ဟုတ်ပါတယ်။ ရောဂါပျောက်ချင်ဇောနဲ့ တအားသောက်လို့ မှောက်သွားတာ ဖြစ်ခဲ့ပြီလေ။

## စူလာနဖာ သွေးကျ

ဒါတွေဟာ သင်ခန်းစာအဖြစ်နဲ့ ခဏခဏ ပြောရပါတယ်။ စူလာနဖာ သောက်ကြည့်ပါ။ သွေးကျတယ်၊ သွေးကျလို့ မူးတတ်တယ်။ ဒါကြောင့် သူ့ကို တစ်ခွက် တစ်ခွက်ခွဲ သေရော ကျေရော နှစ်ခွက်ထက် မပိုပါစေနဲ့။

ဒီလို ခဏခဏ ပြောရ ရေးရတာ တွေလည်း ရှိပါတယ်။ သို့သော် တချို့က ဒီအရွက်ကလေးကနေ ဘာထူးတာလည်း တအားသောက်လိုက်တာနဲ့ မှောက်ကုန်တော့တာပါဘဲ။ ဒါတွေကို ကျွန်တော်တို့ ခဏ ခဏ ရေးသော်လည်းပဲ အနေအထားက မှားသူတွေက မှားတုန်း။ အဲဒီလိုဖြစ်နေကြတာပါပဲ။ စူလာနဖာဟာ သွေးကျတတ်ပါတယ်။

## သွေးတက် ပိစပ်

အဲ ပိစပ်ကျတော့ဟာ သူ့ရဲ့ ဓာတ်သဘောက သွေးတက်တာဖြစ်နေပြန်ပါတယ်။ ပိစပ်ကို သတ်မှတ်ချက်ထက် ပိုသောက်ရင် မူးတယ်၊ သူမူးပုံကတော့ သွေးတက်လို့ မူးပုံ ဖြစ်နေပြန်တယ်။ ဒီလို ဓာတ်မတူတဲ့ အနေအထားကို အများကြီး သတိပေး ပြောကြားနေတာ ဖြစ်ပါတယ်။



စူလာနဖာကတော့ လွယ်ပါတယ်။ သူက သွေးကျတာကို သွေးကျလို့ မူးတာကို သွေးကျလို့မူးရင် ဆီးချိုကျလွန်းလို့မူးရင် ရှာလပတ်ရည် တစ်ခွက်သောက်လိုက်ရင် မူးတာပျောက်ပါတယ်။ အချိုရည် နှစ်ငုံ သုံးငုံ သောက်ရင် ပျောက်ပါတယ်။ သို့သော် ပိစပ်က ဒီလိုမရဘူးလေ။ ပိစပ်က တိုးသောက် လေလေ မူးလေလေဖြစ်ပါတယ်။ မူးနောက်နောက် ဖြစ်လာတာပါ။ သူက သွေးတိုးတာ သွေးတက်တာဖြစ်တယ်ဆိုတော့ သူ့ကို အချိုရည် တစ်ငုံနဲ့ မလုံလောက်တော့ဘူးပေါ့။ မဆိုင်ဘူးပေါ့။ ဒါတွေကိုလည်း ကြိုတင်ကာ ပြောပြောနေရပါတယ်။ ဟုတ်ပါတယ်။ အရွက်တွေကတော့ လမ်းဘေးက အရွက်တွေပါပဲ။ ဒါပေမယ့် အစွမ်းထက်တဲ့ လမ်းဘေးဆေးအရွက်များဖြစ်တာ သတိမူစေချင်တာ ဖြစ်ပါတယ်။

## လှိုင်ကော်သို့

ကျွန်တော့်ကို လှိုင်ကော်ကိုခေါ်တာ စေတနာဘိလိယက်က ဦးတင်ဌေး ဖြစ်ပါတယ်။ ဦးတင်ဌေးက လှိုင်ကော်မှာ ပိစပ်နဲ့ ရောဂါပျောက်တာ အတော်ကိုများပါတယ်။ လာပါ၊ လေ့လာပါလို့ အတန်တန်ခေါ်ပါတယ်။ ဖိတ်ခေါ်ပါတယ်။ ကျွန်တော် တွန့်ဆုတ်တွန့်ဆုတ် ဖြစ်ပါတယ်။ ကိုယ့်အသက်အရွယ်နဲ့ သွားချင် လေ့လာချင်စိတ်ကို ချိုးနှိမ်ရတယ်။ ကုတ်နေခဲ့တယ်။ သို့သော် ကိုယ်နဲ့မဝေးတဲ့ ပဲခူးက ဦးအောင်ကျော်ထံ သွားအပြီးမှာတော့ 'ငါ့ မျက်မြင်ကိုယ်တွေ့ မလေ့လာရလို့ မဖြစ်တော့ပါလား'လို့ စဉ်းစားမိသွားတာ ဖြစ်ပါတယ်။

ဘာကြောင့်လဲ။ အကြောင်းကတော့ မယုံနိုင်စရာအကြောင်းအရာတွေချည်း ဖြစ်နေလို့ပါဘဲ။ ဒီအရွက်ကနေပြီးတော့ ဒီလိုရောဂါကြီးတွေပျောက်တာကို သက်သေသက္ကာယနဲ့ မမြင် မသိရှိရရင် မနေနိုင်ဖြစ်လာပါတယ်။ ဒါနဲ့ ကျွန်တော် လှိုင်ကော်ကို အပင်ပန်းခံကာ အရောက်သွားတာ ဖြစ်ပါတယ်။ ဟိုမှာကျတော့ လှိုင်ကော်ရောက်တာနဲ့ ဦးလှရွှေတို့ ဦးလှဖေတို့ ဝိုင်းကူကြပါတယ်။ လိုတဲ့နေရာတွေ ပို့ပေးကြပါတယ်။

www.burmeseclassic.com

ဝိုင်းဆောင်ရွက်ကြပါတယ်။ ဒါကြောင့် ရောဂါစုံတွေကို ပိစပ်က နှိမ်တာကို လက်တွေ့ ငါတွေ့ ကာယကံရှင်များနဲ့တွေ့ကာ ပြောဆိုနိုင်ခဲ့ပါတယ်။

ကျွန်တော်ယုံသလို ဒီစာအုပ်ကို ရေးပါတယ်။ သူတို့ ဆီမှာ မေးမြန်းပါတယ်၊ ဆွေးနွေးပါတယ်။ သတင်းယူပါတယ်၊ ဓာတ်ပုံများ ရိုက်ပါတယ်။ အရင် မလုပ်ဖူးပါဘူး။ ဒါမျိုးတွေ အခုတော့ မလုပ်လို့ မဖြစ်တော့ဘူး။ မယုံနိုင်စရာကိစ္စ ဖြစ်နေပါတယ်။ ပဲခူးက ဦးအောင်ကျော်ကို တွေ့ ပြီး ကျွန်တော် ပိစပ်နဲ့ သွေးကင်ဆာပျောက်တာ မယုံတာ စ ဖြစ် ကတည်းက လှိုင်ကော်အရောက်မှာလည်း ဦးတင်အုန်း အစာအိမ်ရောဂါပျောက်တယ်ဆိုတာ တကယ် မယုံချင်စရာဖြစ်သွားပါတယ်။

## အစာအိမ်ကင်ဆာ

သူ့ကိုယ်ခန္ဓာနဲ့ သူ့ဟန်ပန်နဲ့ သူ့သွေးသားအခြေအနေ တိုးတက်နေတာလည်းပါတယ်။ တကယ်မယုံနိုင်စရာ ဖြစ်ပါတယ်။ ဒီလူ ဒီပုဂ္ဂိုလ်ဟာ သွေးကင်ဆာဖြစ်ခဲ့တယ်လို့ ဘာလက္ခဏာမှ မတွေ့တာ အသေအချာပါပဲ။ ကျွန်တော် မယုံသင်္ကာဖြစ်တာကို ဦးတင်အုန်းက ရိပ်မိပါတယ်။ ဒါကြောင့် ပြုံးရွှင်စွာ သူယူလာတဲ့ စာရွက်များ ပြပါတော့တယ်။ ဆေးရုံတက်ခဲ့တဲ့ စာရွက်များ ဓာတ်မှန်ရိုက်ခဲ့တဲ့ ဖလင်များ စသည်များကို တစ်လွှာပြီး တစ်လွှာ ပြပါတော့တယ်။ ကျွန်တော် အံ့ဩစွာ ကြည့်ရှုမြင်ရပါတယ်။ ဘယ်လို အံ့ဩတာလဲ။ သူတို့ကိုယ်တိုင် ပြောတာများနှင့် မာတ်ပုံများ၌ပါ သက်သေခံများပြလို့ ပြည်သူကိုတင်ပြရခြင်းဖြစ်ပါတယ်။ ဘယ်လိုယုံမလဲ။ ကျွန်တော်လည်း မယုံပါ။ သို့သော် လက်တွေ့ကဖြစ်ခဲ့ပါပြီ။ မြင်ခဲ့ပါပြီ။ တွေ့ခဲ့ပါပြီ။ ဦးတင်အုန်းဆိုတာ ဆေးရုံကဆင်းခဲ့ရသူပါ။ အိမ်ကနေပြီးတော့ ဒီရောဂါကို ဖေးဆေးကုပါ။ ဆေးပေးပါ့မယ်၊ အိမ်ကပဲ ဆေးစားပါလို့ ဆေးရုံကဆင်းခဲ့ရတာ ဖြစ်ပါတယ်။ ဒီအခြေအနေဆိုလျှင် သိလေပြီပေါ့။

မိဘများက ပူပြီးတော့ ဟို ဒီ စုံစမ်းကာ ပိစပ်ရွက် တိုက်တာပါဘဲ၊ ဒီပိစပ်အကျိုးက ဘာဝဆိုး၊ ရောဂါဆိုးက ကင်းလွတ်စေတာကို အများအံ့ဩဝမ်းသာဖြစ်ပါတယ်၊ ကျွန်တော်လည်း အံ့ဩစွာ ဝမ်းသာရပါတယ်။



သူတင် မဟုတ်ပါဘူး။ အခြားရောဂါသည်များလည်း တွေ့လိုက်တာနဲ့ ကျွန်တော် အံ့ဩပါတယ်။

ဦးတင်အုန်း ရောဂါပျောက်တာ အများအံ့ဩပါတယ်။ တခြားရောဂါသည်တွေပါ သောက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဦးတင်အုန်း ဘယ်ကနေပြီး သတင်းရသလဲ။ ပိစပ်တန်ခိုး ဆိုတာ ဘယ်လိုသိသလဲလို့ မေးတဲ့အခါ မိုးဗြဲမှာ ကိုသန်းစိုးတဲ့၊ ပိစပ်သောက်တဲ့ သူ့ဖနီး မခင်မေထူး ရောဂါပျောက်တယ်ဆိုတာ သိတာနဲ့ သောက်တာပါလို့ ဆိုတာနဲ့ သတင်းအစရပြန်တာ ဖြစ်ပါတယ်။ ဒီသကင်းအစရပြန်တော့ မိုးဗြဲကို တကူးတကပြေးလွှားသွားဖို့ ဖြစ်ပြန်ပါတယ်။

## မိုးဗြဲမှာ လေ့လာ

ဒီတစ်ခါ ဦးတင်ငွေတို့ ဦးလှရွှေတို့ပါပဲ။ မိုးဗြဲသို့ပို့လို့ လေ့လာခွင့်ပြုရာက ကိုသန်းစိုး လင်မယားကို မေးရမြန်းရဖြစ်ခဲ့ရပါတယ်။ သူတို့ဆီမှာလည်း မယုံစရာပါဘဲ။ B ပိုးနဲ့ အသည်းရောဂါ နှိပ်စက်တာခံရတဲ့ အမျိုးသမီးဟာ အခု ကျန်းမာဝဖြိုး အသရေဟိုးနေတယ်လေ။ ကိုသန်းစိုးကမေး သူတို့မျက်နှာတွေကြည့်ပြီး သူကိုယ်တိုင် ဘယ်လို ဆေးတိုက်ခဲ့ရတယ်ဆိုတာကို ပစ္စည်းကိရိယာများနဲ့ပါ နမူနာပြပါတယ်။ ဆေးလုပ်ပြပါတယ်။ ဆေးဘယ်လို လုပ်သလဲ။ သူကတော့ ပိုစနစ်ကျတဲ့ လက္ခဏာပြပါတယ်။

## ဆေးစပ် ဆေးဖော်

ပိစပ်ရွက်ကို ခူး၊ ပိုးသေအောင်လို့ ပိုးကင်းအောင်လို့ ရေနွေးလောင်းပါတယ်။ ပြီးတော့မှ ဖျော်ရည်ဖျော်တဲ့စက်နဲ့ ချေပါတယ်။ တစ်ခါ အဖြစ်မှာထည့်ကာစစ်၍ အရည်ညှစ်ယူပါတယ်။ ဒီလိုလုပ် လက်တွေ့ပြတာနှင့် ကျွန်တော်တို့ မယုံတဲ့ မျက်နှာကို ပြောင်းသွားအောင်လုပ်တာနဲ့ အတူတူပါဘဲ၊ ကျွန်တော်တို့က ထပ်မေးပါတယ်။ 'ကင်ဆာပျောက်တယ်နော်'။ ဒီအခါ ကိုသန်းစိုးပြောလိုက်ပုံက 'ကျွန်တော် ရန်ကုန်မှာ နာမည်ကြီးစက်

www.burmeseclassic.com

မှာပေါ့၊ အကောင်းစားစက်ကြီးမှာ သုံးခါ သွားစစ်ပါတယ်၊ လတော်တော်ခြားပြီးမှ တစ်ခါ သူတို့စစ်တာပါ၊ ဒီလို စစ်တဲ့အခါမှာ စက်မှာဘယ်လိုရောဂါလက္ခဏာမှ ပေါ်မလာတော့ပါဘူး၊ အဲ သူတို့စက်ကြီး ပျက်နေရင်တော့ မပြောတတ်ပါခင်ဗျာ'လို့ ရယ်သွမ်းသွေးကာ ပြောနေပါတယ်။

ဒီလို တွေ့ရ သိရ ရှင်းပြတာတွေ လက်တွေ့သိရတော့ ကျွန်တော်ရဲ့ မယုံတဲ့စိတ်တွေဟာ ပြေးကုန်ပါတယ်။ အံ့ဖွယ်ဖြစ်ပါတယ်။ ဒီနေရာမှာ မေးခွန်းတစ်ခုကလည်း မေးကြပါတယ်။ ဘာလည်းဆိုရင် ဒီပိစပ်ရွက်တို့ စူလာနဖာရွက်တို့ဆိုတာ မြန်မာပြည်မှာ တစ်သက်လုံးရှိလာတာ မဟုတ်ဘူးလား။ ဘာလို့ အခုမှ တအား ဒီစကားပြော၊ ဒီဆေးသောက်လို့ ဖြစ်နေကြတာလည်းလို့ ဒီလိုမေးခွန်းက မေးကြ အဖြေရှာကြ လုပ်ပြန်ပါတယ်။

ဒါဘယ်လိုအဖြေရှာမလဲ။ သူတို့ စဉ်းစားတာကလေးကလဲ ယဉ်သားပါလား။ နတ်ပြည်ကသတိပေးတာတဲ့။ ဘယ်ကနတ်တွေက ဘယ်လိုဒီလာသတိပေးတာလည်း ကျွန်တော် ဘာပြန်ပြောရမလဲ။ စပ်ဖြီးဖြီးနဲ့ပဲ ခေါင်းကုတ်ကာ ဖြေရာ ရယ်လိုက်ကြရပါတယ်။

ကိုသန်းစိုးက သူ့ကို မထင်မရှား ဘုန်းတော်ကြီးတစ်ပါးက ဒီဆေး ဒီဆေးပင်သောက်၊ ပိစပ်ပင် ဒီလိုသောက်၊ ဒီရောဂါပျောက်မယ်လို့ ပြောခဲ့လို့ သောက်ရာက ဒီရောဂါပျောက်ခဲ့ပါတယ်လို့ ကျနစွာ ပြောပြရှင်းလင်းပါတယ်ဗျာ။

## ဘုန်းကြီးတစ်ပါး

ဟင်၊ ဘုန်းကြီးတစ်ပါးလို့ ကျွန်တော် အံ့ဩသင့်သွားရပြန်ပါတယ်။ ဒီဘုန်းကြီးတစ်ပါးက ဘုန်းကြီးတစ်ပါးကလို့ ဆေးလို့ညွှန်းလို့ သိတာတွေဟာ ကျွန်တော့်နားမှာ များစွာတွေဖြစ်နေပါတယ်။ မကြာခင်ကပင် ဆေးရုံက လက်လျှော့ရသလို ဖြစ်ခဲ့တဲ့ အဆုတ်နာ ရောဂါသမားကလည်း ဆန်းပြားပါတယ်။ တွေ့ရပါတယ်။ မြင်ရပါတယ်။ အဆုတ်နာရောဂါ ပြင်းထန်စွာ ကြီးစွာဒုက္ခတွေ့ပါဟယ်။ အဲ့ဒီမှာ ဘုန်းကြီးတစ်ပါးကပါပဲ။



ဘုန်းကြီးတစ်ပါးက ဟာ၊ ပိစပ်ပင်သောက် အခုပျောက်မယ်လို့ မိန့်ကြားသွားတာနဲ့ သောက်လိုက်တာ အခုအသက်အသစ်ပြန်ရှင်သလို လူတွေကို လိုက်ပြောပြနေပါတယ်။

နောက်တစ်ဦးကလည်း ရှိပါတယ်။ ပြင်းထန်တဲ့ သွေးကင်ဆာသည် တစ်ဦးပါ။ သူက နိုင်ငံခြားသွားကုရပါတယ်။ နိုင်ငံခြားကပင် လက်လျှော့ပြန်လာရတဲ့ အမျိုးသမီးတစ်ဦးပါ။ မျက်လုံးက၊ ပါးစပ်က၊ နှာခေါင်းက သွေး ခဏခဏ လျှံကျပါတယ်။ သွေးကင်ဆာရဲ့ ပြင်းထန်မှုဖြစ်ပါတယ်။ တော်ကြာ နားရွက်က ထွက်လာပြန်ပြီ။ တော်ကြာ ပါးစောင်တွေက ထွက်လာပြန်ပြီ။ ဒီလိုပြင်းထန်တဲ့ သွေးကင်ဆာသမားဟာ မီးကွင်းဂမုန်း သောက်ပါလို့ ဘုန်းတော်ကြီးတစ်ပါးက ညွှန်ကြားတာနဲ့ သောက်လိုက်တာ အခု ပကတိကျန်းမာစွာရှိတာ တွေ့နေရပြန်ပါတယ်။

ဒီတော့ ကျွန်တော့်မှာ ဘုန်းကြီးတစ်ပါး ဘုန်းကြီးတစ်ပါးနဲ့ သတင်းစကားများကြားတိုင်း စိတ်ယားသွားရပါတယ်။ ဒီအခါမှာ စကားတစ်ခုက ပြောလာပါတယ်။ တချို့ ကျွန်တော် မျက်လုံးကြီးအထူးပြူးရတဲ့ စကားပါ။ တခြား မဟုတ်ပါဘူး။ လူတွေမှာ ရောဂါတွေက ရှိနေတယ်။ ဒီအခါ ဆေးကိစ္စ ဝါးကိစ္စတွေက ဈေးတွေ သိပ်ကြီးနေတုန်းမှာ အခက်အခဲတွေ ကြုံပါတယ်။ အဲ့ဒါနဲ့ နတ်ပြည်ကများ ဘုန်းကြီးယောင်ဆောင်ပြီး လူတွေ ကယ်တဲ့အနေနဲ့ ဒီအပင်တွေဟာ ဆေးပင်တွေလို့ ပြပြနေလို့ တွေ့လာ သိလာတာများ ဖြစ်နေမလား။ ဒီလိုဆိုကာ အပြောအဆို လုပ်လာကြတာ ဖြစ်ပါတယ်။ ဒီလိုအခါကျတော့ ကျွန်တော့်မှာလည်း ထိတ်လန့်ပြီး နည်းနည်း တုန်သွားရပါတယ်။ ဒီစကားအရှုပ်ကို ကျွန်တော်ဆုတ်ပြီးကုပ်မသွားလို့ မဖြစ်ဘူးလေ။ ဤဆေးပင်တွေအကြောင်း စူလာနဖာဆေးအကြောင်းဟာ ပိစပ်ပင် အကြောင်းများနဲ့ ထိုးဟ ဆွဟ ပြောပြနေတာက ကျွန်တော် ဖြစ်နေတော့ကာ ကျွန်တော်မှာလည်း နေရင်းထိုင်ရင်းသာ သူတို့ပြောတဲ့ နတ်မင်း သူငယ်ချင်းများဖြစ်သွားလေမလားလို့ လန့်ဖြန့်သွား လှုပ်ရှားသွားရတာ ဖြစ်ပါတယ်။

www.burmeseclassic.com

## သွေးကင်ဆာ
## ဦးအောင်ကျော်

ယနေ့ ၂၄၊ ၅၊ ၂၀၀၆ မနက် ၅း၀၇ တွင် မြောက်ဖက်ကို ဦးတည်နေပါတယ်။ ပဲခူးမြို့သို့ ကားနဲ့ ခရီးထွက်ခဲ့ကြရပါတယ်။ သားမောင်အေးမင်း သူ့သူငယ်ချင်း ဗိုလ်ချုပ်ဈေး၊ အင်္ဂလန်ပီးရှင်းဆိုင်ပိုင် ကိုမြင့်သိန်းနဲ့ ပဲခူးဘက်ကို ဦးတည်ကာ သွားလာနေပါတယ်။ ပဲခူးမှာ ရောဂါသည်တစ်ယောက် ပိစပ်နဲ့ပျောက်တယ်ဆိုတဲ့ သတင်းအတွက် သွားရောက်တွေ့ဆုံဖို့ဖြစ်ပါတယ်။ ပိစပ်ဆိုတာကလည်းပဲ ထူးခြားစွာ ရောဂါများပျောက်တဲ့ အရွက် ဖြစ်လာပါတယ်။ ပိစပ် ခေါ် ဂျာမနီပင် ဖြစ်ပါတယ်။ ဒီအပင်ရဲ့ ထူးခြားဆန်းကျယ်ဟာက ရောဂါစုံပျောက်ကြောင်း၊ ရောဂါစုံပျောက်တယ်ဆိုရာမှာ နောက်ဆုံးအချိန်အခါကျမှ သေလုသေခင်ဖြစ်၊ ဆေးမတိုးတော့ဘူး ဆိုတော့မှ များသောအားဖြင့် ပိစပ်ကို သောက်နေကြပါတယ်။ ပိစပ်သောက်သူများ အတော်များများ ရောဂါပျောက်ပါတယ်။

ကင်ဆာရောဂါကနေ AIDS ရောဂါအထိ ပျောက်တယ်ဆိုတဲ့ ထူးဆန်းတဲ့ အခြေအနေတွေ တွေ့နေရပါတယ်။ AIDS ရောဂါ ပျောက်ဖို့ဆိုတာ ကမ္ဘာမှာက ဆေးမရှိပါဘူး။ သိကြတဲ့အတိုင်းပါပဲ။ သို့သော် နောက်ဆုံးအနေနဲ့ အသက်အန္တရာယ် သိပ်ထိခိုက်ပြီးတော့ ဖုတ်လိုက်ဖုတ်လိုက် ဖြစ်ကဲ့အချိန်အခါမှာ တိုက်နေကြရင်းနဲ့ နှစ်ဦး ကျန်းမာတာတွေရတာ အံ့ဩကြရပါတယ်။ အထူးသဖြင့် ကင်ဆာများစွာ ပျောက်တာလည်း တွေ့ရပါတယ်။ နှလုံးကင်ဆာ၊ အသည်းကင်ဆာ၊ အရိုးကင်ဆာ၊ အဆုတ်ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အစာအိမ်ကင်ဆာ စသဖြင့်



ပျောက်သူများ တွေ့ရတော့ ဒီဆေးပင်ကိစ္စ လေ့လာဖို့ လုံးပန်းရပါတယ်။ အများပြည်သူအကျိုး၊ သိသင့်တဲ့ကိစ္စပဲလို့ သတင်းထောက်က လေ့လာမှုဖြစ်ရတာပါ။

အခု ပဲခူးခရီးမှာ ဦးအောင်ကျော်ဆိုတဲ့ ပုဂ္ဂိုလ် သွေးကင်ဆာရောဂါ ပိစပ်နဲ့ ပျောက်တယ်လို့ သိရှိရလို့ သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ အပင်ပန်းခံသွားရပါတယ်။ သားမောင်အေးမင်းက တောင် ပြောပါတယ်။ 'အဖေ့ဉစ္စာ တွက်သားကိုက်ရဲ့လား၊ ဓာတ်ဆီ နှစ်ဂါလန်တောင်ကုန်ကျတဲ့အချိန်အခါမှာ စာရေးခ ကိုက် မကိုက် ကြည့်ရင်ဖြင့် ခက်ခက်ခက်ပေါ့'။ သို့သော် ဒါတွေကြည့်နေလို့ မဖြစ်နိုင်ပါဘူးလေ။ အများအကျိုးကြည့်ပြီး တကယ်အသုံးတည့် တကယ်အကျိုးဖြစ်မယ်ဆိုရင် အများကို အသိပေးနိုင်ဖို့ရာကတော့ ကြိုးစားရမှာပဲ။ အများပြည်သူ သက်သက်သာသာနဲ့ ရောဂါများပျောက်မယ်ဆိုရင် ကြိုးစားရကျိုး နပ်တာပါပဲ။ စူလာနဖာကိစ္စမှာလည်း ဤကဲ့သို့ပါပဲလေ။ စူလာနဖာအရွက်များနဲ့ ရောဂါများ ပျောက်တဲ့အကြောင်း၊ စူလာနဖာပင်ဆိုတာဟာ လမ်းဘေးမြက်ထဲက အပင်လေးပါ။ သူက ကင်ဆာတွေ ထူးခြားရောဂါစုံတွေ ပျောက်တယ်ဆိုတာတွေ့ရပါတယ်။ အများ အသိပေးရပါတယ်။ မြန်မာပြည် တစ်နံတစ်လျား ရောဂါရှင်တွေသောက်လို့ ပျောက်တာ ဝမ်းသာပါတယ်။ ပီတိ ဖြစ်ရပါတယ်။ ပိုက်ဆံမကုန်ဘဲနဲ့ မြက်ထဲက အပင်နဲ့ရောဂါပျောက်တာ အခုပိစပ်က သာလို့ထူးခြားပြန်ပါတယ်။

ပိစပ်ဆိုတဲ့ ဂျာမနီပင်ဟာ အဆိပ်နိုင်ပင်ဟာ ဆိတ်ရုံပင်လို့လဲ ခေါ်တဲ့တောချုံထဲက ချုံပင်ပါ။ ခြံရှုပ်ပင်လို့လဲ ခေါ်ပါတယ်။ ရှင်းပစ်ကြပါတယ်။ ခုတ်ပစ်ကြပါတယ်။ ဒီလိုအပင်ကနေပြီးတော့ ရောဂါစုံပျောက်တယ်ဆိုတော့ ဒါကို ကျွန်တော်တို့အနေနဲ့ လေ့လာတင်ပြချင်စိတ်ပေါ်ရပါတယ်။ စူးစမ်းရပါတယ်။ ထွက်ခြေ ကိုက်မကိုက် ဘာတွေလုပ်မနေဘဲ မသိသူများ သိအောင် ပြောရင်း ရေးရင်း တင်ပြရင်း အများအကျိုးရှိရင် တော်ပါပြီလို့ တကယ် စေတနာထား ကြိုးစားရခြင်း ဖြစ်ပါတယ်။

www.burmeseclassic.com

စူလာနဖာတို့ ပိစပ်တို့က တော်တော့်ကို အများပြည်သူမှာ အကျိုးဖြစ်တယ်။ အကျိုးဖြစ်တော့ အဲဒါကို ကျွန်တော် အခုတော့ စူလာနဖာကို တော်တော် ရေးပြီးပါပြီ။ လူတွေလည်း အတော်အသုံးကျပါတယ်။ အသုံးကျတော့ မှန်တာပြောရရင်တော့ အန္တရာယ်လည်း အတော်များတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဈေးပေါပေါနဲ့ ရောဂါတွေပျောက်တဲ့ ကျေးဇူးနေ၁်။ဈေးပေါပေါနဲ့ ရောဂါတွေပျောက်တော့ ဆေးလုပ်စားသူများ စိတ်ဆိုးရန်ရှာချင်လာလို့ အန္တရာယ်လည်းများကုန်ရပါတယ်။

အခုတစ်ခါ ပိစပ်ကိစ္စ လျှောက်လေ့လာတယ်။

ဘယ်လိုကုခဲ့တယ်။ ကျွန်တော် ပိစပ်ကို တော်တော်များများ လေ့လာတာ အထူးအဆန်းတွေ တွေ့ရပါတယ်။ များသောအားဖြင့် ကင်ဆာပျောက်ပါတယ်။ နောက် AIDS နှစ်ယောက် တွေ့ပါတယ်။ တစ်ယောက်ကလည်း ဘယ်လိုလဲဆိုရင် သူက နောက်ဆုံးအချိန်အခါမှ ဆေးရုံကဘာကု နောက်ဆုံး မရတော့ဘူးဆိုတော့မှ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် သောက်ကြည့်မယ်ဆိုပြီးတော့ အဲဒါ ထောင်းပြီးသောက်လိုက်တာ ရောဂါပျောက်တာ တွေ့တယ်ပေါ့လေ။ ထိုနည်းလည်းကောင်း ကျွန်တော်တို့ လည်ချောင်းကင်ဆာသမား၊ အဆုတ်ကင်ဆာသမား ကျွန်တော် လျှောက်ပြီး လေ့လာကြည့်ပါတယ်။ သိတော့ ဘာလုပ်လဲ၊ အသိပေးမယ်၊ ဒီလိုဒီလိုတော့ သိတာတော့ ကျွန်တော် တွေ့ပါတယ်ခင်ဗျား၊ လေ့လာကြပါ၊ ဒီသဘောပါပဲ။

ဒါနဲ့ပဲ သွေးကင်ဆာ ဦးအောင်ကျော် ပြောတာလည်း ကျွန်တော် လေ့လာတာပါ။ ပြောနိုင်သမျှလေး ပြောပြစေချင်ပါတယ်။ မေတ္တာရပ်တယ်။

အောင်။ ။'ကျွန်တော်က သွေးကင်ဆာဖြစ်တာ၊ ဒီ ရန်ကုန်မှာ၊ ခဏခဏ ဖျားပါတယ်၊ ဖျားပြီး စားသောက်လို့လဲမရတဲ့ အခါကျတော့မှ ကျွန်တော်တို့ ရန်ကုန် အမှတ် ၂ ဆေးရုံမှာ သွားပြပါတယ်၊ ဆေးရုံမှာ သွားပြတော့ ကျွန်တော့်ကို သွေးကင်ဆာတဲ့၊ သူတို့ အဲလို ပြောပါတယ်၊ သူ့ရောဂါ



နာမည်က သူတို့က AMM လို့ သတ်မှတ်တယ်။ သွေးကင်ဆာထဲမှာ အဲဒီလို သတ်မှတ်ပါတယ်၊ သတ်မှတ်ပြီးတော့ ကျွန်တော့် သွေးအနေအထားက တော်တော်ကြီးကို ဆိုးနေပြီပေါ့။ လူတစ်ယောက်မှာ ရှိရမယ့် ၁၅၀၀၀၀ ရှိရမှာ ကျွန်တော့် မှာတော့ ၂၄၀၀ လောက်ပဲရှိတော့တယ်၊ ဒီလိုဆိုတာ သွေးကျဲတဲ့ ပမာဏပါ၊ အဲလိုဖြစ်တော့ ကျွန်တော် ဆေးရုံမှာ ကုနေတာပေါ့၊ ကုနေရင်းနဲ့ ကျွန်တော်တို့နဲ့ သိနေတဲ့ ဆရာတစ်ယောက်က သူ့အခေါ်က 'ရှမ်းပြေးရွက်' ဆိုတာက သွေးကင်ဆာပေါ့၊ သွေးနဲ့ ပတ်သက်တဲ့ရောဂါတွေ ပျောက်တယ်လို့ သူကပြောပါတယ်၊ အဲဒါကို သောက်မလားလို့ မေးပါတယ်၊ ကျွန်တော်ကတော့ ရောဂါပျောက်ဖို့ အဓိကပေါ့လေ၊ ကျွန်တော် သောက်မယ်လို့ ပြောလိုက်တယ်။

အဲလိုပြောတဲ့အခါမှ သူက ပုသိမ်ကနေပြီး ရောဝတီတိုင်း ပုသိမ်ကနေပြီးပေါ့၊ ကားနဲ့မှာပြီးတော့ မြေဩရေခွံအိတ်တစ်လုံးနဲ့ ထည့်ပေးလိုက်တာပေါ့၊ အဲဒီအရွက်တွေကို ကျွန်တော်က သောက်ပါတယ်၊ အဲဒီအရွက်ကို ပဥ္စငါးပါး ထောင်းပြီး အရည်ကို ပထမ သောက်ခါစတော့ အတော်မွှန်ပါတယ်၊ နောက် သကြားလေး နည်းနည်းထည့်သောက်တဲ့အခါကျတော့ အချိုဓာတ်လေး နည်းနည်းရှိတော့ သောက်ရတာ အဆင်ပြေတယ်၊ အဲဒီအရည်ကို ကျွန်တော် သောက်ပါတယ်။

ဒိုး ။ ။ရှမ်းပြေးရွက်

အောင်။ ။ရှမ်းပြေးရွက် ဆိုတာက ပိစပ်ပင်ဗျ၊ ကျွန်တော်တို့ ကြည့်လိုက်တော့ ပိစပ်ရွက်တွေ ဖြစ်နေတယ်၊ ကျွန်တော်ရဲ့ ဆန်စက်ပေါ့၊ ဆန်စက်ထဲမှာ အဲဒီအရွက်တွေ ပေါက်နေတာ အများကြီးပဲ။

ဒိုး ။ ။သူက မနက် တစ်ကြိမ်၊ ညနေတစ်ကြိမ် သောက်တာလား။ ဘယ်လိုသောက်ရတာလဲ၊ လက်ဖက်ရည်ဇွန်းနဲ့လား၊ ထမင်းစားဇွန်းနဲ့ အရည်ညှစ်သောက်တာလား။

အောင်။ ။အဲဒီတုန်းကတော့ သုံးကြိမ်လောက် သောက်ပါတယ်၊ ထမင်းစားဇွန်းနဲ့ သုံးဇွန်းလောက် တစ်ခါသောက်ရင် သကြားလေး နည်းနည်းနဲ့ တစ်နေ့ သုံးကြိမ် သောက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒိုး ။ ။တစ်နေ့ သုံးကြိမ်သောက်တယ်ပေါ့နော်၊ ပြီးတော့ ရှမ်းပြေးရွက်ဆိုတာ ပိစပ်ပေါ့၊ နောက် ဘယ်လိုခေါ်သေးသလဲ။

အောင်။ ။ကုန်းဗေဒါ လို့လည်း ခေါ်တယ်။

ဒိုး ။ ။ကုန်းဗေဒါလို့ မြောင်းမြမှာ ခေါ်တယ်၊ နောက် ကျွန်တော်တို့မြိတ်၊ ထားဝယ်တို့ မြစ်ကြီးနားတို့ ဗန်းမော်တို့ကျတော့ ဂျာမနီပင်လို့ ခေါ်တယ်၊ ဂျာမနီပင်လို့ ခေါ်တာတော့ တော်တော်များတယ်၊ ဟင်္သာတဘက်မှာကျတော့ ဆိတ်နံပင်၊ ဆိတ်နံပင်လို့ဘာလို့ ခေါ်သလဲဆိုရင် ဆိတ်မစားလို့ပဲ၊ အဲ့ဒါသောက်ပြီး အခုနေကောင်းလာတယ်ပေါ့။

အောင်။ ။အဲဒါလည်းသောက် ဆေးရုံမှာလည်း တက်တယ်။

ဒိုး ။ ။ဒါ သွေးကင်ဆာလို့ ခေါ်တာပေါ့၊ အတိုချုပ်က ဗမာလိုပြောရင်တော့ သွေးကင်ဆာလို့ ခေါ်တာပေါ့နော်။

အောင်။ ။ဟုတ်ကဲ့၊ သွေးကင်ဆာပေါ့၊ နောက်ပြီးတော့ ဆရာဝန်တွေကပါ ကျွန်တော့်ကို မရတော့ဘူးလို့တောင် သတ်မှတ်တဲ့အဆင့်ရောက်နေခဲ့ပါတယ်၊ အိမ်ရောက်တဲ့အခါမှာ အစုံပေါ့နော်၊ ဆေးတွေလည်း ဆေးရုံက ကုသချက်ကော ပြင်ပကနေကော သောက်တဲ့ဆေးတွေကြောင့် အခုလို ကျန်းမာလာတာပါ။

ဒိုး ။ ။ဒီအရွက်ကလည်း ထူးခြားတာတော့ အမှန်ကိုဖြစ်နေတယ်၊ ကျွန်တော်လည်း အဲဒါလိုက်လေ့လာနေတာ၊ လေ့လာတော့ မင်းဘာလုပ် မှာလည်း မေးရင် ကျွန်တော် လူတွေ အသိပေးမှာပါ၊ ဘယ်သူ တွေ့ပါတယ်၊ ရောဂါရှင်နဲ့ တွေ့ပါတယ်၊ တွေ့တဲ့အခါကျတော့ ဘယ်လိုပြောပါတယ်၊ ရောဂါတူတဲ့သူများ သောက်ကြည့်ကြပါပေါ့၊ သူက များများသောက်ရင် မူးတတ်တယ်လို့ ပြောတယ်၊ ကျွန်တော် ကြားတာ များများသောက်ရင် သွေးတိုးတတ်တယ်၊ သူ့ကို ဇွန်းလေးနဲ့ သောက်ကြပါ ဘာညာပေါ့၊ ကျွန်တော် အခုတွေ့တာ လည်ချောင်းကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အဆုတ်ကင်ဆာ ပျောက်တာတွေ့တယ်၊ ကင်ဆာ



တော်တော်နိုင်တယ်၊ AIDS နှစ်ယောက်ကိုလည်း တွေ့တယ်ဆိုတော့ တော်တော်တော့ ထူးခြားတယ်၊ AIDS ရောဂါသမားကျတော့လည်း ဦးအောင်ကျော်လို မပြောချင်ဘူး၊ ကျွန်တော်မနည်း တောင်းပန်ပြီး ပြောခိုင်းရတာပေါ့လေ၊ မျိုးစုံပေါ့လေ၊ အမှန်က AIDS ဆိုတာ ဖြစ်ချင်တိုင်း ဖြစ်တာ မဟုတ်ဘူးလေ၊ ပါးစပ် သရေကလည်း ဖြစ်တာပဲ၊ သွေးကျရင်လည်း ဖြစ်တာပဲ၊ ဆေးထိုးအပ်ကြောင့်လည်း ဖြစ်တာပဲ၊ ဒါပေမယ့် များသောအားဖြင့် ဒီဟာကို မပြောချင်ကြဘူး၊ အဲဒါ မနည်း တောင်းပန်ပြီး ပြောပါ အများ သိအောင်ပြောပါ၊ ယောကျ်ားလေးကတော့ နာမည် မပြောပါနဲ့၊ ကျွန်တော့်ကို မေးချင်တာ မေးပါတဲ့လေ၊ ဒါနဲ့ ဦးအောင်ကျော် မိသားစုအကြောင်းလည်း ပြောပါဦး၊ ကျောင်းဆရာကြီးလို့ ပြောတယ်။

အောင်။ ။မဟုတ်ပါဘူး၊ ကျွန်တော် သမဦးစီးအရာရှိပါ။

ဒိုး ။ ။ဟုတ်လား၊ ကျွန်တော့်မိတ်ဆွေက ကျောင်းဆရာလုပ်တယ်လို့ ပြောတာ၊ ဟုတ်ကဲ့၊ အလုပ်က သမဦးစီးအရာရှိ၊ ဇနီးကတော့ နာမည် ဘယ်လို ခေါ်သလဲ။

အောင်။ ။ဒေါ်သန်းစိန်ပါ၊ သားသမီးတွေက လေးယောက် ရှိပါတယ်။

ဒိုး ။ ။ရောဂါ ဘယ်တုန်းက စဖြစ်သလဲ။

အောင်။ ။ကျွန်တော် စဖြစ်တာက ၂၀၀၀ ခု ၁၀ လပိုင်းက ရောဂါ စသိတာပါ။

ဒိုး ။ ။ဒါဆို လေးနှစ် ငါးနှစ် ရှိပြီပေါ့၊ ပျောက်တော့ ဘယ်တော့လောက်က ပျောက်တာလဲ။

အောင်။ ။ကျွန်တော် သက်သာတာကတော့ အဲဒီ ဆေးရုံမှာ ခြောက်ပတ်တက်ပြီး သက်သာလာတာပေါ့။

ဒိုး ။ ။ရောဂါသိပြီး ခြောက်လပေါ့၊ နောက်ပြီးတော့ ပိစပ်ကျတော့ဘယ်အချိန်မှာ သွားတွေ့တာလဲ။

အောင်။ ။ပိစပ်က ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလောက်မှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒိုး ။ ။သူသောက်တော့ သူတို့ပြောတာကတော့ ရောဂါရှင်းသွားတာလား။

အောင်။ ။ရောဂါရှင်းသွားတာတော့ မဟုတ်ဘူး၊ တဖြည်းဖြည်းသက်သာသွားတာပါ။ ချက်ချင်းတော့ မဟုတ်ဘူး။

ဒိုး ။ ။မိတ်ဆွေ ဦးလှဦး ပြောတာကတော့ ကျွန်တော်တို့ ညှော်ခံပွဲတစ်ခုမှာ တွေ့တယ်ဗျာတဲ့၊ ကျွန်တော်ကြားတာက အတော်လေး ရောဂါ အခြေအနေ ဆိုးတယ်ဗျာ၊ ဆိုးပြီးတော့ ကြားရတဲ့ သတင်းတွေမကောင်းဘူးပေါ့၊ ပင်ပန်းဆင်းရဲပြီးတော့ ကသိကအောက်တွေဖြစ်တယ်၊ ရောဂါတော်တော် နှိပ်စက်တယ်တဲ့၊ ကျွန်တော်တွေ့တဲ့ အချိန်ကျတော့ လန်းလန်းဆန်းဆန်း ကျန်းကျန်းမာမာကြီးဖြစ်တော့ ကျွန်တော် မေးတာပါတဲ့၊ အဲဒါနဲ့ ဦးလှဦးရယ် ကျွန်တော်အစီရင်ခံချင်တာပါ။ အများသိလို့ရောဂါတူတဲ့သူတွေသုံးရရင် အကျိုးဖြစ်မယ်ပေါ့၊ အပင်ကလည်း မြန်မာပြည်မှာ အတော်ခွကျတဲ့ အပင်၊ ချုံပင် ခင်ဗျ၊ ဝိုင်းပြီးတော့ ခုတ်ပစ်လိုက်တာ ရောက်လေရာမှာ၊ ဘယ်အိမ်မှမသုံးတဲ့အပင်၊ ကျွန်တော်တို့ ငယ်စဉ်တုန်းကတော့ မားရှရင် သူ့ကိုသုံးပါတယ်၊ အခုတော့ ဘာတွေတွေ့ပြန်လည်းဆိုတော့ သေနတ်မှန်တဲ့သူ၊ ဒါကိုချေပြီးတော့ အရည်ညှစ်တယ်၊ အဲဒီထဲမှာ ရေနံဆီလောင်းထည့်တယ်၊ အဲဒါနဲ့ သေနတ်မှန်တာ ပျောက်တယ်လို့ဆိုတာတွေ့တယ်၊ နောက်ပြီးတော့ အတော်ကုရခက်တဲ့ ဆေးထိုးရင် အလုံးကြီးတွေဖြစ်တာ၊ တချို့က အပြားကြီးဖြစ်တယ်၊ အပြားကြီးကျတော့ လှီးရတယ်၊ ဆေးမပြယ်တာပေါ့၊ အဲဒီ အပြားကြီးဖြစ်ပြီဆိုရင် သိပ်ကုရခက်တယ်၊ နံပြားကြီးလိုလှီးပစ်ရတယ်၊ လှီးထုတ်ရတဲ့အခါကျတော့ အကြောထိ ဘာထိနဲ့ ခြေတပေါင်ကျိုး ဖြစ်တတ်ပါတယ်။

အောင်။ ။အဲဒါလည်း ကျွန်တော် ပြောပြပါဦးမယ်၊ ကျွန်တော်လည်း ဆေးရုံမတက်ခင်က၊ တင်ပါးမှာ ဆေးထိုးပြီးတော့ အကျိတ်ကြီး



ဖြစ်သွားတယ်၊ အဲဒီ အကျိတ်ကြီးကတော့ တော်ရုံနဲ့ မပျောက်ပါဘူး၊ အဲ၊ ဆေးရုံတက်ရင်းနဲ့ ပိစပ်ရွက်သောက်ရင်းနဲ့ပဲ တဖြည်းဖြည်းနဲ့ပဲ အဲဒီအလုံးကြီး ပျောက်သွားတာဟာ ထူးခြားတယ်။

ဒိုး ။ ။အဲဒီ ဆေးထိုးတာလည်း ရဲဘော်စစ်သားတွေပြောလို့ သိရတာပါ၊ စစ်သားတွေက ပြေးရင်းလွှားရင်းနဲ့ ထိမိခိုက်မိတယ်၊ ခိုက်မိရင် အလုံးကြီးတွေ တချို့ကျတော့ အပြားကြီးတွေဖြစ်တော့ တခြားနည်းနဲ့ မပျောက်ဘူး၊ သူက ခွဲထုတ်ရတယ်၊ ခွဲထုတ်ရင် အကြောထိတတ်တယ် ဆိုပြီး ကြောက်ကြတယ်၊ ပိစပ်ရွက်နဲ့ ပျောက်တယ်၊ အဲဒါနဲ့ ဦးအောင်ကျော်ဆီက ထပ်တိုးပြီး သိရတယ်၊ သောက်တာ ဘယ်လောက်ကြာအောင် သောက်လိုက်ရလဲ။

အောင်။ ။သောက်တာတော့ တနှစ်ကျော် နှစ်နှစ်လောက် တောက်လျှောက် သောက်တာ၊ စွဲသောက်တာပါ။

ဒိုး ။ ။နှစ်နှစ်လောက် သောက်တာ ပျောက်သွားတာပေါ့ ဟုတ်လား၊ ဦးလှဦး ပြောတာကလည်း ဝလို့ ဖြိုးလို့ဗျာတဲ့၊ ကျွန်တော် မယုံနိုင်စရာ ဖြစ်တယ်တဲ့၊ သူနဲ့ ကျွန်တော်နဲ့ကတော့ ဆိပ်ကမ်းမှာ နေ့တိုင်း တွေ့တယ်၊ ကျွန်တော်တို့က ကမ်းနားမှာ လမ်းလျှောက်ကြ အားကစားလုပ်ကြနဲ့ မိတ်ဆွေတွေ ခင်ကြတာပေါ့လေ၊ အဲဒါနဲ့ ကျွန်တော် သတင်းလေးတွေစုပြီးတော့ တင်ပြတာပေါ့လေ၊ ပိစပ်တုန်းကလည်း တင်ပြတာပါပဲ၊ အများ ပြည်သူလည်း အထိုက်အလျောက် အကျိုးဖြစ်တာပေါ့လေ၊ အမုန်းလည်း အရမ်းခံရတယ်၊ ရန်ရှာတယ်၊ စာတောင် မရေးရအောင်ဖြစ်တယ်၊ ဒါပေမယ့် ကျွန်တော်လည်း ကြိုးစားပြီး ကြံဖန်ရေးရတယ်၊ ဘာဖြစ်လို့ ဖြစ်သလဲဆိုရင် ဟို မနှစ်သက်တဲ့သူလည်း ရှိကြလို့ပေါ့၊ အခုတော့ ပိစပ်ကတော့ ဖြစ်မယ် မထင်ပါဘူး၊ ဘာလို့ဆိုတော့ ဟိုဟာ စူလာနဖာက အသေးစိတ် ကလေးတွေ ပျောက်တာကိုး၊ အသေးစိတ်ကလေးတွေ ပျောက်တော့

www.burmeseclassic.com

www.burmeseclassic.com



အသေးစိတ်ကလေးတွေ ဒုက္ခရောက်တာပေါ့။ ဒါက ရောဂါကြီးတွေ ပျောက်တော့ ရောဂါကြီးသမားပဲ မုန်းမှာပေါ့လေ၊ သိသင့်တာလေးလည်း အဆင်ပြေသလို ပြောပြစမ်းပါဦးမယ်၊ ဒါနဲ့ ဂျာမနီရွက်လို့ ဘာလို့ခေါ်သလဲ၊ ဒါနဲ့ ကျွန်တော်က နာမည်ဆန်းဆန်းမို့ ဆရာကြီးဦးအောင်သင်းကို မေးပါတယ်၊ ဆရာကြီးဦးအောင်သင်းက တစ်နိုင်ငံလုံး လျှောက်သွားနေတဲ့ ပုဂ္ဂိုလ်၊ ဆရာ အဲဒါများ သိသလား၊ ကျွန်တော် မေးထားတာ ရှိတယ်တဲ့၊ သို့သော် ကျွန်တော့်မှာ လက်ရှိ ပြစရာတော့မရှိဘူး၊ ဘာလဲဆိုတော့ ပထမကမ္ဘာစစ်အပြီးမှာ ဂျာမနီစစ်ရှုံးတော့ သုံ့ပန်းတွေ အင်္ဂလိပ်တပ်က ခေါ်တဲ့အထဲမှာ မြန်မာပြည်ရောက်လာတဲ့ သုံ့ပန်းတွေရှိတယ်၊ သူတို့နဲ့ ပါလာတဲ့အရွက်မို့ ဂျာမနီရွက်လို့ ခေါ်တာလို့ တော်တော်များများက ပြောကြတယ်ဗျာလို့ဆိုတော့ ဒါလဲ မှတ်ရသားရတာပဲ၊ ဆေးရုံတက်တော့ ဘယ်ဆေးရုံလဲ။

အောင်။ ။အမှတ် ၂ ဆေးရုံပါ၊ ရန်ကုန်မြို့ပါ။

ဒိုး ။ ။ဦးလှဦးပြောတော့ အရင်က ကျောင်းဆရာတဲ့၊ အခု မလုပ်တော့ဘူးတဲ့၊ အခု ဟံသာသီရိနဲ့ သီရိဟံသာလည်း ချာလပတ်လည်နေတာဘဲ၊ ဒီရပ်ကွက်က ဘယ်လိုခေါ်သလဲ။

အောင်။ ။ရှင်စောပုရပ်ကွက်ပါ၊ သီရိဟံသာ Hall နဲ့ နွှယ်ပြီး မှားတာပါ။

ကျွန်တော်တို့ ပဲခူးက အထူးမြို့ပြီး ပြန်လာသလိုဖြစ်ပါတယ်။ ကာယကံရှင်နဲ့ တွေ့ဆုံမေးမြန်းပြီး ထူးခြားတဲ့ပိစပ်ကို တခမ်းတနားမှတ်တမ်းတင်ဖို့တောင် ဖြစ်ခဲ့ရပါတယ်။ သူ့ရဲ့ ကျန်းမာမှုကို ကျွန်တော် အလွန်အံ့ဩပါတယ်။ ပထမ မြင်မြင်ခြင်း မယုံနိုင်စရာ ဖြစ်ပါတယ်။ သေသေချာချာ အတိအကျပြောပြတော့မှ ကျွန်တော်လက်ခံကာဆွေးနွေးရတာ ဖြစ်ပါတယ်။ ဒီလိုအဖြစ်တွေဟာ အတော့်ကို အံ့ဩစရာ ဖြစ်ပါတယ်။ ဘယ်လို အံ့ဩစရာဖြစ်တာလဲ။ သာမန်အရွက်၊ တောအရွက်၊



ပိစပ်အရွက် ခေါ် ဂျာမနီရွက် ခေါ် ရှမ်းပြေးရွက်။ ဒီအရွက်ဟာ ဘယ်လိုအစွမ်းသတ္တိနဲ့ ဒီလောက်ကြီးတဲ့ ရောဂါကို ပျောက်သလဲလို့ မေးစရာဖြစ်ပါတယ်။ သို့သော် အကြောင်းကို ကျွန်တော်တို့ မသိပါ။ ကျွမ်းကျင်သူများ လေ့လာလိုသူများ၊ စမ်းသပ်လေ့လာနိုင်ဖို့ လမ်းညွှန်ပြရပါတယ်။

အခုလို ရောဂါရှင် ကာယကံရှင်စစ်စစ်နဲ့ တွေ့ဖြစ်ရတာ ကျွန်တော် အလွန်အားတက် ဝမ်းသာဖြစ်ရပါတယ်။ ကာယကံရှင်ရဲ့ ပြောပြချက်များဟာလည်း အလွန်ထူးခြားတော့ အများအကျိုးရှိမှာပဲလို့ တစ်ခါတည်းတွေးမိ တွက်မိပါတယ်။

ကျေးဇူးရှင် စူလာနဖာအကြောင်းကြောင့် ကျွန်တော် ကောင်းကောင်းကြီး အကျိုးဖြစ်နေပါတယ်။ ဘယ်လို အကျိုးဖြစ်သလဲဆိုရင် စူလာနဖာကို အများပြည်သူ စိတ်ဝင်စားပြီး သူသိတာမြင်တာ ခံစားရတာ ရောဂါပျောက်တာများပြောရင်းနဲ့ပင် အခြားအရွက်များအကြောင်းများပါ ပါလာတတ်တာ ကြုံရပါတယ်။ အများတွေ့ကြုံကြတဲ့ အရွက်အကြောင်းများ အခုလို ပိစပ်ဆိုတာ ပါလာခဲ့တာဖြစ်ပါတယ်။ ဒါနဲ့ ကျွန်တော်ပိစပ်ကို လေ့လာရင်းနဲ့ ပို၍သေချာအောင် ဒီကိစ္စမှာတော့အများပြောမခံရအောင် ကြိုးစားပြီးတော့ လူပါတွေ့မယ်ဆိုပြီးတော့ အပင်ပန်းခံတွေ့ပါတယ်။ လူထုတွေကြားကနေ ကျွန်တော့်ကို သတင်းစကားတွေလည်း အများကြီးပါးကြပါတယ်။ ဘယ်အပင် ဘယ်အရွက်ဟာ ဘယ်သူ ဘယ်လို ပျောက်ပါတယ်ဆိုတဲ့ အကြောင်းအရာတွေဖြစ်ပါတယ်။ အထူးအဆန်းများလည်း အများကြီး ကြားရပါတယ်။

## ဂမုန်းပင်ညွှန်ခြင်း

ကဲ၊ ပိစပ်နဲ့ သွေးကင်ဆာပျောက်သလို မီးကွင်းဂမုန်းနဲ့ သွေးကင်ဆာ ပျောက်တာလည်း ဒီမှာ တစ်ဆက်တည်း အချိန်အခါမို့ဖြစ်လာတယ်ထင်ပါတယ်။ မီးကွင်းဂမုန်းဟာ အများသိပါတယ်။ အလှလိုလိုဆေးပင်လိုလို အပင်မျိုးပါ။ မီးကွင်းဂမုန်းက သွေးကင်ဆာပျောက်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ယုံမှ ယုံနိုင်ကြပါမလား စဉ်းစားစရာဖြစ်တော့ဖြစ်ပါတယ်။ သို့သော် လက်တွေများက ပြနေကြပါတယ်။ လက်တွေထဲမှာ အခု ပိစပ်က သွေးကင်ဆာပျောက်တာ လက်တွေ့မြင်တာတွေတာ ဖြစ်တာအသိပါ။ မီးကွင်းဂမုန်း သွေးကင်ဆာပျောက်တယ်ဆိုတာလည်း အလွန်စိတ်ဝင်စားစရာကောင်းပါတယ်။ နိုင်ငံခြားသွားပြီး ဆေးကုရပါတယ်။ အများကြီး ကုန်ပါတယ်၊ ရောဂါပိုဆိုးပါတယ်။ ဘယ်လောက်များ ရောဂါဆိုးသလဲဆိုရင် မျက်လုံးတွေ ပါးစပ်တွေက သွေးကျတဲ့အထိ ဆိုးဝါးတဲ့အဖြစ် ရောက်ပါတယ်။ အလွန်စိတ်ဆင်းရဲကြပါတယ်။ ရောဂါဆိုးရဲ့ ကြမ္မာကို ခံရတာဖြစ်ပါတယ်။ အဲဒီမှာ ကယ်မယ့်သူ ပေါ်ပါတယ်။ ကယ်မဲ့သူဆိုတာဟာ ဗဟုသုတများပြားတဲ့ ဘုန်းတော်ကြီးများထဲကပဲ ဖြစ်နေကြပါတယ်။

ပိစပ်ကို ကျွန်တော် ကယားပြည်နယ်သွား လေ့လာရာမှာ ရောဂါတွေ ပျောက်တာတွေ့ပါတယ်။ ရောဂါသည် တစ်ဦးနဲ့တစ်ဦး လက်ဆင့်ကမ်းပြီး သတင်းပေးပြီးတော့ ဆေးနည်းပေးကာ သောက်ကြ ပျောက်ကြတာ ဖြစ်ပါတယ်။ ဒါဖြင့် ဘယ်ကစပြီး ဘယ်လိုသိသလဲ၊ ဒီအပင်ကို ဘယ်လိုမြင်တာလဲ ဘယ်သူပြတာလဲ။ ဒါကို လေ့လာကြည့်တော့ ဘုန်းတော်ကြီးတစ်ပါး ဖြစ်နေပြန်ပါတယ်။ အခုတစ်ခါ သွေးကင်ဆာ မီးကွင်းဂမုန်း ကိစ္စမှာလည်း ဒီတိုင်းပဲဖြစ်နေတာကို အံ့ဖွယ်သိရှိရပါတယ်။

မီးကွင်းဂမုန်းဆိုတာကို ကျွန်တော်တို့အရပ်ထဲမှာ ဟိုတွေဒီတွေပဲ။ သူက သွေးကင်ဆာပျောက်တဲ့ဆေးဖြစ်နေပြန်တယ်။ ဒီလောက် သွေးတွေ ဟိုကဒီကထွက်ကျ မျက်လုံးကကျ၊ နှာခေါင်းက ကျ၊ ပါးစပ်ကသွေးတွေကျ ဒီလိုအခြေအနေပြီးတော့ ဆရာတော်ကြီးကပေးတဲ့ ဆေးနည်း သောက်လိုက်တာ ပျောက်တယ်ဆိုတာပဲ သိရတယ်။ ကျွန်တော် တွေ့ခွင့်မရလိုက်ပေမယ့် ဆေးနည်းကိုတော့ ရလိုက်ပါတယ်။ ဆေးသောက်နည်း ဖြစ်ပါတယ်။ ဆေးသောက်နည်းဆိုတာ တခြား မဟုတ်ပါဘူး။ မီးကွင်းဂမုန်းကို ထောင်းပြီးတော့ အရည်ညှစ်ပြီး သောက်တာပါပဲ။ ပိစပ်သောက်သလိုမျိုး နည်းလမ်းပါပဲ။ အရည်ညှစ်ပြီးသောက်တာက နည်းနည်းတော့ ကွာခြားပါ



တယ်။ မီးကွင်းဂမုန်းကို တစ်ပတ်တစ်ခါ အရည်ညှစ်ပြီး သောက်ရတာကို သတိပြုပါတယ်။ သကြားထည့်ပါတယ်။ သကြားနဲ့ရောပြီး သောက်တာ ဖြစ်ပါတယ်။ လက်ဖက်ရည်ကြမ်းတစ်ပန်းကန်စာ သောက်ရတာ။ အဲဒါ တစ်ပတ်တစ်ခါသောက်လို့ လေးခါပြည့်ရင် တစ်လကျော်တာနဲ့ သုံးလ တစ်ခါပဲ သောက်ဖို့ညွှန်းပါတယ်။ သုံးလ တစ်ခါ သုံးလေးကြိမ်သောက်ပြီးတာနဲ့ ခုနင်က သွေးကင်ဆာရောဂါပျောက်ပြီးတော့ အံ့ဖွယ်အခြေအနေ မယုံနိုင်ဖွယ် အခြေအနေတွေခဲ့ကြရတာပါ။

ထူးဆန်းတာတစ်ခုက သွေးကင်ဆာဖြစ်ချိန်မှာအလွန်ကိုယ်ခန္ဓာကြီးက ဖောင်းပွပွကြီးဖြစ်တယ်လို့ ဆိုတာပါပဲ။ သွေးကင်ဆာရောဂါ စင်သွားတဲ့အခါမှာ ဒီဖောင်းပွပွရောဂါကြီးဟာ ကိုယ်ရေစစ်သလို အင်မတန်အခြေအနေလှတဲ့လက္ခဏာ ပေါ်လာတာ ဖြစ်ပါတယ်။ အသားအရည်လှပါတယ်။ ကိုယ်နေကိုယ်ဟန်လှတယ်။ ဒီလိုတွေဘာဖြစ်လို့ကောင်းသလဲ ဆိုရင် အံ့သြစရာပဲလို့သာ ပြောရမယ်ထင်ပါတယ်။ ဒါကတော့ သွေးကင်ဆာနဲ့ ပတ်သက်ပြီး တစ်ဆက်တည်း သိတာ ကြားတာ တင်ပြခြင်းပါ။

သွေးဝမ်းသွားသူများ အလွန်ဒုက္ခရောက်နေတဲ့အခါ ဒီ မီးကွင်းဂမုန်းကို ချေပြီးသောက်တယ်လို့ ကျွန်တော်တို့ ဒီမျှပင် ကြားဖူးပါတယ်။ ဒီမျှပဲသိပါတယ်။ သူ့အစွမ်းသတ္တိက ဒီလောက်ပဲလို့မှတ်သားဖူးပါတယ်။အခုကတော့ ဒီလိုမဟုတ်ဘူး။ ဆိုးဝါးတဲ့ သွေးကင်ဆာတောင်ပျောက်တဲ့ အစွမ်းသတ္တိကြီးတယ်ဆိုတာကိုလည်း မှတ်သားကြရပြန်ပါတယ်။ လေ့လာကြပါ၊ စမ်းသပ်ကြပါ၊ လူအများကို အကျိုးပြုကြပါလို့ပဲ တောင်းပန်နေရပါတယ်။

သွေးကင်ဆာဟာ အင်မတန် ကုရခက်တယ်လို့ ကျွန်တော်တို့ ဆေးမရှိ ရောဂါလို့ မှတ်သားသိရှိရပါတယ်။ ရုပ်ရှင်များထဲမှာလည်း ပြပါတယ်။ ဇာတ်လမ်းများမှာလည်း သွေးကင်ဆာ ဆိုးပုံ ပြတတ်ကြပါတယ်။ ဆောင်းပါးများလည်း ရေးတတ်ကြပါတယ်။ ကိုရီးယား ရုပ်ရှင်ကားများမှာဆိုရင် သွေးကင်ဆာရောဂါဆိုတဲ့ပြဿနာဟာ ဇာတ်လိုက်ပမ ထည့်ထည့်တောင် ရိုက်ကူးနေကြတာ တွေ့နေရပါတယ်။ ရောဂါဆိုးပါတယ်။ ခံစားမှု

www.burmeseclassic.com

ပြင်းထန်တယ်၊ ကုရခက်တယ် စသည်များပြပါတယ်။ ဘယ်လောက်ထိ ပြသလဲဆိုရင် ဆေးနဲ့တောင်မနိုင်တော့ဘူး။ ဆေးနဲ့ နိုင်နင်းတဲ့ရောဂါ မဟုတ်ဘူး။ သူနဲ့ ဓာတ်တူတဲ့သူရဲ့ ကျောရိုးအတွင်းက ချဉ်ဆီယူရမယ်။ ဓာတ်တူတဲ့သူရဲ့ ချဉ်ဆီကို ပြောင်းထည့်ပေးမှသာလျှင် သွေးကင်ဆာကို နိုင်နိုင်တယ်လို့ ပြသတာတွေကို မြင်နေရပါတယ်။ အဲ့လောက်ခက်တဲ့ ရောဂါမျိုးဖြစ်ပါတယ်။

## အကျိုးပြုတစ်ခု

ဒီလိုရောဂါကို ပိစပ်တို့ မီးကွင်းဂမုန်းတို့က နိုင်တယ်ဆိုတာ အလွန် အံ့ဖွယ်ရာဖြစ်ပါတော့တယ်။ ယခုလို ကမ္ဘာ့ဆေးလောကမှာ ဆေးစရိတ်တွေ ကြီးနေချိန်၊ ဆေးတန်ဖိုးတွေ မြင့်နေချိန်မှာ တောဆေးတောင်ဆေး အရွက်များက ဒီစွမ်းပကားပေါ်လာတာ ကျွန်တော်တို့အတွက် အကျိုးပြုမှုကစ်ခု ဖြစ်လာနေခဲ့ပါတယ်။ ဂူလာနဖာ အလားတူပါပဲ။ ပိစပ် အလားတူပါပဲ။ မီးကွင်းဂမုန်း အလားတူပါပဲ။ ဂူလာနဖာဟာလည်းပဲ အများအကျိုးကို များစွာပြုခဲ့ပါတယ်။ ပိစပ်ဟာလည်း ဘယ်လောက်ထိ အကျိုးပြုတယ်ဆိုတာ ကျွန်တော် ကယားပြည်နယ်အထိ သွားလေ့လာပါတယ်။ အခုတစ်ခါ မီးကွင်းဂမုန်းကိစ္စ သိရှိတာဖြစ်ပြန်ပါတယ်။ ကျွန်တော့်မိတ်ဆွေများထဲမှာ ထူးထူးခြားခြားအဖြစ်အပျက်များ သွေးကင်ဆာကိစ္စကို ကြေကွဲစရာ ပြောစရာကိစ္စတစ်ခုကြုံထားတာရှိပါတယ်။

## ဒီလိုဖြစ်ခဲ့တာ သိလား

ကျွန်တော် အလွန်ရင်းနှီးတဲ့ပုဂ္ဂိုလ်များ ဗိုလ်မှူးကြီးကျော်စိုး၊ (ပြည်ထဲရေးဝန်ကြီး) ဗိုလ်မှူးကြီး လှတင်၊ (အရှေ့တောင်တိုင်း စစ်ဌာနချုပ်က) ဗိုလ်မှူးကြီး မြဝင်း သူတို့ သုံးယောက် သွေးကင်ဆာနဲ့ ကွယ်လွန်ခဲ့တာ ကျွန်တော်တို့သိခဲ့ရပါတယ်။ ဒီသုံးယောက်ဟာ ဂျပန်ခေတ် ဗိုလ်သင်တန်း



ကျောင်းရဲ့ ပထမအသုတ် ဂျပန်ပြည်ကိုသွားရောက်ပြီး ပညာသင်ခဲ့သူများ ဖြစ်ပါတယ်။ သူတို့ သွေးကင်ဆာဖြစ်ရတာဟာ သူတစ်ပါးအကျိုး သည်ပိုးရင်း ပါလာတဲ့ စွဲလာခဲ့တဲ့ ရောဂါဖြစ်နေတာတွေရပြီး ကြေကွဲစရာလည်း တကယ်ဖြစ်ရပါတယ်။ ဂျပန်ပြည်မှာ သူတို့ ပထမအပတ် ဗိုလ်သင်တန်း အဖွဲ့က သွားရောက် စစ်ပညာသင်နေချိန်မှာ အဏုမြူဗုံးကျတဲ့ကိစ္စ ဖြစ်ခဲ့ပါတယ်။ ဟီရိုရှီးမား ဗုံးကျတဲ့ ကိစ္စဖြစ်ခဲ့ပါတယ်။ ဒီ ဗိုလ်မှူးကြီးကျော်စိုး၊ ဗိုလ်မှူးကြီးမြဝင်း၊ ဗိုလ်မှူးကြီး လှတင်တို့ဟာ ဟီရိုရှီးမား အမြန်သွားရောက်လို့ လူနာများ ကူညီကယ်တင်ခဲ့ကြပါတယ်။ မြန်မာစိတ်နဲ့ ဒီကိစ္စက ငါတို့ တတ်နိုင်သမျှ လုပ်ပေးရမယ်ဆိုတဲ့ စစ်စိတ်ထားနဲ့ သွားကူညီကြတာ ဖြစ်ပါတယ်။ မြန်မာတို့ထဲက ဟီရိုရှီးမားကြောင့် သွေးကင်ဆာဖြစ်တယ် ဆိုတာရှိတယ်လို့ဆိုတာ အခုလို ထုတ်ဖော်ပြောမိနေရပါတယ်။

ဟီရိုရှီးမားမှာ လူနာများနဲ့ တွေ့ဆုံရင်းနဲ့ ဒီ သုံးယောက်ဟာ မြန်မာပြည်ကို ပြန်ရောက်ပြီး အလုပ်တာဝန်များကို ထမ်းဆောင်တဲ့အချိန်မှာ သွေးကင်ဆာလက္ခဏာ တစတစပြလာခဲ့ကြပါတယ်။ ပထမတော့ အမှတ်တမဲ့ပါ။ နောက်မှ သူတို့ချင်း ဆက်စပ်မိပြီး ဟီရိုရှီးမားမှာ အများအတွက် ကူညီရင်း ဒီလိုဖြစ်ရတာဆိုတာကို သဘောပေါက်သွားကြပါတယ်။ ဒါဟာ မှတ်တမ်းမရှိတဲ့ကိစ္စ ဖြစ်နေခဲ့ရပါတယ်။ ကျွန်တော်ကတော့ ရင်းနှီးသူ အနေနဲ့ သိတာမို့ အခုပြောပြရတာပါ။ သွေးကင်ဆာကိစ္စများ ပြောရင်းနဲ့ ကျွန်တော်နဲ့ ခင်မင်တဲ့ ဒီဗိုလ်မှူးကြီးတွေကိစ္စကို တစ်ဆက်တည်းတွဲပြီး တွေးမိ ပြောဆိုမိရတာ ဖြစ်ပါတယ်။ အင်မတန်ကြေကွဲစရာ ဇာတ်လမ်းတစ်ခုပဲ။ မြန်မာလူမျိုး သုံးယောက်၊ ဗမာစစ်အရာရှိ သုံးယောက်၊ ဟီရိုရှီးမားမှာ သွားရောက်၍ အဏုမြူဗုံးထိလူနာများ ပိုင်းဝန်း ကယ်ဆယ်ရင်းက သွေးကင်ဆာရောဂါရလာခဲ့တယ်ဆိုတာဟာ ကျွန်တော်သိတာကို အခုမှတ်တမ်းတင်ရပါတယ်။ လူသိနည်းတဲ့ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့လည်း ဗိုလ်သင်တန်းရဲ့ ရဲဘော်ကြားမှာတောင် သိပြီး လူသိနည်းတဲ့ ကိစ္စဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခု သွေးကင်ဆာကိစ္စတွေ ပြောနေရတော့ ကျွန်တော် ဒီလူကြီးတွေကို အင်မတန် သတိရ ရပါတယ်။ ကျွန်တော်တို့ ကနေ့တော့ ဒီသွေးကင်ဆာကို ကြောက်စရာရောဂါဖြစ်သော်လည်း နိုင်နိုင်တဲ့ နည်းလမ်းများ ရလာပြီဖြစ်ပါတယ်။ မြန်မာချင်းတွေဖြစ်နေပါတယ်။ မြန်မာအရွက်တွေ ဖြစ်နေပါတယ်။ အရွက်က အင်မတန်ပေါတဲ့အတွက် အင်မတန်ကို အသုံးနည်းတဲ့အရွက်လဲ ဖြစ်နေပါတယ်။ ပိစပ်အရွက်ဆိုရင် ချုံရှုပ်တယ်လို့ ဆိုပြီးတော့ ဝိုင်းခုတ်ပစ်ရတဲ့အပင် ဖြစ်ပါတယ်။ မီးကွင်းဂမုန်းကတော့ အလှသဘောစိုက်ခြင်းများပါတယ်။ အခု ဒီနှစ်ခုက သွေးကင်ဆာပျောက်တယ်ဆိုတာကို လက်တွေ့သိတာ ဖြစ်နေပါတယ်။

အင်မတန် ကြမ်းတမ်းခက်ခဲတဲ့ရောဂါ၊ အင်မတန် ပင်ပန်းတဲ့ရောဂါ ဒီရောဂါမျိုးတွေ ပျောက်သလို ပိစပ်ပင်ဆိုရင် ကျွန်တော် ကယားပြည်နယ်သွား လေ့လာရာမှာ ကင်ဆာရောဂါမျိုးစုံပျောက်တာ တွေ့မြင်ရပါတယ်။ ဒီလို ကင်ဆာရောဂါ AIDS သမား၊ သွေးကင်ဆာ စသည် အစာအိမ်ကင်ဆာ၊ အရိုးကင်ဆာ စသည်များစွာကို ပျောက်တာတွေ့ရပါတယ်။ ဒီနည်းလမ်းတွေကို ဘယ်သူကစသလဲ၊ ဘယ်ကရသလဲ ဒီထိ ကျွန်တော် လိုက်ပါတယ်။ ပင်ပန်းလည်း ခံပါတယ်။ နေရာက သိတဲ့အတိုင်း သွားရေးလာရေး ခက်ခဲပါတယ်။ ပင်လောင်းတစ်ခွင်၊ မိုးဖြူတစ်ခွင်၊ လွိုင်ကော်တစ်ခွင်မှာ စုံနေအောင်လိုက်ပါတယ်။ တော်တော်များများ တွေ့ရပါတယ်၊ မေးခဲ့ပါတယ်။ နောက်ဆုံးမှာ ဘာမှာသွားဆုံးသလဲဆိုရင် အစောမှာ ပြောသလို ထူးဆန်းစွာပဲ ဘုန်းတော်ကြီးတစ်ပါးက ပေးတယ်တဲ့၊ အဲဒီမှာပဲ သွားဆုံးတာ အံ့ဖွယ်ဖြစ်ပါတယ်။ မီးကွင်းဂမုန်းဟာလည်း ဘုန်းတော်ကြီးတစ်ပါးက ပေးတယ်ဆိုပြီး ပျောက်တာပါ။ အခု ပိစပ်မှာလည်း သွေးကင်ဆာသမားပျောက်တော့ ဘေးက ဝိုင်းပြီးလေ့လာတယ်။ အစာအိမ်ကင်ဆာသမား ပျောက်တော့ ဝိုင်းလေ့လာတယ်။ သူတို့ကို ကျွန်တော်က တွေ့ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ ဒီသတင်းကိုကြားသလဲ၊ ဘယ်ကအစရသလဲ ဆိုပြီးတော့ ပင်ရင်းထိ လိုက်လေ့လာတာဖြစ်ပါတယ်။ ဒီလိုလိုက်



ရာမှာ နောက်ဆုံး ဘုန်းတော်ကြီးတစ်ပါးဆီကရတယ်လို့ပဲ ဖြစ်လာပါတယ်။

ကျွန်တော် ဒါတွေ လက်တွေ့ လိုက်လေ့လာရာမှာ ပထမ လေ့လာအား မရှိပါဘူး။ သတင်းစကား အကြားများနဲ့သာ လေ့လာရတာဖြစ်ပါတယ်။ သူပြော ငါပြောနဲ့ ကျွန်တော် မရေးလိုပါဘူး။ မဖော်လည်း မဖော်ပြလိုပါဘူး။ သူပြောငါပြော အနေအထား အမှားများတတ်ပါတယ်။ ဒါနဲ့ ကိုယ်တိုင်လိုက်တွေ့မယ်ဆိုတဲ့ စိတ်ထားမွေးပြီးတော့ တအားပဲ ကြိုးစားမိရတာ ဖြစ်ပါတယ်။ ပဲခူးမြို့က သွေးကင်ဆာပျောက်တဲ့ ဦးအောင်ကျော်ကို တွေ့ပြီးတဲ့နောက်မှာ ကျွန်တော် အလွန်စိတ်အားတက်ကြွသွားပါတယ်။ ကာယကံရှင်နဲ့ တွေ့ရ ပြောရတဲ့အခါမှာ ကျွန်တော်ကိုယ်တိုင် လွန်စွာယုံကြည်မှုတွေတိုးရလာတာဖြစ်ပါတယ်။ ဒီယုံကြည်မှုအရ အားတက်ပြီး ကျွန်တော် ကယားပြည်နယ်ကိုသွားကာ လေ့လာခြင်းဖြစ်ပါတယ်။ ဟိုရောက်တာနဲ့ ပိစပ်သောက်ပြီး ရောဂါပျောက်တဲ့ လူမမာများ စတွေ့တွေ့ချင်းပဲ အားရမှုများဖြစ်ရပါတယ်။

ကျွန်တော့်ကို ကယားပြည်နယ်က သတင်းပေးသူကတော့ ရွှေခနဘိလိယက်ခုံ ဦးတင်ငွေဆိုတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။ ‘လာစမ်းပါ ဒီမှာ ပိစပ်နဲ့ပျောက်တဲ့ ရောဂါသည်တွေ များစွာရှိနေတယ်၊ ကျွန်တော် တွေ့ပေးမယ်၊ ကျွန်တော် စုံစမ်းထားတယ်၊ လာတွေ့အောင် လာပါ’လို့ ကျွန်တော့်အပေါ်စေတနာထားကာ များစွာတိုက်တွန်းခဲ့ ခေါ်ခဲ့ပါတယ်။ ကျွန်တော် သွားချင်ပါတယ်။ သို့သော် အဖျားရှူးတာများကာ လွဲတာတွေဖူးတာတွေရှိတော့ နည်းနည်း မရဲတရဲရှိပါတယ်။ သို့သော်ဦးတင်ငွေရဲ့အသံပေးဖုန်းကလာတာကို နာခံရင်းပဲ ယုံကြည်မှုတွေ တက်ရပါတယ်။ သူ စိတ်စေတနာ ထက်သန်စွာနဲ့ ကျွန်တော့်ကို ဖိတ်တာဖြစ်ပါတယ်။

အဲလို စိတ်ကပေါ်နေတုန်းမှာ ပဲခူးက ဦးအောင်ကျော်ကို တွေ့ ပြီးတော့ ကျွန်တော့်စိတ်မှာ အလွန်တက်ကြွပါတယ်။ ကယားပြည်နယ်ကို ရောက်အောင်သွားမယ်လို့ ဆုံးဖြတ်ပါတယ်။ လွိုင်ကော်ကို ရောက်အောင်

www.burmeseclassic.com

သွားဖို့ ဆိုတာဟာ ကျွန်တော့်အသက်အရွယ်နဲ့ လွန်စွာခက်ပါတယ်။ သို့သော် ဖြစ်အောင် ကြိုးစားကြည့်မယ်ဆိုတဲ့ စိတ်က တနိုးနိုးတက်ပါတယ်။ ကျွန်တော့်အသက်အရွယ်နဲ့ ယနေ့သွားရမယ့်ခရီးနဲ့ လွန်စွာခက်ပါတယ်။ ပင်ပန်းပါတယ်။ ပဲခူးလို တွံတေးလိုဆိုရင်တော့ သိပ်အခက်မရှိပါဘူး။ ကယားပြည်နယ်က လေယာဉ်အမိက မသွားနိုင်ဘဲ ကားအမိကထားသွားရမှာဆိုတော့ နည်းနည်းတွန့်ပါတယ်။

## ဆေးတစ်ခွက်

ဘားအံကို မြိုင်ကြီးငူဆရာတော်ထံသွားရင်း ခေတ်သစ်ကားများ စီးရတာ အတော်ပင်ပန်းတာကြုံခဲ့ရပါတယ်။ အခုခေတ်သစ်ကားများနဲ့ပဲ သွားရမှာပဲဖြစ်ပါတယ်။ သူတို့က ညလုံးပေါက် မောင်းတတ်ကြတယ်။ အဲဒီ ညလုံးပေါက်ဟာ သက်ကြီးရွယ်အိုအဖို့ များစွာဒုက္ခပွားနိုင်တာဖြစ်ပါတယ်။ တစ်ညလုံး မအိပ်ဘဲနေရမှာ ဖြစ်ပါတယ်။ တစ်ညလုံး မအိပ်ဘဲနေတဲ့ သက်ကြီးရွယ်အိုအဖို့ အားပြတ်ကာ ပုံလဲနိုင်ပါတယ်လေ။ သို့သော် အများသိစေချင်တဲ့ကိစ္စပဲ သွားဖြစ်အောင်သွားမယ်လို့ ယတိပြတ် ဆုံးဖြတ်ခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်ချတဲ့ ကာလမှာပဲ အားဆေးတစ်ခွက်သောက်ဖြစ်ခဲ့ရပြန်ပါတယ်။ တခြားအားဆေး မဟုတ်ပါဘူး၊ သန်လျင်ဖက်က ဘုံမာန် ကျောင်းက အရှင်ဇနက အရှင်မြတ် ကျွန်တော့်ဆီ ဖုန်းဆက်တာ ဖြစ်ပါတယ်။ အရှင်ဇနကက ပိစပ်တွေချင်တယ်တဲ့။ ပိစပ်က သူ့ကျောင်းနားမှာရှိတာပဲ။ သို့သော် မသေချာ မရေရာဖူးဆိုရင် ကျွန်တော့်အိမ်လာကြည့်ဖို့ အကူအညီတောင်းပါတယ်။ ကျွန်တော့်မှာ ပိစပ်တွေရှိပါတယ်ပြမှာပါ။ ပြောရင်းနဲ့ ဆရာတော်က တကာကြီးကျေးဇူးကြောင့် ကျုပ်မှာ လစဉ် ဝေဒနာခံနေရတာတွေပျောက်ပြီး အတော် အကျိုးသက်ရောက်ခဲ့ပါပြီလို့ မိန့်ဆိုပါတယ်။ တပည့်တော်ကို ပြောပြပါဦးဘုရား ဆိုတော့ 'ဒကာကြီး ကျုပ်မှာ တစ်လကို သုံးလေးခါ ဆေးခန်းသွား၊ ဆရာဝန်များတွေနဲ့ အလွန်ဒုက္ခရောက်ခဲ့ပါတယ်၊ ရင်က အောင့်သလိုလို နာသလို၊



ထိုးသလို ဒုက္ခတွေ အတော်များလို့ ဆရာဝန်ပြရင်း အချိန်တော်တော်ကုန်ခဲ့ရပါတယ်၊ တစ်လကို အနည်းဆုံး သုံးကြိမ်သွားရတယ်၊ အဲဒီအခြေအနေဟာ အခုပျောက်ပြီ၊ ဘာနဲ့ပျောက်သလဲဆိုတော့ ဒကာကြီးကျေးဇူးပဲ၊ စူလာနဖာနဲ့ပျောက်တာပဲ၊ စူလာနဖာနဲ့ပျောက်လို့ အခု ကောင်းစွာ သာသနာ့အကျိုး ထမ်းဆောင်နေတာ ပြောပြချင်တာပါ၊ ဒကာကြီး သာဓု သာ ခေါ်တော့။

ကျွန်တော် အင်မတန် ဝမ်းသာသွားပါတယ်။ ကျွန်တော့်အဖို့ အင်မတန်ကြီးတဲ့ ဆုလာဘ် ရလိုက်သလိုပါပဲ။ ဘာဖြစ်လို့လဲ။ ပိစပ်ကိစ္စ ကယားပြည်နယ်သွားရေးမှာလည်း အားပေးသလို ဖြစ်သွားရပါတယ်။ တွေ့မယ်၊ မေးမယ်၊ တင်ပြမယ်၊ တင်ပြခြင်းဖြင့် အများအကျိုးရှိမယ်ဆိုရင် ကျွန်တော်တို့ ရေးရကျိုး၊ ပြောရကျိုး၊ ဆိုရကျိုး၊ တင်ပြရကျိုးနပ်တာ ဖြစ်ပါတယ်။ အခုအခါမှာ သက်သက်သာသာလေး တောဆေး တောင်ဆေးဆိုတဲ့ အပင်အရွက်များ အကျိုးတရားဟာ တိုးပွားပြီးတော့ သိလာရပါပြီ။ ခုနကပြောသလို ရေးသလိုပါပဲ၊ အထက်မှာဆိုခဲ့သလိုပါပဲ။ မီးကွင်းဂမုန်းကနေ သတ္တိပြတာ၊ ပိစပ်ရဲ့အကျိုးတရား ခံစားရတာ၊ ဒီဟာ လက်တွေ့ဖြစ်တော့ကာ ကြိုးစားတင်ပြကာ အများနှိုးဆော်မယ်လို့ စိတ်အမိကက ဆုံးဖြတ်ပါတယ်။

အခုအခါမှာ လူတွေဟာလည်း အလွန်ကိုစိတ်ဝင်စားတာလည်း အံ့သြစရာကောင်းပါတယ်။ မြန်မာပြည် တစ်နံတစ်လျား အများကြီးဘဲ ဆေးပင်ဝါးပင်တွေ လိုက်စားလေ့လာမိကြပါတယ်။ အရှင်ဇနက ကြွပါ။ တပည့်တော် တွေ့တာ မြင်တာနဲ့ အိမ်မှာရှိတဲ့အပင် ပြပါ့မယ်လို့ လျှောက်ထားပါတယ်။ ရောဂါတွေပျောက်ကြတယ်ဆိုတာ နည်းတဲ့ကုသိုလ် မဟုတ်ပါ။ နည်းတဲ့အကျိုးမဟုတ်ပါ။ ကျွန်တော်တို့ကလည်း ကုသိုလ်ပွားအကျိုးများပါတယ်။ ကာယကံရှင်များအဖို့မှာလည်း အင်မတန် အကျိုးများတာဖြစ်ပါတယ်။ ဘယ်လိုအကျိုးများသလဲ၊ ပိုက်ဆံမကုန်ဘဲ အပင်အရွက်က လမ်းဘေးအပင်က ရောဂါပျောက်တယ်ဆိုတာ နည်းတဲ့အကျိုး

www.burmeseclassic.com

တရားလား။ အများအကျိုး ဆက်လက်ပွားများပါစေ ဆုတောင်းရင်း ကျွန်တော် လွိုင်ကော်ကိုသွားရန် ပြင်ဆင်လိုက်ပါတယ်။ ခရီးပန်းပါစေ၊ အကြမ်းခံနိုင်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

လွိုင်ကော်ဆိုတာ အရင်ကတော့ ဟန်နဲ့ ပန်နဲ့ သွားဖူးပါတယ်။ အစိုးရဧည့်သည်အဖြစ်နဲ့ များစွာသွားဖူးပါတယ်။ ဒီတစ်ခါကတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြုံရမှာဖြစ်တဲ့အတွက် တိုလီမုတ်စကအစစုံအောင် ရှာရဖွေရ ထည့်ရပါတော့တယ်။ ဒီအထဲ ကျွန်တော် နေ့တိုင်းစားတဲ့ ပိစပ်ရွက်များကလည်းယူရသေးတယ်။ ပိစပ်ရွက်အခြောက်များကို ကျွန်တော်က ဝါးဝါးစားပါတယ်။ ညအိပ်ခါနီးရင် ဝါးစားရင် အိပ်ပျော်ပါတယ်။ ခေါင်းကြည်ပါတယ်။ ဟိုမှာ အဘိုးကြီး ဒုက္ခကြီးတွေ တွေ့မယ်ဆိုလို့ရှိရင် ဒီပိစပ်က ကယ်နိုင်မှာလို့ ယုံကြည်ပြီးတော့ ပိစပ်ရွက်များ ကောင်းစွာ ထုပ်ပိုးကာ ယူပါတယ်။ သောက်မယ်၊ သောက်တယ် ဆိုတာက ဝါးပြီး ရေသောက်ချလိုက်တာပါပဲ။ ရောဂါတွေကို ဖယ်မယ် ကြိုးစားမယ်လို့ အားတက်စွာ စဉ်းစားပါတယ်။ လုံးပန်းပါတယ်။ ကျွန်တော် ခရီးသွားတဲ့ အခါသုံးနိုင်ရန် ပိစပ်အခြောက်များကို တမင်စု ထားပါတယ်။ အခြောက်တွေကို တမင်စုပြီး ဆေးအဖြစ်နဲ့သုံးခြင်းဖြစ်ပါတယ်။

## လွိုင်ကော်မြေမှာ

၂၇-၅-၀၆ ရန်ကုန်မြို့မှ မွန်းလွဲ ၁ နာရီမှာ ထွက်လာရာမှာ ၂၈၊ ၅၊ ၀၆ မွန်းလွဲ နေ့လည် ၁ နာရီမှာပဲ လွိုင်ကော် ရောက်ရှိနေပါတယ်။ လွိုင်ကော်မှာ မိတ်ဆွေများနဲ့တွေ့ပြီးလျှင် လူမမာများကိစ္စနှင့် ပိစပ်ကိစ္စ၊ စူလာနဖာကိစ္စများကို ချက်ချင်းပဲ မေးမြန်းပါတယ်။ အားလုံးကပဲ ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင်နှင့် ရှင်းပြကြပါတယ်။

ဒီကိစ္စဟာ အများအကျိုး သက်သက်သာသာနဲ့ ရောဂါဘယများကို ကင်းဝေးရေးကိုဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။ အများအကျိုးလည်း ရှိသင့်သလောက် အတော်ရှိခဲ့ပါပြီ။ ထပ်မံ၍ တိုးတက်အကျိုးဖြစ်ရေးအတွက် တတ်နိုင်သမျှ လေ့လာပြီး တင်ပြမှာဖြစ်ပါတယ်။

ကယားပြည်နယ် လွိုင်ကော်မြို့မှာ ယနေ့ ရောဂါဘယများ ပိစပ်နဲ့ စူလာနဖာကြောင့် ရောဂါများပျောက်ကင်းပုံအကြောင်းကို ဦးတင်ငွေ ရွှေမန ဘိလိယက်ခုံက ကျွန်တော့်ကို တယ်လီဖုန်း အကြိမ်ကြိမ်နဲ့ အဖြစ်မျိုးစုံတွေကို စတင်ပြောပါတယ်။ ပြောတဲ့အတွက် ကျွန်တော်ဟာ တိုးပွားပြီး ကြိုးစားပြီးတော့ လေ့လာရပါတယ်။

လေ့လာတဲ့အခါမှာ တွံတေးမှာ ကျွန်တော်တို့ အဆုတ်ကင်ဆာသမား ပိစပ်သောက်လို့ ပျောက်တာ ကြုံခဲ့ပါတယ်။ နောက်ပြီးတော့ ပဲခူးမှာ သွေးကင်ဆာ၊ အင်မတန် ခက်ခက်ခဲခဲရောဂါ သွေးကင်ဆာ ပျောက်တာ လက်တွေ့ကြုံရပါတယ်။ ဒါဟာ ဦးတင်ငွေ စရာကနေ စပြီး ကျွန်တော် များစွာ ကြိုးစားနိုင်ခြင်းဖြစ်ပါတယ်။ အခု ကျွန်တော် ကယားပြည်နယ်ကို တမင် လာရောက်ကြိုးစားပြီးတော့ ပုဂ္ဂိုလ်များနဲ့ တွေ့ချင်ပါတယ်။ တွေ့ဖို့အတွက်လည်း ဦးတင်ငွေက စီစဉ်ပေးပါတယ်။ အဲဒီလိုကိစ္စများနဲ့ပတ်သက်ပြီးတော့ ဦးတင်ငွေလည်း တတ်နိုင်သမျှ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ရှင်းလင်းပြောပြပါဦးလို့ ကျွန်တော် စ ပြောပါတယ်။ အခြားပြောပြမည့်လူများလည်း စုရောက်လာခဲ့ကြပါတယ်။

ငွေ ။ ။အခု ကျွန်တော်ပြောပြချင်တာကတော့ တစ်လောက ဆရာ့ကို တယ်လီဖုန်းနဲ့ ပြောပြထားတဲ့အတိုင်းပဲလေ။ ကျွန်တော်တို့ ဒီမှာ ကာယကံရှင် မိသားစုများကိုပါ ကျွန်တော်ခေါ်ထားပါတယ်။ အဲဒီ ကာယကံရှင်တွေသာ မေးကြည့်ပါတော့။ သူတို့ ပြောပြတာကိုပဲ နားထောင်လိုက်ပါလို့ ပြောချင်ပါတယ်။

ဦးတင်ငွေပြောတာ တိုတိုနဲ့ လိုရင်း ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ကာယကံရှင်ဆိုသည်မှာ ဒီမှာ အခုရှိနေတာ ဆန်းဆန်းပြားပြား ကာယကံရှင်တွေပါ။ အခုအခါမှာ အင်မတန် ကမ္ဘာမှာကူရခက်နေတယ်ဆိုတဲ့ HIV, AIDS ရောဂါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ တွေ့ရတဲ့ကိစ္စတွေကို မေးရဖို့ဖြစ်နေပါတယ်။ အလွန်ထူးဆန်းပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီရောဂါ ဘယ်လိုပျံ့နှံ့သလဲမျိုးစုံ အကြောင်းတွေ ရှိတာ ကျွန်တော်တို့တွေ့ရပါတယ်။ မျိုးစုံအကြောင်းတွေထဲမှာမှ ဘာရှိပြန်သလဲဆိုရင် အမှတ်တမဲ့ မမျှော်လင့်ဘဲနဲ့ ဖြစ်တတ်တဲ့ ကိစ္စတွေလည်း တွေ့ပါတယ်။

အမှတ်ကမဲ့နဲ့မမျှော်လင့်ဘဲဆိုတာဆံပင်ညှပ်ရင်းသော်လည်းကောင်း၊ သွားစိုက်ရင်းသော်လည်းကောင်း၊ လက်ဖက်တစ်ခွက်မှ ရောဂါသမားနဲ့ အတူစားမိရင်သော်လည်းကောင်း၊ ဆေးထိုးရင်သော်လည်းကောင်း၊ ဆေးပေါက်၊ ဗဟာဆေးစုတ်ကြီးတွေနဲ့ ဆေးပေါက်ရင်သော်လည်းကောင်း၊ စုတ်ထိုးရင်သော်လည်းကောင်း ရောဂါဘယများဖြစ်တတ်နေပါတယ်။ နောက်ဓားရှရင်းနဲ့ မတော်တဆ ရောဂါသည်နဲ့ကြုံပြီးတော့ ရောဂါဖြစ်တတ်ပါတယ်။

အခုဖြစ်တဲ့ရောဂါရှင်ကိစ္စမှာတော့ ကျွန်တော်တို့ကြားရတာ ကြေကွဲပါတယ်။ ကြားရတာ ဘာကြေကွဲသလဲဆိုလို့ရှိရင် ဒီဖြစ်တဲ့ရောဂါကိစ္စမှာ ကာယကံရှင်များကိုယ်တိုင် အံ့ဩသင့်တယ်။ ဘာမှန်းလဲ မသိဘူး။ သူတို့



အင်မတန် ကြမ္မာဆိုးစွာနဲ့ တစ်ခုခုသောအကြောင်းနဲ့ ရောဂါရပါတယ်။ ယောကျ်ားဖြစ်သူမှ စပြီး ရောဂါရတယ်။ ဘာမှန်းလည်းမသိရပါ။ ရောဂါရပြီးတဲ့နောက် သူ ကွယ်လွန်တယ်။ ဇနီးဖြစ်သူမှာ ရောဂါရလာပါတယ်။ ရောဂါရလာတဲ့အခါ ကျတော့မှ ဝိုင်းဝန်းကုသခြင်းဖြစ်တယ်။ အင်မတန် ကြမ္မာဆိုးတဲ့ကိစ္စပါ။

သို့သော် ကြမ္မာဆိုးတဲ့သူကို ကယ်ဖို့ကိစ္စ ပေါ်လာပါတယ်။ ကယ်မှုကိစ္စဆိုတာ ဆေးရုံတက်ပါတယ်။ ဆေးစာတွေရှိပါတယ်။ ဆေးရုံမှာ ဘယ်လိုမှအဆင်မပြေဘဲ ရောဂါကတိုး၊ မကောင်းတာတွေဖြစ်လာတဲ့ အတွက် ကြိုးစားပြီး စမ်းကြည့်ဦးမယ်ဆိုပြီးတော့ အိမ်ကို ခေါ်သွားပါတယ်။ အိမ်ကိုခေါ်လာတဲ့အခါမှာ ဆွေမျိုးသားချင်းများအဖို့တော့ ဒါဖြင့် ရောဂါအခြေအနေ မကောင်းတော့ဘူး အခြေအနေဆိုးတဲ့ကြားက ဘယ်လိုများလုပ်ရင် သင့်တော်မလဲဆိုတဲ့ အခြေအနေမျိုးအထိ ရောက်လာပါတယ်။

## ပိစပ်ဝင်လာခြင်း

အဲဒီအချိန်အခါမှာ ပိစပ်ဆိုတဲ့ ဆေးပင်ဝင်လာတယ်။ အဲဒီ ပိစပ်ဆိုတာလည်း အစတုန်းက သိပ်မသိကြပါဘူး။ ဒီအပင်ဟာ တောရှုပ်တဲ့ အပင်၊ ငယ်ငယ် တုန်းက ဓားရှရင် သွေးထွက်လို့ရှိရင် ပွတ်လိုက်သပ်လိုက်ရင်ပျောက်တယ်ဆိုတဲ့ အပင်မျိုးပါပဲ။ သူ့ကို ခေါ်တာတွေကလည်း နာမည်တွေက အင်မတန်ဆန်းပြားတယ်။ အခုလေ့လာလို့ ဦးတင်ငွေက ပြော၊ ဒီကပုဂ္ဂိုလ်ကြီးတွေက ဝိုင်းပြောတာနဲ့ ကျွန်တော် လိုက်လေ့လာလိုက်တော့ ပိစပ်ကို ခေါ်တာက မျိုးစုံဖြစ်နေပါတယ်။ ပိစပ်ကို ဘယ်လိုခေါ်လဲ၊ ပုသိမ်ဖက်မှာကျတော့လည်း ရှမ်းပြေးပင်ခေါ်တယ်။ လေ့တိုက်ပင်လို့လဲခေါ်ပြန်တယ်၊ နောက်ပြီးတော့ ဆိတ်နံ့ပင်လို့ခေါ်တယ်၊ ဟင်္သာတဖက်မှာ ဆိတ်ကြောက်လို့တဲ့၊ နောက်တစ်ခါ လေ့လာကြည့်ပြီးလေ့လာပြန်တော့ ဂျာမနီပင် ခေါ်ပြန်တယ်၊ ဂျာမနီပင်လို့ခေါ်တာ နည်းတာမဟုတ်

www.burmeseclassic.com

ပါဘူး၊ မြန်မာပြည် တစ်နံတစ်လျား ကျွန်တော် လိုက်လှေ့လာပါတယ်။ ရခိုင်ပြည်နယ်ဖက်မှာ ဂျာမနီပင်ခေါ်ပါတယ်။ ကချင်ပြည်နယ်မှာ ဂျာမနီ ခေါ်ပါတယ်။ တနင်္သာရီမှာ ဂျာမနီခေါ်တယ်ဗျာ၊ တစ်နံတစ်လျား အများကြီး ခေါ်ပါတယ်။

ကြားထဲမှာ ရခိုင်ပြည်နယ်ကလည်း ကျွန်တော့်ကိုခေါ်နေပါတယ်။ သူတို့က ကုနည်းတစ်မျိုးပါ။ ဘယ်လိုကုနည်းလဲဆိုရင် သူ့ကုနည်းက ပေါင်းချွေးတင်ပြီးတော့ ပေါင်းချွေးကိုသောက်တာ ဖြစ်နေတယ်။ ရောဂါက ဘာလဲဆိုတော့ရှိရင် ဟိုမှာ သူတို့ အသည်းရောဂါတွေများကြတယ်။ အသည်းမှာ အကွက်ကြီးတွေထင်တဲ့ရောဂါ၊ မချိမဆံ့ အသည်းဒုက္ခရောက်တဲ့ရောဂါ၊ အဲဒီရောဂါကို ပေါင်းချွေးတိုက်တဲ့အခါ သုံးရက်နဲ့ ပျောက်တယ်ဆိုပြီး ကျွန်တော်နဲ့တွေ့ဖို့ ပြောကြဆိုကြပါတယ်။

ပိစပ်က သုံးမျိုးလောက်ရှိတယ်။ တရုတ်နီပိစပ် ဆိုတာရှိသေးတယ်။ ဒါက မိုးကောင်း၊ မိုးကုတ်မှာ ရှိပါတယ်။ တရုတ်နီပိစပ်တဲ့၊ နောက်ပြီးတော့ ဟင်းပိစပ်လို့လည်း ခေါ်လို့ရတဲ့အပင်ရှိသေးတယ်။ ပြီးတော့မှ ပိစပ်ကြမ်းပေါ့လေ။ ပိစပ်ကြမ်းမှာမှ အစိမ်းနဲ့အနီပင်ပေါ့လေ။ အနီကိုတော့တရုတ်နီပင်လို့ခေါ်ကြတယ်။ အဲဒါက မိုးကုတ်က တစ်တောင်လုံးလို ပေါက်တာ။ ဘာမှ သုံးလို့မရပါဘူး။ လက်ရှိအားဖြင့်တော့ ဘယ်သူမှ ဘာမှမသိလို့ ဘာမှသုံးလို့မရတဲ့အချိန်မှာ အခုဒီမှာ ပိစပ်ဟာ ထူးထူးခြားခြား သုံးလို့ရတဲ့ အခြေအနေ ရောက်လာပါတယ်။ နာမည်မျိုးစုံဖြစ်တဲ့ ပိစပ်မှာ ထူးခြားလာတဲ့ လက္ခဏာသစ်တွေကို အခု ကျွန်တော်တို့ ပြောဆို ဆွေးနွေးဖြစ်တယ်။ အများပြည်သူအကျိုးရှိအောင် သုံးနိုင်သမျှ သုံးနိုင်အောင် လေ့လာအောင် ကျွန်တော်တို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်လို့ ပြောရတယ်။

ဂျာမနီဆိုတာ ဘာလို့ ဂျာမနီလို့ခေါ်တာလဲ၊ ကျွန်တော်လည်း အဲဒါကို လိုက်ပါတယ်၊ လိုက်တဲ့အခါကျတော့ ကျွန်တော်တို့ လက်လှမ်းမမီပါဘူး။ မြန်မာပြည် တစ်နံတစ်လျား သွားလာနေတဲ့ စာရေးဆရာကြီး ဦးအောင်သင်းက ကျွန်တော် သိတာလေးတော့ ပြောပါရစေ၊ ဂျာမနီပင်



ခေါ်တာဟာ ကျွန်တော်သိတာကတော့ လောလောဆယ် ခင်ဗျားကို လက္ခဏာ မပြနိုင်ဘူး၊ သက်သေမပေးနိုင်ဘူး။ သို့သော် ဂျာမနီပင်လို့ ခေါ်ခြင်းသည် ကျွန်တော့်ဆီကတော့ ပထမကမ္ဘာ စစ်တုန်းက စစ်ရှုံးတဲ့ ဂျာမနီတွေ မြန်မာပြည်ကို သုံ့ပန်းအဖြစ်နဲ့ ပါတဲ့သူတွေနဲ့အတူ ပါလာတဲ့အပင်လို့ဆိုပါတယ်လို့ ကျွန်တော့်ကို သတင်းပေးပါတယ်။ ဒါလည်းပဲ ကျွန်တော်သိတာလေးတွေ မှတ်တမ်းတင်ရပါတယ်။

ဘာပဲပြောပြော ဂျာမနီပင်ဖြစ်စေ၊ တရုတ်နီပင်ဖြစ်စေ၊ ပိစပ် ခေါ်ခေါ် ခေါ်ချင်ရာခေါ် ရောဂါတွေပျောက်တာတော့ အတူတူပါပဲ။ အဲဒီမှာ ခုနက ကျွန်တော်ပြောတဲ့ အပင်တစ်မျိုးရှိတယ်၊ ဟင်းချက်စားလို့ရတယ်။ ကပ္ပတိန်ကိုသန်းအောင်ပြောတာက သူ့သူငယ်ချင်းတစ်ယောက် ဦးစိန်ဝင်းတဲ့၊ သူကတော့ ဆန်စက်ပိုင်ရှင်ပါပဲ၊ လည်ချောင်းကင်ဆာ ဖြစ်တယ်။ သိတဲ့အတိုင်း လည်ချောင်းကင်ဆာဟာ အလွန် ဒုက္ခရောက်ပါတယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် စားမရသောက်မရ ဒေါသတွေထွက်၊ စကားပြောမရ၊ ဒေါသထွက်ထွက်နဲ့ သူက ဘာလုပ်လဲဆိုရင် ခုန အနုစား ပိစပ်ပင်ကို ဝါးစားတယ်၊ ဝါးစားရင်း ဝါးစားရင်းနဲ့ ရောဂါပျောက်သွားတယ်။ သူ့ကိုလည်း ကျွန်တော် တွေ့ပြီးတော့ လေ့လာမယ်။

ခုလောလောဆယ်တော့ဖြင့် ဒီကအမျိုးသမီးရောဂါနဲ့ပတ်သက်ပြီး ဦးလှရွှေနဲ့ အရင်မေးချင်တယ်။ ဘာဖြစ်လို့လဲဆိုရင် စပြီး စိတ်ကူးတာပါလို့ပါ။ ဦးလှရွှေဇနီး ဒေါ်ညိုကလည်းပဲ ဘယ်လိုဆေးတိုက်တယ်ဆိုတာလေး ပြောပြပေါ့နော်။ ဆေးတိုက်တဲ့အကြောင်းတွေသိလို့ သူ့ ရောဂါ ထူယောင်လာတယ်ဆိုရင်ပဲ ကျွန်တော်တို့က ကျေနပ်ပါပြီ။ လောလောဆယ် ဦးလှရွှေ ဒီအပင်၊ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘယ်လို စိတ်ကူးရတယ်ဆိုတာလေး စ ပြောပြပါဦး။

ရွှေ။ ။ပထမတော့ ဒီအပင်ကို ကျွန်တော်တို့မိတ်ဆွေ အဖွဲ့ထဲကပေါ့လေ၊ ပတ်အသင်းသူအသင်းသား ဦးတင်အုန်းအစာအိမ်ကင်ဆာ

www.burmeseclassic.com

ရောဂါဖြစ်လာခဲ့တဲ့ဟာကို ဒီ ပိစပ်အရွက်ကို သောက်ရင်းနဲ့ ပျောက်သွားတယ်ဆိုပြီးတော့ ကြားလို့ပါ၊ ကျွန်တော့် ခယ်မက ဘာရောဂါလဲတော့ မသိသေးဘူး၊ အဲဒီအချိန်မှာ သူက ဘာရောဂါလည်းမသိသေးတော့ ပထမ ကျွန်တော်တို့က ဆေးစစ်တယ်၊ ဆေးစစ်လိုက်တဲ့အခါကျတော့ ဆရာဝန်တစ်ယောက်နဲ့ စစ်ဆေးတယ်၊ စစ်ဆေးတော့ AIDS လို့ ပြောတယ်၊ သူကတော့ ဘာလို့ AIDS ဖြစ်နိုင်မလဲ၊ သိပ်ရိုးတယ်ဗျ၊ သူကတော့ နေထိုင်တာ သိပ်မှန်တယ်။

ဒိုး ။ ။ကျွန်တော် ခုနပြောသလို ခင်ဗျား အမှားအယွင်းဆိုတာပြောမရပါဘူး၊ လက်ဖက်စားရင်းနဲ့ သူ့ဇွန်း ငါ့ဇွန်းနဲ့ပဲ ဖြစ်တတ်တယ်၊ ဆံပင်ညှပ်ရင်းနဲ့ ရှရင်လည်း ဖြစ်တတ်တယ်၊ ပြောရစေတော့ စိတ်မရှိပါနဲ့၊ ကျွန်တော်တို့ကို ဘုန်းကြီးကျောင်းမှာ ဒုလ္လဘ ရဟန်းခံရင်းနဲ့လည်း ဖြစ်တတ်ပါတယ်၊ ငါဟာ ဒီလိုမျိုးဖြစ်တဲ့အတွက် သိမ်ငယ်စရာ အကြောင်းမဟုတ်ပါဘူး၊ ကံဆိုးရင်း ဖြစ်တာပါ။

ရွှေ။ ။ကျွန်တော်ကလည်း သူ AIDS တော့ မဖြစ်နိုင်ဘူး၊ သူနေတာထိုင်တာ ယုံကြည်တယ်ပေါ့၊ အဲဒီတော့ ဆရာဝန်ပြစစ်ဆေးတော့ AIDS ပြောတာ ကျွန်တော်သိပ်မယုံဘူး၊ ဆရာမတွေနဲ့ ပေါင်းပြီးတော့ နောက်တစ်ယောက် စစ်ဦးမှပဲဆိုပြီးမှပဲ သေချာအောင်ပေါ့၊ နောက်တစ်ယောက် သွားစစ်တော့လည်း ဟုတ်တယ် ဖြစ်နေတယ်၊ ဟုတ်တယ်ဆိုရင် ဘယ်လိုလုပ်ရမလဲ၊ ဒီရောဂါက ဆေးမရှိဘူးပေါ့၊ ခြောက်လထဲလို့ သူကပြောတယ်၊ ခြောက်လထဲ ခံမယ်ဆိုရင်တော့ မိသားစုကော ဆွေမျိုးကော စိတ်မချမ်းသာဘူးပေါ့ဗျာ၊ မချမ်းသာတဲ့အခါကျတော့ ဦးတင်အုန်းပြောနေတဲ့ ပိစပ်ရွက်ဆိုတဲ့ဟာကို ကျွန်တော်တို့စပြီး တိုက်ပါတယ်၊ တိုက်တာတော့ ကျွန်တော့်မိန်းမက တိုက်တာပေါ့၊ ကျွန်တော်တော့



ပြောရုံပြောလို့ ကျွန်တော့်မိန်းမကတော့ လက်တွေ့ပဲ၊ သူ့ပဲ အမြဲတမ်း ပြုစုတာကို။

ဒိုး ။ ။ဦးတင်အုန်းကိုယ်တိုင် ကြုံတွေ့တာတွေပြောပြလို့ ယုံကြည်စွာနဲ့ ခယ်မကို တိုက်တာပေါ့၊ တိုက်တာကတော့ ဒေါ်ညို။

ရွှေ။ ။တကယ်တမ်းလည်း အကျိုးရှိပါတယ်ဗျာ၊ ခြောက်လခံမယ်ပြောတာ အခု သုံးနှစ်ကျော်လာပါပြီ၊ အသက် ၆၇ နှစ်မှာ ရောဂါဖြစ်ရတာပါ။

ဒိုး ။ ။အဲတော့ သုံးနှစ်ကျော်တဲ့အထိ အသက်ရှင်ဖို့ဆိုတာ AIDS သမားအဖို့ အင်မတန် ခက်ပါတယ်၊ ကျွန်တော်သိတာက ဒါဟာ အသက်ကယ်ပင်၊ သဘာဝအသက်ကယ်ပင်လို့ဆိုရင် သူ့ကို သောက်နေသမျှ အသက်ကရှည်နေပြီးတော့ အလုပ်လည်းလုပ်နိုင်တယ်၊ ကျန်းလည်း ကျန်းမာပါတယ်၊ တခြားရောဂါတွေလည်း ပျောက်ပါတယ်၊ ကျွန်တော် ပဲခူးမှာတွေ့ခဲ့တဲ့ ပုဂ္ဂိုလ် သွေးကင်ဆာပျောက်တဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိရင် သူ့တင်ပါးမှာ ဇရာမ ဘုကြီးဖြစ်ပါတယ်၊ အဲဒီဘုကြီးဟာဆိုရင် သွေးကင်ဆာကုရင်း တန်းလန်းမှာ ပျောက်သွားတယ်တဲ့၊ မမျှော်လင့်ဘဲ သူမယုံကြည်နိုင်လောက်အောင် ဖြစ်ပါတယ်တဲ့။

ရွှေ။ ။ဆရာပြောတဲ့ အသက်ကယ်ပင်ဆိုတာ ဟုတ်တယ်တဲ့၊ ရှမ်းလို့ ဘာပြောတယ်၊ (ဟာဟတ်) လို့ ရှမ်းလို ပြောပါတယ်။

ဒိုး ။ ။ကျွန်တော်တို့ အသက်ကယ်ပင်လို့ရမ်းပြောနေတာက ဟုတ်နေတယ်ပေါ့၊ ရှမ်းလို (ဟာဟတ်) ဟုတ်ပြီ၊ ရှမ်းဘာသာနဲ့ ဖော်ပုသုတ တစ်ခု တိုးရပြန်တာပေါ့ခင်ဗျာ၊ အသက်ကယ်ပင်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဒီတော့ အစ်မကြီးဒေါ်ညိုက ဒီဟာကို ဘယ်လိုကိုက်တယ်ဆိုတာနဲ့ ဘယ်လို ကျန်းမာလာတယ်ဆိုတာလေး တတ်နိုင်သမျှ ပြောပြပါခင်ဗျာ။

www.burmeseclassic.com

ညို။ ။ဟုတ်ကဲ့၊ ကျွန်မလည်း ဦးတင်အုန်းကနေစပြီးတော့ ယုံယုံကြည်ကြည်ပေါ့လေ၊ သူ့ရောဂါလည်း သူသိထားတယ်ဆိုတော့ ကဲ ကာယကံရှင်တော့ မသိဘူးပေါ့နော်၊ အစ်မလုပ်တဲ့သူကတော့ သိတယ်ပေါ့၊ သိတော့ ပျောက်စေချင်တယ်ပေါ့နော်၊ ပျောက်စေချင်လာတော့ တိုက်တွန်းတာပေါ့၊ တိုက်တွန်းတော့ သူကလည်း သောက်ပါတယ်၊ စောစောတုန်းက သောက်တယ်၊ သောက်တော့လည်း ကျန်းမာရေးက ကောင်းတယ်၊ ပက်လက်ကနေ သွားနိုင်လာနိုင်ဖြစ်လာတယ်၊ သာရေးနာရေးကအစ သူသွားတယ်၊ အဲ တရားစခန်းလည်း ခဏခဏဝင်ပြီး အခု သူထွက်လာတာ မကြာသေးဘူး။

ဒိုး ။ ။သုံးနှစ်ထိ အသက်ရှည်တယ်ဆိုတော့ အင်မတန် ထူးခြားပါပြီ၊ တစ်ခု အစ်မကြီးပြောတဲ့အထဲမှာ ကျွန်တော်သိလိုက်တာ၊ နောက်မသောက်ဘဲနေတော့ နည်းနည်း အားလျော့တယ်၊ အားလျော့တယ် ဆိုတဲ့အထဲမှာ သိစရာအချက်လေးတစ်ခု ပါလာပါတယ်၊ ဘာလဲဆိုရင် တတ်နိုင်သမျှ ကြိုးစား သောက်ပြီးပြီ အသက်ရှည်တယ် AIDS ကိုနိုင်တယ်။

ညို။ ။ဒီလိုနေ့မျိုးဆိုရင် တစ်နေ့ နှစ်ခါမသောက်တောင် တစ်နေ့တစ်ခါလေးတော့ သောက်ပါ၊ အများကြီးတော့ မဟုတ်ဘူး၊ တစ်ဇွန်းတည်းဆိုတော့။

ဒိုး ။ ။သူ့အသက်ရှည်လာပြီ သာရေးနာရေးတောင် သွားလာနိုင်ပြီဆိုတာ ထူးပါတယ်၊ ရိုးရိုး AIDS သမားက မသွားလာနိုင်ပါဘူး။

ရွှေ။ ။ကားပေါ်ဆိုရင်လည်း၊ အရင်တုန်းက ကားပေါ်မတက်နိုင်ဘူး တွန်းတင်ရတယ်၊ မ တင်ရတယ်၊ အဲဒီ ပိစပ်ရွက်သောက်ပြီးကတည်းက သူကိုယ်တိုင်ကပြောတယ် အစ်ကိုကြီးတဲ့ ကားကို သွားခနဲ လွှားခနဲကို တက်လာခဲ့တယ်တဲ့။



ဒိုး။ ။ဟုတ်ပါပြီဗျာ၊ အင်မတန် ကျေးဇူးတင်တယ်၊ ပြီးတော့ ကျွန်တော်တို့လည်း သိလိုက်ပါတယ်၊ သူ့ကို သောက် အသက်ရှည်တယ်၊ သက်တမ်းစေ့နေနိုင်တယ်၊ သောက်တာ သူ့ကို ဂရုစိုက်သာ သောက်၊ ဂရုစိုက်သောက်တယ်ဆိုတာက တစ်ခုတော့ရှိတယ်ပေါ့၊ အမြဲတမ်းမဟုတ်တော့ ကြိုကြားကြိုကြားဖြစ်စေ ရောဂါသည်များသည် ရောဂါပျောက်သွားပြီလို့ ကိုယ်ယုံကြည်ပေမဲ့ ဆက်သောက်ပါ၊ ဆက်သောက်ရင် အလုပ်လုပ်နိုင်မယ်၊ သာရေးနာရေးသွားနိုင်မယ်၊ ကျန်းကျန်းမာမာ သက်တမ်းစေ့နေနိုင်မယ်လို့ ကျွန်တော်တို့ အဖြေတစ်ခုထွက်တယ်ပေါ့ဗျာ၊ အဲဒီ အဖြေအတွက်ကို ကျွန်တော်တို့ အင်မတန် ကျေးဇူးတင်ပါတယ်ဗျာ၊ သူ့ဆီက ဓာတ်ပုံနဲ့ ကျွန်တော်ကြိုးစားပြီး တတ်နိုင်သမျှဖော်ပြပါမယ်၊ ကျွန်တော်လဲ တတ်နိုင်သမျှ ဆက်လေ့လာတဲ့အထဲမှာက AIDS နဲ့ ပက်သက်တဲ့ ထူးခြားတဲ့ အကြောင်းအရာလေးတစ်ခုပါ။ ဦးတင်အုန်းကလဲ မိမိ၏တွေ့ကြုံမှုကို ပြောပြပါဦး၊ ဘာလို့လည်းဆိုရင် ဒါဟာ အများအကျိုးပါ၊ အများသိလို့ အများရောဂါဘယကင်းရင် ကျွန်တော်တို့ကုသိုလ်လည်းရတယ်၊ ပီတိစားရတယ်ပေါ့ဗျာ၊ ဝမ်းသာကြမယ်၊ ကျေးဇူးတင်ကြမယ်ပေါ့ဗျာ၊ အဲဒါကြောင့် ဦးတင်အုန်းကလည်း ပိစပ်နဲ့ ပတ်သက်ပြီး ဘယ်လိုသိလာသလဲဆိုတာ စ ပြောပြပါဦး။

အုန်း။ ။ကျွန်တော်က ဒီဖြစ်စဉ်က ဖျားတာပေါ့၊ ဖျားတာကို ကျွန်တော်က ငါးရက်လောက်ရှိပြီ ဆေးထိုးတာ၊ ဆေးထိုးတာ မသက်သာဘူး၊ မသက်သာတဲ့အခါကျတော့ ကျွန်တော့်သားက အဖေဖျားရင်တော့ မက်ကလောင်ပဲထင်တယ်ဆိုပြီးတော့ မက်ကလောင်လုပ်လိုက်တာ၊ မက်ကလောင်လုပ်ပြီးတော့ အထက်လှန်အောက်လျှောဖြစ်ပြီးတော့ အဲဒီနေ့မှာ ညနေ ခြောက်နာရီ ခုနစ်နာရီလောက်မှာ သိပ်မသေချာတော့ဘူး၊ သိပ်အခြေအနေမကောင်းတော့ဘူး၊ ဆရာမသွားခေါ်ရင်ကောင်းမယ်၊ ဆေးမှူးတစ်ယောက်

www.burmeseclassic.com

www.burmesec...sic.com



ဒိုး ။ ။သောက်ပုံသောက်နည်းလေး။

အုန်း။ ။စကြီးဇွန်း တစ်ဇွန်းစာပဲပေါ့၊ အရည်ကို ထောင်းရမယ်၊ ထောင်းပြီးရင် ညှစ်ရမယ်၊ ဆားလေးသင့်ရုံထည့်မယ်၊ ဓာတ်ချုပ်ရင်တော့ နည်းနည်းလေး ဆားပိုထည့်မယ်၊ ဓာတ်မချုပ်ဖူး ဓာတ်မှန်တယ် ဆိုရင် ဆားလေးသင့်ရုံပဲ၊ အဲဒါကို တစ်နေ့ မနက်တစ်ဇွန်း၊ ညနေ တစ်ဇွန်း၊ တစ်နေ့ နှစ်ကြိမ်လောက်ပဲပေါ့၊ အဲဒါပဲ သောက်ရမှာပေါ့။

ဒိုး ။ ။သိပ်များများစားစား ထူးထူးခြားခြားကြီး မဟုတ်ဖူး၊ ကျွန်တော် ခုနကပြောသလို၊ သွေးကင်ဆာသမားကိုတော့ ကျွန်တော် မေးပါတယ်၊ ခင်ဗျား ဘယ်လိုသောက်သလဲ၊ သူကတော့ သူ့ရောဂါ ပျောက်ချင်တဲ့ ဇောလား ဒါမှမဟုတ်ရင် သူ့ဘယ်သူကခိုင်းသလဲ မသိဘူး၊ သူကျွန်တော်ကို ပြောတာကတော့ မနက် သုံးဇွန်းစာ သောက်တဲ့အခါမှာ သူသောက်လို့ကောင်းအောင် သကြားလေး နည်းနည်းထည့်တယ်တဲ့၊ ဒါ သူ့သောက်နည်း တစ်ခုပေါ့လေ၊ ရောဂါတော့ပျောက်ပြီ၊ ဦးတင်အုန်းလည်းပျောက်ပြီ၊ ပျောက် တယ်ဆိုလို့ရှိရင်လည်း ဆက်လက်ပြီး ကျွန်တော်တို့က ဆက်ပြော ရမယ်၊ ဦးတင်ငွေလည်းပြောဦးမှ

ငွေ ။ ။အဲဒါပေါ့၊ ကျွန်တော်တို့ သူတစ်နည်းရပြီးတဲ့အခါကျတော့ ကျွန်တော်တို့အဖွဲ့က ဘယ်လိုဖြစ်သွားသလဲဆိုရင် ပိစပ်ဆရာ တွေ ဖြစ်သွားတယ်၊ ပိစပ်ဆရာတွေ ဖြစ်သွားကြတော့ ဘာဖြစ် သလဲ ပိစပ်သောက်ကြည့်၊ နောက်တော့ ကောင်မလေးတစ် ယောက်က ကရင်မလေးတစ်ယောက်က အရိုးကင်ဆာဖြစ်တယ်၊ ဆေးထိုးထိုးနဲ့ မသက်သာဘူး၊ အဲဒါနဲ့ ဒါ သောက်ကြည့်ဆိုပြီး ကျွန်တော်တို့သောက်ခိုင်းတယ်၊ သောက်ခိုင်းတော့ သူကလည်း ပျောက်ချင်ဇောနဲ့ အခါးရည်ပန်းကန် တစ်လုံး တစ်လုံးသောက် ကယ်၊ မနက်တစ်လုံး နေ့လယ်တစ်လုံး ညတစ်လုံး သောက်တော့



နည်းနည်းမူးတယ်တဲ့၊ မူးရင် လျှော့သောက်၊ ဒါမှ တစ်ယောက်နဲ့ တစ်ယောက် ကိုယ်ခံအား မတူဘူးနဲ့ ဖြစ်ပါလိမ့်မယ်၊ တချို့ များများသောက်လည်း ဘာမှမဖြစ်ဖူးပေါ့၊ ဒါပေမယ့် ကိုယ့်ဟာ ကိုယ် ချင့်ချိန်ပြီးသောက်ရတယ်ပေါ့၊ အဲဒီ တစ်ယောက် ပျောက် သွားပြန်ရော။

ဒိုး ။ ။သူက အရိုးကင်ဆာ၊ ဘယ်ခြေထောက်ပါလိမ့်။

ငွေ ။ ။ညာဖက်ခြေထောက်။

ဒိုး ။ ။ညာဖက်ခြေထောက် ဘယ်နေရာမှာဖြစ်တာလဲ ခင်ဗျာ။

ငွေ ။ ။တင်ပဆုံထဲမှာပါ။

ဒိုး ။ ။ဩ၊ အရိုးကင်ဆာပျောက်သွားတယ်၊ ပျောက်ပြီးတော့ ဘယ်လို လဲ သွားလို့လာလို့ အဆင်ပြေသလား။

ငွေ ။ ။လုံးဝမထောက်တော့ဘူး။

ဒိုး ။ ။နာမည် ဘယ်လိုခေါ်ပါသလဲ ခင်ဗျာ။

ငွေ ။ ။မနော်ရိုဇ်စ် မူးနာပါ၊ ဒီလောက် အရိုးကင်ဆာပါ ပျောက်တယ် ဆိုလို့ရှိရင် တော်တော်ကိုပြောရဆိုရယုံကြည်ဖို့တောင် ကျိန်တွယ် ရမလို ဖြစ်နေတယ်၊ ကင်ဆာနဲ့ပတ်သက်ပြီး ကျွန်တော်ထင်တယ် လေ၊ အာမခံနဲ့တောင် ရတယ်လို့ ထင်ပါတယ်။

ဒိုး ။ ။မသိပါဘူး၊ သောက်ရင်ပဲ ကျေးဇူးတင်လှပါပြီ။

ငွေ ။ ။မိုးဖြူ၊ ကျွန်တော့်မြေးရဲ့ယောက္ခမပေါ့၊ သူလည်းပဲ သားအိမ် ကင်ဆာလို့ ပြောတယ်၊ ပြောတာတော့ အဲဒီလိုပဲ ခြောက်လပဲခံ မယ်လို့။

ဒိုး ။ ။နာမည် ဘယ်လိုခေါ်ပါသလဲ။

ငွေ ။ ။မခင်ထွေး၊ ခြောက်လပဲခံမယ်ဆိုပြီးတော့ သူတို့လည်း စိတ် မကောင်းဘူးပေါ့၊ သားသမီးတွေက စိတ်မကောင်းဘူးပေါ့၊ အဲဒါနဲ့ အေးလာ၊ သူ့အစ်ကိုတစ်ယောက် အမေတစ်ယောက်က လည်း ကျွန်တော်တို့ ပြောထားတာ ကြားပြီးတော့၊ ပေ့ ခင်ထွေး၊

www.burmeseclassic.com

www.burmeseclassic.com



နင် ဒါသောက်ဆိုပြီးပြန်သွားတာ၊ ပြန်လာကျတော့ သူလည်း ဘာမှ မရှိတော့ဘူး။

ဒိုး ။ ။ဘယ်လိုစဖြစ်သလဲ၊ ဘယ်လိုများကြားသလဲ။

ငွေ ။ ။ခုနကပြောသလိုပဲ ပိုက်နာတယ် နာတယ်ဆိုပြီး၊ ဆေးရုံ တင်တယ်၊ တင်ပြီးတော့ ဓာတ်မှန်ရိုက်တော့၊ ဓာတ်မှန် ပေါ်တာပဲ၊ အဲဒါ ကင်ဆာတဲ့။

ဒိုး ။ ။ဘာကင်ဆာလို့ပြောသလဲ။

ငွေ ။ ။သားအိမ်ကင်ဆာ။

ဒိုး ။ ။သားအိမ်ကင်ဆာလို့ ဆေးရုံက ဆုံးဖြတ်ပေးတာ၊ ဒါ အခု ပျောက်သွားတယ်၊ ဒါ ထူးခြားတဲ့ သတင်းတစ်ခုပါပဲ၊ ပြီးတော့ ခုနက AIDS သမားကလည်း ထူးထူးခြားခြားပဲလေ၊ ကင်ဆာသမားတွေပျောက်တော့ ငါလည်း ပျောက်လိုပျောက်ငြား သောက်ကြည့်တာပဲ၊ သူကတော့ သေချာတာကတော့ သက်ရှည်ဆေးပဲ၊ အသက်ရှည်ဆေးပဲ၊ သက်တမ်းစေ့ နေနိုင်တယ်၊ သေချာတာ သက်တမ်းပြည့်နေနိုင်တယ်။

ငွေ ။ ။လိုင်းပေါင်းစုံ ဥက္ကဋ္ဌ ကိုဝင်းကြည် ဆိုတဲ့သူလည်း ဆီးကျိတ်ရှိတယ်ဆိုတော့ ကျွန်တော့်ကိုလာမေးတယ်။

ဒိုး ။ ။လှိုင်ကော်က ကားလိုင်းပေါင်းစုံဥက္ကဋ္ဌ ဦးဝင်းကြည် ဟုတ်လား၊ သူက ဘယ်လိုဖြစ်တာလဲ။

ငွေ ။ ။သူက ကျွန်တော် ဆီးကျိတ်ဖြစ်ဖူးတယ်ဆိုပြီး လာမေးတယ်၊ အဘ ဆီးကျိတ်ဖြစ်တာ ဘယ်လိုခံစားရသလဲတဲ့၊ မဟုတ်ဘူး။ မင်းဖြစ်တာ ဘယ်လိုခံစားရသလဲ ငါ့ကို ပြန်ပြောပြလို့ မေးတယ်။ သူက ကျွန်တော် အောင့်လို့ မရဘူး၊ ဆီးသွားချင်တဲ့အခါမှာတဲ့၊ ဒါဆို ဆီးကျိတ်မဟုတ်ဖူး၊ ဆီးသွားတဲ့အခါမှာ ဆီးလမ်းကြောင်းမှာ နာတယ်တဲ့၊ ဒါဆို ဆီးသွားလမ်းကြောင်း အနာရှိတယ်လို့ ဒါ သောက်လိုက်၊ မင်း ပိစပ်ရွက်သောက်လိုက်လို့ ပြောတယ်၊



ပြောလိုက်တဲ့အခါကျတော့ ကျွန်တော်တို့ ဘယ်လောက်ရှိမလဲ၊ သီတင်းကျွတ်လောက်ပဲရှိမယ်၊ တန်ဆောင်မုန်းလကျတော့ သူ အလှူလာခံတယ်၊ အလှူလာခံတဲ့ အခါကျတော့ အဘ ကျွန်တော် ပျောက်ပြီတဲ့။

ဒိုး ။ ။ဩ ဒါဆို ဆီးရောဂါ၊ ဆီးလမ်းကြောင်းမှာ ဒဏ်နာလည်း ပျောက်တယ်ပေါ့၊ ဒါ ကိုယ်တွေ့ပေါ့နော်၊ ဒါဖြစ်လို့ရှိရင် သောက်ပြီး သားလည်း တော်တော်စုံတယ်ပေါ့နော်၊ လက်ဖက်ရည်ပန်းကန်လုံးနဲ့ သောက်တဲ့သမားလည်း ရှိတယ်။

ငွေ ။ ။ခန္ဓာကိုယ်တည်ဆောက်ပုံ မတူတာပေါ့။

ဒိုး ။ ။ခုပြောတဲ့ စကားလေးတစ်ခွန်း ဘာပြောလဲဆိုရင် ခန္ဓာကိုယ်တည်ဆောက်ပုံ မတူဘူး၊ နည်းနည်းများရင် မူးတတ်တယ်၊ ကျွန်တော်လည်း အဲဒီလိုကိစ္စကို လျှောက်မေးကြည့်ပါတယ်၊ မေးကြည့်တော့ ကျွန်တော်တို့ စူလာနဖာသောက်ရင်လည်းသူက တစ်ခွက်ခွဲ တစ်ခွက်ထက် ပိုသောက်လို့မတော်ဘူး၊ ဖန်ခွက်နဲ့ များရင် သူကသွေးကျတယ်၊ ပိစပ်ကျတော့ တစ်မျိုးဖြစ်ပြန်တယ်၊ ပိစပ်ကျတော့ မူးလာတာက သွေးတက်တာ၊သွေးတိုးတတ်တယ်၊ ဓာတ်သဘောကျတော့ နည်းနည်းခြားနားတယ်၊ ဒါပေမယ့် အကန့်အသတ်ကတော့ သွေးကင်ဆာသမားက သုံးခွက်တောင် သောက်တာဆိုတော့ သွေးကင်ဆာသမားက သူ့နည်းသူ့ဟန်နဲ့ အဆင်ပြေတယ်ပေါ့လေ၊ ကျေးဇူးပါ၊ ဒီလို ရှင်းပြတဲ့အတွက်။

ငွေ ။ ။ပြောဖို့ ကျန်ပါသေးတယ် ဆရာ၊ စူလာနဖာ သောက်လို့ ကျွန်တော် ဆီးချိုသွေးချိုပျောက်ပြီလို့ ကျွန်တော် ယူဆနေတယ်၊ တန်ခူးလမတိုင်ခင် သောက်တော့ တန်ခူးတုန်းက ဒုံပဥ်စောင့် ဘာစောင့် အချိုစားသမား၊ ဒါတိုင်း ဆိုလို့ရှိရင် ကျွန်တော် ဆင်တုံးမန္ဒယ်စားတာလည်း ထိန်းတော့ ထိန်းတယ်၊ ဒါပေမယ့် အစားများရင် တက်တာပဲ၊ သွေးချိုက ၃၀၀-၄၀၀ အထိ တက်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျွန်တော့်အမျိုးသမီးဆိုရင် ၅၀၀ အထိ တက်တယ်၊ ဆရာ စူလာနဖာသောက်တော့ သကြိန်တုန်းက အချိုတွေ ဘာတွေ စားတယ်၊ ၂၀၀ မကျော်တော့ဘူး၊ သွေးချို ၂၀၀ မကျော်တော့ဘူး၊ ဆီးချိုတော့ လုံးဝ မတက်တော့ဘူး။

ဒိုး ॥ ॥ဒါလဲ ကောင်းသတင်းတစ်ခုပါ။

ငွေ ॥ ॥ကျွန်တော့်အမျိုးသမီးကျတော့ သူက သောက်သောက်ရင်း ယားတယ်ဆိုလို့။

ဒိုး ॥ ॥နာမည်က။

ငွေ ॥ ॥ဒေါ်ခင်ကြည်ပါ၊ သူက နည်းနည်းယားတယ်ဆိုလို့ သူ့ကို တော်ခိုင်းလိုက်တယ်၊ တော်ခိုင်းလိုက်ပြီး ဆရာ တစ်ယောက်ကို မေးကြည့်တော့ ဒီစူလာနာဖာကြောင့်မဟုတ်ဘူး၊ ဆက်သောက်ပါဆိုလို့ ပြန်သောက်တယ်၊ သူလည်း ၃၀၀ ကျော် ၄၀၀ ကျော်ကနေ သွေးချိုလဲ ပြန်ကျတယ်၊ ၂၀၀ ပိုပိုပဲရှိတယ်။

ဒိုး ॥ ॥သူက သွေးအကျမြန်တတ်တဲ့ အတွေ့အကြုံရတယ်။ တချို့ကျတော့ ရောဂါပျောက်ချင်ဇောနဲ့ ရေမသောက်တော့ပဲ သောက်တယ်၊ အဲ တစ်ခါတည်း တန်ဆေးလွန်ဘေး ကိုးရိုးကားယားတွေ ဖြစ်တတ်တယ်၊ စူလာနဖာက အဲလိုဖြစ်တယ်။ ပိစပ်ကျတော့လဲ သောက်နည်းက မျိုးစုံပေါ့လေ၊ ဇွန်းကြီး သုံးဇွန်းကလည်းရှိတယ်။ လက်ဖက်ရည်အကြမ်းပန်းကန်နဲ့ သောက်တာလည်း ရှိတယ်၊ သို့သော် ပျောက်တာက ပျောက်တာပဲ၊ သူကတော့ သွေးတိုးတတ်တဲ့ဓာတ်ရှိတယ်၊ အဲဒါလေးကတော့ အများသတိပြုအောင် တင်ပြပေးပါမယ်။

အုန်း ॥ ॥အကောင်းဆုံးကတော့ တစ်ဇွန်းပဲကောင်းတယ်၊ မနက်တစ်ဇွန်း ည တစ်ဇွန်း။

ဒိုး ॥ ॥အဲဒီဟာကတော့ အပြောများတယ်၊ ကျွန်တော်လည်းရေးတယ်၊ အဲဒီ စကားပြောတဲ့နေရာက တော်တော်များများရှိတယ်၊ ဒါပေမဲ့



ခုနက သွေးချိုကလည်း အလွန်ကုရခက်တယ်။ ဘယ်လိုနည်းနဲ့မှ ကုလို့ မရဘူးလို့၊ သွေးကင်ဆာရော၊ သွေးကင်ဆာလဲ ဘယ်လိုနည်းနဲ့မှ ကုလို့မရဘူးလို့ Korea ကား တွေထဲမှာပါတဲ့အတိုင်းပဲ၊ သူ့ကို ကုနိုင်စရာဆေးမရှိဘူး၊ ဆေးမရှိတဲ့အတွက် နောက်ဆုံးနည်းနဲ့ သူတို့ဆီတွေတာက ခါးရိုးကချဉ်ဆီကိုထုတ်၊ အဲဒီချဉ်ဆီကို ဓာတ်တူတဲ့သူဆီက ယူထည့်၊ ဓာတ်တူ တဲ့ ချဉ်ဆီကလည်း မနည်းရှာရတယ်၊ တွေ့ရင် ကံကောင်းတယ်၊ အဲလိုမျိုးနဲ့ ကုရတဲ့ ဘဝ ရောက်ကြပါတယ်။ ကျွန်တော်တို့ဆရာ ပိစပ်ကတော့ ခါးရိုးလည်းမပါဘူး၊ ချဉ်ဆီလည်းမပါဘူး၊ အားလုံး အဆင်ပြေတယ်၊ ပိုက်ဆံလည်းမကုန်ဘူး၊ ပိစပ်က နာမည်အမျိုးမျိုး၊ သူက တောရှုပ်ပင်၊ မားနဲ့ခုတ်ပစ်တာပဲ၊ မိုးကုတ်ဘက်မှာဆိုရင် တောင်ကြီး တစ်တောင်လုံး။

အုန်း॥ ॥တချို့က ပြောတယ်၊ ပိစပ်ရွက် ပို့ပေးပါလားတဲ့၊ ပို့လို့တော့ ရတယ်၊ ခင်ဗျားတို့ပိုက်ဆံ ကျွန်တော်တို့ မစားချင်ဘူး၊ နမူနာ ပို့ပေးရင်ရပြီ မဟုတ်လားလို့။

ဒိုး ॥ ॥ခက်တာက သူတို့က နာမည်သိတယ်၊ ဂျာမနီလို့ပြောရင် တချို့က သိတယ်၊ တချို့ကလည်း ဆိတ်နံ့ပင်လို့ ပြောရင်သိတယ်၊ တချို့ကလည်း မျိုးစုံပေါ့။ ဒေသအလိုက် အခေါ်လေးတွေ ကွဲကြတာပါ။

အုန်း॥ ॥ဟသ်ာတဘက်ကျတော့ ကုန်းဗေဒါတဲ့။

ဒိုး ॥ ॥မြောင်းမြကလည်း ကုန်းဗေဒါတဲ့၊ ကျွန်တော့်အိမ်မှာကျတော့ အပင်စိုက်ထားရတယ်၊ မကွေးက လာကြည့်ကြတယ်၊ ကြည့်ကြည့်ပြီးတော့ တစ်ခက်တစ်ခက် တောင်းတယ်။

အုန်း॥ ॥ဆရာနည်းနည်းမှားသွားတယ်၊ ကျွန်တော်ထင်တယ်၊ ဆရာ ပထမရေးလိုက်တဲ့ ဆောင်းပါးထဲမှာက ဆရာစူလာနဖာပင်ပဲ ပြထားတော့။

www.burmeseclassic.com

www.burmeseclassic.com



ဒိုး ။ ။မဟုတ်ဖူး၊ ဖြစ်ပုံက ပန်းချီဆရာ၊ ပိစပ်မမြင်ဖူးဘူး၊ ပန်းချီဆရာ ပိစပ်မမြင်ဖူးတော့ သူကလည်း ပိစပ်ဆိုတာ ဒီလို ချွန်ချွန်ကြီးပဲ အောက်မေ့ကာ အမှန်က ပိစပ်ဆိုတာ ချွန်ချွန်ကြီး မဟုတ်ဘူး၊ လွှသွားလေးတွေနဲ့၊ ခွေးသွားစိပ်ပြားပြားလေး၊ ပြီးတော့ သူက လည်း ထူးဆန်းတာက အရိပ်ထဲထားမခြောက်ဘူး၊ တခြားအပင် တွေက အရိပ်ထဲထားရင်ခြောက်တယ်၊ ပိစပ်က မခြောက်ဖူး ခဗျာ၊ အခုထက်ထိ အိမ်မှာ ၁၀၀၀ ဖိုးဝယ်ထားတာ ဒီတိုင်းကြီးပဲ၊ ကိုင်လိုက်ရင် စိုထိုင်းစိုထိုင်း၊ နောက်ပြီးတော့ သူ့ကို ခြောက်ဖို့ အချိန်ယူတာပေါ့လေ၊ ဒါလည်းပဲ ဗဟုသုတတွေပါ၊ သောက်ပုံ သောက်နည်းလည်း ကောင်းပါတယ်၊ ခုနက ဝါးစားတဲ့သူလည်း ရှိတယ်လေ၊ ဝါးစားလို့ ကင်ဆာပျောက်တာလည်း ရှိတယ်၊ ဒါတော့ ဒီဗဟုသုတတွေကို ဆက်လက်တင်ပြပါမယ်၊ အစ်မကြီး ဒေါ်ညိုကလည်း သိတာလေးကို ပြောဦးမှပေါ့။

ညို ။ ။ကျွန်မက ဘယ်လိုလက်တွေလည်းဆိုတော့ ကျွန်မ ကလေးမွေး တုန်းက အစားမှားထားတာရှိမှာပေါ့နော်၊ ရှိတော့ အခု အသက် ကြီးလာတော့ ရေချိုးလိုက်ရင်လည်း ယားတယ်၊ တစ်ကိုယ်လုံး ကို နီရဲလာပြီးယားတာ၊ အယားက အားကြီးဆန်းတယ်၊ ရေချိုး တိုင်း ယားတော့ အဲဒီ ပိစပ်ရွက်ကို ညှစ်ညှစ်ပြီးတော့ တစ်ပတ် လောက် သောက်လိုက်တာပေါ့၊ အခု လုံးဝမယားတော့ဘူး။

ဒိုး ။ ။ပိစပ်ကလည်း ယားတာလဲ အယားဖြေဆေးပဲ။

အုန်း ။ ။ဦးသာဂဒိုးရဲ့ဆောင်းပါးကို ဖတ်ရတဲ့အခါကျတော့ ဦးသာဂဒိုးရဲ့ စေတနာကိုလည်း ကျွန်တော်တို့သိလာပါတယ်၊ ကျွန်တော်တို့ လည်း ဦးသာဂဒိုးနဲ့ ထပ်တူထပ်မျှ အဲဒီ စေတနာမျိုးရှိနေတော့ ကျွန်တော်တို့ ဘယ်လိုဖော်ရမလဲဆိုတာ ကျွန်တော်တို့ လမ်း ကြောင်းရှာနေတယ်၊ ရှာမတွေ့တဲ့အခါ ကျွန်တော်တို့ ဘယ်ကနေ



စသလဲ၊ ဦးသာဂဒိုးရဲ့ ဆောင်းပါးဖတ်ရတဲ့အခါ ဦးသာဂဒိုးရဲ့ Phone နံပါတ်တွေ မဂ္ဂဇင်းတိုက်ကို မေးရှာပြီး စကားပြောခဲ့ရတာ ပါ၊ ကျွန်တော်တို့ အကျိုးအကြောင်းရပြီး အဆက်အသွယ်ရပြီး ဦးသာဂဒိုးကလဲ ဂရုတစိုက်နဲ့ လိုက်ပြီးတော့ လေ့လာပေးတာ ဝမ်းသာတယ်၊ ကျွန်တော်တို့ မွန်ပြည်နယ်သူ ပြည်နယ်သား အဖွဲ့ကလည်း အတိုင်းထက်အလွန် ဝမ်းမြောက် ဝမ်းသာ ကျေးဇူးလည်းတင်ပါတယ်။

ဒိုး ။ ။ဟုတ်ပါတယ်၊ ကျွန်တော်ကလည်းရတာလေး တစွန်းတစရှိ တယ်၊ ဒီပိစပ်ဆိုတာ စွမ်းတယ်၊ ဘာတွေစွမ်းမှန်းတော့ မသိဘူး၊ ဆရာတော်ကြီးတစ်ပါးကတော့ လည်ချောင်းနာသမားကို တိုက် လိုက်တာ ပျောက်သွားတယ်ဆိုတာ သိလို့ ကျွန်တော်က ဆောင်းပါးရေးပြီးပြီ၊ လည်ချောင်းနာကိစ္စက တောင်ကိုးလုံး တရားဟောပွဲဖြစ်တာပါ၊ ဟောလည်းပြီး တရားပြလည်း ပြီးရော ပွဲသိမ်းတော့ အမျိုးသမီးတဦးကို ဆေးရုံပို့ဖို့ လုပ်နေကြတယ်၊ ဘာဖြစ်လို့ဆေးရုံပို့မှာလည်းဆိုတော့၊ လည်ချောင်းမှာ ဟိုဟာ ရောဂါကြီးဖြစ်နေတယ်တဲ့၊ ဘာညာ ဘာညာလေ၊ ဆရာတော် ကြီးက နေစမ်းပါဦး၊ ငါ့ကိုပြောကြစမ်းပါဦး၊ ဘာဖြစ်တာလည်း မေးတယ်၊ ဒီမှာအနာဖြစ်တာ စကားလည်းမပြောနိုင်ဘူးပေါ့၊ ဟာ ဘာခက်လည်း၊ ဟိုအနားမှာ ဟိုအပင်၊ ပိစပ်၊ ပိစပ်၊ ခုထောင်းစမ်း၊ ခုတိုက်စမ်း၊ သောက်သည့်အချိန်မှစလို့ အေးချမ်း ပြီး ဒါနဲ့ လုံးဝပျောက်သွားတယ်၊ ကျွန်တော်လည်း ဒီလောက်ပဲ သိတယ်လေ၊ ပိစပ်နဲ့ပတ်သက်ပြီး၊ အဲဒီမှာ ဦးတင်ငွေက ပြော လိုက်တဲ့အခါကျတော့ ကျွန်တော့်အဖို့မှာ လူတွေကို ပြောစရာ ဆိုစရာ ရေးစရာတွေရတယ်၊ ရလာတော့ အနယ်နယ်က လာ တယ်၊ ခုနကပြောသလို အသည်းမှာဖြစ်နေတာ၊ အရက်အများ ကြီး သောက်တဲ့သူ၊ အသည်းမှာဖြစ်နေတဲ့အတွက် ပျောက်တဲ့သူ၊

www.burmeseclassic.com

www.burmeseclassic.com



သို့သော် နည်းလမ်းတွေက မျိုးစုံပေါ့၊ သူ့နည်းလမ်းက နည်းနည်း ဆန်းတယ်။ ဘာလဲဆိုလို့ရှိရင် သူ့ကို ပေါင်းတင်သောက်တယ်၊ ကျွန်တော့် မိတ်ဆွေတစ်ယောက်က 'ဟ၊ မင်းပေါင်းခံသောက် တာလဲ အရက်ပဲကွ၊ ဒီကောင်က အရက်သမားမို့လားမသိဘူး၊ အသည်းကျွမ်းတာကွ၊ ပေါင်းတင်ပြီး အရက် အမှတ်နဲ့များ သောက်နေသလား၊ ဘာအမှတ်နဲ့ သောက်သောက် ပျောက် တော့ ပျောက်ပြီဗျာ၊ သောက်ချင်ရာ သောက် ပျောက်ပြီဗျာ၊ ဒါကတော့ တွေ့ကြုံရတဲ့ ဇဟုသုတပေါ့ခင်ဗျာ၊ ဦးလှရွှေလည်း ပြောပြပါဦး၊ အတွေ့ အကြုံလေး။

ရွှေ။ ။ကျွန်တော့် အတွေ့အကြုံလေးက ကျွန်တော်တို့ကတော့ ပိစ[illegible] ရွက်ကိုပေါ့လေ၊ ကျွန်တော် ဆီးကျန်တို့ ဘာတို့ သောက်[illegible] ကောင်းတယ်၊ ကျွန်တော်တို့ သွားချင်ရင် မအောင့်နိုင်တာ[illegible] ဘာတို့ ကျွန်တော် သောက်တာ များတယ်၊ ကျွန်တော့် အ[illegible] ကြီးက လုပ်ပေးလို့ ကျွန်တော်က အမြဲတမ်း သောက်တ[illegible] ဟိုတုန်းက ဒီလိုပဲ ခုနက ပြောသလိုပဲ အပေါ့ သွားချင်လို့ရှိ[illegible] ဆီးကျန်ကို ဦးတင်ငွေတို့က ဖြစ်ဖူးပါတယ်၊ ကျွန်တော်က [illegible] ဟာကို သောက်လိုက်တဲ့အခါကျတော့ နဂို ကျွန်တော် ခပ်[illegible] ငယ်တုန်းကလိုမျိုး ပြန်ဖြစ်လာတယ်ပေါ့နော်၊ တခြား[illegible] စူလာနဖာဆေးမျိုးပေါ့၊ အခုသောက်နေတဲ့ အစိမ်းပေါ့နေ[illegible]။

ဒိုး ။ ။ဩ ဒါလည်း ပိစပ်ရွက်ကျေးဇူးပဲ၊ ဒါဖြစ်ရင် ကျွန်တော့် သူ[illegible] ချင်းတစ်ယောက်ကို ညွှန်ရမလိုဖြစ်ပြန်ပြီ၊ တစ်နေ့ ကျွန်[illegible] သူငယ်ချင်းတစ်ယောက်က အိမ်ပေါ်တက်လာတယ်၊ သူ[illegible] ချင်း ငါ ဒုက္ခရောက်နေတယ်၊ အရေးထဲမှကွာ ဘာအရေး[illegible] နေသလဲ၊ ငါကွာတဲ့၊ ကွန်ပျူတာ ဝယ်မလို့ကွာတဲ့၊ ကွန်ပျူ[illegible] သွားဝယ်တာကွ၊ ကန်တော့ပါရဲ့ကွာတဲ့၊ ဆိုင်ထဲမှာ ဘွတ် [illegible]



ဘွတ် ဆိုပြီး အစက်တွေကျကုန်ကောကွ၊ ငါအဲဒါ ဖြစ်နေတယ် ကွ၊ အဲဒါဖြစ်နေရင် ဒီနည်း ပိစပ်တိုက်ရမယ်၊ တခြားသူ မဟုတ် ဘူး၊ ကျွန်တော့်သူငယ်ချင်း စွမ်းအင်ဝန်ကြီး လုပ်ခဲ့တဲ့ ဦးစိန်ထွန်း ဆိုတာ။

ရွှေ။ ။ခုနက ပြောတာလည်း ဒီသဘောပဲ၊ လက်တွေ့ကောင်းတယ်။

ဒိုး ။ ။ဒါဆို သူငယ်ချင်းလဲ လမ်းညွှန်ရမယ်၊ သေးတစ်စက်စက်ထွက် နေတယ်၊ သေးတစ်စက်စက်ထွက်တဲ့ သူက အင်မတန် ဒုက္ခ ရောက်တာ၊ လမ်းသွားလို့လည်းမရဘူး၊ ကားမောင်းလို့လည်း မရဘူး၊ လုံချည်တွေရွှဲပြီးတော့ ဒုက္ခပဲ၊ အတော်ပဲ၊ ပိစပ်ပဲ သောက်။

ရွှေ။ ။ခုနကပြောသလို ဆရာတော်တစ်ပါး ဆေးနည်းပေးသလိုပဲ ကျွန်တော်တိုလဲပဲ မိုးဖြဲက ကိုသန်းစိုးဆိုတာ ညွှန်ကြားရေးအဖွဲ့ ထဲက သူ့မိန်းမကိုလည်း သူ ရန်ကုန်မှာ ဆေးသွားကုတာ သိန်း ၃၀ လောက် ကုန်တယ်၊ အသည်းကင်ဆာ၊ အသည်းရောင် အသားဝါ၊ အသည်းရောင်အသားဝါသွားကုတာမပျောက်လာတဲ့ အခါကျတော့ မိုးဖြဲနား ကုန်းတာ ဆရာတော် တောင်တန်း သာသနာပြု ဆရာတော်က မပျောက်ရင် ငါ့ကျောင်းမှာလာနေ၊ ငါကုပေးမယ်ဆိုပြီးတော့ အဲဒီ ပိစပ်တိုက်ပြီးတော့ ကုလိုက်တာ ပျောက်သွားတယ်။

ဒိုး ။ ။တွံတေးက သူကကျတော့ အဆုပ်ကသေးသေးလေး ရှိတော့ တယ်၊ ဘယ်လို နည်းနဲ့မှ ကြာရှည်မနေနိုင်ဘူးလို့ ထင်ရလောက် အောင် သေးတာ၊ သူက ပိစပ်သောက်တာ ရောဂါပျောက်သွား တော့ ဝမ်းသာအားရနဲ့ လာသတင်းပေးတယ်။

ရွှေ။ ။တို့တို့၊ တို့တို့နဲ့ ပျောက်တဲ့သူတွေ အများကြီးရှိတယ်။

www.burmeseclassic.com

ဦးလှရွှေကပင် ဆက်ပြောသည်။

ရွှေ။ ။ဟုတ်ကဲ့၊ တချို့က ပြောတဲ့စကားရှိတယ်၊ သတိရတုန်း ပြောတာပါ၊ ဟို ပညာရှိတို့မည်သည် စည်ကြီးနှင့် တူသည်တဲ့၊ မေးမှ ပြောရသည်တဲ့၊ ကျွန်တော်တို့ကတော့ မဟုတ်ဖူး၊ တစ်လုံးသိရင် သူများကိုလည်း တစ်လုံးပေး သိချင်တယ်၊ နှစ်လုံးသိရင် နှစ်လုံး သူများကို ပေးသိချင်တယ်။

ဒိုး ။ ။အဲ့ဒါ သတင်းစာ စိတ်ဓာတ်ပဲ၊ ကျွန်တော်လည်း ဒါရေးပြီးမှုဝေခံစားလုပ်နေတာ၊ ရွှေမန်းတင်မောင်ဖြစ်စေ၊ သူ ဟောလိုက်လို့ ပြောလိုက်လို့ ယုံတတ်တဲ့သူက ရသွားတာပဲ၊ မယုံတတ်တဲ့သူက မရပါဘူး၊ ဒါက ယုံတတ်တဲ့သူ အတွက်ပဲ၊ ကျွန်တော် ဒီဆေးကို စိတ်ဝင်စားတာဟာ ကျွန်တော် ခဏခဏ ရေးဖူးပါတယ်၊ တိုက်ပွဲမှာ သူငယ်ချင်းနှစ်ယောက် သေနတ်မှန်တယ်၊ တစ်ယောက်က ခြေထောက်၊ တစ်ယောက်က ဗိုက်၊ ခြေထောက်ကို မှန်တဲ့သူကော ဗိုက်ကိုမှန်တဲ့သူကောအတွက် ဆေးမရှိဘူး၊ ခြေထောက်ကလည်း အန္တရာယ်ကြီးတယ်၊ ဗိုက်ကလည်း အန္တရာယ်ကြီးတယ်၊ ဆေးမရှိလို့ ဒုက္ခရောက်နေတုန်းမှာ တောဆေးပေါ့၊ ဒီအခါ ရွာကဘကြီးက 'ဟေ့ကောင်လေးတွေ လာခဲ့စမ်း၊ ငါလုပ်ပေးမယ် ထိုင်စမ်း၊ ဒီနားမှာ ခေါ်ခဲ့၊ ဟိုကောင်ကို ဗိုက်သမားကို၊ အဲဒီမှာ သွားပြီးတော့ ကျောက်ဖရုံသီးရှာတယ်၊ ကျောက်ဖရုံသီးကို ခွဲလိုက်တယ်၊ အူတိုင်ထုတ်လိုက်တယ်၊ နောက်ပြီးတော့မှ ဒဏ်ရာတွေမှာ စည်းထားလိုက်တယ်၊ အရည်တွေ မတရားကျတယ်၊ အဲဒီလိုနဲ့ ကျောက်ဖရုံသီးလဲပေးတယ်၊ နှစ်ယောက်စလုံး ကောင်းသွားတယ်၊ နောက်မှာ တစ်ယောက်က ရုပ်ရှင်မင်းသား မျိုးမြင့် ဆိုတာ လာဖြစ်တယ်၊ ကျွန်တော်တို့ ဗြိတိသျှဘားမား ရုပ်ရှင် နာမည်ကြီးမင်းသား၊ ဒီကျောက်ဖရုံသီး ကယ်သွားတာ၊



ထိုနည်းလည်းကောင်းပဲ၊ ထွန်းမြိုင်ဆိုတာက ကုန်သွယ်ရေး အရာရှိဖြစ်သွားတယ်၊ ဒီနှစ်ယောက်ကို ကျောက်ဖရုံသီး ကယ်တဲ့ အတွက်ဆိုတာ မှတ်ထားရမယ်၊ ဒီလို ဆေးနည်းတွေရှိတယ်၊ လေ့လာရမယ်၊ ကျွန်တော် လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ လောက် ကတည်းက လေ့လာတယ်၊ ခုတော့လည်းဘဲ ခုနက ကျွန်တော် အစီရင်ခံသလိုဘဲ ဒီအသက်အရွယ်ရောက်နေပြီ၊ မင်းက ဟိုဘဝ ယူသွားဦးမှာလား၊ ကိုယ့်ဖာသာဆုံးဖြတ်ပြီးတော့ ဒါတွေ ရေးပါတယ်၊ ဆေးနည်းတွေ ရေးနေတယ်၊ အခု ရန်ကုန်ကနေတောင် ကယားပြည်နယ် လွိုင်ကော်ကိုလာပြီးတော့ လေ့လာတာပါ။

ရွှေ။ ။ကိုတင်အုန်းက အရင်ဆုံးဖြစ်တာ။

ဒိုး ။ ။ဒီဆေးနည်းဘယ်ကရသလဲ၊ ကျွန်တော် အရင်ဆုံးမေးရတာလေ၊ အဲ့ဒါမျိုးတွေအတွက် ပြည်သူအများမှာ အကျိုးရှိသွားရင် ကျွန်တော်တို့ အလကားနေရင် ပီတိဖြစ်တာပဲ၊ ဝမ်းသာတာပဲ၊ ဒုက္ခရောက်နေတုန်းမှာ ကျွန်တော်တို့ ပိစပ်တို့၊ စူလာနဖာတို့က အများကြီး ကယ်တယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပီတိဖြစ်ပြီ၊ ကောင်းပါစေ၊ ဒါကို ကျွန်တော်တို့ အစီရင်ခံတာပါ။

အခု ကျွန်တော့်ကို စာရွက်စာတန်းများ ထုတ်ပြကြပါတယ်။ ဆွေးနွေးကြစဉ်မှာ ဦးတင်အုန်းရဲ့ E.C.G ရိုက်ထားတဲ့ စက္ကူများ၊ နောက်ပြီးတော့မှ အဆုတ်ကင်ဆာဖြစ်တဲ့ကိစ္စ ရိုက်ထားတဲ့ ဓာတ်မှန်လေးချပ် ပြတယ်၊ ဦးတင်အုန်းကလည်း သေချာသိမ်းထားပါတယ်။ အဲဒီဓာတ်မှန် လေးချပ်ကိုလည်း တွေ့ရပါတယ်။ အဆုတ်ကင်ဆာရဲ့လက္ခဏာကိုတော့ ကျွန်တော် အသေးစိတ် မဖတ်တတ်ပါဘူး၊ သို့သော်လည်းပဲ သူ့ရဲ့ထူးခြားတဲ့ လက္ခဏာတွေကို ကျွန်တော့်ကို ပြပါတယ်။

www.burmeseclassic.com

www.burmesec sic.com

## သက်ကြီးရွယ်အိုဒုက္ခဆိုတာ

ကျွန်တော် လှိုင်ကော်သွားရန်ကိစ္စ အတော်ကို ဂရုတစိုက် လှုံ့လစိုက် ပြင်ဆင်ရပါတယ်။ သက်ကြီးရွယ်အို လိုအပ်သည့် ကိစ္စများကအစပေါ့၊ သက်ကြီးရွယ်အိုဆိုတာ ဘာ လိုအပ်သလဲ၊ ပြောရခက်သားပါလား။ သက်ကြီးရွယ်အိုဆိုတာ ဆီးလွယ်တယ်ဗျ၊ အဲဒါ ခက်တာ၊ ဆီးလွယ်ရင် ရေမသောက်နဲ့ ဆီးမသွားတော့ဘူး။ ဒီလိုကစ လေ့ကျင့်ရတာဖြစ်ပါတယ်။ ပစ္စည်းပစ္စယက ဆီးအိုးကအစ ယူရတဲ့သဘောဖြစ်ပါတယ်ဗျာ။

စုံအောင် လေ့ကျင့် ဆောင်ရွက်နေစဉ်ကာလမှာ ကျွန်တော်အဖို့ ထူးခြားတဲ့သတင်းများကလည်း ရနေပြန်ပါတယ်။ ဘာတွေ ထူးခြားတဲ့ သတင်းလည်းဆိုတော့ ကျွန်တော်ရန်ကုန်မှာ ပိစပ်နဲ့ပတ်သက်ပြီး တော်တော်များများကို အကူအညီပေးပါတယ်။ နည်းလမ်းမျိုးစုံလည်း ပြပါတယ်။ ဒုက္ခခံပြီးတော့ သွားရောက်သင်ကြားခြင်းများလည်း လုပ်ပါတယ်။

ဒီထဲမှာပဲ ဖွင့်ပြောရတော့မယ်ထင်တယ်။ AIDS ရောဂါသမားလေး တစ်ယောက် ကရုဏာကြီးစွာ ကျွန်တော်ကူရပါတယ်။ ဤ AIDS ရောဂါ သမားလေးဟာ မတော်တဆ ရောဂါရတာဖြစ်တယ်။ သူနဲ့ အလုပ်လုပ်သူ အလုပ်သမားများက သူတို့က ခေါင်းအုံရင် ဇက်ထိုးရင် ကျောကုန်း အကြောတက်ရင် ဆေးပေါက်တတ်ပါတယ်။ ဆေးပေါက်တယ်ဆိုတာ မြန်မာနည်း ဂုတ်ပေါက်ခြင်းပါ။ ဒီလိုဆေးပေါက်တဲ့ဟာက အန္တရာယ် ကြီးကြောင်း ကြားဖူးနားဝ မရှိကြဘူးလား၊ ရှိကောင်းရှိမယ်။ အမှတ်တမဲ့နဲ့ လုပ်မိကြတာ ဖြစ်နိုင်ပါတယ်။



### ရောဂါဝင်

ဒီသူငယ်ဟာ အသက် ၃၅ နှစ်ပါ။ သို့သော် သတိ လွတ်ကင်းစွာ ပြုမိဟန်တူပါတယ်။ သူကလည်း ဝင်ပြီး ဆေးပေါက်ခံပါတယ်။ ဒီဆေး ပေါက်ခံရင်းနဲ့အတူ သူ့ခမျာ ကံဆိုးစွာ AIDS ဖြစ်ပါတော့တယ်။ တော် တော်ပင်ပန်းရှာပါတယ်။ AIDS ဖြစ်တယ်ဆိုတာ အတော်ပင်ပန်းပါတယ်။ လူပင်ပန်း၊ စိတ်ပင်ပန်း၊ ငွေကြေးပင်ပန်း၊ ပင်ပန်းမှုမျိုးစုံ ခံရပါတယ်။ ဒီလိုဖြစ်နေတဲ့ အချိန်အခါမှာ ကျွန်တော် ပိစပ်နဲ့ နည်းလမ်းကိစ္စများ ကျွန်တော် ရေးသားတဲ့အခါကျတော့ ကျွန်တော်အပေါ် အားကိုးစွာ တိုင်ပင်ကြတယ်။ ကျွန်တော် ကူညီပါတယ်။

နည်းလမ်းကအစ ပြောပါတယ်။ စိတ်ဓာတ်ရေးရာကအစ အားထည့် ပါတယ်။ ဒီကလေးဟာ အကျိုးများစွာ ရှိသွားတာတွေတော့ ကျွန်တော် ဟာ ပီတိပွားပြီး တအားကို ပျော်ရပြန်ပါတော့တယ်။ ဘယ်လိုဖြစ်တယ် အသက် ၃၅ နှစ်ရှိ ဒီရောဂါသည်လေးဟာ သူ့တစ်ဖက်က ရောဂါအခြေ အနေအရ အမြဲဖျားတက်ပါတယ်။ အမြဲဖျားတာကို ဆရာဝန်များက လည်း ကြိုးစားကုပါတယ်။ ဒီဖျားမှုဟာ ဘယ်လိုမှမနေနိုင်ဖြစ်နေပါတယ်။ ဆေးမျိုးစုံ ဆေးနည်းမျိုးစုံနဲ့ ကုပါတယ်။ သို့သော် ကျွန်တော်တိုက်တွန်းမှုနဲ့ ပိစပ်သောက်ပါတယ်။ သောက်တဲ့အခါမှာ အတော်သိသာစွာ ကောင်း လာတာ ဖြစ်လာပါတယ်။ ဘယ်လောက်ထိ သိသာစွာ ကောင်းလာသလဲ၊ ရက် ၂၀ မျှ ပိစပ်ကို သောက်တာနဲ့ဘဲ အဖျားထွက်ပြေးသွားပါတယ်။ အံ့ဩစရာကောင်းပါတယ်။ ဒီစကားကြားတော့ ကျွန်တော်လည်း ပီတိ ပွားပြီး အားရဝမ်းသာဖြစ်ပါတယ်။

### နောက်တစ်ဦး

ဒီလိုကောင်းသတင်းများအတွက် ကျွန်တော်တို့ဟာ ဝမ်းသာပျော်ပြီး တော့ကောင်းသတင်းပြောရင်းနဲ့ ဆိုးသတင်းပြောရပါဦးမယ်။ ဆိုးသတင်း ဆိုတာ တခြားမဟုတ်ပါဘူး။ ကျွန်တော်သိတဲ့ ကလေးတစ်ယောက်ဟာ

www.burmeseclassic.com

AIDS ဖြစ်နေတယ်။ သူ့ကို ကျွန်တော် ပိစပ်တိုက်ဖို့ စီစဉ်ပါတယ်။ ကျွန်တော့်သား မောင်အေးမင်းကတစ်ဆင့် မျိုးစုံ စီစဉ်ပါတယ်။ ဒါပေမဲ့ ကလေးက အကြောက်လွန်လား အရှက်လွန်သလား မသိပါဘူး။ သူဟာ AIDS မဟုတ်ဖူး။ အသည်းရောင် အသားဝါ B ပိုးပါ စသည် ငြင်းခုံပါတယ်။ ဒါနဲ့ ကျွန်တော် ပိစပ်ရွက်မတိုက်နိုင်ပါဘူး။ ဝမ်းနည်းစရာ ဆက်ပြောရပါမယ်။ ဒီကလေးဟာ တစ်လ မကြာခင်မှာ သေဆုံးသွားတာကို ကျွန်တော့်သားကိုယ်တိုင် မျက်ရည်ဝဲကာ ဝမ်းနည်းစကားတွေ ဖအေကို လာပြောပါတယ်။

ကျွန်တော်လည်း စိတ်မကောင်းဖြစ်ပါတယ်။ ကောင်းနေလျက်သားနဲ့ ဖြစ်ရလေခြင်း၊ ဘာကြောင့်လည်း ကျွန်တော် ကယားပြည်နယ်ကို ရောက်တဲ့အခါကျမှ ကျွန်တော့်အဖို့ ပိုဝမ်းနည်းစရာဖြစ်ပါတယ်။ ဘာဖြစ်လို့လည်း ကယားပြည်နယ်ကျတော့ ဒီပိစပ်ရွက်ဟာ AIDS တို့ အခြားကင်ဆာရောဂါတို့အပြင် B ပိုး အသည်းရောဂါတို့ အသေအချာပျောက်တာကို တွေ့တဲ့အခါကျတော့ ဒီကလေးကံဆိုးလေခြင်း ယူကျုံးမရ ဖြစ်ရပါတယ်။ သူ့ကို B ပိုး အသိနဲ့ ကျွန်တော် ဒီပိစပ်ရွက်ကို မတိုက်ခဲ့ရဘူး။ သူသည် ဧကံ ပြန်ကောင်းနိုင်ပါတယ်။ ဧကံ ပြန်ကောင်းမှာ ဖြစ်ပါတယ်။ သူလည်းပဲ AIDS ကိုလည်း B အဖြစ်နဲ့ လှည့်စားပြီးတော့သောက်ဦးတော့ သူ့အသည်းရောဂါဆိုတဲ့ အသိဟာလည်း ပိစပ်နဲ့တွေ့ ပြီး မုချပျောက်သွားမှာဖြစ်ပါတယ်။ ဒါကို ကျွန်တော်နောက်ကျစွာ သိရတာဖြစ်လို့ စိတ်မကောင်းပါ။

ခုလို စိတ်မကောင်းရ ခံစားရ ဖြစ်နေတဲ့ကြားထဲ ကားသံက ခေါ်နေပြီ။ ခရီးဝေးသွားရန် လာကြိုခြင်းဖြစ်သမို့ ပြေးကာလွှားကာ အထုတ်နှစ်ထုတ်ဆွဲကာ ဆင်းလိုက်ရပါတယ်။ ကျွန်တော်ပါ ကားကြီးဂိတ်မှာ အဖော် နှစ်ဦးစာပါ နေရာချထားပါတယ်။ အဖော်တစ်ဦးမှာ လွိုင်ကော်ကို လွိုင်ကော်လူနာများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ဖို့ ဓာတ်ပုံဆရာ ကိုအောင်ကျော်မိုး ဖြစ်ပါတယ်။ သူကလည်းပဲ အလုပ်များဖျက်ပြီးတော့ ကျွန်တော်



အကျိုးလိုက်လံသည်ပိုးတာဖြစ်ပါတယ်။ သူနဲ့အတူ လွိုင်ကော်သား ကိုကျော်စိုးလည်း ပါပါတယ်။ ကိုကျော်စိုးဆိုတာက မလေးရှားမှာ အလုပ်လုပ်ပါတယ်။ မလေးရှားမှာ ၁၀ နှစ်လောက် နေရာက မိဘရပ်ထံမပြန်ရတာ ကြာပြီဆိုပြီးတော့ လိုက်လာတာလည်းဖြစ်ပါတယ်။ ကျွန်တော်တို့အဖို့ အဖော်သဟဲတိုးကာ တစ်မျိုးစိတ်တက်ကြွသွားရသည်။ ဒီအဖော်များဟာ ကျွန်တော်အဖို့ ကားရပ်တိုင်း အသုံးဝင်ပါတယ်။

## ကားကြီးက လှုပေမယ့်

ဘာလို့လဲဆိုတော့ သူတို့မော်တော်ကားကြီးက လှတော့ အင်မတန်လှပါတယ်။ တောင်ကြီးသွားကားပါ။ ကျွန်တော်တို့က အောင်ပန်းထိစီးမှာ ဖြစ်ပါတယ်။ လွိုင်ကော်ကိုသွားရန် အောင်ပန်းက ဆင်းပြီးတော့ နောက်ကားတစ်စီး စီးရမှာ ဖြစ်ပါတယ်။ အဖော်နှစ်ဦးပါတဲ့ ကားကြီးနဲ့ ပျော်ရွှင်ချင်ပေမယ့် ကားကြီးပေါ် ထိုင်လိုက်တာနဲ့ ငိုင်သွားရပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကားကြီးက လှသော်လည်း မတ်တပ်ရပ်လို့ မရပါလား။ ခုံချင်းကညပ်နေတော့ ကုပ်ကုပ်ကလေး နေရပါတယ်။ ကွေးကွေးလေး နေရပါတယ်။ အဲဒီတော့ ကားကြီးရပ်ပြီဆိုရင် ဒီအဖော်နှစ်ယောက်က တွဲပြီး ဆွဲရပါတော့တယ်။ အဘယ်ကြောင့်ဆိုသော် ခြေထောက်က ဆန့် မရဘဲကို။ အချိန်ကလေးရမှ လမ်းလျှောက်လို့ရပါတယ်။ ဒီလိုဘဝနဲ့ ခရီးသွားနေကြရတာကို လမ်းမှာ အကြောင်းကြောင်းနဲ့ ရပ်ပေးတဲ့အခါမှာ ဒီနှစ်ယောက်က အလွန်အားကိုးရတာ ဖြစ်ပါတော့တယ်။

ကျွန်တော် ကားပေါ်မှာ ကွေးထိုင်ရင်း ကုပ်ကုပ်လေးဖြစ်တာကို ပြန်ပြီး ဖြောင့်ဖြောင့်လေးဖြစ်အောင် သူတို့နှစ်ယောက်က ကူညီရတာ ဖြစ်ခဲ့တော့တယ်။ အတော်ဆန်းပြားတဲ့အတွေ့အကြုံပါပဲ။ အတော်ခံစားရတဲ့ အတွေ့အကြုံပါပဲ။ ကုလားထိုင်ကို နောက်မှီလှဲရတယ်ဆိုတာနဲ့ အသာ ခုံလျှောပြီးမိကြည့်ပါတယ်။ နောက်က ကန့်ကွက်ပါတယ်။ သိပ်မမှီပါနဲ့ပေါ့။ တစ်ခါ ရှေ့ကလူက နောက်မှီလိုက်တော့ ကျွန်တော့် ရင်ဘတ်

www.burmeseclassic.com

www.burmeseclassic.com



ဒုတ်ဆို လာထိပါတယ်။ တောင်းပန်ရပြန်တာပေ့ါ။ ကျွန်တော့်ကိုလည်း ညာပါပေ့ါ။ သူတောင်းပန် ငါတောင်းပန်နဲ့ပဲ ခရီးနှင်ရတာ ဖြစ်ပါတော့တယ်။ ဒါပေမယ့် ကားကြီးက တော်တော်လှပါတယ်။

ကျွန်တော် ဒီလို ကောက်ကောက်လေး စီးသွားရတာ နဲမှတ်နေသလား။ ၁၆ နာရီလောက် စီးရပါတယ်။ နေ့လယ် တစ်နာရီ ထွက်တယ်၊ နောက်နေ့ နံနက် ငါးနာရီသာသာမှာ အောင်ပန်း ရောက်ပါတယ်။ ကောက်ကောက်ကလေး ဒီနားကွေးကွေးလေး စီးလိုက်နဲ့ ဒီခရီးကို တအားကြီး နှင်ခဲ့ရတာ ဖြစ်ပါတော့တယ်။ ကျွန်တော် လွိုင်ကော်ကို ပိစပ်ရောဂါ ပျောက်ခြင်းများ တွေ့ရန်ဟာ ဘယ်လောက်မလွယ်တာကို သိရန်ပြန်ပြောပြတာပါနော်၊ အောင်ပန်းကျတော့ သာဆိုးပြန်ပါကော။ ဘယ်မဆိုး နေမလဲ၊ စတိုင်ကြီးကြီးလာတဲ့ကားက ဟိုဘက်နားမှာမရှိပါဘူး။ FUSO ကားသေးသေးလေးကို အလုအယက်စီးရမယ်လို့ ဖြစ်ပြန်ပါတယ်။

## နောက်တစ်ဆင့်မှ ကားဗျ

FUSO ကားသေးသေးလေးက အောင်ပန်းကနေ လွိုင်ကော်ကို ငါးနာရီခရီး ပို့မှာဖြစ်တယ်တဲ့။ ငါးနာရီခရီးမှာ နေရာလုကြရသေးတယ်။ ကျွန်တော်တို့ သုံးယောက် နေရာမရပါဘူး။ တစ်ယောက်ပဲရမယ် ဆိုပါတယ်။ အကော်ဆိုးသွားရပါတယ်။ နောက်မှ သူတို့ ဘယ်လိုကြိုးစားမှုနဲ့လည်း မသိဘူး။ သုံးနေရာ ရပါတယ်။ သို့သော် ကားရဲ့နောက်ဆုံးပိုင်း၊ ဝုန်းဒိုင်းဆို ဖင်ကြွတဲ့ အင်မတန်နာကျင်ရတဲ့ နေရာရပါတယ်။ သို့သော် မတ်တပ်ရပ်တဲ့ သူများနဲ့စာရင် ငါတော်သေးတယ်လို့ဖြေရမှာ၊ ဘာကြောင့်လည်းဆိုရင် မတ်တပ်ရပ်လိုက်သူများလည်း ရှိနေသေးကို။ တစ်ခါ မတ်တပ်ရပ်သူများထက်အဆင့်မြင့်တဲ့ အနေအထားနဲ့ ခရီးသွားရတာလည်း ရှိသေးတယ်။ သူတို့ကတော့ ကားခေါင်မိုး လဟာပြင်မှာထိုင်တယ်။ ဘေးမှာ လှေကားတပ်ထားတယ်။ ဒီလှေကားကနေ အမိုးပေါ်တက်ရတယ်။ အမိုးပေါ်ကနေ စီးရတဲ့ လေဟာပြင်စတိုင်နဲ့ မိုးပျံခရီးစီးရသလို



ဖြစ်ကြပါတယ်။ အလွန် ကသိကအောက်ဖြစ်ပေမယ့် စိတ်ကို ပျော်အောင်ထားလိုက်တော့ ပျော်တာပါပဲလေ။

ကိုယ့်ထက်ဆိုးတဲ့သူက များနေတာကိုး။ မိုးပျံသမားနဲ့စာရင် မတ်တပ်သမားနဲ့စာရင် ငါဖင်ဆောင့်ခံရတာက တော်သေးတယ်။ ဒီလို တွက်ကာပျော်ရတာပင်။ ရှမ်းပြည်ဖက်ကနေ လွိုင်ကော်ဖက်ကို ခရီးနှင်ရတဲ့အခါမှာ ရွာများစွာကို ကျော်ရပါတယ်။ ပင်လောင်းဆိုကာ အကျယ်ကြီးပဲ။ အံ့ဩစရာက ဘာလဲဆိုရင် ရှေးအခါ ကျွန်တော်ရောက်ဖူးစဉ်က တဲများနေရာမှာ အခု တိုက်တွေဖြစ်နေတာ အံ့ဩစရာဖြစ်ပါတယ်။ တိုက်တွေဟာ နိုင်ငံခြားရောက်နေသလား အောက်မေ့ရအောင် စုစုဝေးဝေး လှလှပပ ဆောက်ထားကြပါတယ်။ တဲဆောက်တဲ့နေရာ ဟစ်နေရာပဲ တွေ့ပါတယ်။ တိုက်တွေပြင်နေတာတွေ အသစ်ဆောက်နေတာတွေလည်း တွေ့ရပါတယ်။ ရှမ်းပြည်နယ်သားတွေကြီးပွားတာ ဝမ်းသာရပါတယ်။ ပီတိဖြစ်ရပါတယ်။

## ဓာတ်ခဲဝှက်တာ

လမ်းမှာစကားပြောရင်းသား ခင်ဗျားတို့ ဓာတ်ခဲပါသလားလို့ တစ်ဦးက မေးပါတယ်၊ ဟာဒုက္ခပါပဲ။ ဓာတ်ခဲမပါလို့ ဖြစ်မလား၊ ပါတာပေ့ါ။ ဓာတ်ပုံဆရာကလည်း ဓာတ်ခဲနဲ့လုပ်ရတယ်။ အသံဖမ်းမယ့် ကက်ဆက်သွင်းမယ့် ကျွန်တော်ကလည်း ဓာတ်ခဲက အသက်ပဲမဟုတ်လား။ ဒီတော့ အဲဒီ ဓာတ်ခဲက ခင်ဗျားတို့ တားမြစ်ခံရဖို့ရှိတယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဓာတ်ခဲနဲ့ ဒုက္ခပေးတာလည်း ရှိမှာပေ့ါ။ ဓာတ်ခဲနဲ့ ဘယ်လို ဒုက္ခပေးသလဲဆိုတာ စဉ်းစားကြည့်ပေါ့လို့၊ ပေါ့ပေါ့ငေါ့ငေါ့လေးတွေ ပြောတာကြားခဲ့ရတယ်။ ဒါနဲ့ပဲ အရေးပေါ် လှုပ်လှုပ်ရှားရှားနဲ့ ဓာတ်ခဲဖွက်တန်းကစားရသလို ဖြစ်ပြန်ပါတယ်။

ကက်ဆက်ထဲက ဓာတ်ခဲထုတ် ဟိုချောင် ဒီချောင်ထိုး။ ဓာတ်ပုံဆရာကလည်း ဟိုဓာတ်ခဲလေး ဟိုထည့် ဒီထည့်။ ဒါ သူ့အကြောင်းနဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အကြောင်းနဲ့ ကိုယ်ပေါ့လေ။ ဒေသကလည်း ဒေသအကြောင်းပေါ့။ သို့သော် တစ်ယောက်က ကယ်တင်ပါတယ်။ ဒီလောက် မပူပါနဲ့လေ။ ဒီလောက်လည်း မဟုတ်ပါဘူးဆိုတော့ စိတ်အေးရတယ်။ သူပြောတာ စိတ်အေးရလောက်ပါတယ်။ တကယ်လည်း အကျိုးဖြစ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဘာမှအခက်အခဲမတွေ့ရလို့ပါပဲ။ ဖယ်ခုံရောက်တဲ့အခါကျတော့ အသံတစ်သံကဆိုပါတယ်။

## မော်ဒယ်နေရာတဲ့လေ

ကဲ မိတ်ဆွေတို့၊ မော်ဒယ်မင်းသား မင်းသမီးတို့ ဆင်းကြပေတော့။ အဲလို နှုတ်ဆက်ပါရော။ မော်ဒယ်မင်းသား မင်းသမီး ဖြစ်ပြန်ပါတယ်။ မော်ဒယ်မင်းသား၊ မင်းသမီးဖြစ်တယ်ဆိုတာ တခြားမဟုတ်ပါဘူး။ အဲ့ဒီမှာ အမျိုးသားမှတ်ပုံတင် ကိုင်ပြီး တန်းစီဆင်းလမ်းလျှောက်ရတာကို ဒါ သူတို့ကလည်း ဟာသလေးနဲ့ ပြောတာကို ကိုယ်လည်းပဲ သူတို့ပြောသလို မော်ဒယ်စတိုင်နဲ့ မှတ်ပုံတင်ကိုင်ကာ မြန်းရပြန်တာပေါ့။ ပျော်စရာကောင်းပါတယ်။ အဲဒီကနေပြီးမှ ငါးနာရီခရီးပြီးကာ လွိုင်ကော်ကို ရောက်လာခဲ့ရတာ ဖြစ်ပါတော့တယ်။

လွိုင်ကော်မှာ ကျွန်တော်က ဦးတင်ငွေတို့ကို တောင်းပန်ထားပါတယ်။ ကျွန်တော့်ကို တည်းခိုခန်းမှာထားပါ။ ကျွန်တော် အေးအေးဆေးဆေးနဲ့ နေလို့ရအောင်ပါ။ ဒီလိုတောင်းပန်ထားတာပါ။ ဒါပေမယ့်လို့ ဦးတင်ငွေ စီစဉ်တာက အိမ်ပေါ်ထပ်မှာ တစ်ယောက်တည်း နေရသလို စီစဉ်ပေးလိုက်တော့ ဟိုတယ်တက်ရခြင်းသဘော ဖြစ်သွားပြန်ပါရော။ ဟိုတယ်တောင် ရိုးရိုးဟိုတယ် မဟုတ်ဘူး။ ကြယ်ငါးပွင့် ဟိုတယ်လို ဖြစ်ပါတယ်။ အပေါ်မှာ ရေချိုးခန်း၊ အိမ်သာနဲ့ ကိုယ့်ဖာသာကိုယ် ဘုရားစင်လေးနဲ့ပါ။ ဟိုတယ်နဲ့ ကြယ်ငါးပွင့်ဟိုတယ်ထက် သာတာက ဘုရားစင်ပါတာပါပဲ။ ဘုရားစင်ကလေးနဲ့ဆိုတော့ တော်တော်နေလို့ အဆင်ပြေတာပေါ့လေ။ တရားကလည်း အားထုတ်လို့ရပါတယ်။ မိတ်ဆွေများကလည်း



စေတနာထားပါတယ်။ ဦးတင်ငွေနှင့် သူ့သားသမီးများက ကျွန်တော်အိပ်ဖို့ လုပ်ပေးထားတဲ့ နေရာကြည့်လိုက်တော့ လန့်သွားပါတယ်။

ဘာလို့ဆိုတော့ သူတို့ဆီမှာ ပေါ်နေတာက ရှိနေတာက ကလေးအိပ်အုပ်ဆောင်းအကြီးစားနဲ့ အနေအထားနေသွားရတာကို ကလေးအိပ်အုပ်ဆောင်းအကြီးစား ခြင်ထောင်ဟာ ကျွန်တော် မမြင်ဖူးပါ။ အံ့သြသွားပါတယ်။ အဲဒီထဲဝင်လိုက်ရင် ကလေးအုပ်ဆောင်း အကြီးစားထဲဝင်ပြီး အိပ်တာ ကိုယ်ကလည်း ကလေးစိတ်ပေါက်သလို ဖြစ်ပါတယ်။ အဲဒီမှာပဲ အတွေ့အကြုံတစ်ခုက ထူးခြားရပါတယ်။ သို့သော် အဲဒီမှာပဲ ကျွန်တော်ကလည်း ဖြစ်အောင်ထိုင်ပြီး တရားအလုပ်များလုပ်ရပါတယ်။

## ရောဂါရှင်များ တွေ့ရပြီ

လွိုင်ကော်ရောက်လာတာနဲ့ ဦးတင်ငွေ နှုတ်ဆက်ထား၊ စည်းရုံးထားတဲ့ သူများလည်း ချက်ချင်းပေါက်လာကြပါတယ်။ အလွန်ဝမ်းသာရပါတယ်။ AIDS ရောဂါသည်ကို ကုသထားတဲ့ပုဂ္ဂိုလ်တွေ၊ အစာအိမ်ကင်ဆာဖြစ်ပြီးတော့ ဘယ်လို ကျော်လွှားခဲ့တယ်ဆိုတာကို ပြောပြမယ့် ပုဂ္ဂိုလ်၊ ပိစပ်နဲ့ ပတ်သက်ပြီးတော့ လုပ်နိုင်သူတွေပါ စုံလင်စွာ ရောက်လာကြတာဖြစ်ပါတယ်။ ကျွန်တော်တို့မှာ ချက်ချင်းပဲ ဆွေးနွေးပွဲလုပ်သလိုပါပဲ။ ရောဂါကိစ္စ ချက်ချင်းပြောကြပါတယ်။ ဘယ်လို တွေ့ကြုံတယ်။ ဘယ်လို ကုသခဲ့ကြတယ်။ ဘယ်လိုဖြစ်ကြတယ်ဆိုတာကို သက်သေများနဲ့ စာရွက်စာတမ်းများနဲ့ပြပါတယ်။ ကျွန်တော့်မှာလည်း နားမလည်တဲ့ စာရွက်စာတမ်းများကို နားလည်သလိုနဲ့ ဟန်ဆောင်ပန်ဆောင်ကြည့်ပြီး ဆရာကြီးစတိုင်ထိုင်နေရတာပဲပေါ့လေ။ အင်မတန် စိတ်ဝင်စားစရာ ကောင်းပါတယ်။

ကျွန်တော်တို့ဟာလည်းပဲ ပိစပ်စုံစမ်းရေး၊ စူလာနဖာစုံမီးရေးလို ဖြစ်နေပါပြီ။ ပိစပ်စုံစမ်းရေးမှာ လမ်းကြောင်းက မဆုံးနိုင်သေးပါ။ ဘယ်လို စပြီးတော့ သိသလဲ၊ ဘယ်လို စပြီးတော့ ပျံ့နှံ့သလဲ၊ လွိုင်ကော်မြို့မှာကတော့ ပိစပ်နဲ့ ဦးတင်အုန်း အစာအိမ်ကင်ဆာရောဂါပျောက်ရာက အများ

www.burmeseclassic.com

သတင်းပျံ့ပြီး အခြားရောဂါသည်များကလည်း ဝိုင်းသောက်ခဲ့ကြတာဖြစ်ပါတယ်။ ဆီးသမားလည်း သောက်တယ်။ ဗိုက်သမားလည်း သောက်တယ်။ ကိုယ်လက် မအီမသာသမားလည်း သောက်တယ်။

ဦးတင်အုန်းက စ လိုက်တာ လှိုင်ကော်မှာတော့ ပိစပ်နယ်ဖြစ်သွားပြီ။ AIDS သမားလည်း သောက်တယ်။ ဒီအခါမှာ ကျွန်တော်တို့ ပိစပ်ကိစ္စ ပင်ရင်းအနေအထားသိချင်ရင် မိုးပြဲသွားပါဆိုကာ လမ်းညွှန်းချက်ကပေါ်နေတာ ရှုတ်တရက်ခက်သလို ဖြစ်ပါတယ်။ မိုးပြဲဆိုတာ ဝေးသားကို။ မိုးပြဲသွားရန်က ကြံစည်ရ စီစဉ်ရပဲ။ သို့သော် စေတနာရှင်များ ပေါ်ပါတယ်။ ဦးလှရွှေက သူ့ကားနဲ့ပို့မယ် သွားမယ်လို့စီစဉ်ပါတယ်။ ဦးတင်ငွေက သူ့သား သမီးများရှိပါတယ် ဆိုပြီးတော့ စားရေး၊ သောက်ရေး၊ နေရေးအတွက် စီစဉ်လိုက်တဲ့အခါမှာ တစ်ခါတည်း တစ်ဆင်စာဖြစ်သွားပါတော့တယ်။

## မိုးပြဲခရီးနှင်

အစစ အဆင်ပြေ ကျွန်တော်တို့ မိုးပြဲကို လိုက်သွားခဲ့ကြပါတယ်။ မိုးပြဲက ကိုသန်းစိုး၊ မခင်မေထူးတို့အိမ်ကို ဦးတည်ကာ သွားခဲ့ရတာဖြစ်ပါတယ်။ မခင်မေထူးဟာ အသည်းရောဂါ B ပိုးရောဂါ အတော်ပြင်းထန်ခဲ့ပါကယ်။ အတော်လည်း ပိုက်ဆံကုန် ကုခဲ့ရတာကြားပါတယ်။ အပင်ပန်းခံခဲ့ကြပါတယ်။ ဒီအခါမှာ ဘယ်လိုက ဘယ်လို ပျောက်သလဲတဲ့ မေးခွန်းထွက်လာပါတယ်။ တခြားကိုသွားပြီး အများကြီးကုတာလည်း ကြားနေရပြန်ပါတယ်။ ဒီကြားထဲမှာ ပိစပ်နဲ့တွေ့ပြီးတော့ ရောဂါပျောက်တယ်ဆိုတာ သကင်းပြန့်ထွက်ပါတယ်။ အဲ့ဒီကနေ ပြီးတော့ ဦးသန်းစိုးဆီ မေးပြီးတော့ ရောဂါသည်တွေ သောက်ကြတယ်၊ ပတ်ဝန်းကျင်မှာလည်း သောက်ကြတယ်ဆိုတာ သိလာရပါတယ်။ ဒါနဲ့ ကျွန်တော်တို့ ဦးသန်းစိုး ဒီနည်းကို ဘယ်က ရသလဲ။ ဘယ်သူက ပြောသလဲ၊ ဘာကြောင့် သောက်ဖြစ်သလဲ ဒီသဘောကို ကျွန်တော်တို့ တွေ့ပြီး မေးချင်တာပါ။ ဦးသန်းစိုးက ပွေ့တွေ့ခြင်းပဲ ပြောပါတယ်။



သူ့ဇနီးဟာ ပိစပ်နဲ့ ပျောက်ပါတယ်။ တခြားကိစ္စတွေထားတော့ ပိစပ်ကို ဘယ်လို သိသလဲဆိုတာ မေးရပါတယ်။ မော်လမြိုင်ဘက်က ဘုန်းတော်ကြီးတစ်ပါးက ပေးတဲ့နည်းတဲ့ဗျာ။ ဒီပိစပ်နည်းကို ရပြီးတော့ ပိစပ်ကိုသောက်တာ ရောဂါပျောက်တာလို့ပဲ ပြောပါတယ်။ အတော်တော့ အံ့ဖွယ်ကုသိုလ်တစ်ရပ်လို့ ဆိုရမှာပါ။

ပိစပ်ကို ရိုးရိုး ဆေးမဖော်ပါဘူး။ ရိုးရိုး ထုထောင်း သောက်တာ မဟုတ်ပါဘူး။ ပိစပ်ပင်တွေ ခူးပြီးတဲ့အခါမှာ ရေနွေးလောင်းပါတယ်။ ရေနွေးပေါပေါလောင်းပြီးတော့မှ အရွက်တွေကို ဆယ်ပြီးတော့ ဖျော်ရည်ဖျော်တဲ့စက်မှာ ကြိတ်ပါတယ်။ ဒါကိုမှ သန့်သန့်ပိတ်ပါးနဲ့ ထပ်စစ်ယူပါတယ်။ ကျွန်တော် ဒီလိုလုပ်သောက်တာပါ။ ကျွန်တော့်ဇနီးကို ဒီလိုလုပ်တိုက်တာပါ။ ကျွန်တော်ကိုယ်တိုင်လည်း သောက်ပါတယ်လို့ ပြောပြပါတယ်။

## ဆေးတာရှည်ထားရရေး

သန့်ရှင်းစွာ လုပ်ကိုင်မှုကိုကြည့်ပြီးတော့ ကျွန်တော်တို့လည်း စိတ်ကူးတစ်မျိုးရနေရပြန်ပါတယ်။ ဘာလည်းဆိုလို့ရှိရင် ပိစပ်ကို နေ့တိုင်းထောင်း နေ့တိုင်းသောက် အလုပ်နည်းအောင်လို့ ဘယ်လိုလုပ်မည်နည်း စိတ်ကူးပါပဲ။ ကျွန်တော် လှိုင်ကော်မှာပဲ အိမ်တစ်အိမ်မှာ ပိစပ်ကို တစ်မျိုးလုပ်ထားတာ မြင်မိပါတယ်။ တခြားမဟုတ်ပါဘူး။ ပိစပ်ကို အရည်ညှစ်ယူပြီးတဲ့နောက် ပန်းကန်ပြားတွေထဲမှာထည့်ထားတာပါ။ ဒီပန်းကန်ပြားတွေထဲမှာ ထည့်ထားတာ ပျစ်လာတော့ ကော်စားလို့ရပါတယ်။ နည်းနည်းလေးပျစ်တစ်တစ် ဖြစ်သွားပါတယ်။ ခြောက်တောက်တောက်ကလေး သိုင်းတိုင်းတိုင်းလေး ဖြစ်သွားတဲ့သဘောပါ။ သူ့ကို ဇွန်းလေးနဲ့ ကော်စားတာ သက်သာပါတယ်။ နောက်တစ်ချက်က သူ့ကို တစ်ပတ်၊ နှစ်ပတ် ထားလို့ ဖြစ်တာတွေရပါတယ်။ အဲဒါကျတော့ ကရိကထနည်းတဲ့သဘောဖြစ်ပါတယ်။ အစွမ်းထက်မှုက နည်းနည်း အခြောက်ခံလိုက်တဲ့အတွက် နည်း

www.burmeseclassic.com

နည်းထိုင်းအောင် လုပ်လိုက်တဲ့အတွက် ပိုတောင် ထိရောက်သွားမလား တွေးမိလိုက်ရပါတယ်။ ဒီနည်းကို စဉ်းစားပြီးတော့လည်း ကျွန်တော်တို့ ဆွေးနွေးမိကြပါတယ်။ ကိုသန်းစိုးနည်းက အသန့်ရှင်းဆုံး လုပ်တဲ့နည်းက စ ပါတယ်။ ဒါလည်း နည်းယူအပ်တဲ့ နည်းတစ်နည်းဖြစ်ပါတယ်။

ဦးသန်းစိုးကို မေးပါတယ်။ ဆေးကို တာရှည်သောက်ရသလားပေါ့။ တစ်လ မသောက်ပါဘူး။ တစ်ပတ် နှစ်ပတ် သောက်ရုံနဲ့ ရောဂါပျောက်တာ ဖြစ်တတ်ပါတယ်တဲ့။ ကျွန်တော်တို့က မေးပါတယ်။ စက်နဲ့စစ်ဆေးသလား။ ရောဂါပျောက်တာ သေချာရဲ့လား မေးတော့ ဦးသန်းစိုးက ပြောပါတယ်။ ကျွန်တော်တို့ ရန်ကုန်ကိုသွားသွားပြီး လ အများကြီးခြားခြားပြီး စစ်ပါတယ်။ ကျွန်တော်တို့ ပိုးစပ် စွမ်းသလား မစွမ်းသလား သိသာအောင်လို့လည်း ပြောလို့ရပါတယ်။ ကျွန်တော် သုံးခါ စစ်တာမှာ တစ်ခါမှ ရောဂါလက္ခဏာမတွေ့ရတော့ပါဘူး။ သူတို့ စက်ကြီးပျက်နေရင်တော့ ကျွန်တော်လည်း မပြောတတ်ဘူး။ ကျွန်တော့်ဇနီး အခြေအနေက မြင်တဲ့အတိုင်းပဲ၊ ရောဂါလက္ခဏာ လုံးဝမရှိတာ အမှန်ပါပဲ။ ဒီလို ရယ်မောကာ ဖြေကြားပါတယ်။

ရောဂါပျောက်တာတွေတော့ မပြောနဲ့တော့။ သူတို့ လင်မယားရဲ့ ပတ်ဝန်းကျင်မှာလည်း အများကြီးပဲ ပြောပါတယ်။ သူတို့ တိုက်တွန်းလို့ နည်းပြလို့ သောက်ကြလို့ ရောဂါကြီးတွေ ပျောက်တာ အများကြီးပဲလို့ ပြောပြပါတယ်။ အလွန်စိတ်ဝင်စားစရာ ဖြစ်ပါတယ်။ တချို့က လူငယ်လေးတွေ ဖြစ်ပါတယ်။ တစ်ချို့ဟာ အင်မတန် ခေတ်မီဆေးဝါးများကိုမှ ယုံစားသူများဖြစ်ပါတယ်။ သို့သော် လက်တွေ့ပျောက်နေတဲ့အခါကျတော့ စိတ်ဝင်စားစွာ လိုက်သောက်ကြတာဖြစ်ပါတယ်။

ဘယ်လို ရောဂါပျောက်တယ် စသည် သတင်းစုံ ရနေပါတယ်။ ကင်ဆာပျောက်တဲ့သူ နှလုံးသွေးကြောကိစ္စ ပျောက်တဲ့သူ၊ အစာအိမ် ကင်ဆာပျောက်တဲ့သူကလည်း များစွာလို့ ပြောရင်ရပါတယ်။ လူအများ ယုံကြည်စွာ သောက်နေတာ များပြားစွာတွေ့ရကြားရတော့ ကျွန်တော်



အံ့ဩရပါတယ်။ လက်လှမ်းမီသမျှတော့ ကျွန်တော်လည်း လိုက်လံလေ့လာပါတယ်။ လှိုင်ကော်မှာတင် ပုပ္ပါရုံကျောင်းတော်ကြီးတဲ့၊ စာသင်တိုက်ကြီး သံဃာ ၄၀၀ ကျော် ရှိပါတယ်။ အဲဒီမှာလည်း ပိုးစပ်သောက်ကြတယ်ဆိုတဲ့ သတင်းအစရတာနဲ့ ဘိုးဘွားရိပ်သာလူကြီး ဦးလှဖေ အကူအညီယူပြီး ဒီကျောင်းတော်ကြီးကို ရောက်အောင်သွားရပါတယ်။ ဆရာတော်နဲ့ တွေ့ပါတယ်။ လျှောက်ထားတော့ ဆရာတော်က မိန့်ကြားပါတယ်။ ဒီကျောင်းမှာ စာသင်သားတွေများတယ်။ စာသင်တဲ့အခါမှာ စာကျက်ရတဲ့အခါမှာ လေနာရောဂါထကြတယ်။ အဲဒါ ပိုးစပ်သောက်ဖို့ တိုက်တွန်းကာ ခိုင်းရတာရှိပါတယ်။ သက်သက်တော့ အိုးနဲ့ကျိုပြီး တိုက်တာတော့ မရှိပါဘူး။ အဆင်ပြေသလို သောက်ကြ၊ ရောဂါပျောက်ကြဖြစ်ရတာပဲလို့ မိန့်ဆိုပါတယ်။

ဒီလိုနေရာများအထိ ကျွန်တော်တို့ သွားကြပါတယ်။ လူစုံလည်း တော်တော်တွေ့ ကြပါတယ်။ ပုဂ္ဂိုလ်စုံလည်းတွေ့ရပါတယ်။သတင်းစုံလည်း ကြားရတဲ့အချိန်အခါမှာ ဘာကြောင့်ဒီလောက်တောင် တက်တက်ကြွကြွ သောက်ချင်စိတ် ပေါ်ကြတာလည်း အံ့အားသင့်စရာလည်း ဖြစ်ပါတယ်။

တစ်ဦးကတော့ ဒါ လူတွေရဲ့ ကုသိုလ်လို့ ပြောဆိုနေပါတယ်။ ရောဂါတွေပျောက်ဖို့ လမ်းစတွေ ပေါ်လာနေတယ်။ ဒီလမ်းစကို ဘယ်လိုက ဘယ်လို ရှာဖွေတွေ့မိကြတာလည်း အမေးစကားလည်း ပြောပါတယ်။ ဒါကတော့ အဖြေမရတဲ့ စကားလို့ပဲ ပြောကြရမှာဖြစ်ပါတယ်။

ကျွန်တော်ဟာ တိုင်းရင်းသားကြားမှာရှိတတ်တဲ့ ဆေးထူးဆေးဆန်းများကိုလည်း တစ်ဆက်တည်း လေ့လာတတ်တဲ့ ဝါသနာရှိပါတယ်။ တောင်ပိုင်း ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရဲ့ ထူးခြားတဲ့ တောဆေးများအကြောင်း ကျွန်တော် လေ့လာဖူးပါတယ်။ သူ ဒီမှာလည်း ထူးခြားတဲ့ ဆေးဝါးကြားရလို့ ကျွန်တော်တို့ လေ့လာပါတယ်။ စူးစမ်းပါတယ်။

www.burmeseclassic.com

## အရိုးကင်ဆာ ဖြစ်ခဲ့သူတွေ့

ဒီနောက်မှာ ကျွန်တော်ဟာ အရိုးကင်ဆာဖြစ်တဲ့ မိန်းကလေးနဲ့ တွေ့ဆုံပါတယ်။ မေးတယ်။ အသက် ၂၀ လောက်ရှိပါတယ်။ အခုတော့ ကျန်းမာတဲ့ လက္ခဏာအနေနဲ့ မြင်ရတာဖြစ်ပါတယ်။ သူ့အမည်က နော်ရို့စ်မူးနာပါတဲ့။

ဒိုး ။ ။ဘယ်နေရာ ကိုက်တာလဲ၊ ကင်ဆာဖြစ်တော့ အရိုးနေရာ ကိုက်တယ်ဆို။

ရို့စ်။ ။တင်ပဆုံနားမှာပေါ့၊ ခံရခက်ပါတယ်။

ဒိုး ။ ။ကိုက်လာတော့ ဆရာဝန်ပြတာ ဆေးရုံသွားတာ မလုပ်ဘူးလား။

ရို့စ်။ ။ကိုက်လာတော့ အရင်က ကိုက်ခဲသလိုမျိုးပဲထင်တော့ ပေါ့ပေါ့တန်တန်ပဲ နေလိုက်သေးတယ်၊ နောက်ပိုင်း ဆေးရုံတွေ ဓာတ်မှန်တွေ ရိုက်ကြည့်၊ ဆရာဝန်တွေ ဘာတွေ ပြရတယ်။

ဒိုး ။ ။ဓာတ်မှန်ရိုက်တော့ ဘာပြောလဲ။

ရို့စ်။ ။ဓာတ်မှန်ကတော့ အဆစ်အမြစ်ကိုက်တာလို့ပဲ ပြောတယ်။

ဒိုး ။ ။အရိုးကင်ဆာလို့ မပြောဖူးပေါ့။

ရို့စ်။ ။ပထမတစ်ခေါက် ဆရာဝန်ပြတော့ အရိုးကင်ဆာလို့ မပြောဘူး။ မပြောတော့ ခပ်ပေါ့ပေါ့ပဲ နေခဲ့တယ်ပေါ့နော်။

ဒိုး ။ ။ဒုတိယဆရာက ပြောတယ်ပေါ့၊ သမီးကို အရိုးကင်ဆာလို့။

ရို့စ်။ ။ဟုတ်ကဲ့၊ အရိုးကင်ဆာတဲ့။

ဒိုး ။ ။သမီးက ဒီမှာ လမ်းကောင်းကောင်း မလျှောက်နိုင်ဘူးဖြစ်တာလား။

ရို့စ်။ ။အင်း၊ လမ်းကောင်းကောင်း မလျှောက်နိုင်ဘူး။



ဒိုး ။ ။သိပ်နာတာပေါ့၊ လမ်းလျှောက်ရင် နာတယ်ပေါ့။

ရို့စ်။ ။နာတယ်၊ တစ်ဖက်နဲ့တစ်ဖက် လှည့်လို့မရဘူး၊ လျှောက်လို့နာလွန်းတော့ တုတ်ထောက်သွားရတယ်။

ဒိုး ။ ။အဲဒီလိုဖြစ်ရာကနေ ပိစပ်က ဘယ်သူ အကြံဉာဏ်ပေးတာလဲ။

ရို့စ်။ ။ပိစပ်ရွက်က အဘိုးဦးတင်ငွေက ပြောတာ။

ဒိုး ။ ။ဟုတ်လား အဘိုးဦးတင်ငွေက အကြံပေးတာလား။

ရို့စ်။ ။အဘိုးပြောတာ၊ ရောဂါပျောက်မယ်လို့ ညွှန်ပြီး သောက်ခိုင်းတာ။

ဒိုး ။ ။ဘယ်လိုသောက်တာလဲ၊ ပြောပါဦး။

ရို့စ်။ ။သမီးက ပိစပ်အရွက် အစိမ်းပေါ့နော်၊ အရွက်ခူးပြီးတော့ အရည်ညှစ်ပြီးတော့ အစိမ်းပဲသောက်တာ။

ဒိုး ။ ။တစ်နေ့ ဘယ်နှခါသောက်လဲ။

ရို့စ်။ ။တစ်နေ့ သုံးခါလောက်ပဲ၊ ထမင်းစားပြီးရင် ပုံမှန်သောက်တယ်။

ဒိုး ။ ။ဘယ်လောက်သောက်ခဲ့လဲ။

ရို့စ်။ ။အခါးရည်ပန်းကန် တစ်ပန်းကန်ပါပဲ။

ဒိုး ။ ။အခါးရည်တစ်ပန်းကန်ကို မနက် တစ်ကြိမ်၊ နေ့လယ် တစ်ကြိမ်၊ ညနေ တစ်ကြိမ်လား။

ရို့စ်။ ။စ စပိုင်းတော့ သုံးကြိမ် သောက်တာပေါ့နော်၊ နောက်ပိုင်းအခါကျတော့ မနက် ည နှစ်ခါ သောက်တယ်။

ဒိုး ။ ။သြ၊ နှစ်ခါ၊ ပထမ စစခြင်း သုံးကြိမ်သောက်တယ်၊ နောက်ကျတော့ နှစ်ကြိမ်သောက်တယ်၊ ဘယ်လောက်ကြာကြာ သောက်ရသလဲ။

ရို့စ်။ ။ပထမ သုံးကြိမ်သောက်တုန်းက မူးတယ်ဆိုပြီးတော့ လျှော့ခိုင်းလိုက်တာ။

ဒိုး ။ ။ဟုတ်ပြီ၊ သုံးခါသောက်တုန်းက မူးတယ်၊ နောက်ပြီးတော့ နောက်တစ်ခါ လျှော့ပြီးတော့ မနက် တစ်လုံး ည တစ်လုံး သောက်တယ်၊ သောက်လို့ လွယ်ရဲ့လား။

www.burmeseclassic.com

ww.burmeseclassic.com



ရှိ့စ်။ ။သောက်တော့၊ သိပ်တော့ စ စသောက်ခြင်းတော့ ကိုယ်က အရွက်စိမ်းရည် သောက်ရတယ်ဆိုတော့ မသောက်ချင်ဘူးလေ၊ ဒါပေမယ့် သောက်စရှိလာတော့ သောက်ချင်လာတယ်။

ဒိုး ။ ။ခုနက ဦးသန်းစိုးပြောတာ ဒီတိုင်းပဲ၊ အဝင်သိပ်ဆိုးတာပဲ၊ အလွန် ဒုက္ခရောက်တယ်၊ နောက်တော့ အပင် မြင်ရင်ကို မနေနိုင်ဘူးတဲ့၊ မော်တော်ဆိုင်ကယ်ရပ်ပြီး ဆင်းခူးမိတယ်တဲ့၊ အဲလို သောက်ချင်စိတ်ကို ဆွဲဆောင်တယ်ဗျာ၊ နံပါတယ်ဗျာ၊ ဒါပေမယ့် သောက်လို့ စိတ်ထဲမှာ အရသာရှိပြီးတော့ သောက်ချင်စိတ်က သိပ်ပြင်းထန် စိတ်ပေါက်လာတယ်၊ အဲတော့ သူ့ဇနီးက အသည်းရောင် ဘီပိုး သမား၊ အဲ့တော့ သမီးဆက်သောက်တာ ဘယ်လောက်သောက် လိုက်ရလဲ။

ရှိ့စ်။ ။သမီး တစ်လ စသောက်ခါစက တစ်လလောက် သောက်ပြီးတော့ စ စသောက်တုန်းက မသောက်ချင်တော့ဘူးဆိုပြီး ဖျက်သိမ်းလိုက် သေးတယ်၊ ရပ်လိုက်တယ်၊ ရောဂါက နောက်ပိုင်းပြန်ထလာတော့ နှစ်လလောက် ဆက်သောက်လိုက်တယ်။

ဒိုး ။ ။ဘယ်လောက်ကွာလဲ၊ ဖြတ်တာနဲ့ နောက်ပြန်သောက်တာနဲ့ ကြားမှာ ဘယ်လောက်ကွာလဲ။

ရှိ့စ်။ ။မသောက်ခင်ကတော့ အဲဒီလိုမျိုး သောက်ရင်လည်း ဘာမှမထူး ဘူးပေါ့၊ မထူးဘူးဆိုပြီးလဲ ဖြတ်တာ။

ဒိုး ။ ။စိတ်ထဲမှာ မထူးဘူးထင်လာတယ်ပေါ့လေ။

ရှိ့စ်။ ။အင်း၊ ဘာမှမထူးလာဖူးလို့ထင်တယ်၊ နောက်ပိုင်း ဆက်ဆက်ပြီး သောက်တော့။

ဒိုး ။ ။ဘာလို့ဆက်ပြီးသောက်တာလဲ၊ မထူးဘူးထင်ပြီးတော့၊ ဆေးရည် ကို ပယ်နေပြီးတော့မှလေ။

ရှိ့စ်။ ။နောက် အိမ်ကလူတွေကလဲ အဲဒါလဲ သောက်ဟ၊ ကောင်းတယ် ဆိုတာ ပြောလာတယ်၊ ဝိုင်းပြောတယ်။

ဒိုး ။ ။မိဘကလား၊ ဘယ်သူကပြောတာလဲ



ရှိ့စ်။ ။အိမ်ကပဲ။

ဒိုး ။ ။အဖေလား၊ အမေလား။

ရှိ့စ်။ ။အဒေါ်ကပါ။

ထိုအခါ မနီးမဝေးမှ ဦးတင်ငွေက ဝင်ကာပြောသည်။

ငွေ။ ။သူ့အဒေါ်လာတိုင်း ပြောပြတော့ တိုက်တွန်းရတယ်လေ၊ ဆေးကို မပေါ့အောင်ပေါ့။

ဒိုး ။ ။ပြောမရဘူးဆိုတော့ ဆရာဦးတင်ငွေကသောက်ခိုင်းတာဆိုတော့ သမီးကဆက်သောက်တော့ နောက်တစ်လလောက်ကနေခွာလိုက် ပြီးတော့ နောက်ဘယ်လောက်ကြာလဲ ပြောပါဦး။

ရှိ့စ်။ ။သောက် သောက်နေပြီးတော့ သက်သာတယ်ဆိုပြီးတော့ ဆက် မသောက်တော့ဘူး။

ဒိုး ။ ။အခုတော့ သမီး ဘယ်လိုဖြစ်နေလဲ။

ရှိ့စ်။ ။အခုတော့ ကောင်းတယ်။

ဒိုး ။ ။သမီး ပြန်ဆက်သောက်တယ်၊ ပြန်ဆက်သောက်တာက တစ်လ လောက်ကြာမှ ဖြတ်လိုက်ပြီး ပြန်ဆက်သောက်တဲ့အခါမှာ ပြန်ဆက်သောက်တာ ဘယ်လောက်ကြာလဲ။

ရှိ့စ်။ ။နောက်တစ်လ နှစ်လပါ။

ဒိုး ။ ။တစ်လ နှစ်လလောက်ပေါ့နော်၊ ဆက်သောက်လိုက်ပြီးသက်သာ လား။

ရှိ့စ်။ ။သက်သာတယ်၊ လှုပ်ရှားရတာတွေ ကောင်းလာတယ်၊ နည်းနည်း ကြာလာတဲ့အခါ ပိုသက်သာပြီး ကောင်းလာတယ်။

ဒိုး ။ ။အခုကော ဘယ်လိုနေလဲ၊ သွားရလာရတာ။

ရှိ့စ်။ ။မနာတော့ဘူး၊ ကောင်းနေပြီ၊ တုတ်ကိုင်ပြီး ထောက်သွားရတာလဲ လွတ်သွားပြီ။

ဒိုး ။ ။အရင်ကတော့ အဆင်းအတက်တွေကော ခက်သလား။

ရှိ့စ်။ ။အဆင်းအတက်တော့ ခက်တယ်၊ အခုတော့ အဆင်းအတက် ကောင်းသွားပြီ၊ အဆင်ပြေနေပါပြီ။

www.burmeseclassic.com

ဒိုး ။ ။သမီးအသက်က ဘယ်လောက်ပဲ။

ရှိုစ်။ ။၂၀ ပါ။

ဒိုး ။ ။အခု ဘာအလုပ်လုပ်လဲ။

ရှိုစ်။ ။သမီးက အိမ်မှာပဲ၊ ဘာအလုပ်မှ မလုပ်ဘူး။

ဒိုး ။ ။ဟုတ်ပြီ၊ ကျန်းမာရေးကတော့ တိုးတက်ကောင်းမွန်လာပြီ၊ ဒီကြားထဲမှာ ကျန်းမာရေး ဖောက်ပြန်တာ ဘာရှိသေးလဲ၊ တခြားရောဂါဖြစ်တာ၊ ထူးခြားတာပေါ့လေ။

ရှိုစ်။ ။ဘာမှ ဖြစ်တာမရှိတော့ဘူး။

ဒိုး ။ ။နည်းနည်းပေါ့၊ တည့်တည့်မတ်မတ် သွားရဲ့လား၊ နည်းနည်းပါးပါး ယိုင်သေးလား။

ရှိုစ်။ ။မယိုင်တော့ဘူး။

ဒိုး ။ ။ဪ၊ အဲ့ဒါ ဘယ်အရွယ်က ဖြစ်တာလဲ။

ရှိုစ်။ ။အဲ့ဒါ ၁၉ နှစ် လောက်ပါ။

ဒိုး ။ ။အသက် ၁၉ နှစ်လောက်မှာ ဖြစ်တယ်၊ နှစ်ကြိမ် ခွဲသောက်လိုက်တယ်၊ အခု သမီးအသက်က။

ရှိုစ်။ ။၂၀ ပါ။

ဒိုး ။ ။၂၀ ဆိုတော့ ရောဂါဖြစ်ခဲ့တာဟာ တစ်နှစ်လောက်ရှိပြီပေါ့။

ရှိုစ်။ ။နှစ်နှစ်၊ အင်း နှစ်နှစ်လောက်ရှိပြီ။

ဒိုး ။ ။ပျောက်သွားတာ နှစ်နှစ်လောက် ရှိပြီပေါ့၊ ဆက်ကောင်းသွားပြီပေါ့၊ ဘာမှတော့ ဆက်မဖြစ်တော့ဘူးပေါ့။

ရှိုစ်။ ။ဘာမှတော့ မဖြစ်တော့ဘူး။

ဒိုး ။ ။ဟုတ်ပြီ၊ ဝမ်းသာတယ်၊ ကြားရတာ၊ ဘာဖြစ်လို့မေးသလဲဆိုတော့ ဦးတို့က ဒီအရွက်တွေကို တို့တိုင်းသူ ပြည်သားတွေကို ပြောပြမယ်၊ ရေးမယ်၊ ပြောပြမယ်၊ ပြောပြရင် သူတို့ဖြစ်တဲ့ရောဂါသည်တွေ အနေနဲ့ အရိုးကင်ဆာပျောက်တယ်ဆိုရင် သမီးစဉ်းစားကြည့် နည်းတာမဟုတ်ဘူး၊ ဦးက ပဲခူးမှာရှိတဲ့ သွေးကင်ဆာသမား ပျောက်တယ်ဆိုကတည်းက အရမ်းကို အားတက်သွားတယ်၊



သွေးကင်ဆာသမားဆိုတာ အလွန် ကုရခက်တယ်၊ သွေးကင်ဆာ တစ်ကိုယ်လုံး သွေးလုပ်ငန်းတွေက ကင်ဆာ ဖြစ်နေတာကို အတော့်ကို ခဲယဉ်းတယ်၊ အဲဒါကြီးပျောက်တော့ အတော်ဝမ်းသာသွားတယ်၊ သူ့ကိုလည်း မေးရင်းနဲ့ ကျန်တဲ့ပုဂ္ဂိုလ်တွေလည်း မေးပြီးတော့ လူတွေပြောရင် ဒီလိုမျိုးရောဂါဖြစ်တဲ့သူတွေအဖို့မှာ အားတက်မယ်ဆိုပြီးတော့ ဦးတို့က လေ့လာတာ၊ မေးတာပါ၊ ဦးတို့က ဆေးဆရာလည်း မဟုတ်ဘူး၊ ဒါပေမယ့် ဒီအပင်ကလည်း ဆေးရွက် မဟုတ်ဘူး၊ ဖုန်းဆိုးပင်ပဲ၊ နာမည်မျိုးစုံခေါ်တယ်၊ သမီးတို့ ဘယ်လိုခေါ်လဲ။

ရှိုစ်။ ။အများခေါ်သလို ပိစပ်ပဲ။

ဒိုး ။ ။ဒီအရွက်က စတုန်းကဆိုရင် မားလေး ဘာလေး ရှလို့ရှိရင် ပွတ်တဲ့ အပင် ဘာမှ သုံးလို့မရဘူး၊ အခုတော့ ရောဂါကြီးကြီးတွေ ပျောက် ပျောက်လာတော့ သမီးတို့လို ရောဂါရှိတဲ့သူတွေ ပျောက်တဲ့ ပုဂ္ဂိုလ်တွေကို ဘဘတို့က လိုက်မေးတယ်၊ ပြီးတော့ လူတွေ ညွှန်မယ်၊ ဒီရောဂါမျိုးဖြစ်တယ်ဆိုရင် သမီးသိတဲ့အတိုင်းပဲ အရိုးကင်ဆာဖြစ်စေ၊ ဘာကင်ဆာဖြစ်စေ ဘာဖြစ်ဖြစ် ငွေသိပ်ကုန်တယ်၊ လူလည်း သိပ်ပင်ပန်းတယ်၊ အခု သက်သက်သာသာနဲ့ ပျောက်တယ်ဆိုရင် သောက်ချင်တဲ့သူသောက်နိုင်အောင် ပြီးတော့လည်း သမီးကို ဘယ်လောက်ဆိုသောက်သလဲ ဘယ်လိုနေသလဲ၊ သုံးခွက်သောက်တော့ နည်းနည်း မူးတယ်ဆိုတာ ဟုတ်တယ်၊ သုံးခွက်သောက်ရင် သူက သွေးတိုးတက်တယ်၊ သွေးတိုးရင် မူးတယ်နော်၊ အဲဒါကို သမီးရှင်းပြတာ ကျေးဇူးတင်တယ်၊ ဘာဖြစ်လို့လဲဆိုရင် အဲဒါ အများကို သမီးကိုယ်တိုင် စေတနာနဲ့ ပြောပြတဲ့အခါကျတော့ အများကိုလည်း ပြန်တင်ပြတော့ သူတို့ သိရှိသွားလို့ရှိရင် ဒီလိုမျိုးဖြစ်တဲ့သူတွေအဖို့မှာ သောက်လို့ ဈေးသက်သက်သာသာနဲ့ ရောဂါပျောက်ပါလား သိဖို့ပါ၊ တန်ဖိုးရှိပါလားလို့ဆိုတာ သိစေမှာ၊ ဒါက လက်တွေ့သမား ကိုယ်တွေ့ဖြစ်သူ

www.burmeseclassic.com

ပြောမှ အဖိုးတန်တာ၊ ဦးတို့က ဦးတင်ငွေပြောတာနဲ့ မပြီးဘူး၊ ပိစပ်နဲ့ပျောက်တဲ့သူတွေ တွေ့အောင် လုပ်ပေးပါ၊ ဒီမှာ အဲဒီလိုနဲ့ ပျောက်တွေ တွေ့ပြီးတော့ ဦးတို့က တင်ပြမှာပါ။ တင်ပြမယ် ဆိုတာ ဦးတို့က ဂျာနယ်၊ သတင်းစာလုပ်ငန်း လုပ်တဲ့သူ သတင်းတွေ ဘာတွေရေးတဲ့သူဆိုတော့ကာ တင်ပြလိုက်လို့ရှိရင် အဲဒီမှာ သူတို့တွေ တွေ့ပြီး အချင်းချင်း လက်တို့လိုက်လို့ရှိရင် တန်ဖိုးရှိမှာ၊ သူတို့လည်း ဒီတိုင်းကြီးတော့ မသောက်ပါဘူး၊ မေးသေးတယ်။

ဦးတို့ကိုလည်း ဘယ်တုန်းက ဘယ်သူကိုတွေ့တာလဲ၊ ဒါတွေက အရွက်က ဘယ်လိုနေတုန်း မေးတယ်၊ ပိစပ်ဆိုပေမယ့် တချို့နေရာက ပိစပ်မှမခေါ်ဘဲ ရှမ်းပြေးပင်၊ သမတပင်၊ ဆိတ်နံ့ပင် စသည် အမျိုးစုံခေါ်တာ၊ အဲဒီဟာမျိုးတွေသောက်ကြည့်ပါ၊ အဲဒါ ဘာပင်ခေါ်လဲ၊ ဘယ်လိုနေလဲ၊ အကုန်လုံးမေးပြီး အကုန်လုံးစမ်းပြီးတော့မှ သောက်တာပါ၊ နောက် ရဲရဲဝံ့ဝံ့သောက်တယ်၊ ဘာမှ မဖြစ်ဘူး၊ တန်ဖိုးရှိတယ်၊ ရောဂါပျောက်တယ်ဆိုရင် သူတို့ သောက်လို့ ရောဂါပျောက်တယ်ဆိုရင် တို့ဝမ်းသာရတယ်၊ ဦးတို့က ပီတိဖြစ်တယ်၊ သူတို့ ဒီဟာကို သောက်မိပြီးတော့ ဘာမှမဖြစ်ဘူး၊ တကယ်လည်း ရောဂါပျောက်ပါလားဆိုတော့ ဦးတို့က ကိုယ်တိုင် တွေ့တယ်ဆိုတာကို ဦးတို့က ပါးစပ်ပြော မဟုတ်ဘူး၊ လူပါ တွေ့ကယ်၊ ပုံလေးနဲ့ ဘာနဲ့ပြချင်တာ၊ ဓာတ်ပုံဆရာ ခဏ အပြင်သွားနေတယ်၊ ညနေမှပြန်ရောက်မှာ သမီးနဲ့ ပြန်ချိန်းပြီး ဓာတ်ပုံ ရိုက်ချင်တယ်၊ ညနေ ငါးနာရီလောက် ပြန်လာမယ် ထင်တယ်၊ ဝေးလား နေတာက။

သူ့ပုံလေးပါ သက်သေလိုချင်၍ အဆင်ပြေအောင် စည်းရုံးရလေသည်ပဲ။

## ကျောက်ကပ်နှင့် သည်းခြေကျောက် ပျောက်စေသည့်နည်း

ထူးခြားသည့် ကျောက်ဖြိုနည်း၊ သည်းခြေကျောက်၊ ကျောက်ကပ်ကျောက်နှင့် ဆီးကျောက် မြန်စွာဖြိုနည်းကို လှိုင်ကော်မှ ဦးလှဖေက ကျွန်တော့် သင်ကြားပြသ၍ နည်းလမ်းညွှန်ခဲ့ပါသည်။ ထူးသည့်နည်း ဖြစ်နေပါတော့သည်။

ဒိုး ။ ။ဦးလှဖေက အသက်ဘယ်လောက်ပါလဲခင်ဗျာ။

ဖေ ။ ။ကျွန်တော် ၈၁ နှစ်။

ဒိုး ။ ။အလုပ်ကိစ္စလေး ဘာလေးပြောပြပါဦး။

ဖေ ။ ။အလုပ်က ကျွန်တော်က ဆန်စက်ပေါ့ဗျာ။

ဒိုး ။ ။ဆန်စက်လုပ်ငန်းလုပ်တယ်၊ ကျွန်တော်တို့ လူမှုရေးကိစ္စတွေ လုပ်တယ်။

ဖေ ။ ။ဘိုးဘွားရိပ်သာလုပ်တယ်။

ဒိုး ။ ။၈၀ ကျော် ပေါ့နော်၊ ဦးလှဖေသိတဲ့ ကျောက်ဖရုံသီးကိစ္စ ကျွန်တော် ကြားချင်ပါတယ်၊ သိချင်တယ်၊ သင်ပေးပါခင်ဗျာ။

ဖေ ။ ။ကျောက်ဖရုံသီးအကြောင်းပေါ့လေ၊ လူငယ်တစ်ဦးက ငယ်ငယ်တုန်းက ကျွန်တော့်ဆီမှာနေတယ်၊ နောက် အိမ်ထောင်ပြုပြီးတော့ သူ့ရွာပြန်သွားတယ်၊ ကလေး နှစ်ယောက် ရတယ်၊ တစ်နေ့ ကျွန်တော်ဆီလာတဲ့အခါကျတော့ သူ့မိန်းမဟာ သည်းခြေမှာ ကျောက်တည်လို့ ခွဲဖို့ ဆေးရုံတက်တယ် ပြောကြတယ်၊ သူတို့ စနေနေ့ နေ့လယ်ပိုင်း ကျွန်တော့်ဆီ လာတဲ့အခါကျတော့ မိန်းမ ကျောက်တည်လို့တဲ့၊ ဆေးရုံမှာခွဲရမယ်တဲ့၊ ပြောပြပါတယ်။

ဒိုး ။ ။ဘယ်နေရာမှာ ကျောက်တည်တာလဲ ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ဖေ ။ ။ကျောက်ကပ်လို့ ပြောတယ်။

ဒိုး ။ ။ကျောက်ကပ် အတော်ကြီးကျယ်တယ်၊ အင်မတန်ကုရခက်တယ်။

ဖေ ။ ။အဲဒါနဲ့ ကျောက်ကပ်မှာတည်တော့ ခွဲရမယ်တဲ့၊ ဓာတ်မှန်တော့ ရိုက်ပြီးပြီတဲ့၊ အင်္ဂါနေ့မှာ ခွဲရမယ်လို့ ဆရာဝန်က ပြောတယ်တဲ့။ ကျွန်တော့်အနားမှာလည်း ကျွန်တော့်အစ်ကိုကြီးကလည်း ကျောက်ဖရုံသီးကိစ္စကို နဂိုက သိပြီးသားပါ၊ ကျွန်တော့် အစ်ကိုကြီးက ပြောတယ်၊ အင်္ဂါနေ့ ခွဲမယ်ဆိုတယ်၊ မင်းယုံလား၊ ငါ ဆေးတစ်ခုတော့ ပြောချင်တယ်ပေါ့ကွာ၊ သူက ယုံတယ် ဘကြီးလို့ ပြန်ပြောတယ်။

ဒိုး ။ ။ဦးလှဖေရဲ့ အစ်ကိုကြီး။

ဖေ ။ ။ဟုတ်ကဲ့၊ အစ်ကိုကြီး ဦးကျင်လှိုင်ပါ။

ဒိုး ။ ။ဦးကျင်လှိုင်၊ ဦးလှဖေပြောထားလို့ ဆေးနည်း သိထားတာ။

ဖေ ။ ။မဟုတ်ဘူး၊ သူက ကျွန်တော်တို့ ပြောထားတာ၊ သူက အတွေ့အကြုံ ရှိဖူးနေတယ်၊ အဲဒါနဲ့ လူနာကို မင်း ကျောက်ဖရုံသီးဝယ်၊ ဝယ်ပြီးတော့ အူတိုင်ထုတ်ပါ၊ ကျောက်ဖရုံ အသားကို သခွားခြစ်လေးနဲ့ ခြစ်ပါ၊ ပြီးတဲ့အခါ ပန်းကန်လေးနဲ့ထည့် ရှာလကာရည် လောင်းထည့်။

ဒိုး ။ ။ရှာလကာရည်၊ ဟင်းချက်တဲ့ ရှာလကာရည်ပေါ့လေ။

ဖေ ။ ။ရှာလကာရည်လောင်းပြီး စား၊ ဒီဥစ္စာငါ့လက်တွေ့ပဲ၊ 'ဟာ စားမယ် အဘတဲ့'။

ဒိုး ။ ။ဒါစားရင်ကျောက်ကြေသွားမယ်ပေါ့။

ဖေ ။ ။ကျောက်ကြေသွားမယ်၊ ကျောက်ကျသွားမယ်၊ အဲ့ဒါပြောတဲ့ အခါကျတော့ ယုံတယ် အဘတဲ့ ပြောတယ်၊ ကျောက်ဖရုံသီး ရတော့ ကျွန်တော်က ခွဲပြီး ခြစ်ပြီး ကျွန်တော်က စားစေတယ်၊ စားတော့ သူပထမ ပက်လက်ကုထားထိုင်မှာ လှဲနေတယ်၊ လှဲနေတော့ အသံကလည်း ဟင်း ဟင်း နဲ့။



ဒိုး ။ ။ဒီကလေးနာမည်ကကော။

ဖေ ။ ။နာမည်က ခေါ်ရခက်တယ်၊ ပဒေါင်အမျိုးသမီးပဲ၊ အဲဒါနဲ့ အဲဒီဟာလေး တစ်ခွက်လောက် စားပြီးတဲ့အခါကျတော့ သူ့မျက်စိက ဟိုဘက်ကြည့်လိုက် ဒီဘက်ကြည့်လိုက်နဲ့ လန်းဆန်းလာတယ်ပေါ့။ ကျွန်တော့်အစ်ကိုကြီးက အနားမှာထိုင်ကြည့်နေတယ်၊ ကျွန်တော့် အစ်ကိုကြီးက ကျွန်တော့်ကို သန်းဖေတဲ့၊ နင့်ကောင်မတော့ ဆေးထိသွားပြီကွာတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မျက်နှာကြည့်တော့ ငါသိလိုက်တယ်၊ လန်းသွားပြီကွာတဲ့၊ နောက်တော့ သူ့ကိုယ်တိုင်က အဘတဲ့ ကျွန်မ သက်သာတယ်တဲ့ ထပ်စားချင်တယ်အဘတဲ့၊ ဟာ စားချင်ရင် ထပ်လုပ်ပေးပေါ့ကွာ၊ သူ့ယောကျ်ားက လုပ်ပေးတော့ တစ်ပန်းကန်စားတာပေါ့၊ ဟင်းသောက်ပန်းကန်လောက်ပေါ့။

ဒိုး ။ ။ဟင်းသောက်ပန်းကန်နဲ့ အပြည့်ပေါ့လေ၊ ပထမတစ်ခါ စားတယ်၊ နောက်တစ်ခါ ထပ်စားတယ်။

ဖေ ။ ။စားပြီးတဲ့အခါကျတော့ နေ့လယ် နှစ်နာရီလောက်ကျတော့ ပြန်တော့မယ် ဆေးရုံကိုတဲ့၊ ဆေးရုံမှာ အိပ်ရာတွေပါ အကုန်ထားပြီးသား။

ဒိုး ။ ။ခွဲဖို့ စီစဉ်ထားပြီးဆဲဆဲပေါ့လေ။

ဖေ ။ ။အဲဒါနဲ့ ဆေးရုံပြန်သွားကော၊ ပြန်သွားတာ စနေနေ့နော်၊ တနင်္ဂနွေနေ့ကျတော့ သူ ၁၀ နာရီလား ၁၁ နာရီလား ပြန်လာတယ်။

ဒိုး ။ ။ဦးလှဖေအိမ်ကို ပြန်လာတာပေါ့။

ဖေ ။ ။ကျွန်တော့်အိမ်ကို လာတာ၊ ကောင်မလေးက မလာဘူး၊ သူ့ယောကျ်ားပဲလာတာပါ၊ အဘ အမျိုးသမီးက ပြောတယ်၊ ထပ်စားချင်တယ်တဲ့၊ အားကြီးသက်သာသွားတယ်တဲ့၊ စားချင်တယ်၊ စားချင်ရင် ထပ်လုပ်သွားပေါ့ကွာ။

www.burmeseclassic.com

ဒိုး ။ ။သက်သာသွားတယ်ဆိုတာက အဲဒီအခါ ဖြစ်နေတာက ဘယ်လို ခံစားနေရလို့လဲ။

ဖေ ။ ။နာတယ်၊ အောင့်တယ်ပေါ့။ ခုတော့ မနာမအောင့် ဖြစ်လာတယ် ပေါ့။

ဒိုး ။ ။နာတယ်၊ အောင့်တယ်။

ဖေ ။ ။နာတယ် မခံနိုင်ဘူး၊ အောင့်တယ်၊ ခုသက်သာတော့ ပြန်စားချင်တယ်ပြောတယ်၊ မနေ့က စားပြီးကတည်းက သက်သာတာ အခုလဲ ထပ်စားချင်တယ်တဲ့၊ ထပ်စားချင်ရင် တစ်ပန်းကန် ထပ်လုပ်ပေါ့၊ တစ်ပန်းကန် ထပ်လုပ်စားတယ်၊ အားလုံး သုံးပန်းကန်ပေါ့၊ မနက်ဖြန် တနင်္လာနေ့ကျတော့ ဆရာဝန်က ဘာပြောလဲ ဆိုတော့ မင်းကို ဓာတ်မှန်ပြန်ရိုက်မယ်၊ ဓာတ်မှန်ပြန်ရိုက်တော့ ဆရာဝန်က ကျောက်မတွေ့တော့ဘူး၊ မတွေ့တော့ မင်းတို့ ဘာဆေးစားလည်း မေးတယ်၊ ကျွန်တော်တို့ ဟိုဘက်က ကျွန်တော့်အဘက ကျောက်ဖရုံသီးနဲ့ ရှာလကာရည်ကျိုးတာ ပြောပြတယ်၊ အဲဒီ ဆရာဝန်တောင် အဲဒီဆေးနည်း မှတ်ထားတယ် ပြောတာပဲ၊ ကောင်းတယ် ပြန်တော့ကွာ၊ မင်းတို့ ကျောက်မရှိတော့ ခွဲလည်း အလကားပဲ ပြန်တော့၊ ခြောက်သောင်းနဲ့ ဈေးဖြတ်ထားပြီးသား လေ။

ဒိုး ။ ။ဩ၊ ကုသိုလ်ကံပဲနော်၊ ကပ်ပြီးတော့။

ဖေ ။ ။တစ်ခါတည်း ပျောက်သွားတယ်။

ဒိုး ။ ။ဒီလှိုင်ကော်ဆေးရုံမှာ ဖြစ်တာပေါ့။

ဖေ ။ ။လှိုင်ကော်ဆေးရုံမှာ ဖြစ်တာပါ၊ အဲဒီကလေးမတွေက နန်းပခုံမှာ နေတယ်၊ ကယားပြည်နယ်ပဲ၊ သူနေတာ ကျွန်းတောရွာ။

# ကုသခြင်း

ကျွန်တော်ကလည်း ကျောက်ဖရုံနဲ့ ကုသခြင်းစွဲနေတော့ တောဆေးဆိုတာ ကျွန်တော်က တင်ပြတယ်။ တောမှ ငုတ်နေတဲ့ တောဆေးပဲ။ တောတွေမှာကျတော့ အသီးအရွက်၊ အပင် ဒါမှမဟုတ် အမြစ် အခေါက် အဲဒါနဲ့ တစ်မယ်ချင်းပျောက်တဲ့ဆေး ကျွန်တော်တို့တင်စားပြီးပြောလို့ရှိရင် ဟိုဇီဝက ဆေးလို့တောင် ပြောလို့ရတယ်ပေါ့။ ဇီဝကက မင်းတို့ ဒီအသီး၊ အခေါက်၊ အရွက်၊ အပင်တွေထဲမှာ သုံးမရတဲ့အပင်ရှာစမ်းကွာဆိုပြီး ဆေးစစ်တာမျိုး သဘောပဲ။ အကုန်လုံးက ဆေးပင်တွေချည်းပါ။ ကျွန်တော်တို့ တောမှာနေခဲ့တဲ့သူက ဒါတွေ တတ်ကြတယ်။ ယနေ့အချိန်မှာ ဒါတွေ ငုတ်သွား တယ်။ ပျောက်နေတယ်။ ဘယ်သူ့သမားတွေမှာ သွားသိလည်းဆိုရင် တောပိုင်းမှာ တချို့ သိတယ်။ ဆင်သမားတွေ သိတတ်တယ်။ ဒီအရွက်က ဘာဖြစ်တယ်၊ ဒီအရွက်က ဘာစွမ်းတယ်။ ဒါက တိရစ္ဆာန် ဘာပျောက်တယ်၊ လူဆိုရင် ဒါဘာပျောက်တယ်၊ ငှက်ဆိုရင် ဘာလုပ်တယ် စသည်အားဖြင့် မျောက်ဆိုရင်ဘာသိတယ်။မျောက်က ပြတဲ့အသီး၊ ကြောင်ကပြတဲ့ အပင် ဆိုသည်ဖြင့် သူတို့ အကုန်သိတယ်။ ခု ကျွန်တော်တို့က အဲဒါတွေကို တတ်နိုင်သမျှ ပြန်ဖော်တာပါ။

ကျောက်ကပ် ပညာရပြီးနောက် သည်းခြေလည်း ပညာယူရသည်။

ဒိုး ။ ။ဦးလှဖေ သည်းခြေကိစ္စလေးပြောပြပါဦး။

ဖေ ။ ။သည်းခြေကိစ္စ အဲ့ဒါ ဒီလိုပါ၊ ကိုတင်ဦးလို့ခေါ်ပါတယ်၊ တစ်နေ့ ဦးတင်ဦးနဲ့ မိန်ကလေးတစ်ယောက် လမ်းလျှောက်လာကြတယ်။ အဲ့ဒါနဲ့ မင်းတို့ ဘယ်သွားတာတုန်းလို့ ကျွန်တော်က မေးတယ်။ မေးတော့ ဒီကလေးမလေးက သည်းခြေမှာ ကျောက်ကပ်လို့တဲ့၊

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှာ ခွဲရမယ်လို့ပြောတယ်တဲ့။ အဲလိုဆိုတော့ ကလေးမမှာလည်း ပိုက်ဆံမရှိဘူးတဲ့၊ အဲဒီရွာပြန်ဦးမယ်တဲ့၊ သူ့အမေနဲ့ သွားတိုင်ပင်ဦးမယ်တဲ့၊ ဒါဖြင့် မင်း မခွဲခင် ဒါလုပ်ကြည့်ပါလားလို့ ကျောက်ဖရုံသီးနဲ့ ရှာလကာရည် လုပ်ကြည့်ပါလားလို့ ပြောပြတယ်၊ ဘယ်လိုလုပ်ရသလဲ မေးလို့ သခွားခြစ်လေးနဲ့ခြစ်ပြီးရင် ရှာလကာရည်လောင်းပြီး စားလိုက်ရင်ရတယ်။ အဲ့ဒီလူက သွားပြီး ကျောက်ဖရုံ အတုံးတွေသွားလုပ်ပြီး ရှာလကာရည်လောင်းတယ်၊ မိန်းမကလည်း ရောဂါပျောက်ချင်ဇောနဲ့ အတုံးတွေ ဝါးစားတယ်။ စားပြီး ကျန်တဲ့အရည်တွေကို သောက်ချလိုက်တယ်။ သောက်ချလိုက်တဲ့အခါကျတော့ ပထမ သူ့အိမ်အပေါ်ထပ်အမြင့်ကိုမတက်နိုင်ဘူး။ နောက်တော့ တက်နိုင်သွားတယ်။

ဦးလှဖေက သည်းခြေခွဲရမယ့်မိန်းကလေးကို ကယ်တင်တာ ဖြစ်ပါတယ်။

သွေးချိုလည်း မတက်ဘူး။ ဆီးချိုလည်း မတက်ဘူး။

## မြင်းခွာရွက်အစွမ်း

မြင်းခွာရွက်ကိစ္စ သိတာ ပြောမိကြပြန်တယ်။

ဖေ ။ ။၁၀ တန်းမအောင်ခင်က အရက်စွဲသူကိစ္စဗျာ။

ဒိုး ။ ။အသက်က ဘယ်လောက်လဲ၊ ရောဂါဖြစ်စဉ်တုန်းကလေ။

ဖေ ။ ။ရောဂါဖြစ်စဉ်တုန်းက ၁၂ နှစ် ၁၃ နှစ် ကပေါ့၊ အိမ်ထောင်ကျတော့ အသည်းကျွမ်းပြီးလေ။

ဒိုး ။ ။ကြာခဲ့ပြီပေါ့လေ။

ဖေ ။ ။အဲဒါ ရောဂါအတွက် သူ့အမျိုးသမီးက မြင်းခွာရည်ကို ကျိတ်ပြီးတော့ အဲဒီအရည် သတ္တုရည်ကို သကြားလေးနဲ့ ခေါက်ပြီးတော့ တိုက်တယ်၊ အဲဒါအမျိုးသမီးကလည်း စိတ်ရှည်တယ်၊ အဲဒါ နေ့တိုင်းတိုက်တာ သုံးလလောက်ကြာတယ်။ အဲဒီ အသည်းခြောက်တဲ့ ရောဂါဟာပျောက်သွားတော့တာပဲဗျာ၊ ပြီးတော့ ထူးတာတစ်ခုက နကိုက ဖြူနေတဲ့ တစ်ခေါင်းလုံး အသက်ငယ်ငယ်နဲ့ ဖြူတာ၊ အဲဒါသူ့ကို ခေါင်းဖြူပဲခေါ်တယ်။ အခု အဖြူတစ်ပင်မှ ရှာမတွေ့တော့ဘူး။

ဒိုး ။ ။ကျုပ်တို့တောင် မှတ်ရတော့မယ်ထင်တယ် ဦးတင်ဋ္ဌေး၊ ကျွန်တော်တို့ အကုန်ဖြူနေတာ အခုများတော့ ကျွန်တော်တို့ဘက် ရောက်လာပြီ။

ဖေ ။ ။အဲဒါ ဆံပင်အကုန်လုံး နက်ပြောင်နေတာပဲ၊ အဲဒါ နောက်တော့ မိန်းမက သူ့ယောက်ျားအတွက်ကော ကျွန်တော်တို့ မိဘအတွက်ကော ဇရင်းကျောင်းက ဆရာတော်များအတွက်ကော ညနေ

www.burmeseclassic.com

www.burmeseclassic.com



တိုင်း မြင်းခွာရွက်ရည် ကြိတ်တယ်၊ ကြိတ်ပြီးရင် သတ္တုရည်ကို ယူပြီးတော့ တစ်ဇွန်း တစ်ဇွန်းထည့် သကြားနဲ့ခေါက် ရေနဲ့ရော မိဘတွေလည်းတိုက်၊ ယောက်ျားလည်း တိုက်။

ဒိုး ။ ။ဖျော်ရည်ပေါ့လေ၊ ဒါလည်းပညာထူး သတင်းထူးတစ်ခုပေါ့လေ။

ဖေ ။ ။ထူးတယ် ထူးတယ်၊ ဒီမြို့မှာဗျာ။

ဒိုး ။ ။ဒီလာခါနီးမှာ အရက်မပြတ်လို့ဒုက္ခရောက်နေတဲ့သူ အိမ်လာတာ နည်းပေးဦးမှပဲ။

ဖေ ။ ။အရက်စွဲတဲ့သူက အသည်းခြောက်တာများတယ်။

ဒိုး ။ ။ဟုတ်ပါတယ်ဗျာ။

ဖေ ။ ။အဲဒါခင်ဗျားတို့က မြင်းခွာရွက်နဲ့ ပြန်ပြီးတော့ တိုက်ချင်ရင် တိုက်ပေါ့၊ နည်းပေးတယ်လေ။

ဒိုး ။ ။ဒါလည်း နည်းတစ်ခုပေါ့၊ မြင်းခွာရွက်က ကျွန်တော်တို့က ဘာအတွက်သောက်လဲဆိုရင် အသက်ကြီးတဲ့သူတွေ၊ မေ့တတ်တဲ့သူတွေ၊ နောက်ပြီးတော့ သက်သတ်လွတ် အစားများတဲ့သူတွေ သက်သတ်လွတ် အစားများတော့ မှတ်ဉာဏ်နည်းတယ်၊ အသက်ကြီးလာတဲ့ အခါကျတော့ မေ့တတ်တယ်၊ အဲဒါကျရင် မြင်းခွာရွက် အရည်သောက်ပေး၊ အားဖြစ်တယ်၊ မှတ်ဉာဏ်ကို ပိုကောင်းစေတယ်။

## ထူးခြားဆေးပင်တစ်မျိုး

ဦးဌေးမောင်ဆိုတဲ့ ပုဂ္ဂိုလ်ဆီမှာ ဆေးပင်ထူးတစ်မျိုး တွေ့ပါတယ်။ အသားကပ်ရုံဖြင့် အဖျားကြီးတွေ ပြတ်တဲ့ ပျောက်တဲ့ ဆေးပင်ဗျာ၊ ရွှေပဲပင်နှင့် တူတဲ့ အစွမ်းထက် ဆေးပင်မျိုးပါဗျား။ တခြားဆေးကိစ္စတစ်ခု လေ့လာဖြစ်ရပြန်တာပါ၊ တွေ့ကြုံတာဖြစ်ပါတယ်။

ဒိုး ။ ။ပထမံပင်၊ နာမည်က ခပ်ဆန်းဆန်းပဲ၊ ဘာနဲ့တူသလဲခင်ဗျာ။

မောင်။ ။ရွှေပဲရွက်နဲ့တူတယ်၊ ဒီမှာလေ၊ အပင်က ပျော့ပျော့လေးလေး၊ ရွှေပဲအတိုင်း။

ဒိုး ။ ။ဘယ်တုန်းက ဘာနဲ့စိုက်ထားတာလဲ။

မောင်။ ။ဟိုး ပထမံဆရာကြီးတစ်ယောက် အဲသလိုပဲပေါ့၊ ကျွန်တော့်ကို ပေးခဲ့တာ။

ဒိုး ။ ။ဆရာ့နာမည်ကဘယ်သူလဲ၊ နာမည်ပြောပါဦး။

မောင်။ ။ဦးဌေးမောင်ပါ။

ဒိုး ။ ။အသက်ဘယ်လောက်လည်းခင်ဗျာ။

မောင်။ ။၆၄။

ဒိုး ။ ။ဒီဆေးပင်လေးက ငှက်ဖျားရယ်၊ တုပ်ကွေးရယ်၊ အူရောင်ငန်းဖျားရယ် အဖျားတွေပေါ့၊ ဖြစ်ရင် သူ့မသောက်ရဘူး၊ လက်မှာ စည်းရမယ်၊ ဘယ်နှရွက်လောက်လဲ စည်းရမှာလဲဗျ။

မောင်။ ။ဘယ်ဘက်လက်မှာဗျ၊ ခုနစ်ရွက်၊ ကိုးရွက်၊ ငယ်လို့ရှိရင် ၁၁ ရွက်ဗျ။

ဒိုး ။ ။ဩ၊ အရွက်ပေါ်မှာမူတည်ပြီးတော့ လက်မှာစည်းလိုက်ရင်။

www.burmeseclassic.com

မောင်။ ။ကျပ်ပြားလောက်ရှိမယ်။ လက်ကောက်ဝတ်မှာစည်းလိုက်ရင်ပြီးပါတယ်၊ အဖျားမှန်တာ အကုန်နိုင်တယ်။

ဦး ။ ။လက်ကောက်ဝတ်ရဲ့အောက်ဖက်က စည်းရမယ် ဟုတ်လား။

မောင်။ ။အသားတော့မလပ်စေနဲ့ပေါ့၊ ဆေးရွက်ကပ်တဲ့အခါ ဆေးရွက်စေ့အောင်ကပ်ပါ။

ဦး ။ ။အသားမလပ်စေနဲ့ဆိုတာ ဘာပါလဲ။

မောင်။ ။အသားမပေါ်စေနဲ့၊ ဒါ သတိထား ဟုတ်လား။

ဦး ။ ။အသားမပေါ်စေနဲ့၊ လက်ကောက်ဝတ်ရဲ့အောက်က စည်းထားရမယ်၊ ပြီးတော့ အဝတ်နဲ့ ထပ်စည်းရမယ်ပေါ့။

မောင်။ ။ပြောပြပါ့မယ်၊ ဖယောင်းတိုင်ထုတ်တဲ့ ပလတ်စတစ်ရှိတယ်မဟုတ်လား၊ အဝိုင်းလောက်ပဲပေါ့ လုပ်ပြီး အုပ်ပါ။

ဦး ။ ။ဘာနဲ့အုပ်ရမလဲ၊ ပလတ်စတစ် ဒင်္ဂါးပိုင်းသာသာ ညှပ်လို့အုပ်ပါ။

မောင်။ ။ပြန်အုပ်ပါ၊ ထပ်အုပ်ရတာပါ။

ဦး ။ ။ဘာနဲ့ပြန်အုပ်ရမလဲ။

မောင်။ ။ပလတ်စတစ်နဲ့ပဲလေ၊ အရွက်စီထားတဲ့အပေါ် ထပ်အုပ်ရတာ။

ဦး ။ ။ဩ ဆေးရွက်ပေါ်မှာ ပလက်စတစ်အုပ်။

မောင်။ ။ကြီးလို့ရှိရင် အနာပိုကြီးတယ်၊ အဲတော့ ဒီလိုစည်းလို့ပြီးရင်အဲဒီ အပေါ်က ပတ်တီးစည်းပေါ့၊ စည်းတဲ့အခါကျရင် သုံးချိုးစည်းရတယ်၊ သူက လေမဟာအောင် လုပ်ရတာပါ၊ ပတ်တီးစည်းတာ လေမဟာဖို့ပါ။

ဦး ။ ။လေမဟာအောင် သုံးပတ် ပတ်ရမယ်၊ လုံအောင်ပတ်။

မောင်။ ။နာရီဝက်အတွင်း ငှက်ဖျားပျောက်ဝယ်၊ နာရီဝက်မှာ တက်တဲ့ အဖျား ဘာအဖျားဖြစ်ဖြစ် ကျသွားမယ်၊ သူက ၂၄ နာရီတော့ စည်းထားရမယ်၊ ၂၄ နာရီ ပြည့်ရင် ပြန်ဖြည်ရမယ်၊ အဲဒီအချိန်ကျရင် ငှက်ဖျားမရှိတော့ဘူး၊ ဒီအနာပဲပြန်ကုရမယ်။



ရဲနေတယ်၊ မီးလောင်ဖုလို့ပဲ၊ အရည်တက်လာတယ်။ အဖျားပျောက်ပြီး အဖုလေးရောက်လာတာ။

ဦး ။ ။မီးလောင်သလိုပဲ၊ အဖုက ဟုတ်လား၊ အဖျားကြီးနေတာ နာရီဝက်နဲ့ ပျောက်ပြီး အဖုပဲပေါ်တယ်။

မောင်။ ။ဒီလိုဖုတာပဲ၊ နီရဲလာတယ်၊ ကြည့်နေရင်းနဲ့ သူသိသာတယ်။

ဦး ။ ။ဩ ဒီလိုလှန်လိုက်တာနဲ့ သူ ဖောင်းတက်လာတယ်၊ ဖောင်းတက်လာရင် ဘာလုပ်ရမလဲ။

မောင်။ ။ဖောက်ရမယ်။

ဦး ။ ။အပ်နဲ့ဖောက်ရမယ်လား။

မောင်။ ။ဖောက်တဲ့ အပ်ကတော့ သန့်ရမယ်။

ဦး ။ ။ဟုတ်ပါပြီ၊ အပ်သန့်သန့်နဲ့ ဖောက်ပစ်၍ အရည်ထုတ်ပါပေါ့။

မောင်။ ။အပ်မဟုတ်ရင် ထင်းရှူးရှိတာပဲ။ ထင်းရှူးအချွန်နဲ့ ဖောက်လိုက်ရတယ်၊ အစိမ်းရောင်ထွက်ရင် ငှက်ဖျား ဖျားတာလို့ မှတ်တော့ဗျ၊ တုပ်ကွေးဆိုရင် ဆန်ဆေးရည်လိုပဲ အရောင်ရှိတဲ့ အရည်ထွက်တယ်။

ဦး ။ ။ရောဂါကတော့ ကိုယ်မသိဘူး၊ ဖျားတာပဲ၊ အရည်ထွက်တဲ့အခါကျတော့ သူက လက္ခဏာလာပြတယ်ပေါ့၊ ဒါ ငှက်ဖျားလား၊ တုပ်ကွေးဖျားလား ဆိုတာကို ခွဲတောင် ပြတာပေါ့လေ။ ဒီအပင် သိပ်ထူးတာက သောက်ရတာမဟုတ်၊ အရွက်ပေါက်စလေးတွေ အုပ်တာ၊ သောက်ရတာမဟုတ်ပဲ စည်းရုံတင်ပျောက်တယ်ဆိုတော့ ဒါလည်း ပညာတစ်ရပ်ပဲ၊ ဆန်းကြယ်တယ်၊ မမြင်ဖူးသေးဘူးလေ၊ ခုမှ မြင်ဖူးရတာ။

မောင်။ ။ပြမယ်လေ၊ အပင်တွေ အုံလိုက်ရှိတာ ပြမယ်လေ၊ ပုံလဲ သွားပါဗျာ။

ဦး ။ ။ပြမယ်လား၊ အုံနဲ့ပြမယ်လား။

မောင်။ ။အစောက ဆရာတော်ကျောင်းမှာရှိတယ်၊ စိုက်ပေးထားတယ်၊ ဒီမှာလဲ ဖြန့်စိုက်ထားတာပါ။

www.burmeseclassic.com

ဒိုး ။ ။ဩ ကျောင်းမှာ ရှိတာလား။
မောင်။ ။အိမ်မှာရှိတယ်၊ အိမ်မှာ တမင် အများကြီး စိုက်ထားတာပါ။
ဒိုး ။ ။ဩ အိမ်မှာလိုက်ကြည့်လိုက်တာပေါ့၊ ခဏ ဖြစ်သလား၊ လိုက်ကြည့်ရမလား၊ အဲဒါလည်း ထူးခြားတဲ့ အပင်ပဲ၊ လက်စည်းပင်ပေါ့၊ လက်စည်းဆေးပင်တဲ့၊ ထူးလိုက်တာဗျာ။
မောင်။ ။ကျွန်တော် ကုပေးလာတာ လူ ၁၀၀ ကျော်နေပြီ၊ အဖျားဒုက္ခ က ကယ်တာလေ။
ဒိုး ။ ။လူ ၁၀၀ ကျော်နေပြီပေါ့၊ ဒီနည်းနဲ့ တစ်ခါတည်း ပြတ်သွားကောလား၊ ဒါပြီးရင် ငှက်ဖျားကို တစ်ခါတည်း ပြတ်သွားတာလား၊ ဒီလက်စည်းပင်တော့ တစ်သက် ကျွန်တော်လည်း မကြားဖူးဘူး၊ တစ်ခါမှ မကြားဘူးတဲ့ ကုနည်း။
မောင်။ ။ဒီလိုလေ၊ အဲဒီအချိန်လောက် မဖျားတော့ဘူးပေါ့၊ တကယ်လို့ ငှက်ဖျားတော သွားရင်တော့ ထပ်ဖြစ်မှာပေါ့၊ ဖြစ်လည်း ကြီးကြီးကျယ်ကျယ် မဖြစ်တော့ဘူး၊ ခဏနဲ့ အဖျားပြေးရော။
ဒိုး ။ ။ကြီးကြီးကျယ်ကျယ် မဖြစ်တော့ဘူး၊ ဒါနဲ့ ဒီအပင်က ဘယ်က ရတာလဲ၊ ထပ်ရှင်းပြပါဦးလေ။
မောင်။ ။ဆရာတစ်ယောက်ပေးသွားတာ၊ အဲဒီဆေးပင်က ဘယ်မှာရှိလဲ ဆိုရင် ပင်လောင်းမှာရှိတယ်၊ တောင်ကြီးမှာရှိတယ်၊ ဒီမှာ ရှိတယ်၊ မျိုးတွေကပေါ့လေ၊ ပွားတယ်လေ။
မောင်။ ။ကျန်တဲ့နေရာတော့ မတွေ့ဖူးဘူးလေ။
ဒိုး ။ ။ဟုတ်ကဲ့ ဟုတ်ကဲ့၊ ဒါလည်း မှတ်ထားရမယ်လေ၊ အပင်လည်း လိုက်ကြည့်ရဦးမယ်။
ဒိုး ။ ။ပွားလို့ရတယ်ပေါ့။
မောင်။ ။နွေဆိုရင်တော့ ဒီအပင်တွေ ပျောက်သွားတယ်။
ဒိုး ။ ။မိုးကျမှ ပေါက်တယ်ပေါ့။
မောင်။ ။ဥလေးတွေရှိတယ်။ အဲဒီက ပြန်ပွားတာ၊ ပွားလို့အကုန်ရတယ်၊ ရဲဘော်တွေလည်း ကုပေးရတယ်။



ဒိုး ။ ။ဩ ဟုတ်ပြီ၊ ဒါ အင်မတန် တန်ဖိုးရှိပါတယ် ခင်ဗျာ။
မောင်။ ။နောက် အရိပ်ထဲမှာဆိုလို့ရှိရင် ရှင်တယ်၊ ပိုသန်တယ်ဗျာ။
ဒိုး ။ ။နွေမှာဆိုရင် အပင်ပျောက်သွားတယ်၊ အရိပ်ထဲမှာ ရှိတယ်၊ ပင်လောင်းတို့ တောင်ကြီးတို့မှာ ဘာခေါ်လဲ ဒီအပင်ကို။
မောင်။ ။ရှမ်းနာမည်ပဲခေါ်တယ်၊ ကျွန်တော်လဲ သိပ်မပြောတတ်ဘူး၊ တိုင်းရင်းဆေးထူးပဲ။
ဒိုး ။ ။ဩ ဟုတ်ပြီ၊ ပထမံပင်ပေါ့လေ၊ ကျေးဇူးတင်ပါတယ်။ ဦးဌေးမောင် ကျေးဇူးနော်။

ဦးဌေးမောင်ဆီက ဆေးနည်းဟာလည်း အင်မတန် ထူးခြားဆန်းပြားတဲ့ ဆေးနည်း ဖြစ်နေပါတော့တယ်။ ကျွန်တော်တို့တော့ဖြင့် တကယ် တစ်ခါမှမကြားဖူး မတွေ့ဖူးတဲ့ အပင်လည်းဖြစ်ပါတယ်။ ငှက်ဖျားရောဂါ၊ တုတ်ကွေးရောဂါ အင်မတန် ပြင်းထန်တာကို လက်မှာ စည်းပေးရုံနဲ့ပျောက်တာ အရွက် အပင် အသုံးဟာ တစ်ကြိမ်တစ်ခါမှ ကျွန်တော်တို့ မကြားဖူးမတွေ့ဖူးပါ။ တကယ်ပါဗျာ။ တစ်ကြိမ်တစ်ခါမှာ တစ်တပ်လုံး ဖျားနေတဲ့ရဲဘော်များကို ဒီဆေးပင်နဲ့ ကူညီခဲ့ဖူးတယ်လို့ ပြောပြဖူးပါတယ်။ ငှက်ဖျားရောဂါပြင်းထန်နေတဲ့ ရဲဘော်များကို ဒီဆေးနည်းနဲ့ကုသပြီး အရွက် အပင်ပါပြသကာ နည်းလဲပေးတာ ဖြစ်ပါတယ်။

အရွက်က မတ်စေ့သာသာ ပဲကြီးစေ့ကြီးကြီးသာသာ ဒီလောက်ပဲ ရှိပါတယ်။ အရွက်ရဲ့ ပုံစံအနေအထားက ရွှေပဲပင်ရဲ့ အရွက်နဲ့ ပုံစံတူပါတယ်။ သူ့ကို သတ်မှတ်တဲ့အတိုင်း ခုနစ်ရွက် စသည် စည်းပြီးတာနဲ့ ပုလုံလေး ပတ်တီးနဲ့ ထုတ်ထားရတာ ဆန်းပြားပါတယ်။ သူ့ကုနည်းအဆန်း ဖြစ်ပါတယ်။ တော်တော်များများကို ဒီနည်းနဲ့ကုသခဲ့တဲ့ သူ ပြောတဲ့ အတိုင်းပါပဲ။

www.burmeseclassic.com

## ဆန်းတဲ့ အဖျားကြမ်း

တချို့ကိစ္စများ အဆန်းအပြားများလည်း ကြားရပါတယ်။ တပ်မတော်ရဲဘော်များတစ်သိုက်တို့မှာ ငှက်ဖျားကြမ်းပြီး ကုမရတာ ဖြစ်ခဲ့ပါတယ်။ တစ်တပ်လုံး ဒုက္ခရောက်ခဲ့တယ်။ ဒီမှာဒေသခံများက ကူညီတယ်။ ဘယ်လိုကူညီလဲဆိုရင် ဒီငှက်ဖျားဟာ ရိုးရိုးငှက်ဖျား မဟုတ်ဘူး။ သူ့မှာ ရောဂါတစ်မျိုးဖြစ်တယ်။ သူ့ကို တခြားနည်းနဲ့ မကုနဲ့၊ သူ့အနာဖု ရှိတယ်။ စအိုမှာ အနာဖုလေးကို ဖောက်လိုက်တာနဲ့ ရောဂါပျောက်တယ်။ ဒီလို ငှက်ဖျားမျိုးကလည်း ရှိတယ်။ မှတ္တရုနာ ဆန်ပါတယ်။ ရုတ်တရက်အားဖြင့် ဒေသခံပြောတုန်းက မယုံနိုင်စရာဖြစ်ရတယ်။ တကယ် ကုသပျောက်ကင်းတဲ့ အခါကျတော့ အံ့သြစရာဖြစ်ခဲ့ကြပါတယ်။ ဆေးမနိုင်တဲ့ ငှက်ဖျားကို အပ်နဲ့ကုတာဖြစ်တာ ထူးဆန်းပါတယ်။ အင်မတန် ဗဟုသုတများရရှိရပါတယ်။

ဒီအပင် ဒီနည်းစသည်တို့ဟာ ပြည်သူများကြားက နည်းများဖြစ်ပါတယ်။ အံ့သြစရာ အရွက်အပင်များကိုလည်း တွေ့ကြုံရပါတယ်။ ကျွန်တော်တို့မှာလည်း စဉ်းစားစရာ တွေးတောစရာ ဖြစ်လာနေပါတယ်။ ဘယ်လို စဉ်းစားစရာ တွေးတောစရာ ဖြစ်တာလဲ။ ဒီပိစပ်ပင် ဒီစူလာနဖာပင် စသည်တို့ဟာ ရှေးအခါထဲက ရှိခဲ့ရက်နဲ့ ဘာကြောင့်များ မသိဖြစ်နေခဲ့ကြတာလဲ။ ဘာကြောင့်များ ဒီပညာက ဖုံးကွယ်နေတာလည်း အခုဆေးပင်များပြတဲ့နေရာမှာ အံ့သြစရာ ဖြစ်ပါတယ်။ ကြည့်ပါ။ ကျွန်တော် အထက်မှာပြောခဲ့တဲ့ လှိုင်ကော်၊ မိုးငြ တစ်နယ်လုံး ပိစပ်ပင်နဲ့ ရောဂါတွေ ပျောက်ကြတယ်။ ရောဂါစုံပျောက်ကြတယ်။ ဒီပျောက်တဲ့နည်းကို စတင်ပေးသူက ဘုန်းတော်ကြီးတစ်ပါးဖြစ်နေပြန်တော့တယ်။



ကျွန်တော်တစ်နေရာမှာ အစီရင်ခံပြောပြထားတဲ့ သွေးကင်ဆာ အမျိုးသမီး မီးကွင်းဂမုန်းနဲ့ ပျောက်တာရှိခဲ့ပါတယ်။ မီးကွင်းဂမုန်းဟာ ဒီမျှအစွမ်းထက်တယ်လို့ မသိခဲ့ကြပါဘူး။ အမျိုးသမီးဟာ သွေးကင်ဆာ နိုင်ငံခြားသွားပြရပါတယ်။ မဟန်လို့ ပြန်ခဲ့ရတာ ရောဂါမသက်သာလို့ ပြန်ခဲ့ရတာ။ သွေးတွေဟာ မျက်လုံး၊ နှာခေါင်း၊ ပါးစပ် စသည် ဒွါရပေါက်များမှ ထွက်ကျလို့နေပါတယ်။ ဒီလောက်ပြင်းထန်တဲ့ရောဂါကို မီးကွင်းဂမုန်းက ကုသလိုက်တာ လုံးဝကောင်းသွားပါကယ်။ ဒီ သွေးကင်ဆာဖြစ်ရာမှာ ထူးဆန်းတာက ဒီအမျိုးသမီးက အသားအရည်တွေ ပွယောင်းယောင်းကြီးဖြစ်ခဲ့ပါတယ်။ အရင်မရှိခဲ့တဲ့ ပုံဟန်ဖြစ်သွားခဲ့ပါတယ်။ မီးကွင်းဂမုန်းနဲ့ သွေးကင်ဆာတွေ ကုပြီးတဲ့အခါမှာ ကိုယ်ရည်စစ်ပြီး နကို အခြေအနေကို ပြန်ရောက်တယ်ဆိုတာလည်း ထူးဆန်းပါတယ်။

ဒီရောဂါမျိုးဟာ တစ်ကိုယ်လုံး အသွေးအသား၊ အရိုး၊ အကြော၊ ချဉ်ဆီထိ စုပုံ ဒုက္ခပေးတဲ့ ရောဂါမျိုးဖြစ်ကာ အမှန်ပါပဲ။ ဒီလိုရောဂါမျိုးကို မထင်တဲ့ ပိစပ်လိုက မီးကွင်းဂမုန်းလိုက ပျောက်စေနိုင်ခဲ့တာက အလွန်ထူးခြားနေတာ ဖြစ်ပါတယ်။ မီးကွင်းဂမုန်းကိုလည်းပဲ သံဃာတော်တစ်ပါး ပြခဲ့ပြောခဲ့တာဖြစ်နေပါတယ်။ ဒီပညာများဟာ ငုပ်နေတာ ပျောက်နေတာ အမှန်ပါပဲ။ အခုအချိန်မှာကျမှ ဘာကြောင့် ပြည်သူအများကြားမှာ အထင်အရှား စူလာနဖာတို့ ပိစပ်တို့ဟာ ထင်ရှားလာတာဟာ ဘယ်လိုလဲ။ ဒီအပင်ဟာလည်း ရောဂါစုံကို နှိမ်နင်းနိုင်တယ်။ အံ့ဖွယ်ဖြစ်ပါတယ်။ ရောဂါစုံဆိုတဲ့နေရာမှာ နာမည်ကြီးတဲ့ကင်ဆာလို AIDSလိုရောဂါတွေသာမက သာမန်အဖျားအနာကိစ္စများပါ ပျောက်နိုင်တောင် ထူးခြားပါတယ်။

ဆိုပါတော့။ မနေ့ကပဲ ကျွန်တော်ဟာ မအေးအေးမွန်နဲ့ တွေ့ဖြစ်ပြန်ပါတယ်။ မအေးအေးမွန်ဆိုတာ ရောဂါပြင်းထန်တဲ့ အလွန် ခံစားရတဲ့ အချိန်မှာ သက်သက်သာသာပျောက်နိုင်တဲ့ စူလာနဖာကိုတွေ့ပြီး အပြီးအပြတ် ကောင်းခဲ့တာ ထူးခြားပါတယ်။ ကိုယ်တိုင် ဆောင်းပါးရေးခဲ့တဲ့ အမျိုးသမီးငယ် ဖြစ်ပါတယ်။ သူဟာ ပိစပ်ကိုလည်းသောက်ဖို့ ကျွန်တော်

www.burmeseclassic.com

လမ်းညွှန်ကြည့်ပါတယ်။ စူလာနဖာလည်း သောက်တယ်။ ပိစပ်ကလည်းပဲ သူ့ကို ကူညီနိုင်တာရှိတယ်လို့ ကျွန်တော်လည်း တွက်ပါတယ်။ သူ စူလာနဖာ သောက်နေစဉ်မှာ စူလာနဖာကပြုတ်ပြီးတဲ့နောက် ပစ်လိုက်ရတဲ့ အရိုးရှိပါတယ်။ ဒီပစ်လိုက်ရတဲ့အရိုးများ အသုံးတည့်ပုံကို ကျွန်တော့်ကို ထူးဆန်းစွာ ပြောပြပြန်ပါတယ်။

သူ့ရဲ့ဖခင်ဟာ အုံညြွဖွယ်ကြွက်နို့များပျောက်တာ စူလာနဖာကြောင့်လို့ ကျွန်တော်တို့ပြောတော့ ကျွန်တော်သတင်းထူး စကားထူးတစ်ခုကြားရပြန်သလို ဖြစ်သွားရပြန်ပါတယ်။ ခြေထောက်မှာများနေတဲ့ ကြွက်နို့တွေကို သူ့အဖေက သူပြုတ်သောက်ပြီးတဲ့ စူလာနဖာ အဖတ်တွေနဲ့ ပွတ်တိုက်ပါတယ်တဲ့၊ ခဏခဏ ပွတ်တိုက်ပေးတယ်တဲ့၊ ပွတ်တိုက်ပြီးရင် သနပ်ခါးလိမ်းပါတယ်၊ ပွတ်တိုက်လိုက် သနပ်ခါးလိမ်းလိုက် လုပ်ရင်းနဲ့ပဲ ဒီကြွက်နို့တွေဟာ လုံးဝပျောက်သွားတယ်ဆိုတဲ့ သတင်းကို ကျွန်တော်တို့ ပြောပါတယ်။

လိုတရ ပဒေသာပင် လိုတရ ဆေးပဒေသာပင်ဖြစ်တဲ့ စူလာနဖာ၊ ပိစပ်ပင်တွေကို ကျွန်တော်တို့ အံ့ညြခဲ့ရပါတယ်။ အစရှာလိုက်တဲ့အခါမှာ ဆရာတော်များ ဘုန်းတော်ကြီးများက ပေးတယ်လို့ သိရပါတယ်။ ကျွန်တော့် မိတ်ဆွေများကလည်း ပြောပါတယ်။ ဘုန်းတော်ကြီးတွေ ပေးတယ်ဆိုတာ ဘုန်းတော်ကြီးတွေဟာ အချိန်အခါကျလို့ ဘုန်းတော်ကြီးတွေနား လာတဲ့နတ်တွေရဲ့ အသိပေးချက်လားလို့ ကျွန်တော့်ကို ပြောပါတယ်။ ကျွန်တော်မှာ ဘာမှပြန်မပြောသာပါ။ အချိန်အခါအရ ပေါ်လာတာလည်း အမှန်တကယ် ဖြစ်နေပါတယ်။ နတ်တွေပေးတာ မှန်သလား။ အများအကျိုးအတွက်နဲ့ သက်သက်သာသာနဲ့ ရောဂါတွေပျောက်ဖို့ နတ်တွေက ပြသလား၊ ပေးသလား။ ကျွန်တော်က သူတို့ကို ရယ်မောပြီးပြောလိုက်ပါတယ်။ ခင်ဗျားတို့ပြောသလို နတ်ပေးတာမှန်ခဲ့ရင် ကျွန်တော်ဟာ ဒီကိစ္စ လိုက်ဆောင်ရွက်တဲ့သူဖြစ်တော့ ကျွန်တော်သည် နတ်သူငယ်ချင်းအဆင့် ရောက်ရှိသွားတော့တာပဲလို့ ဂုဏ်ယူစွာ ပြောမိလိုက်ရပါတယ်။ အားလုံးရောဂါဘယများ ကင်းဝေးကြပါစေ။ လိုတရပါစေ။ အများပြည်သူအတွက် ဆုမွန်ကောင်းတောင်းပါတယ်ဗျာ။

## အောသမား နှင့် ဖုန်းအင်တာဗျူး

အရောဂါသမား ကိုပေါက်စ ပိစပ်သောက်၍ ရောဂါပျောက်ခဲ့ရာ လှိုင်ကော်မှာ သူ့စောင့်သော်လည်း မတွေ့နိုင်ခဲ့ပါ။ သူက ရောဂါပျောက်ပြီး နယ်စပ်နှင့် ကုန်ကားကြီးမောင်းနေခဲ့၍ တွေ့ဖို့ ကြုံဖို့ ခက်ခဲတာဖြစ်သည်။ သူ့အား ပိစပ်သောက်စေခဲ့သည့် ဦးလှရွှေကို အကူတောင်းရာ လှိုင်ကော်အပြန်မှာ ဖုန်းဆက်၍ တစ်ခါရပြီး ကျွန်တော် အသံသွင်းယူထားလိုက်ပါသည်။ ရှုပါဗျ။

ဒိုး - ခင်ဗျား ဦးလှရွှေလား

ရွှေ - ဟုတ်ကဲ့ပါခင်ဗျား

ဒိုး - မောင်ပေါက်စ ရောက်နေပြီလား၊ သူ့တွေ့မှဖြစ်မယ်လေ။

ရွှေ - မောင်ပေါက်စလည်း စောင့်နေပါပြီ၊ ပြောထားလို့စောင့်နေပါပြီ။

ဒိုး - ဟုတ်ကဲ့၊ ဝမ်းသာတယ်ခင်ဗျာ။

ရွှေ - သူဖြစ်တဲ့ဟာ သူပြောပြမယ်လေနော်၊ သူကိုယ်တိုင်ပေါ့။

ဒိုး - ကောင်းပါတယ်၊ မိတ်ဖြစ်ဆွေဖြစ် ခင်ခင်မင်မင်ပေါ့ဗျာ မဟုတ်ဘူးလား (ဖုန်းကိုင်ကာ) ဟလို၊ ကိုပေါက်စလား၊ နေကောင်းလား။

ပေါက် - ကောင်းတယ်ခင်ဗျာ။

ဒိုး - ခင်ဗျားမျှော်ရတာ လည်ပင်းရှည်ပြီဗျ၊ ခင်ဗျားက အလုပ်များတယ်၊ အခုဘာလဲ ခုမနက် အောင်ပန်းက ပြန်လာတာလား။

www.burmeseclassic.com

www.burmesecla...c.com



ပေါက် - ဟုတ်တယ်၊ ဒီလိုပဲ သွားနေရပါတယ်။

ဒိုး - ကျွန်တော် တစ်လောက လာတုန်းက၊ ဇွန်လက လာတုန်းက ကိုပေါက်စ နယ်စပ်ဘက်သွားနေရတယ်၊ အရမ်းပင်ပန်းနေတယ်ပြောတယ်၊ တော်တော် အလုပ်လုပ်နိုင်တာပဲ၊ အခုထိ လူပျိုပဲလား။

ပေါက် - ဟုတ်ကဲ့၊ လူပျိုပါပဲခင်ဗျာ။

ဒိုး - ဟုတ်လား၊ မိဘကော။

ပေါက် - အမေပဲ ရှိတော့တယ်ခင်ဗျာ။

ဒိုး - ဒါဖြင့် အမေ လုပ်ကျွေးနေတာပေါ့လေ။

ပေါက် - ဟုတ်ကဲ့၊ မှန်ပါတယ်ခင်ဗျာ။

ဒိုး - ဝမ်းသာလိုက်တာဗျာ၊ သာဓု ခေါ်တယ်ဗျ၊ အမေလုပ်ကျွေးတဲ့ သားသမီးဆိုတာ ကြီးပွားပါတယ်နော်၊ ခင်ဗျား မတော်တဆ ရောဂါရတယ် ဆိုတာလည်း ကြားတယ်၊ ဒါကတော့ ဖြစ်တတ်ပါတယ်လေ၊ ကျွန်တော်တို့ လက်ဖက်စားရင်တောင် ဇွန်းကနေ ဖြစ်သေးတာ၊ ခေါင်းရိုက်ရင်လည်း ဖြစ်တာပဲ၊ အကြောင်းကြောင်းတွေလေ၊ အဲ့ဒါ အဲ့ဒီအကြောင်းလေးတွေ ကျွန်တော် သိချင်တယ်ဗျာ၊ နည်းနည်းပါးပါး ခင်ဗျားပြောနိုင်သမျှပေါ့ဗျာ နော်၊ ကျွန်တော် ခင်ဗျားဓာတ်ပုံလည်း မဖော်ပြပါဘူး၊ ရောဂါ ဘယ်လိုဖြစ်တယ်၊ ဘယ်လောက်ကြာတယ်၊ နောက် ဘယ်လို ဦးလှရွှေတို့ ဆေးတိုက်တယ် စသည်လေးတွေပေါ့ဗျာ၊ အကျိုးအကြောင်းလေးတွေ သိရရင် ကျွန်တော်တို့ ဝမ်းသာရတာပေါ့ဗျာ၊ ရန်ကုန်မှာလည်း မိတ်ဆွေကွေ ပြောပြရင် အကျိုးရှိတာပေါ့ဗျာ၊ ဘယ်လောက်တုန်းက ဖြစ်တာလဲ။

ပေါက် - မနှစ်က ဖြစ်တာပါ။

ဒိုး - ဖြစ်တော့ ဘယ်လိုရောဂါလက္ခဏာတွေ စဖြစ်တာလဲ ခင်ဗျာ။



ပေါက် - ဘာရောဂါလဲဆိုတာ အစမှာ ကျွန်တော်မသိသေးဘူး။

ဒိုး - ဟုတ်ကဲ့၊ ဘယ်လို စဖြစ်တာလဲ ခင်ဗျာ။

ပေါက် - ရောဂါဝင်လာတော့ အားမရှိဘူး၊ သိသိသာသာ ပိန်ကျလာပါတယ်။

ဒိုး - နောက် ဝမ်းတွေ ဘာတွေ သွားသေးလား။

ပေါက် - ဟုတ်ကဲ့၊ ဝမ်းက ဖောက်လာတယ်။

ဒိုး - နောက် လျှာတွေ ဘာတွေ အနာပေါက်သလား။

ပေါက် - အနာပေါက်သလောက် မဖြစ်သေးဘူး။

ဒိုး - နောက်ပြီးတော့ ကိုက်ခဲတာတွေဖြစ်သလား။

ပေါက် - ကိုက်ခဲတယ်၊ သိသိသာသာကို ကိုက်တာခဲတာ ဖြစ်လာတယ်။

ဒိုး - ဒါနဲ့ တဖြည်းဖြည်းပိန်လိုက်လာတော့တယ်ပေါ့။

ပေါက် - ဟုတ်ကဲ့၊ အားလည်း လျော့တယ်၊ ဆိုးပါတယ်။

ဒိုး - စားလို့သောက်လို့ကော အဆင်ပြေလား။

ပေါက် - စားလို့မကောင်းဘူးဗျ၊ ဘာမှစားမကောင်းဘူး။

ဒိုး - အဲဒါ ဘယ်လောက်ကြာသွားလဲ၊ ခုလိုချည်း ဖြစ်နေတာပေါ့လေ။

ပေါက် - ခြောက်လလောက်ကြာသွားတယ်၊ ဒုက္ခရောက်ပါတယ်။

ဒိုး - ရောဂါခံပြီး တော်တော် ပင်ပန်းတာပဲ၊ နောက် ဘာဆေးသောက်လဲ။

ပေါက် - ပိစပ်သောက်ဖို့ ဖြစ်လာတော့တာပေါ့ခင်ဗျာ။

ဒိုး - ဟုတ်တယ် ဦးလှရွှေတို့လည်းမေးထားတယ် ပိစပ်ရွက်သောက်တယ်၊ ဒါ ဘယ်လောက်လောက်ကြာမှ သောက်ဖြစ်တာလဲ။

ပေါက် - ရောဂါဒဏ် အတော်ခံပြီး၊ လေး ငါး ခြောက်လ ကြာတော့မှ သောက်ဖြစ်တာပါ။

ဒိုး - ဘယ်လိုသောက်လဲ၊ သောက်ပုံသောက်နည်းလည်း ပြောပါဦး။

www.burmeseclassic.com

ပေါက် - ပန်းကန်တစ်ဝက်လောက် ဆေးရည်ကို မနက်ည သောက်တာ။
ဒိုး - မနက်ဘယ်လောက်၊ ညနေဘယ်လောက်သောက်သလဲခင်ဗျာ။
ပေါက် - ထန်းရည်ခွက်နဲ့ တစ်ခွက်ဆိုပါတော့ခင်ဗျာ။
ဒိုး - မနက်ဘယ်လောက်၊ ညနေဘယ်လောက် သောက်သလဲဗျာ။
ပေါက် - မနက်ကို ထန်းရည်ခွက်နဲ့တစ်ခွက်။
ဒိုး - မနက်ကို ထန်းရည်ခွက် ဆိုတော့ ခွက်ရဲ့အရွယ်က မတ်ခွက်လောက်ရှိသလား။
ပေါက် - ထန်းရည်ခွက်ဆိုတာ သေးသေးလေးကိုပြောတာ၊ မကြီးပါဘူး။
ဒိုး - သေးသေးဆိုတော့ အကြမ်းရည်ခွက်လောက်ရှိလား။
ပေါက် - ရှိတယ်။ မနက်တစ်ခွက်၊ ညတစ်ခွက်။
ဒိုး - ဘယ်လောက်သောက်လိုက်လဲဗျာ။
ပေါက် - နှစ်လကျော်ကျော် သောက်တယ်ခင်ဗျာ။
ဒိုး - နှစ်လသောက်တော့ ဘယ်လိုဖြစ်လာလဲခင်ဗျာ။
ပေါက် - ကောင်းသွားတယ်၊ ဟန်ကျပန်ကျကောင်းသွားတယ်။
ဒိုး - လုံး၀ ပြန်ကောင်းသွားတယ်၊ ကျန်းမာလို့ ခင်ဗျား ဒီလိုကြမ်းကြမ်းတမ်းတမ်း ကားလုပ်ငန်း၊ ခရီးလမ်းတွေသွားတာပေါ့ခင်ဗျား၊ အဲဒါ ကြားချင်တာဗျ၊ ခင်ဗျားက သူများကို ဒီနည်းလမ်းတွေ ပေးသေးလား၊ ရောဂါပျောက်ဖို့တွေ ပြောပြလား။
ပေါက် - ပေးပါတယ် ကူညီပါတယ်၊ ကျွန်တော်လို ပျောက်စေချင်တယ်။
ဒိုး - သောက်ကြရဲ့လား၊ တခြားလူတွေကော သောက်ကြလား၊ ရောဂါတွေဘာတွေကော ပျောက်ကြရဲ့လား။
ပေါက် - တချို့လည်း ပျောက်တယ်၊ မှန်မှန်သောက်သူ ပျောက်တယ်။
ဒိုး - ဟုတ်ကဲ့၊ မပျောက်တဲ့သူကော ရှိလား။
ပေါက် - မပျောက်တဲ့သူလည်း မပျောက်ဘူးတဲ့၊ သူတို့ မှန် မမှန်တော့ မသိဘူး။



ဒိုး - ဩ ဟုတ်ကဲ့၊ သူတို့ သေချာမသောက်လို့လား။
ပေါက် - ဟုတ်မယ်ထင်တယ်၊ ဒီလိုပဲဖြစ်နိုင်ပါတယ်။
ဒိုး - ဆေးမသောက်တော့လည်း မတတ်နိုင်ဘူး၊ မဟုတ်ဘူးလား။ ဆေးသောက်လို့ ဖြစ်တယ်ဆိုတော့ ပိုကောင်းတာပေါ့ဗျာ မဟုတ်ဘူးလား၊ ကိုပေါက်စ ပိစပ် ဘယ်နှလလောက် သောက်လိုက်ရလဲ။
ပေါက် - နှစ်လကျော်ကျော်ပဲ ခင်ဗျာ့၊ သိသာပါတယ်။
ဒိုး - နှစ်လကျော်သောက်တော့ အဆင်ပြေသွားရောလား။
ပေါက် - အဆင်ပြေသွားတယ်၊ လူက ပြန်လည်း၀လာတယ်။
ဒိုး - ဩ ပြန်ဝလာလား၊ အေးဗျာ ခင်ဗျားက ဓာတ်ပုံမပြချင်တော့ ကျွန်တော်ရိုက်ချင်ပေမယ့် ထားပါတော့လေ၊ဒီလိုပါ ကျွန်တော်တို့ကလည်း အများအတွက်အကျိုးရှိတယ်ပေါ့ဗျာ၊ပိစပ်သောက်လိုက်တာ ပြန်ကောင်းလာတယ်၊ ပြန်ကောင်းတော့ အားတွေ ပြန်ပြည့်တယ်၊ စားကောင်းသောက်ကောင်း ဖြစ်တယ်၊ နေစမ်းပါဦးဗျ၊ ခင်ဗျားကို ဦးလှရွှေက ဆေးကျွေးသေးလား အားဆေး။
ပေါက် - မကျွေးဘူးဗျ။
ဒိုး - ဟုတ်လား၊ ဒီတစ်ခုပဲကွာတယ်၊ ဟိုတချို့က အားဆေးသောက်ကြတယ်လေ၊ အခုတော့ ဘာအားဆေးမှမသောက်ဘူး၊ဒီတိုင်းကောင်းသွားတာ ဟုတ်လား၊ လောလောဆယ်တော့ ခင်ဗျားမှာ ဘာမှဖြစ်စရာမရှိဘူးပေါ့နော်၊ ခင်ဗျားကို ရန်ကုန်က ဆပ်မတော်စစ်ဆေးရုံက ဗိုလ်မှူးကြီးတွေက တွေ့ချင်တယ်သိလား ကြုံတဲ့အခါတွေ့ပေါ့ဗျာ၊ သူက လိုအပ်တာတွေ အကုန်ကူညီချင်တယ်တဲ့၊ လှိုင်ကော်လာလေ့လာရင်းမှာ ဦးတင်ငွေတို့ပြောသွားတယ်လေ၊ ပိစပ်နဲ့ရောဂါပျောက်တာတွေ ကျွန်တော်တို့က သတင်းပေးရေးသားတော့ ဗိုလ်မှူးကြီး လိုက်လေ့လာတယ်

www.burmeseclassic.com

လေ၊ ဦးတင်မြင့်အစာအိမ် ပိစပ်နဲ့ပျောက်တာတွေပေါ့ဗျာ၊ ခင်ဗျားကို တွေ့ချင်တာ မတွေ့လိုက်ရဘူးလေ၊ ကူညီချင်တယ် ပြောပြပါတဲ့ မှာသွားတယ်၊ အဆင်ပြေလို့ရှိရင်လည်းပဲ တွေ့ပါဗျာ၊ ခင်ဗျားကလည်း ကုန်ကားခရီးတွေနဲ့ အလုပ်က များသား။

ပေါက် - ခရီးထွက်နေလို့ပါ။ မနားတမ်းပဲ သွားနေရတာပါပဲ။

ဒိုး - ခရီးထွက်တာ များတယ်၊ ကြုံတော့ ကြုံမှာပါ။ ကြုံရင်တွေ့လိုက်ပြီးတော့ မိတ်ဆွေတွေ ဘယ်နှယောက်လောက် ဆေးတိုက်လဲ။

ပေါက် - ဒီလိုပဲ နီးရာတွေ ပြောတာပါ၊ ဆေးမသောက်ဖြစ် သောက်ဖြစ်ကတော့ သူတို့စိတ်ပါပဲ။

ဒိုး - သောက်တော့ သောက်တယ်မဟုတ်လား၊ သောက်တော့ ဘယ်လောက်ကြာရင် ပျောက်သလဲ၊ ဗဟုသုတအဖြစ် မေးတာပါ။

ပေါက် - နှစ်လလောက်၊ ဒီလောက် အနည်းဆုံး ဆက်သောက်ရတယ်။

ဒိုး - နှစ်လလောက်ဆိုရင် သိသာတာပေါ့နော်၊ ဝမ်းသာလိုက်တာဗျာ၊ ဒါမျိုးတွေ ကြားချင်တာပါ၊ ခင်ဗျားဓာတ်ပုံ ပေးနိုင်ရင် ပေးဗျာ၊ မပေးနိုင်တော့လည်း ရပါတယ်၊ ကိုပေါက်စကို အားနာတယ်၊ ဘာလို့လဲဆိုတော့ ခင်ဗျားလည်း စိတ်ကူးလေးတွေ ရှိမှာပေါ့ဗျာ၊ အခုတော့ အောင်ပန်းက ပြန်လာပြီး ဘယ်ဆက်သွားဦးမလဲ။

ပေါက် - တစ်ပတ်လောက်ကြာ ဆက်ထွက်ရမယ်။

ဒိုး - ဩ. . တစ်ပတ်လောက်မှ သွားမှာလား၊ ကောင်းတာပေါ့ဗျာ၊ အခုက ကျန်းကျန်းမာမာနဲ့ ပြေးနိုင်လွှားနိုင်တယ်ဆိုတာကိုပဲ ဝမ်းသာတယ်ဗျာ၊ ကျွန်တော့်မှာ မျှော်လိုက်ရတာဗျာ၊ ဟိုခရီးမှာ ခင်ဗျား ကြာတယ်ဗျ၊ နယ်စပ်လေ ချောင်းပိတ်တယ်ဆိုလား။



ပေါက် - တံတားပျက်လို့ပါခင်ဗျာ။

ဒိုး - ဟုတ်လား၊ ခင်ဗျား တံတားပျက်လို့ အဆင်မပြေဘူးပေါ့ဗျာ၊ ဘယ်လောက်နေလိုက်ရလဲ အဲ့ဒီမှာ။

ပေါက် - တစ်ပတ်လောက်ပါပဲ။

ဒိုး - ဟုတ်လား၊ ကျွန်တော်တို့နဲ့ ကပ်လွဲသွားတာပေါ့ဗျာ၊ ကျွန်တော်တို့ ပြန်လာတော့ ပြန်ရောက်လာတယ်ထင်တယ်။

ပေါက် -

ဒိုး - ဟုတ်ပြီဗျာ၊ ဟုတ်ပြီဗျာ၊ နောက်လည်း တွေ့ကြရအောင်ဗျာ။ ကိုပေါက်စရေ မိတ်ဆွေ၊ ကျွန်တော့်နာမည်လည်း မှတ်ထားပေါ့ဗျာ၊ ဦးလှရွှေတို့နဲ့ ခင်ပါတယ်ခင်ဗျာ။

ပေါက် -

ဒိုး - အေး၊ ဦးတင်ဌွေနဲ့လည်း ခင်တယ်ဗျ၊ ဘာဖြစ်လို့လဲဆို အများအတွက် ကျွန်တော်တို့ တတ်နိုင်သမျှကို သိတာပြုတာကို ရေးရတာပေါ့ဗျာ၊ လူတွေမှာလည်း ဒုက္ခ သုခတွေ ရှိတယ်ဗျ၊ ဒါကလည်းပဲ သိပ်ပြီး ပိုက်ဆံလည်းကုန်တယ် ဈေးလည်းကြီးတယ်လေ။ ဒီလို သက်သက်သာသာနဲ့ လမ်းဘေးကအပင်နဲ့ ပျောက်တယ် ဆိုတာဟာ အလွန်ထူးခြားပါတယ်၊ ခင်ဗျားက ကိုယ်တွေ့ဖြစ်နေတယ်လေ၊ မဟုတ်ဘူးလား၊ အခုလိုရှင်းပြတာ အထူးကျေးဇူးတင်တယ်ဗျာ၊ ကိုပေါက်စရေ၊ နောက်လည်း အဆင်သင့်ရင် ထပ်ဆက်ပါရစေ၊ ခင်ဗျားရှိတဲ့ အချိန်ပေါ့ဗျာ၊ ခင်ဗျားလည်း မြို့ပေါ်မှာ ကြာရှည်နေတာမှ မဟုတ်ဘာ၊ ခင်ဗျားတို့စီးတဲ့ ကားကြီးတွေနေရာ ရောက်ခဲ့တယ်လေ၊ တွေ့ခဲ့တယ်လေ၊ နည်းတဲ့ကားကြီးတွေ မဟုတ်ဘူး၊ အဲဒါကြီးတွေ ကုန်အပြည့်တင်ပြီး ပြေးလွှားဆိုတာ အင်မတန် အပင်ပန်းခံနိုင်တာ အံ့ဩတယ်ဗျာ၊ ခင်ဗျား အဲဒီတစ်ချက်လည်းနဲ့ဆေးရွက်ကို ထူးခြားတဲ့

www.burmeseclassic.com

ထောက်ခံချက်ပဲနော်၊ ခင်ဗျားရောဂါ ပျောက်တယ်၊ ရောဂါရဲ့ စွမ်းအင်ကို ခင်ဗျားသိပြီလေ၊ ခင်ဗျားဝနေပြီလား။

ပေါက် - ဝတယ်ခင်ဗျာ၊ အတော်ဝလာတယ်။

ဒိုး - အေး ကောင်းတယ်၊ ကဲ. . ဒါပဲနော် ကျန်းမာပါစေဗျာ။ ကိုပေါက်စရေ၊ နောက်လည်း တွေ့ရအောင်ဗျာ၊ ဒါပဲနော်။

## သူတို့နှစ်ယောက်

ဟုတ်ကဲ့။ အခု ကျွန်တော်နဲ့ စကားပြောခဲ့တဲ့ ကိုပေါက်စဆိုတဲ့ လူငယ်က ကာလသားလေးဖြစ်ပါတယ်။ သူ့ကို ကျွန်တော် အင်မတန် တွေ့ချင်ခဲ့တာ ဖြစ်ပါတယ်။ အခုမှ တယ်လီဖုန်းနဲ့ တွေ့ခဲ့ရခြင်းဖြစ်ပါတယ်။ ဇွန်လမှာ ကျွန်တော် လှိုင်ကော်ကို သွားခဲ့ပါတယ်၊ သူအတော်ကြာမှ ပြန်ရောက်တယ်၊ ကျွန်တော် လှိုင်ကော်သွားပြီးတော့ တွေ့ရဖို့ စီစဉ်တဲ့ ရောဂါသည် မျိုးစုံထဲမှာ AIDS ရောဂါဖြစ်တဲ့ နှစ်ဦးကို အထူးသတိထား အာရုံပြုပါတယ်။ သို့သော် ကျွန်တော့် ကုသိုလ်ကံပါပဲ။ ကိုပေါက်စက ခရီးလွန်ကာ မတွေ့ရပါ။ ကျွန်တော်ရောက်ခါမှ သူတို့ခရီးမှာ မြစ်ရေကြောင့် တံတား ကျိုးကာ ကျွန်တော်နဲ့မတွေ့နိုင်ဖြစ်ရပါတယ်။

ကျွန်တော်တွေ့ချင်တဲ့ နောက်တစ်ယောက်မှာ ဒေါ်အေးယဉ် ဖြစ်ပါတယ်။ သူ့ခမျာလည်း ကျွန်တော် အကြောင်းမသင့်ချင်တော့ သူ့ကိုလည်း မတွေ့ရပါဘူး။ သူဟာ ကျွန်တော် လှိုင်ကော်ရောက်ပြီး နောက်တစ်နေ့မှာပဲ ကွယ်လွန်ရှာပါတယ်။ သူ့ကိုတွေ့ဖို့အစီအစဉ်ဟာ ပျက်ရပြန်ပါတယ်။ စကားလည်း မပြောလိုက်ရပါဘူး။ သို့သော် ဘယ်လိုဖြစ်တာလဲလို့ ကြည့်တဲ့အခါ သေဆုံးချိန်မှာ အသက် ၇၀ ဆိုတော့ သက်ပြည့်ကွယ်လွန်တာလို့ ယုံကြည်ပါတယ်။ သူ့ကို တွေ့ရမယ်ဆိုရင် အများကြီး အကျိုးများမယ်လို့၊ အခုလိုပဲ စကားပြော၍ အသံသွင်းယူနိုင်မယ်လို့ ကျွန်တော် မျှော်မှန်းထားပါတယ်။ သို့သော်လည်းပဲ သူ့ကို ကိုယ်တိုင်



ပိစပ်တိုက်ခဲ့တဲ့ ဦးလှရွှေတို့၊ ဒေါ်အုန်းညိုတို့နဲ့ တွေ့ပြီးတော့ ပြောနိုင်တာကိုပဲ ကျေနပ်ရပါတယ်။ သူဟာ သနားစရာကောင်းလှပါတယ်။ အသက် ၆၀ သာသာမှာ ဒီရောဂါရရှာပါတယ်။ စဉ်းစားကြည့်ပါ၊ဘယ်လောက်စိတ်ဆင်းရဲမလဲ။ ပထမ ဒီရောဂါမှန်းမသိပါဘူး။ အတော်လိုမ့်ခံပြီးမှ ဆေးရုံရောက်တဲ့အခါမှာ ဆေးရုံကစစ်ဆေးလိုက်တဲ့အခါမှာဒီရောဂါလို့ပြောလာလို့ သိရပါတယ်။ ဆေးရုံက ကြိုးစားကုပါတယ်။ ဆေးကောင်း ဝါးကောင်း ပေးပါတယ်။ တစ်နေ့ ရှစ်ထောင်ကုန်အောင်ကိုသုံးကာ ကုပါတယ်။

သို့သော် သူ့ခမျာမှာ အကျိုးမများရှာဖြစ်လာပါတယ်။ ဒီအခါ မှာ မိသားစုများ တိုင်ပင်ကြရကာ အိမ်ကိုပြန်ခေါ်ခဲ့ကြရတာဖြစ်ပါတယ်။ ဆွေမျိုးတွေ ဝိုင်းလာကြပါတယ်။ ဒီအချိန်အခါ ဆွေမျိုးလာတယ်ဆိုတာ သိကြတဲ့အတိုင်းပါပဲ၊ နောက်ဆုံးအချိန်လို့ စိတ်ထဲမှာ မကောင်းစွာနဲ့ဝိုင်းလာကြတာပဲ ဖြစ်ပါတယ်။ ဆွေမျိုးများ တိုင်ပင်ကြပါတယ်။ ပိစပ်သတင်း စကားကြားတာကိုစဉ်းစားကြကာ မအေးယဉ်ကို ပိစပ်တိုက်ဖို့စဉ်းစားတာ ဖြစ်ပါတယ်။ ဒါနဲ့ပဲ လျင်မြန်စွာပဲ နီးရာပိစပ်ပင်များ ခူးကာ ထုထောင်းကာ တိုက်တာပဲဖြစ်ပါတယ်။

ဦးလှရွှေတို့ပြောတာ နှစ်ပတ်အတွင်းမှာပဲ သိသိသာသာရောဂါ တန့်သွားတဲ့လက္ခဏာမြင်ပါတယ်တဲ့။ နည်းနည်း မျက်နှာတွေလန်းလာသလို အောက်မေ့ပါတယ်။ လန်းဆန်းမှုလက္ခဏာ ပေါ်လာပါတယ်။ ဟာ တို့ ကယ်မိပြီ ဆိုပြီးတော့ ဝမ်းသာအားရနဲ့ ဆက်ပြီး ဂရုစိုက် ကြိုးစားပြီးတော့ ပိစပ်တိုက်တာဖြစ်ပါတယ်။

## အားဆေးကျွေးခြင်းတဲ့

သူတို့ချင်း တိုင်ပင်ပြီး မြန်မာနည်းအရ အားဆေးကျွေးဖို့ လုပ်ကြတယ်။ န်မာနည်း (ကယားနည်း)အားဆေး ဆိုတာပါပဲ။ ငါးရှဉ့်နဲ့ ဝွေးသီး က်ကျွေးတာပဲလေ။ ငါးရှဉ့်ကို သန့်စင်စွာရေဆေးတယ်။ ပြီးတော့

www.burmeseclassic.com

www.burmese...ssic.com



ထပ်ပြီးတော့ ရေမသုံးတော့ဘူး၊ ရင်ခွဲပြီးတော့ အူတွေဘာတွေ ထုတ်လိုက်တယ်။ သွေးသံနဲ့ပဲ ဝွေးသီးပါ ချက်တာဖြစ်ပါတယ်။ တကယ်လည်း အားဖြစ်ပါတယ်။ သိသာစွာ လန်းဆန်းလာပါတယ်။ ဒီနောက် မအေးယဉ်ရဲ့ အခြေအနေဟာ သိသာစွာ ဘယ်လိုတိုးတက်လာသလဲဆိုရင် ထိုင်တာတို့ ထတာတို့ သွားတာလာတာ ဖြစ်လာပါတယ်။ မအေးယဉ်ဟာ သူကိုယ်တိုင်ပဲ စိတ်အားတက်ကြွစွာ လှုပ်ရှားလာပါတယ်။ အိမ်ရှေ့ထွက်တယ်။ ဟိုဟိုဒီဒီ လမ်းသလားလာတယ်။ နောက် မြို့ထဲမှာ သာရေးနာရေးများကို သွားတဲ့အခါကျတော့ လူကောင်းပကတိဖြစ်တာလို့ ပြောလို့ရသွားတော့တာ ဖြစ်ပါတယ်။ သာရေးနာရေးတောင် မကတော့ပါဘူး။ ဟိုသွားဒီသွား မကတော့ပါဘူး။ မြန်မာတို့ထုံးစံအတိုင်းပါပဲ၊ တရားထိုင်တာ တရားစခန်းဝင်တာတို့အထိ လုပ်ဖြစ်သွားပါတယ်။ ဒါဟာ လူကောင်းပကတိရဲ့ လက္ခဏာပါပဲလေ။ တော်တော်ပဲ အခြေအနေ ကောင်းသွားခဲ့ပါတယ်။ အသက်ကြီးမှ မတော်တဆကြီးနဲ့ ရောဂါရ၊ ဒုက္ခဖြစ်တဲ့ မအေးယဉ်ပါ။ ဒီရောဂါရဲ့ ဖြစ်လာတဲ့ကိစ္စကတော့ အလွန်ပဲ ပြောရခက်ပါတယ်။

သိကြတဲ့အတိုင်းပါပဲ။ ကျောင်းမှာ (ဒုလ္လဘ ရဟန်းခံကြရင်းနဲ့ ကျောင်းမှာ) ရောဂါဖြစ်တာ အင်မတန် စိတ်ဆင်းရဲကြရပါတယ်။ ဒါတင်ပဲလား၊ မဟုတ်ပါဘူး။ ဇွန်းကနေ ကူး၊ ဆေးထိုးဆေးပေါက်လို့ ဖြစ်တာတဲ့။ ဆေးပေါက်တယ်ဆိုတာက ကူး၊ မျိုးစုံ ကူးတတ်တာပဲ။ ဒီလိုနဲ့ ရောဂါဖြစ်ကြ၊ ကူးကြတာ။ မအေးယဉ်ဟာ ဘာကြောင့်ဘယ်လိုဖြစ်တာဆိုတာ မသိလိုက်ရပါလား။

## ဤဆရာဝန်မလေး

ဒီနေရာမှာ ကျွန်တော် အဖြစ်အပျက် တစ်ခုကို ပြောပြပါဦးမယ်။ ကျွန်တော်ကိုယ်တိုင် ဤကိစ္စ စိတ်ခံစားပြီး အိပ်ပျက်တဲ့ညများဖြစ်ခဲ့တယ်လို့ ပြောရပါမယ်လေ။ တခြားမဟုတ်ပါဘူး၊ ခပ်ငယ်ငယ်မိန်းကလေးတစ်ယောက်ပါပဲ။ သူက ပညာထူးချွန်တဲ့ ဆရာဝန်မလေးတစ်ဦးပါ။ သူကိုယ်



တိုင် အကြောင်းရှာလိုက်တော့ သူ စေတနာထားတဲ့အကျိုးတရားလားလို့ ပြောကြရမလိုဖြစ်ပါတယ်။ သူက နယ်စပ်ဒေသမှာ ရောက်ရှိတာဝန်ထမ်းပါတယ်။ တိုင်းရင်းသားများကို အများကြီးကုသပေးရပါတယ်။ တစ်နေ့တစ်ချိန်မှာတော့ သူဟာ AIDS ရောဂါရှိတဲ့ ကိုယ်ဝန်ဆောင်မိန်းကလေးတစ်ယောက်ကို ကလေးမွေးပေးရပါတယ်။ ဒီလိုမွေးပေးရင် သတိထားရမယ်ဆိုတာကို သူကိုယ်တိုင် ကြီးစွာသတိပြုကာ ကြိုတင်ပြင်ဆင်ပါတယ်။ အကာအကွယ်မျိုးစုံလုပ်ပါတယ်။ ဆရာဝန်တို့ရဲ့အစဉ်အလာအလုပ်အရ လက်အိတ်စွပ်တာတို့ ခေါင်းစည်းတာတို့ နှာခေါင်းစည်းတာတို့ စုံလင်စွာလည်း လုပ်ပါတယ်။ အကာအကွယ် လုပ်သလို အနေအထားကိုလည်း သတိထားပါတယ်။ သို့သော် ကံတရားဆိုတာ တယ်လည်း ခက်ပါလား။

ရောဂါသည်မလေးကို ကြင်နာခြင်းတရားနဲ့ ကလေးမွေးဖွားပေးတာ ဘယ်လိုအကြောင်းတရားလဲ၊ ဘယ်လိုကြမ္မာတရားလဲ၊ ရောဂါသည်ရဲ့ သွေးတစ်စက်ဟာ ဆရာဝန်မလေးရဲ့မျက်လုံးကို လာမှန်လေပါတော့တယ်။ မှန်စရာနေရာက ရှားသလား။ တစ်ကိုယ်လုံး ထိစရာခိုက်စရာနေရာ ဒီလောက်များစွာရှိတာပဲ။ မျက်လုံးတစ်ခုတည်းပေါ်နေတဲ့ မျက်လုံးကိုမှ သွေးတစ်စက်က ထိမှန်တာကို ဆရာဝန်မလေးကလည်း ချက်ချင်းသန့်ရှင်းပစ်လိုက်ပါတယ်။ သိပါတယ်။ သို့သော် ဘယ်လိုဖြစ်သလဲ သူကိုယ်တိုင်လည်း မသိပါဘူး။ ဒီ သန့်ရှင်းပစ်လိုက်တဲ့အတွက် သူကိုယ်တိုင်လည်း ပြီးသွားပြီလို့ ထင်ပါတယ်။ သို့သော် ဒီရောဂါမျိုးဟာ မပြီးပါလား။ ဆရာဝန်မလေးဟာ ကိစ္စတစ်ခုနဲ့ တာဝန်တစ်ခုနဲ့ နိုင်ငံခြားသွားဖို့ ဖြစ်လာပါတယ်။ ဒီအခါ စစ်လိုက်တဲ့အခါ သူဟာ အဲဒီရောဂါဖြစ်လို့နေတာ တွေ့ရပါတော့တယ်။ အလွန်ကြေကွဲရပါတယ်။

ကျွန်တော် ဒါကို ကြားသိပြီးတဲ့အခါမှာ အိပ်မပျော်ရောဂါ ခံမလိုဖြစ်ကာ စိတ်ဆင်းရဲသွားရပါတယ်။ တနုံ့နုံ့နဲ့ ဘယ်လို ကြမ္မာလဲလို့ စဉ်းစားရခက်တာ ဖြစ်ရပါတယ်။ စေတနာထားလုပ်ကာမှ ဘယ်လိုကြမ္မာ ကဝင်လာသလဲ စဉ်းစားလို့ခက်ပါတယ်။ ဒါနဲ့ ကျွန်တော်လည်း တတ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သမျှ ကူညီတာပဲ တတ်နိုင်ပါတယ်။ တတ်နိုင်သမျှကူညီဘို့ပဲ ကြိုးစားရပါတယ်။ ဒီလိုအဖြစ်တွေ များစွာ ရှိနေပါတယ်။ ဒီလိုကြောင့်လည်း ရောဂါတွေ ကူးနေရပါတယ်။ ဒီရောဂါဟာ နာမည်ပျက်ရောဂါ သေဒဏ်ပေးရောဂါ ဒီလိုဖြစ်တာ ကယ်နိုင်ပါစေလို့ များစွာဆုတောင်းတာ ကြိုးစားတာ ဖြစ်ပါတယ်။ အခုတော့ လက်တွေ့အရ ကယ်လို့ သင့်တင့်စွာရလာသလိုပဲ မြင်ရပါတယ်။ ကိုပေါက်စ၊ မအေးယဉ်တို့ကိစ္စ လက်တွေ့ဖြစ်တာ တင်ပြနေတာပါ။ စဉ်းစားပါ ဆောင်ရွက်ပါ။ ကြိုးစားကြည့်ကြပါ။

ရန်ကုန်မှာ ကျွန်တော့်ဆီ ရောဂါသည်အတော်များများ လာရောက်တွေ့ပါတယ်။ ကျွန်တော် တတ်နိုင်သမျှကူညီပါတယ်။ သူတို့မှာ တိုးတက်မှုရှိတယ်၊ ပြောင်းလဲမှုရှိတယ်ဆိုရင် ကျွန်တော့်မှာ ဝမ်းသာမှုက ဘဝင်ခိုက်ပြီးတော့ အလွန်ပျော်ပိုက်ရတဲ့ကိစ္စ ဖြစ်သွားရပါတယ်။

လူငယ်လေးတစ်ယောက်ဆိုရင် သူ့ကိုကြည့်ကာ ကျွန်တော့်မှာ ခြောက်ခြားတုန်လှုပ်သွားရပါတယ်။ ရောဂါကြီးတဲ့လက္ခဏာ ဝမ်းတပျစ်ပျစ်နဲ့ ဒုက္ခဖြစ်နေပါတယ်။ ကျွန်တော် သူ့ကို ပိစပ် ကြိုးစားသောက်ဖို့ တိုက်တွန်းပါတယ်။ နောက် မကြာခင်မှာ သူ ဝမ်းရပ်သွားတာ လာပြောတော့ ကျွန်တော့်မှာ ဘဝင်ခိုက်အောင်ပါပဲ။ ဝမ်းထဲမှာ လှိုက်ခနဲဖြစ်သွားရပါတယ်။ ဒါဆို မင်းပျောက်ပြီ၊ မင်း ဒါလမ်းစပွင့်သွားပြီ၊ ဒီလိုပဲ ပြောရပါတယ်။ ပြီး မင်း သေမင်းဆီက သေဒဏ်လက်မှတ်ဟာ မင့်ဆီမှာ အခုပြန်ရပြီလို့ ပြောလိုက်တယ်။

## AIDS နှင့် ပိစပ်

(ဦးတင်အုန်း တင်ပြသည်။)

စက်တင်ဘာ ၅ ရက်နေ့ထုတ် ပေါ်ပြူလာဂျာနယ်မှာ ဆရာကြီး ဦးသာဂဒိုး၏ 'အေရောဂါသမားကို မွေးစားပြီးလျှင်'ဆောင်းပါးကို ဖတ်ရပါသည်။ ထိုဆောင်းပါးတွင် ဦးတင်အုန်း ဟူသော ကျွန်တော်၏နာမည် ပါလာပြီး ကျွန်တော် အားပေးကူညီပေးခဲ့သော AIDS လူနာအကြောင်း ပါလာပါသည်။ ထို့ကြောင့် ထိုလူနာရှင်၏အကြောင်းကို ပိုမိုသိရှိကြစေရန် လူနာရှင်ကိုယ်တိုင် ရေးပြထားသော ဖြစ်ရပ်မှန်ကို အောက်တွင် တင်ပြအပ်ပါသည်။

'လွန်ခဲ့သော ၁၀ လ ခန့်က ဖြစ်သည်၊ ကျွန်တော်သည် အပြင်းအထန်ဖျားသည်၊ အင်္ဂလိပ်ဆေးသောက်လည်း အဖျားကမကျ၊ လေးနာရီငါးနာရီခန့် ဆက်တိုက်ဖျားသည်၊ ပြီး ကိုယ်ပူကျလာသည်။ တစ်နာရီခန့် အပူကျပြီးသည်နှင့် အဖျားပြန်ကက်သည်၊ တစ်လခန့် ထိုသို့ဖြစ်ပြီးနောက် ချောင်းဆိုးလာပြန်သည်၊ ဆေး ဘယ်လောက် သောက်သောက် မပျောက်ပါ၊ လည်ချောင်းနှင့်ချိုင်းတွင် အကျိတ်ဖုများပေါ်လာသည်၊ ထိုကြောင့် dots တီဘီဌာနသို့ ကျွန်တော်သွားရောက်ပြသပြန်သည်၊ သလိပ်စစ်တော့ သလိပ်ထဲ၌ ပိုးမတွေ့ရ၊ စဉ်းစားရပြီ၊ ဓာတ်မှန်ရိုက်ဖို့လည်း နှစ်ထောင်ကျော် သုံးထောင် မတတ်နိုင်၊ ဓာတ်မှန်ရိုက်မှကိုဖြစ်မှာမို့ မရှိရှိတာ ရောင်းချပေါင်နှံပြီး သွားရိုက်သည်၊ တွေ့ပါပြီ ရောဂါပိုး၊ ဓာတ်မှန်ထဲ၌ အဆုတ်ပေါ်တွင် အစက်အပြောက်များ တွေ့ရှိရသည်။

www.burmeseclassic.com

ထို့ကြောင့် ဆရာဝန်ကြီးက တီဘီရောဂါပျောက်ဆေးစတင်သုံးစွဲစေသည်။ ဒီအတွင်း အဖျားက တက်လိုက် ကျလိုက် ပုံမှန်အခြေအနေသို့ မရောက်။ ခြောက်လလုံးလုံး သုံးစွဲရသည့်ဆေး အခမဲ့မို့လို့သာ တော်သေးသည်။

သုံးလလောက်ကြာမှ အဖျားက ပျောက်သွားသည်။ ထပ်မဖျားတော့။ ချောင်းလည်း မဆိုးတော့ပါ။ တစ်ခုပျောက်လို့ ဝမ်းသာရုံရှိသေးသည်။ နောက်တစ်ခု ပေါ်လာပြန်ပြီ။

ဒီတစ်ခါဖြစ်တာက ကြောက်စရာ။ ပါးစပ်ထဲ၌ မှက္ခရု အနီအကွက်ကြီးများ ပေါ်လာခြင်းဖြစ်သည်။ အစားအသောက်မျိုချလျှင် နာကျင်လိုက်သည့်ဖြစ်ခြင်း။ တဖြည်းဖြည်း ပိန်ချုံးချည့်နဲ့လာသည်။ အသားအရည်များလည်း မမှန်တော့။ စားချင်သောက်ချင်စိတ်လည်း မရှိတော့ပါ။

ရပ်ကွက်ထဲက လူများက ဟိုရောဂါဖြစ်တာလား၊ ဒီရောဂါဖြစ်တာလား. . မေးငေါ့ကြပြီ။ အိပ်ယာထဲ လှဲနေလို့က မဖြစ်၊ စားဝတ်နေရေးက ရှိသေးသည်လေ။ ထို့ကြောင့် သူငယ်ချင်းတွေဆီသွား အကူအညီတောင်းရသည်။ စိတ်ဓာတ်ကို အံကြိတ်တင်းထားရသည်။

ခြေလှမ်း ငါးလှမ်းလောက်လှမ်းလိုက်၊ ငုတ်တုတ်ထိုင်လိုက်၊ ပြန်ထသွားလိုက်နှင့် သူငယ်ချင်းတွေရှိသော လက်ဖက်ရည်ဆိုင်သို့ အရောက်သွားရသည်။ ဘာရောဂါဖြစ်နေပြီလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် မသိ။ ဆေးလည်း မကုနိုင်။ သလိပ်သုံးခါ ထပ်စစ်လည်း ရောဂါပိုးမတွေ့ရ။ ခါးကုန်းနေပြီ။ ငယ်ငယ်တုန်းက စာထဲမှာသင်ရသော နံရိုးအပြိုင်းပြိုင်း ခေါင်းသုံးလုံးနှင့် အဘိုးအိုဖြစ်သွားပြီ။ ကိုယ့်ကိုယ်ကိုယ်လည်း ရတော့မည်မထင်တော့။ dots တီဘီဆေးခြောက်လတင်းတင်းပြည့်တော့ ဓာတ်မှန်ပြန်ရိုက်ကြည့်သည်။ မည်သည့်အစက်အပြောက်မှ မတွေ့ရတော့သဖြင့် ဆရာဝန်ကြီးက တီဘီရောဂါပျောက်ကြောင်း ပြောပြသည်။

ဝမ်းမသာနိုင်ပါ။ နောက်ဆက်တွဲ ဖြစ်နေသော အာခေါင်ထဲက အနာ၊ လည်ချောင်းက အကျိတ်၊ ခြေလက်နှင့်ကျောကုန်း၊ ရင်ဘတ်တို့တွင် အနီစက်အနည်းငယ်ပေါ်လာပြီ။



တီဘီဆေးဖြတ်ပြီးနောက်ပိုင်း ဆယ်ရက်ခန့်အကြာတွင် ရင်ဘတ်တွေ အောင့်လောက်အောင် ချောင်းဆိုးပြီး အဖျားများ ပြန်တက်ပြန်သည်။ အားကလည်း လုံးဝ မရှိတော့။ အပြင်လည်း မထွက်နိုင်တော့ပါ။ မိသားစုကကျွေးသော အစားအသောက်ကိုစားရသည်။ ဆရာဝန်က သွေးစစ်ခိုင်းတော့ ချက်ချင်းသွားမစစ်နိုင်။ ငွေအခက်အခဲကြောင့် အသက်ပေးရတော့မည့်အဖြစ် ဖြစ်နေပြီလေ။ ခုနစ်ထောင်ကျော်ကုန်ကျမည်။ နောက်တော့ မရရအောင် မိသားစုမှာရှာဖွေကာ သွားရောက်စစ်ဆေးတော့ သွေးစစ်ဆေးတွေ့ရှိချက်အဖြေက HIV ပိုးတွေ့ရှိပြီဟုဆရာဝန်ကပြောပါသည်။

သွားပြီ။ ဘယ်လိုမှ အဖတ်ဆယ်မရတော့ပါ။ နောက်ထပ် ဆရာဝန်တစ်ယောက်ကို အဖြေမှန်သိရန် သွေးစစ်ချက် အဖြေကိုပြ၍ မေးတော့လည်း ဟုတ်ပါသည်တဲ့၊ HIV ရောဂါပိုး တွေ့ရှိသည်ဟု ဖြေပါသည်။

ဆရာဝန်ကြီးက သဇင်ဆေးကုခန်း(သာကေတ)နှင့် ဝေဘာဂီဆေးရုံမြောက်ဥက္ကလာသို့ သွားရောက်ကုသရန် ပြောပါသည်။

မကုတော့ပါ။ လုံးဝစိတ်ဓာတ်ကျသွားပြီ။ သေချင်လည်း သေပါစေတော့ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် နတ်သိကြား ပြဟ္မာများမှ ဦးတင်အုန်းဟုခေါ်သော ပုဂ္ဂိုလ်အား ကျွန်တော့အား သေတွင်းထဲမှ ဆွဲတင်ရန် လွှတ်လိုက်ချေပြီလား မပြောတတ်။

ဦးတင်အုန်းသည် အသက်သခင် ကျေးဇူးရှင်ဖြစ်သည်။ ရက်အနည်းငယ်အတွင်း သေမည်ဟု ကိုယ့်ကိုယ်ကိုယ် သိနေသည်။ ဦးတင်အုန်းမှ နှစ်ရက် သုံးရက်အတွင်း ဆေးစွမ်းကောင်းတစ်လက်နှင့် ကျွန်တော့်အား ကုသခဲ့သည်။ နှစ်ရက်သုံးရက်အတွင်း ထူထူထောင်ထောင်ဖြစ်လာသည်။ တစ်ပတ်အပြည့်တွင် လမ်းပြန်လျှောက်နိုင်ပြီ။ ကုန်းနေသော ခါးသည် ပြန်မတ်လာသည်။ ၁၀ ရက် ၁၅ ရက်အကြာတွင် ကျန်းမာ၍ သွားလာနေသော ကျွန်တော့်ကိုတွေ့၍ ပတ်ဝန်းကျင် ရပ်ကွက်ထဲမှလူများ အံ့ဩကုန်သည်။

www.burmeseclassic.com

ရက်အနည်းငယ်အတွင်း သေမည်ဟု ဝေဖန်နေကြသူများ ပါးစပ်ပိတ်ကုန်ကြပြီ၊ မေးကြမြန်းကြပြီ၊ ဘယ်ဆေးနှင့်ပျောက်တာလဲ၊ ဘယ်ဆရာဝန်နှင့်လဲ၊ ဘယ်ဆေးခန်းမှာလဲ၊ စုံလို့ပေါ့၊ စပ်စုကြသည်။

ပိစပ်ရွက်။

ဦးတင်အုန်း ကုသပေးလိုက်သည်က ပိစပ်ရွက်ပင် ဖြစ်ပါသည်။

ဦးတင်အုန်းသည် ကျွန်တော့်အား ပိစပ်အရွက်ကို ကိုယ်တိုင် ခူးယူလာပေး၏၊ အပင်ကိုလည်း ပြသည်၊ ဆရာကြီးဦးသာဂဒိုး၏ စူလာနဖာနှင့် ဆေးနည်းဆေးပင်များ အမှတ် ၃ စာအုပ်မှ ပိစပ်အကြောင်း ဖတ်ပြသည်။

အရွက်များကို ခူး၍ ရေစင်စင်ဆေး၊ ရေတ်ဆုံထဲ ထည့်ထောင်း၍ အရည်ညှစ်ကာ ထမင်းစားသည့်အခါ ဟင်းခတ်သည့် စတီးဇွန်းနှင့် မနက်တစ်ဇွန်း၊ ညတစ်ဇွန်း သောက်ခိုင်းပါသည်။

သုံးရက်မြောက် ဆေးသောက်ပြီးချိန်တွင် စိတ်ရောလူပါ လန်းဆန်း၍ ထနိုင်ထိုင်နိုင်လာသည်၊ ဘေးက တွဲပေးသောလူ မလိုတော့၊ ခုနစ်ရက်လောက်တွင် လမ်းလျှောက်နိုင်ပြီ၊ ၁၀ ရက်လောက် သောက်ပြီးချိန်တွင် အရင်လို လက်ဖက်ရည်ဆိုင်သို့ ကုန်းနေသောခါးကို ပြန်မတ်ပြီးသွားလာနိုင်ပြီဖြစ်သည်။

ခြုံပြီးပြောရလျှင် ပါးစပ်အတွင်းရှိ အနာများ၊ အကျိတ်အဖုများ၊ ဖျားနာခြင်းများ၊ အနီစက်များ အားလုံး တစ်လအတွင်း ပျောက်ကင်းခဲ့ပါသည်။

ပိစပ်ရွက်မှာ အစွမ်းထက်သည်မှာ မိမိကိုယ်တွေ့ပင်ဖြစ်သည်။

ဦးတင်အုန်းမှာလည်း ဘေးနားမှ တတ်နိုင်သမျှ ဖေးမကူညီပြီး စိတ်ဓာတ်ပိုင်းဆိုင်ရာ အားဖြည့်ပေးခဲ့သောကျေးဇူးရှင်အစစ် ဖြစ်ပါသည်။

ယခုဆိုလျှင် ရန်ကုန်မြို့နှင့် မိုင်ပေါင်းများစွာ ဝေးကွာသော အရပ်ဒေသများကိုပင် အသွားအပြန် လုပ်နေပြီဖြစ်ပါသည်။



ထို့ကြောင့် ကမ္ဘာတွင် ကုရာနတ္ထိဆေးမရှိသော HIV (AIDS) ရောဂါပိုးအား ပိစပ်ရွက်နှင့် တိုက်ခိုက်၍ အောင်မြင်ကြောင်း အများသိစေရန် တင်ပြအပ်ပါသည်'

ယင်းမှာ ရောဂါရှင်၏ ရေးသားချက်ဖြစ်ပါသည်။ ကျွန်တော်၏ ဆန္ဒတစ်ခုတော့ တင်ပြချင်ပါသေးသည်။ ကိုမျိုးညွန့်၏ ရောဂါအခြေအနေကို အစအဆုံးလို သိရှိနေသော နိုင်ငံခြားကုမ္ပဏီတစ်ခုမှ လုပ်ငန်းရှင်က မေးမြန်းပြီး မေတ္တာရပ်ခံသည့်အတွက်ကြောင့် ဆရာကြီးဦးသာဂဒိုး၏ စာအုပ် အမှတ် ၃ နှင့် ပိစပ်ရွက်များပြသရာ စင်ကာပူနိုင်ငံ၌ သုတေသနပြုလုပ်ရန် ၂၁၊ ဩဂုတ်လက ယူဆောင်သွားလေပြီ။

မြန်မာ့မြေပေါ်မှာ တွေ့ရှိသည့် အစွမ်းထက်သော အရွက်ကို တခြားနိုင်ငံက ဖော်ထုတ်ပြီး ယင်းကို မြန်မာတွေ ဈေးကြီးကြီးပေးပြီး ပြန်ဝယ်စားကြရမှာကိုတွေးပြီး စိတ်ထဲမှာတစ်မျိုးကြီးခံစားတော့နေမိသည်။ မြန်မာကနောက်မှ လိုက်လုပ်တာထက် HIV ပိုးကို နိုင်သော ဆေးသည် မြန်မာကဦးစွာ ကမ္ဘာသို့ ကြေညာနိုင်မည်ဆိုပါက ဘယ်မျှကောင်းမည်နည်းဆိုသောအတွေးများ ကျွန်တော်၏ရင်၌ ဖြစ်ပေါ်နေပေတော့သည်။

ရောဂါကိစ္စ ကိုယ်တွေ့ဆောင်းပါးရေးသူ ကိုမျိုးညွန့်ကို တွေ့ဆုံမေးမြန်းလေ့လာလိုပါလျှင် ဆရာဦးသာဂဒိုးနှင့် ကျွန်တော်က ဆောင်ရွက်ကူညီပေးပါမည်။

ဦးကောင်အုန်း

တိုက် ၇၄၊ အခန်း ၃၊

မင်းဒင်လမ်း၊ သုဝဏ္ဏ၊ ဖုန်း-၅၀၁၂၆၉

www.burmeseclassic.com

www.burmesec...sic.com

## အရောဂါသမားကို မွေးစားပြီးလျှင်

လူငယ်နှစ်ယောက် တက်လာ၍ 'အဘဒိုးကို ရှိခိုးကန်တော့ချင်လို့ ခင်ဗျာ၊ ကန်တော့ခံပါ'

'ဟ. . ဟ. . ဒီလိုမလုပ်ကြနဲ့၊ ဘာကိစ္စ ကန်တော့ကြမှာလဲဟ၊ ပြီး ကိုယ်က မင်းတို့လိုပဲ ပုဆိုးဝတ်ပြီး ညစာတွေလည်း စားတဲ့လူဟ၊ အတူတူ အနူနူဟာ မရှိခိုးပါနဲ့'

'မဟုတ်ပါဘူး အဘရာ၊ ကျွန်တော်တို့ရဲ့ဘဝကို ကယ်လိုက်တာဖြစ်တော့ ကျွန်တော်တို့ ရှိခိုးချင်နေလို့ပါ၊ ကျွန်တော်တို့ နှစ်ယောက်စလုံးဟာ ဘီပိုးသမားတွေခင်ဗျ၊ ဆေးစစ် ပြုတ်ကျတယ်ပေါ့ခင်ဗျာ၊ အခုကတော့ အဘဒိုး နည်းလမ်း၊ အဘဒိုးညွှန်ခဲ့တဲ့ ပိစပ်နှင့် ဒီတောင်ကို မောင်ကျော်ပြီ လို့တောင် အော်ပြီးတောင် ပြောချင်နေလို့ပါ၊ ပြောနိုင်နေလို့ပါ'

'ဟ. . ဟ. . ဘာတဲ့၊ ဒီတောင်ကို မောင်ကျော်ပြီ ဟုတ်လား'

'ကျွန်တော်တို့မှာ ဆေးစစ်ခံတိုင်းပဲ အဲဒီ ဘီပိုးကိစ္စ ဟိုးတိုးပြီး ဒုက္ခကြီးနေတာလေ၊ အဘဒိုးက ပိစပ်သောက်ဟလို့ ညွှန်တော့သောက်လိုက်တာ အခု ဆေးအောင်ကြပြီလေ ခင်ဗျာ၊ ဆယ့်ငါးရက်လောက် သောက်လိုက်တာ ဒီ ဘီပိုးလား၊ ဘီသူခိုးလားပဲ၊ ကျွန်တော်တို့ကိုယ်ထဲ တိကျကိတ်ဝင်နေတဲ့အကောင်ဟာ တိတ်ကိတ်ကြောင်ပြေး ပြေးပြီလေ၊ ဒါကြောင့်'

'ကိုယ့်လူတို့ ဘယ်အရပ်ကတုန်းဟ၊အဲဒီမှာလည်း ဘီဒုက္ခသည် တွေ များသလား'



မြို့နယ်နှင့် မြို့အမည်ကို ပြောပြသည်၊ မြို့မှာ ဘီဒုက္ခသည် သုံးဆယ် လောက်တောင် ရှိနေတာလို့ပြောပြကြပါသည်။

'ကဲ ကဲ ဒီလိုဖြင့် ကိုယ့်လူတို့ ဒီလိုလုပ်၊ ကိုယ့်ကို ထိုင်ကန်တော့ခြင်း အကျိုးထက် တန်ဖိုးရှိတဲ့အလုပ် လုပ်ပါ၊ ဒီနေ့ ချက်ချင်းလုပ်ပါ၊ တခြား မဟုတ်ဘူး၊ တယ်လီဖုန်း၊ ကြေးနန်း၊ စာရေးနဲ့ မိမိနိုးရာသူငယ်ချင်းတွေကို ဘီပိုးပျောက်နည်း ချက်ချင်းပြောပြကြပြီး ဘီပိုးတိုက်ရေးကိုလုပ်ပေးဖို့ပဲဟ'

သူတို့နှစ်ဦး မျက်လုံးတွေ ကလယ်ကလယ်နှင့် ကျွန်တော့် ပြုံး ပြုံး ကာ ကြည့်နေကြပါသည်။

'ဒီအထဲမှာ ဘီပိုးနဲ့ကိစ္စပိစ္စတွေ နှိပ်လို့ ဆက်မလုပ်နိုင်ဘဲ ဘီပိုးထိုး လို့ နောက်ကောက်ကျသူတွေထဲ ပါနေမဟုတ်လား၊ ကိုယ့်လူတို့ ဖြတ် လမ်းနည်း ပြောထားဦးမှပဲထင်တယ်'

တစ်ယောက် ခေါင်းထောင်ကာ 'ဖြတ်လမ်းနည်း'

'အလုပ်ကိစ္စစစ်တာမျိုး ကျော်နိုင်ဖို့ဟာလေ၊ ဘီပိုးရှိနေတဲ့လူဟာ ခုနစ်ရက် သို့မဟုတ် ရှစ်ရက်လောက် ပိစပ်ကို နေ့ည ဆက်သောက်လိုက် ဟ၊ အဲဒါဆိုရင် ဒီအစစ်ဆေးကို ကျော်နိုင်တာ ဧကန်ပဲ၊ ဒါက အရေးပေါ် အနေအထားသဘောတရားပဲ၊ ပြီးတဲ့အခါကျတော့ ပိစပ်ကိုဆက်သောက် ရမယ်နော်၊ ရောဂါစင်အောင် ဘီပိုး လုံးလုံးလွင့်သွားအောင်ဟာ ဆက် သောက်ရမယ်နော်၊ အနည်းဆုံး သုံးပတ်လောက်သောက်နိုင်မှ ဒီ ဘီပိုး ငဆိုးကို နိုင်တတ်တယ်၊ ဖြိုနိုင်တယ်၊ ဒါကို ကြပ်ကြပ်သတိထားရမယ်၊ စစ်တာဆေးတာနဲ့ စာမေးပွဲဖြေဖို့ကတော့ ခုနစ်ရက်၊ ရှစ်ရက်နဲ့ ရတယ် လေ၊ ဒါကို ကိုယ့်လူတို့က ကြပ်ကြပ်ပြောပြောပေးကြနော်၊ တစ်ခုသတိပြု စရာကတော့ ပိစပ်သောက်တာ အစာနဲ့ နာရီဝက်ခန့်တော့ခြား'

'ဟုတ်ကဲ့. . မှတ်ထားကြပါပြီ'

'တစ်ပွဲကျော်တာနဲ့ ဒီဘီပိုးကို ငါဖြိုလိုက်နိုင်ပြီလို့ ပေါ့ပေါ့ထင် ထားရင် မှားကို မှားသွားတော့ပယ်၊ ပြတ်အောင်ကို ထပ်ရှင်းလိုက်ပါ၊

www.burmeseclassic.com

ဒါ အရေးကြီးတယ်၊ ဒီဘီပိုးဟာ တဖြည်းဖြည်း ကျိတ်ပွားသွားပြီဆိုလေ အသက်ကို ခြွေတတ်တယ်၊ ဒါကြောင့် သူ့ကို ပြတ်အောင်တော့ ဖြတ်၊ အသေသတ်'

'ပြတ်အောင်ဖြတ် အသေသတ်'

'အေးလေ သူပြတ်အောင် မသတ်နိုင်ရင် သူက ကိုယ့်ပြန်သတ်တော့ မှာအသေအချာပဲ၊ ဖောက်ပြန်တာတွေ အများကြီး တွေ့ရတယ်၊ လူတွေက ပေါ့ပြီး အလေးမထားတော့ သူက သေဘေးကြီး ပြန်ပေးတာပေါ့၊ တစ်ခါ ကိုယ်သေတာထက်ဗျ ဘေးလူတွေကိုပါ ကူးစက်ပြီး ဆက်ကာ ဆက်ကာ ဒီရောဂါနဲ့ သေလမ်းပို့တတ်တာကိုပါ ကြည့်ရတာလေ'

သူတို့လည်း စိတ်ပါစွာ ဘဝတူ ဘီပိုးလူများ အထူးအားနှင့်ကို ကူညီပါမည်။ ဖေးမပါမည်လို့ ကတိတွေပေးကြလေပါသည်။ ဒီလိုမျိုး စိတ်ထားဝင်တာကိုတော့ ကျွန်တော်က ကိုယ့်ကန်တော့တာထက်ပင် ကြိုက်ပြီး တယ်ခိုက်သည်ပဲ။

သူတို့နှင့် စကားပြောနေစဉ်တွင်ပင် ဘောက်ထော်ဘက်က ဦးတင်အုန်း အသံဝင်လာရာ စိတ်တွင် ပိုထူးလို့ကြည်နူးသွားရသည်ပဲ။ ဦးတင်အုန်းကား ကျွန်တော်ဖြစ်စေချင် လုပ်စေချင်တာထက်ပင် သိပ်တက်ကာ ဆောင်ရွက်နေတာဖြစ်တော့သည်။ ကြည့်ဗျ။ HIV ရောဂါသည်လေး တစ်ဦးအား မွေးစားလို့ပင် ထားသလို ဆောင်ရွက်နေတာပါလား။

အေရောဂါရှင်ကလေးမှာ မူလက အတော်အခြေဆိုးပါသည်။ လမ်းလျှောက်ရတာပင် ဟန်နိုင်ပုံသိပ်မရ။ ကိုယ်မှာ အေရောဂါ တံဆိပ်တွေက မွနေဟာ ဖြစ်တော့သည်။ မျက်နှာမှာ အနာတွေပေါက်သည်။ ပြီး အေ ရောဂါသည်တို့အဖို့ အဆိုးဆုံး လက္ခဏာတစ်ခုဖြစ်သည့် မှက္ခရုလို ရောဂါ အနာက လျှာကနေ ရှေ့ဆက်သည့်လမ်းကြောင်းက လည်ချောင်းထဲအထိကို ဝင်နေပြီ။ အသားအရေတွေလည်း ပျက်စီးနေသည်။ လမ်းလျှောက်လျှင် ဘယ်နေရာလဲမလဲ ဘေးကနေ ထိတ်ထိတ်ပဲ ဖြစ်နေကြရသည်။



ဤအခြေအနေကား ဘယ်လိုဖြစ်သွားပြီလဲ။ သေဒဏ်ပေးထားတာ အခိုင်အလုံပါလို့ ပြောနေပြနေသလိုကိုဖြစ်ကော့သည်။

ယင်းအခြေအနေမှာ ကျွန်တော်ဒိုး၏ ပိစပ်ကိစ္စများ ရေးတာ ဖတ်ပြီးနောက် ဤကလေးတစ်ယောက်တော့ ကယ်နိုင်မလားလို့ ဦးတင်အုန်း စဉ်းစားမိသွားတာဖြစ်သည်။ ဒီတွင် ဦးတင်အုန်းသည် ရောဂါသည်လေးကို မွေးစားလိုက်သလို လုပ်မိတာဖြစ်တော့သည်။ ဤရောဂါသည်တို့သည် လောက၌ လူရာသူရာအသွင်းမခံရ။ ဖယ်ကြဉ်ခံရသလိုမျိုးကို ဆိုးလှရာ ဦးတင်အုန်း ကရုဏာနှင့်ချဉ်းကပ်သည်ကိုပင် မေတ္တာဝင်ကာ ဦးတင်အုန်း ညွှန်သမျှကို ကြိုးစားလုပ်လာခဲ့တာ ဖြစ်သည်၊ ဤရောဂါသည်မှာ တစ်နည်းဆိုတော့ ဦးတင်အုန်း စေတနာမွေးစားလိုက်သလိုကိုဖြစ်ပြီး ချစ်ခင်စွာ ပိစပ်သောက်ရေးပဲ စည်းရုံးခဲ့ရတာဖြစ်သည်။

ပိစပ်က ဦးတင်အုန်းခြံမှာပင် ရှိနေသည်လေ။ ဒါကို နားဝင်အောင် ပြောကာ ချော့မော့သောက်စေတာ ဖြစ်တော့သည်။ လူလေးက ဦးတင်အုန်း ပြောသည့်အတိုင်း သောက်ပါသည်။ ယုံကြည်မှုကား အစမှာ ဘယ်မှာရှိပါမည်နည်း။ သို့သော်တဲ့ ဤသူငယ်လန့်သွားသည်က သူ့မျက်နှာ အနာများ တန့်သွားတာကို တွေ့ကြုံတာ ဖြစ်တော့သည်။ မူလက မျက်နှာမှာ အနာများပေါက်ပြီး အသားအရေကလည်း ညစ်ထေးကာ အမြဲပုပ်သလို နေသည်လေ။

မျက်နှာပါးပြင်တွင် အနာ ငါးလုံးပြူးကြီးရှိနေခဲ့ရာက အနာ သုံးလုံးမှာ ပိစပ်သောက်အပြီးမှာ ညှိုးညှိုးဖြစ်ကာ စပျောက်တာ ဖြစ်သည်။ ပြီး လူက ချက်ချင်းလို ပြောင်းသွားသည်ပဲ။ လမ်းလျှောက်တာ သွက်လာသည်။ ညအိပ်လို့ ပျော်လာသည်။ ခံတွင်းကလည်း ပြောင်းပြီး စားကောင်း သောက်ကောင်းတွေ ဖြစ်ကုန်သည်။ အဲဒီလောက်နှင့် လူနာမွေးစားသလို လုပ်ထားသည့် ဦးတင်အုန်းကား တအားကို ဝမ်းမြောက်ပြီ။

ဤရောဂါသည်တို့အဖို့ သိပ်ကိုနှိပ်စက်သည့် မက်ခရုလိုအာခံတွင်းက ရောဂါမှာ ခံဆိုးနေဆိုးဖြစ်သည်ပေါ့။

www.burmeseclassic.com

ဦးတင်အုန်း မွေးစားသလိုအခြေနှင့် ဖျောင်းဖျ ကုသလုပ်ပေးနေသည့် ဤရောဂါသည်မှာ အာခေါင် မှက္ခရုတွေပျောက်တော့ရာ ကျွန်တော် ဒိုးထံ ဖုန်းဆက်သည့် အသံနားထောင်ပြီး ကာယကံရောဂါရှင်ထက် ဦးတင်အုန်းကပင် ပိုသာကာ ဝမ်းသာအူမြူးလို့ကို ထင်နေမိပါသည်။

ယခုအကိုင်းဆိုလျှင် မကြာမီမှာပင် ရောဂါကင်း၍ ရှင်းရှင်းကြီး သေတွင်းက လွတ်သူလို့ ကြေညာပြောဆိုနိုင်တာမျိုးဖြစ်တော့သည်။

'ဦးဒိုးရဲ့ အခု ကျွန်တော်လုပ်တာ မှားသွားလား၊ မှန်သွားလား၊ ခွနည်းနည်းကျသွားတယ်၊ တစ်နေ့မှာ ဗိသူငယ် ရင်းနှီးစွာကပ်ပြောလာတယ်၊ ကျွန်တော်အတော်ကြီးကို နေကောင်းပြီကဲ့။ အခုဘယ်လိုတွေဖြစ်တာလဲ၊ ကျွန်တော်ဟာ ယောက်ျားတို့စွမ်းရည် တက်လာနေတော့တယ်တဲ့ ပြောတယ်၊ လန့်သွားရတယ်၊ ကျွန်တော်ကလည်း ဦးဒိုး ရေးထားတာလိုအတိုင်း သူ တော်တော်ဟုတ်လာချိန်မှာ ငါးရှဥ့်နဲ့ဂွေးသီးကို ချက်စားခိုင်းတယ်ဗျား သူက ကျွန်တော့်ဆို အစ်ကိုကြီးလို့ အကုန်ပြောတာ၊ စွမ်းရည်ပါတက်လာတာ'

ကျွန်တော် တယ်လီဖုန်းထဲကပင် ထိတ်လန့်ကကြီး သဘောကျတသောသောကြီး ရယ်မောသွားမိရလေပါတော့သည်။

[ ပေါ်ပြူလာ။ ။ စက်တင်ဘာ၊ ၂၀၀၆ ]

## ကျောက်ကပ်ထဲက ကျောက်နှင့် ကျောက်ဖရုံသီး

ဟုတ်ကဲ့။ ကျွန်တော်ဒိုး ကယားပြည်နယ်မှ သင်ယူလာခဲ့သည့် တောဆေးပညာအရ လူနာများအား ကုသကူညီရာတွင် မြန်စွာ ရောဂါပျောက်သည်ကို ကျွန်တော့်အိမ်သားများကပင် နဝေတိမ်တောင် အတွေးကြောင်နေမိလေတော့သည်။ သူတို့က အဖေကြီး ကြည့်လည်း လုပ်ပါဦး။ ဒီလောက်အမြန်ပျောက်တာ ဟုတ်ရဲ့လား၊ တစ်ခုခု အန္တရာယ် ပြန်ဖြစ်မလားဟု စိုးရိမ်စကား ပြောကြားနေသည့်အတွက် ကျွန်တော်ပင် အနေခက်ပါတော့ပြီ။

အဲ. . တောဆေးပညာအရ ကျောက်ကိစ္စတွေကတော့ သည်းခြေထဲက ကျောက်၊ ဆီးအိမ်ထဲက ကျောက်၊ ဒါတွေကိုတော့ အခုအမြင်ပဲ တောဆေးပညာက အမြန်ပျောက်စေတာ ဧကန် ဖြစ်ပါသည်။ ကျွန်တော်များစွာ စေတနာသက်သက်ဖြင့် ဆောင်ရွက်ပြီးခဲ့ပြီ။ ထိုထိုကိုယ်ခန္ဓာတွင် ကျောက်တည်ရောဂါများ လျင်စွာ ရှင်း၍ ချက်ချင်းကို ကောင်းကုန်ကြသည်ချည်း ဖြစ်သည်။ ကိုယ်တွင်း ကျောက်တည်မှုများအနက် ကျွန်တော် ဆောင်ရွက်ကူညီကာ ကျောက်ဖြို၊ ကျောက်ဖျက်စေခဲ့သည်မှာ သုံးမျိုးက ကျောက်ကပ်ကျောက်၊ သည်းခြေကျောက်နှင့် ဆီးကျောက်ပဲ ရှိသေးပြီ။ အခြား ဘာကျောက်ရှိသနည်း။ ကျောက်တစ်ခု ကျန်နေသေးသည်။ ယင်းက သရက်ရွက်ကျောက် ဖြစ်ပါသည်။ အခုထိကတော့ ဒါကို ကျွန်တော် မဆောင်ရွက် မကူညီနိုင်ခဲ့သေးပါ။

www.burmeseclassic.com

www.burmeseclassic.com



သရက်ရွက်ကျောက်ကိစ္စကား ကမ္ဘာ့ဆရာမျိုးစုံကပင် ဤ သရက်ရွက်ကျောက် ဖျောက်ဖို့ဟာ လွန်စွာခက်ပါသည်လို့ ပြောနေကြပါ သည်။ အသက်အရွယ်အရ သူတို့ ကမ္ဘာ့ဆရာကြီးများ ကိုယ်တိုင်က မကုဘဲ ဒီအတိုင်းသား ပြောကြားနေတတ်ကြပါသည်။

သရက်ရွက် ဆိုတာ လွန်စွာကို နူနယ်တာမို့ ကုရ လွန်စွာခက်တာလို့ ဆိုပါသည်။ ဒါကုလျှင် အသက်ဘေးကို ဤအချိန် စိန်ခေါ်သလို ဖြစ်သည်လို့ ဆိုကြသည်။ ကျွန်တော်ဒိုးကား ဤသရက်ရွက် ရောဂါသည်ကို အထိ မျက်နှာမဆုံရသေးဘဲ ကယားတို့၏တောဆေးပညာဖြင့် မစမ်းသပ်ရသေး၍ဖြစ်ပါသည်။

ကျန်ကျောက်သုံးမျိုးဖြစ်သည့် ကျောက်ကပ်ကျောက်၊ သည်းခြေကျောက်နှင့် ဆီးကျောက်ကိစ္စများ ကယားတို့ တောဆေးအစွမ်းလိုက်တာ နေ့မကူးခင်မှာကို ရောဂါနှိပ်စက်မှုတွေ ပျောက်ကုန်တာ ဖြစ်တော့သည်။ ရောဂါနှိပ်စက်တာတွေ ပျောက်တာမှာ ကယားဆေးနည်းက သိပ်ကို လျင်မြန်ပါသည်။ အခုလို ရောဂါနှိပ်နင်းတာ မြန်လွန်းတာမို့ အဖေကြီးနော်၊ ချိန်ချိန်ဆဆ လုပ်နော်၊ ဟုတ်ရဲ့လားနော်လို့ပင် စိုးရိမ်ပူပန်တာ ဖြစ်သည်။ ဟုတ်ကဲ့၊ ရောဂါပျောက်မှုမြန်သည့်အချက်က မျက်လှည့်ပမာ ဖြစ်လို့နေသည်ကိုး။

ကန်တော်ကြီး နတ်မောက်လမ်းရှိ ဆုထူးပန် စာသင်တိုက်ကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးက ဒကာကြီး သာဂဒိုး ဒီမှာ ဟိုပင်မြို့ကလာတဲ့ ဒကာမလေးမသင်းသင်းထွန်းဆိုတာမှာ ကျောက်ကပ်ကျောက်တည်ရောဂါနှိပ်စက်တာ ပြင်းထန်နေတယ်။ ဒကာကြီး ဘယ်လိုများ ဆောင်ရွက်နိုင်မလဲလို့ ဒီလို လူနာအပ်တာက လူအများရှေ့မှာပါ။ ဒီအခါမှာ ကျွန်တော်က အများရှေ့မှာပဲ နည်းလမ်းပြောပြပါသည်။

နောက်နေ့ညမှာပါပဲ ဆရာတော်က အများရှေ့မှာတင်ဖြစ်ပါသည်။ ဆရာတော်က ပြုံးရွှင်တော်မူကာ 'သိပ်ကိုကောင်းပါတယ်၊ ကျောက်ကပ်



ကျောက်တည်ရောဂါနှိပ်စက်နေတဲ့ ဒကာမလေးဟာ လုံးလုံးကို ရောဂါပျောက်သွားပါပြီ'လို့ ဒီလို အများရှေ့မှာတင်မိန့်ကြားသည်။ ကျောက်ကပ်က ကျောက်ကို ဓာတ်မှန်ရိုက် ပြန်စစ်ဆေးတော့လည်း ကျောက်ကို လုံးဝမတွေ့တော့ ကျွန်တော့်မိတ်ဆွေများကပင် အလန့်တကြားကို အံ့သြသွားရသည်။ အဲဒါ အဲဒါသည် ဈေးမှာ ငွေငါးရာ ခန့်သာကုန်သည့် ကယားတို့၏ တောဆေးအတတ်အစွမ်းပင် ဖြစ်တော့သည်ပဲ။

ကျောက်ဖရုံသီး အသားဖြင့် ကုတာ ဖြစ်သည်။ တကယ် ငါးရာပဲ အလွန်ဆုံးကုန်သည်။ ရောဂါပျောက်မှုမြန်လိုက်တာကလည်းလန့်လောက်စရာ၊ အံ့သြလောက်စရာပါပဲ။ ရောဂါခံစားမှုတွေဟာ ဒီနေ့ကု ဒီနေ့ပျောက် ဖြစ်တော့သည်။ ကျောက်ကပ်ကျောက်ကို ခေတ်မီနည်းတို့ဖြင့် ကုမည်ဆိုလျှင် သိကြသည့်အတိုင်းပဲ။ ဆေးဖြင့် ကုတာရှိသည်။ ခွဲစိတ်လို့ ကုတာရှိသည်။ ရောင်ခြည်ထိုး၍ ကုတာရှိသည်။ ပြီး ဘာကုတာတွေ ရှိသေးသလဲ။ ဘယ်လိုကုကု ကယားတို့နည်းကတော့ ရောဂါခံစားမှုပြင်းထန်တာတွေကို နေ့ချင်းပြီး ခံစားမှု ပျောက်ပြီး ဓာတ်မှန်ရိုက်လို့လည်း ကျောက်မတွေ့တာ ထူးလှသည်ပေါ့။

ဤပညာဖြင့် ကျွန်တော် လူများစွာကို ကူညီကာ ကုသိုလ်တောင် အတော်ရနေလေပါပြီ။ မနေ့ကပင် အိမ်နားချင်းရောင်းရင်း သူငယ်ချင်း သမီး ကျောက်ကပ်ဖြစ်တာကို ခု စာရေးသည့် နာရီပိုင်းမှာ ကူညီလိုက်ရတော့သည်။ ဒိုးသူငယ်ချင်းအမည်မှာ ကိုမျိုးသန့် ဖြစ်သည်။ သမီးမှာက ကျောက်ကပ်ဖြစ်ရာ ဆရာဝန်နှင့်ကုနေသည်။ သို့ကုလို့ ကျောက်ကပ်ထဲက ကျောက်အနည်းအပါးကတော့ ကြေသွားပြီ။ ကျန်နေတာက နာကျင်မှုတွေ ဖြစ်နေသည်။ ဒါကို ကူညီဖို့ လာပြောသည်။

ခက်သားပါလား။ ဒိုးက နည်းလမ်းတော့ ပေးလိုက်ပါသည်။ သမီး ဈေးမှာ ကျောက်ဖရုံသီးဝယ်ပါ။ အူတွေကို ထုတ်ပစ်ပါပြီးတော့ သခွားခြစ်တဲ့ခြစ်နှင့် ကျောက်ဖရုံသီးကိုခြစ်ကာ ဟင်းသောက်ပန်းကန်တစ်လုံး

www.burmeseclassic.com

လောက် ရအောင်လုပ်ပါ။ ခြစ်ပါ။ ဒီကျောက်ဖရုံခြစ်ထားတာကို လက်ဖက်ရည်ကြမ်းပန်းကန်တစ်ဝက်သာသာ ရှာလကာရည်ထည့်ပြီး မွှေလိုက်ပြီးတော့ စားပါ။ အဲဒါစားလို့ မကြာခင်ပဲ ရောဂါခံစားမှုသိသာလို့ နာကျင်ကိုက်ခဲမှုတွေ ပျောက်မယ်။

သူငယ်ချင်းသမီးမို့ မငြင်းသာဘဲ ပြောလိုက်ရာ သူ့ ကုသနေသည့် ဆရာဝန် ကြိုက် မကြိုက် ဆိုသည်အထိကား နှိုက်မကြည့်နိုင်တော့ပြီ။

နောက် သူငယ်ချင်း၏သမီးတစ်ဦးကိစ္စကလည်း ရှိသေးတော့သည်။ သူကား ကျွန်တော့်မှာ ပျောက်စေဆရာပဲ ဖြစ်သွားလား။ အမေရိကားကို လှမ်းကုရတာဖြစ်တော့သည်။ မောင်ခိုင်လမ်းမှာနေသည့် ကျောင်းနေဖက် သူငယ်ချင်းကြီး ကိုသန့်စင်၏သမီး ဖြစ်သည်။ သမီးငယ်က အမေရိကန် ရောက်နေသည်။ ဒီလိုရောက်ခါမှ ဟိုမှာ သည်းခြေရောဂါ ဖြစ်တော့ရာ ဟိုမြို့မှာ ဆရာဝန်ကြီးများ ပြသသည်။ အမေရိကန် ဆရာဝန်များက ဒီရောဂါကို လေးလ ကုသရမည်။ တစ်ပတ်တစ်ခါ ရောင်ခြည်ထိုး ကုမည်ဆိုကာ ရောင်ခြည်ထိုးကာ ကုဖြစ်သည်။

သမီးအမည်က မရင်ရင်အုန်း ဖြစ်သည်။ ရောဂါကြောင့် ပြင်းထန်မှုအရ လေ့ကားတစ်ထစ်မျှပင် ဆင်းရ တက်ရ ခက်သည့် အနေအထားရှိသည်။ အောင့်သည် နာကျင်သည်ပေါ့။ ဒီမှာလည်း ဒီကဆရာဒိုးကဝင်ရန်ဖြစ်ပြန်ပါသည်။ ဒိုး ပျောက်စေဆရာဖြစ်သွားကာ အမေရိကားလှမ်းကုသကာ ပညာပြလိုက်သည်။ အင်တာနက်ကနေကို ခပ်တည်တည် ကုလိုက်တာ ဖြစ်သည်။ သတင်းရှင်းရှင်း ပြန်လာသည်ပဲ။ ချက်ချင်းကို လေ့ကားထစ်တွေ တက်နိုင်ဆင်းနိုင်ပြီး နာကျင်တာတွေ သက်သာပျောက်ကင်းလို့သွားပါပြီ။

ဒီလိုစကားအကြား ကျွန်တော်ငနဲ့သား အရမ်းဝမ်းသာသွားပြီး အမီးအပါး ကြွားစရာလူ လိုက်ရှာသည်။ တခြားမတွေ့ဘဲ သားကိုပဲတွေ့သည်၊



ဒါနဲ့ 'ဟေ့ကောင်၊ ဒါကို သူများတွေ လျှောက်မပြောမိစေနဲ့ဟ၊ ငါက အင်တာနက်ကတောင် လှမ်းဆေးကုနိုင်တာ ဖြစ်နေပါလားဟ' ဟု သားမောင်အေးမင်းကို ခပ်ထွားထွား ပြောကြားလိုက်သည်ပေါ့။

သားက မျက်လုံးကြီး ပြူးသွားသည်။ ပြူးမှာပေါ့ တစ်နေ့ကပင် သူ့ရှေ့တင် ဗိုလ်မှူးကြီး(ငြိမ်း)ကတော်တစ်ယောက် ရောဂါကို ဆောင်ရွက်ကူညီတာ သူတွေ့တာမို့ ငါ့အဖေတော့ မလွယ်ပါလားလို့ ထင်သွားပုံရသည်ပ။ ကျွန်တော်တို့ အခုအခါ စာပေနယ်တွင်ဝင်နေသည့် ဗိုလ်မှူးကြီး သောင်းဝေ(ငြိမ်း) (အမျိုးသားစာပေဆုရ စာရေးဆရာ သောင်းဝေဦး)ထံသွား၍ စစ်သွေးမဂ္ဂဇင်းနှင့် ဟိုဟိုဒီဒီစာပေကိစ္စများ ပြောခဲ့ကြရာ၌ ဗိုလ်မှူးကြီး(ငြိမ်း)ကတော်က သူ့မှာ သည်းခြေကျောက်တည်ရောဂါဖြစ်လို့နေသည်လို့ ပြောသည်ပ။

ဒီက ဒိုးက ဒါမျိုးတော့ ရသည်လေ။ အမေရိကားတောင်မှ ဆေးစွမ်းအား ပြထားနိုင်သည်ပဲ။ ကျောက်ဖရုံဖြင့် ကယားဆေးပညာကုနည်းတောဆေးနည်းကို ပြည့်ဝစွာပေးချလိုက်သည်ပဲ။ ဒီလို ခရီးကြုံ ရောဂါကုတာ လမ်းလျှောက်သမားတော် ပမာလည်း အတော်လုပ်ခဲ့ဖူးတာ ဖြစ်ပြီ။

ဟုတ်သည်၊ ကျွန်တော်တို့မှာ ကျောက်က အတော်နှောက်နေတာ ဖြစ်နေပါသည်။ ကျွန်တော်တို့ မြန်မာအစားအစာတို့တွင် ဘယ်သို့သောဓာတုဗေဒပစ္စည်းတို့က နှောက်နေလို့ ခဏခဏ ကျောက်ကိစ္စတွေဖြစ်နေသနည်း။ စဉ်းစားလို့ကြည့်ကြဖို့ပင် ကောင်းနေပြီ။

ကဲ. . လာသေးသည်။ ပါရမီက ဒေါ်စိန်ရင်ပါ။ သာသနာရေး ကိစ္စဝိစ္စတွေမှာ အလွန်ဆောင်ရွက်သည့်အမျိုးသမီးကြီးတစ်ဦးလေ။ ဆရာတော်ကြီးအများပင် သိပါသည်။ ဤဒကာမကြီးမှာလည်း ကိုယ်တွင်းကျောက်နှိပ်စက်တာ ဖြစ်တည်လာသည်တဲ့။ သည်းခြေကျောက်ပါတဲ့။ ကျွန်တော်လည်း ကျောက်ချေနည်းပညာကို လက်ဆင့်ကမ်းခြင်း ပါးစပ်ဖြင့်ကုခြင်းတွေ လုပ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်နှင့် တယ်လီဖုန်းဖြင့် လှမ်းလှမ်းကုသပေးရခြင်းစခန်းက လည်း ရှိသေးတော့သည်။ ဒါကိုတော့ဖြင့် ငါက တယ်လီဖုန်းသမားတော်ကြာလို့ ပြောရမည်ထင်ပါသည်။ ရောဂါတော်တော်စုံစုံ ပါ:စပ်က တယ်လီဖုန်းဖြင့် ကုသနေရသေးတော့သည်။ ဒါလည်း ဆရာများအကြား ဆန်းပြားစွာ တယ်လီဖုန်းသမားတော် ခေါ်မလားပေါ့နော်။

[ဈေးကွက်ဂျာနယ်။ ။ ဩဂုတ်၊ ၃၁၊ ၂၀၀၆]

## လူမမာအပ်ခဲ့ခြင်း

ဒီမိန်းကလေးကို ဆုထူးပန်ဆရာတော် ကျွန်တော့်ကို ကုသပေးဖို့ မိမိသိသမျှနဲ့ ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခဲ့ပါတယ်။ ဆရာတော်က ကမ်းနားကို ခဏခဏ ကြွတတ်ပါတယ်။ ဆရာတော်ဟာ အင်မတန် တာဝန်ကြီးလိုက်တာ၊ စာသင်တိုက်ကြီး ခေါင်းဆောင်နေတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဆုထူးပန်ဆရာတော်ရဲ့တာဝန် အင်မတန်ကြီးတော့ နံနက်ခင်းမှာ ကမ်းနား လေလာရှူတတ်ပါတယ်။ မိမိရဲ့ ကျန်းမာရေးအတွက် ဖြစ်ပါတယ်။ ဒီအချိန်မှာ ကျွန်တော်တို့ ဆရာတော်ကို ဖူးတွေ့တတ်ပါတယ်။ တစ်နေ့မှာ ဆရာတော်ဟာ ကမ်းနားကို ကြွရောက်လာပါတယ်။ ကျွန်တော်တို့ မိတ်ဆွေများ စကားပြောနေချိန်မှာ ဆရာတော် ကြွလာလို့ ဝိုင်းကန်တော့ကြပါတယ်။ ကမ်းနားကိုကြွလာပြီး ကျွန်တော်ကို မိန့်ကြားပါတယ်။ ဒကာကြီး သာဂဒိုး ဟိုမှာ မိန်းကလေးတစ်ယောက် တွေ့တယ်မဟုတ်လား။ သူဟာ ကျောက်ကပ်မှာ ကျောက်တည်နေတယ်။ သူ့ကို တကာကြီး ဆောင်ရွက်ပေးနိုင်ရင် ဆောင်ရွက်ပေးပါလို့ အမိန့်ရှိပါတယ်။ အများရှေ့မှာဘဲ အမိန့်ရှိတာပါ။ ကျွန်တော်ကလည်း အများရှေ့မှာဘဲ ဆရာတော်ကို လျှောက်ထားရပါတယ်။ မှန်ပါဘုရား၊ ဘုရားတပည့်တော်သိတာ လျှောက်ထားပါမယ်။ အရှင်ဘုရား သူ့ကို ဈေးမှာ ကျောက်ဖရုံသီးတစ်လုံးဝယ်ခိုင်းပါ။ အဲဒီကျောက်ဖရုံသီးကို အူများထုတ်ပါ။ အူများ ဖယ်ပြီးတဲ့နောက် ကျောက်ဖရုံသီးကို သခွားခြစ်နဲ့ ခြစ်ပါ။ ဟင်းစားပန်းကန်လုံးတစ်လုံးစာလည့်ပါ။ ဟင်းစားပန်းကန်လုံးတစ်လုံးစာ ကျောက်ဖရုံသီးရပြီ

ဆိုတဲ့ အခါကျတော့ အပေါ်က ရှာလကာရည် အသင့်အတင့် လောင်းပါ။ မီးဖိုချောင်မှာသုံးတဲ့ ရှာလကာရည်ဖြစ်ပါတယ်။ ကျောက်ဖရုံသီး သခွားခြစ်နဲ့ ခြစ်ထားတာကို မီးဖိုချောင်သုံး ရှာလကာရည်လေး သင့်တင့်စွာ လောင်းပြီးတော့ သမပြီးတဲ့နောက် စားခိုင်းလိုက်ပါဘုရား၊ ဆရာတော်က ချက်ချင်းပဲ ကောင်းတယ် ဆောင်ရွက်ခိုင်းမယ်လို့ အမိန့်ရှိပါတယ်။ ကျွန်တော့် မိတ်ဆွေများလည်း အံ့သြသင့်ကြပါတယ်။ အံ့သြသင့်ပြီးတဲ့နောက် ဒီကိစ္စ ဖြစ်နိုင် မဖြစ်နိုင်တောင် ပြောမိကြပါတယ်။ ကျွန်တော်ဟာလည်း ကျွန်တော် ကယားပြည်နယ်သွားရင်းနဲ့ တွေ့သိခဲ့တဲ့ ပညာတစ်ရပ်ဖြစ်ပါတယ်။ တောဆေးပညာပါပဲ မခက်ခဲပါဘူး။ တောဆေးပညာပါပဲ၊ ကျောက်ကပ်ဆိုတာ ခွဲဖို့စိတ်ဖို့ လုပ်ဖို့ကိုင်ဖို့ကိစ္စ အလွန်ပင်ပန်းပါတယ်။ ခဲယဉ်းပါတယ်၊ ဒီနေရာမှာ တစ်ဆက်တည်း ကျွန်တော် အစီရင်ခံချင်ပါတယ်။ ကျွန်တော့် သူငယ်ချင်း ကိုသန့်စင်ဆိုတာ မောင်ခိုင်လမ်းမှာ နေပါတယ်။ သူ့သမီးက အမေရိကန်မှာ ရှိပါတယ်။ အမေရိကန်မှာနေတဲ့ ဒီသမီးက ရင်ရင်အုန်းပါတဲ့၊ ဒီမိန်းကလေးဟာ အမေရိကန်မှာ နေရင်း သည်းခြေကျောက်တည်တဲ့ကိစ္စ ဖြစ်ပါတယ်။ ဒီ သည်းခြေကျောက်တည်တဲ့အမှုမှာ အမေရိကန်ဆရာဝန်တို့ သက်ဆိုင်ရာ ဘာတို့ကို ပြတဲ့အခါကျတော့ ဆရာဝန်ကြီးများက သူ့ကိုပြောတယ်၊ လေးလလောက် ကုရမယ်။ ရောင်ခြည်နဲ့ ကုပေးမယ်။ တစ်ပတ်တစ်ခါ နှစ်ပတ်တစ်ခါ ရောင်ခြည်နဲ့ လုပ်လိုက်ရင် ဒီသည်းခြေက ကျောက်က ပျောက်သွားမယ်တဲ့၊ အဲတော့ လေးလလောက်ကုရမယ်ထင်ပါတယ်။ ဒီကိစ္စပြောပြတော့ဘဲ အမေရိကန်မှာ ကျောက်ဖရုံသီးသာရှိပစေ ချက်ချင်းပျောက်စေမယ်။ တစ်ရက်အတွင်း ပျောက်သွားမယ်လို့ပြောတော့ အံ့သြတကြီး ဖြစ်သွားပါတယ်။ ချက်ခြင်းပဲ သူတို့အင်တာနက်ကနေ သတင်းပို့ပါတယ်။ ကုသပါတယ်။ အကျိုးဖြစ်ပါတယ်၊ ဒီလို ပါးစပ်နဲ့ကုတာ ပျော်ရွှင်စရာတောင် ဖြစ်ပြန်ပါတော့တယ်။ အဲဒီမှာ ဆရာတော်က ဟိုပင်ကအမျိုးသမီးကို ပြောတဲ့အတိုင်းဆောင်ရွက်



လို့ အမိန့်ရှိလိုက်တဲ့အခါမှာ၊ ကျောင်းရောက်တာနဲ့ ဆောင်ရွက်ပါတယ်။ ကျောင်းကိုပြန်ရောက်တာနဲ့ ဆောင်ရွက်တာပါ။ ကျောက်ဖရုံသီး တစ်လုံးဝယ်ပြီး အူတိုင်ဖယ် သခွားခြစ်နဲ့ခြစ်၊ ဟင်းပန်းကန်တစ်လုံးစာ စားသုံးလိုက်ပါတယ်။ ချက်ခြင်းသက်သာသွားတယ်လေ။ ကိုက်မှု ခဲမှုအောင့်မှုကို ပျောက်သွားတယ်။ ဒါသူကိုယ်တိုင်ပြောပြတဲ့ နေရာမှာတွေ့ရပါလိမ့်မယ်။ အဲဒါကို နောက်တစ်နေ့မှာဘဲ ဆရာတော်ကြီးက ကမ်းနားကြွလာတယ်၊ ဒကာကြီး ဒကာမလေးရောဂါသက်သာပျောက်ကင်းသွားပြီ၊ကျေးဇူးအထူးပဲလို့ မိန့်ကြားပါတယ်။ ကမ်းနားမှာ ဆုထူးပန် ဆရာတော်ကြီး ကိုယ်တိုင်မိန့်ကြားတော့ ပတ်ဝန်းကျင်တဝိုက်မှာ အံ့သြသွားကြပါတယ်။ ဆရာတော်ကြီးက ဝမ်းသာအားရပါဘဲ၊ ဒုက္ခရောက်နေသူတစ်ဦး ဒုက္ခက လွတ်ကင်းသွားတာ ဝမ်းသာတော်မူတာပါ။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့သိတာ မချွင်းမချန် အမှန်အတိုင်းပြောပြီး ကူညီတာပါ။ အမေရိကန်ကို လှမ်းကူသလိုဘဲ ဟိုပင်ကအမျိုးသမီးကိုလည်း တတ်နိုင်သမျှ ကူညီလိုက်ခြင်းဖြစ်ပါတယ်။ ဆရာတော်ဟာ ဝမ်းသာအားရဖြစ်ပြီး ကျေးဇူးတင်စကားတွေလည်း မိန့်ကြားပါတယ်။ ဆုတွေလည်းပေးပါတယ်။

## ငါးရာနှင့် တစ်သိန်းတဲ့

သို့သော် ကျွန်တော်ကမိန်းကလေးကို ပျောက်ပြီးတာတော့ဟုတ်ပြီလို့ ကိုယ်တိုင်ခံစားရပြီး တွေ့ကြုံနေပြီ။ သို့သော် တကယ် ကျောက်ရှိ မရှိ စစ်ဦးမလားလို့ ပြောပါတယ်။ ဒါကတော့ ပိုစိတ်ချရအောင်လို့ သူတို့လည်း အဆင်ပြေလို့ တိုက်တွန်းတာပါ။ အဆင်ပြေလို့ဆိုတာ ဒီမိန်းကလေးပဲ သွားပြီး စစ်ဆေးပါတယ်။ စစ်ဆေးတဲ့နေရာမှာ ကျောက် မရှိတော့ပါဘူး။ ကျွန်တော်တို့မှာ ရယ်ရအခက် ငိုရအခက်တောင် ဖြစ်ပါတယ်။ ဒါဟာ ထူးဆန်းတဲ့ တောပညာ၊ တောဆေးပညာ ဖြစ်ပါတယ်။ ကာပျာ၊ ခင်ပျားတို့ ရှေ့မှာ ကုပြမယ်၊ အမှန်ဘဲ မကြာခင်မှာကို ကျောက်တည်တဲ့ ကျောက်

www.burmeseclassic.com

တွေဟာ ပျောက်သွားရတယ်၊ ဓာတ်မှန်နဲ့စစ်ဆေးပါ၊ နည်းမျိုးစုံစစ်ဆေးပါ၊ ရောဂါခံစားနေရတဲ့ ဒုက္ခကချက်ချင်းငြိမ်းသွားမှာ ဖြစ်ပါတယ်၊ အဲလောက် ထူးဆန်းတဲ့ တောဆေးဖြစ်ပါတယ်။

ဒီတောဆေးပညာကို ကျွန်တော် ယုံကြည်စွာနဲ့ အများကို တင်ပြနေခြင်းဖြစ်ပါတယ်။ တိမ်မြုပ်နေတဲ့ပညာတစ်ရပ်၊ မြန်မာပြည် မြန်မာ အမျိုးသားတွေအတွက် တိမ်မြုပ်နေတဲ့ ပညာတစ်ရပ်ပါ။ တောမှာရှာရင် တောဆေးပညာတွေ အများကြီး ထွက်လာပါလိမ့်မယ်။ အသီးအရွက်တို့ကို ဘာမှမလုပ်ဘဲ ဒီတိုင်းစားသုံးခြင်းဖြင့် ရောဂါတွေပျောက်ဆုံးတဲ့ နည်းပညာပါ၊ အတတ်ပညာပါ၊ ဒီထဲမှာ ကျောက်ကပ်ကိစ္စလည်း ပါတာဖြစ်ပါတယ်။

ဆရာတော်ဟာ ဒါကို အင်မတန်ဝမ်းသာပြီး ဒကာကြီး ကျောင်းကို လာပါဦး အမိန့်ရှိပါတယ်။ ကျွန်တော် သွားပြီးတော့ အမျိုးသမီးငယ်ကို တွေ့ပါတယ်။ ဝမ်းသာနေပါတယ်၊ အင်မတန် ပျော်ရွှင်နေပါတယ်။ သူ့ရဲ့ တွေ့ကြုံခံစားမှုကိုလည်း မေးမြန်းပြီးတော့ မှတ်တမ်းတင်နေပါတယ်။ ဒီလို ပညာတွေကို အများလေ့လာဖို့ ကျွန်တော်ကိုယ်တိုင်လည်း ရေး၊ တိုက်လည်း တိုက်တွန်းနေတာ ဖြစ်ပါတယ်၊ အများလေ့လာရုံမက မှတ်တမ်းလည်းတင်ပါ။ တိမ်မြုပ်နေတဲ့ ဆေးနည်းများကို ဖော်ကြပါ။ ဆေးနည်းကြီးကြီးမားမားတောင် မဟုတ်ပါဘူး၊ တောဆေး ပညာ ထူးဆန်းစွာ ပျောက်တာ ရှိပါတယ်။ ကျွန်တော် ဒီမှာပြနေရေးနေတာလည်း အများကြီးဖြစ်ပါတယ်။ အသီးအရွက်ကလေးကနေ အခေါက်ကလေးကနေ ရောဂါကြီးတွေပျောက်တာ ကျွန်တော် ကယားပြည်နယ်သွားတဲ့အခါ ထူးဆန်းတဲ့ ဆေးနည်းတွေ အများကြီးတွေ့ရပါတယ်။ အဲဒါတွေ နမူနာဖတ်ပြီးတော့ လေ့လာရေးသားဖော်ပါလား တိုက်တွန်းနေပါတယ်၊ လေ့လာပါ ကြည့်ပါ၊ အင်မတန် အံ့ဩစရာတွေတွေ့ရပါတယ်။ သို့သော်တချို့လူငယ်များကတော့ ယုံလွယ်မှ ယုံလွယ်မယ်၊ ဒါကတော့ သူ့အကြောင်းတရားပဲ ဖြစ်ပါတယ်။



ကျွန်တော်ဟာ ပထမ အပြောအဆိုခံရတုန်းက အတော်နာကျင်ပါတယ်။ ဒေါသထွက်ပါတယ်။ ဒါပေမယ့် ကျွန်တော်နောက်တော့ပျော်သွားပါတယ်။ ဘာလို့ပျော်သလဲ၊ တိုး၍လုပ်ချင်တဲ့စိတ်တွေ ပေါ်လာလို့ ပျော်တာပါ။ စိတ်ထဲမှာ ခုခု ခုခု ကသိကအောက်လေးဖြစ်တဲ့ အခါကျတော့ ပိုတိုး ကြိုးစားချင်တဲ့စိတ် ပေါ်တဲ့ သဘောပါဘဲ၊ ပျော်သွားပြီးတော့ ပျော်စကားတွေ ပြောမိပါတယ်။ ဆရာတော်ကလည်းဘဲ ခေါ်နေတာနဲ့ ကျွန်တော်ဟာ ဆရာတော်ကျောင်းကိုသွားကာ ရောဂါပျောက်တဲ့ အမျိုးသမီးနဲ့ တွေ့ဆုံမေးမြန်းပြီး မှတ်တမ်းလည်းလုပ်ရပါတယ်။ ဒီမှာ ကင်ဆာရောဂါသည်နဲ့ ဆီးရောဂါသည် လင်မယားနဲ့လဲ တွေ့ရပြန်ပါတယ်။

ကျောက်ကပ်ကျောက် ပျောက်သွားတဲ့ မသင်းသင်းထွန်းကို တွေ့ပြီး မေးရပါတယ်။

ဒိုး ။ ။နာမည်သိပါရစေ၊ ဘယ်လိုခေါ်သလဲ။
သင်း။ ။နာမည်က သင်းသင်းထွန်းလို့ ခေါ်ပါတယ်။
ဒိုး ။ ။အစကတုန်းက ဘာအလုပ်လုပ်လဲ။
သင်း။ ။အစက ဆရာမပေါ့၊ ခု နားပြီးတော့ ဈေးရောင်းပါတယ်။
ဒိုး ။ ။ဆရာမ၊ ကျောင်းဆရာမပေါ့၊ အခုက ဈေးရောင်းတယ်၊ ဘာရောင်းပါသလဲဗျာ။
သင်း။ ။ကုန်စုံပါ။
ဒိုး ။ ။ကုန်စုံ ဟုတ်ကဲ့၊ ကျွန်တော် သိချင်တာက ရောဂါ ဘယ်လိုဖြစ်သလဲ အတွေ့အကြုံလေးတွေ ကြားပါရစေ။
သင်း။ ။စ စခြင်းက အောင့်တော့ လေနာလား၊ အူအတက်လားလို့ အောက်မေ့တာ၊ ဗိုက်နာတာပေါ့၊ ဗိုက်နာတဲ့အခါ ဆရာမသွားပြတော့ ဆရာမက ပထမ စစချင်းတော့ လေနာပဲပြောတယ်လေ၊ ဆေးတွေတိုက်ကြည့်တာပေါ့၊ လေဆေးတွေ တိုက်ကြည့်တာ၊

www.burmeseclassic.com

လေနာမပျောက်ရင် အူအတက်ပဲလို့ ပြောတာဘဲ၊ အဲဒီအခါကျတော့ ပထမ စစချင်း အူအတက်ဆိုပြီး ခွဲဖို့တောင် ဖြစ်တာဘဲ၊ နောက်တော့ မန္တလေးကိုလာလိုက်တာ မန္တလေးရောက်တော့လည်း သိကျွမ်းတဲ့ဆရာဝန်ကပြောတာက၊ အရင် လုပ်နေကျဆိုရင်တော့၊ ခွဲလို့ရတယ် ခွဲဖို့ပဲ၊ ခုကျတော့ သေချာအောင်ဆိုပြီး ထပ်စမ်းသပ်ခိုင်းတာလေ၊ ဆေးခန်းမှာလည်း စမ်းတယ်၊ နောက်ထပ် ဆေးခန်းမှာလည်း စစ်ခိုင်းတယ်၊ အက်ထရာဆောင်းတွေ ဓာတ်မှန်တွေ ရိုက်ခိုင်းတယ်၊ ရိုက်ခိုင်းတော့ ကျောက်ကပ်မှာ ကျောက်တည်တာတဲ့ ပေါ်တော့တယ်။ အဲဒီတော့ ဒီကဆရာဝန်ကြီးက ဆေးရုံက ဆရာဝန်ကြီးကလည်း အဲဒါဆိုရင်လည်း ရန်ကုန်ကိုလာလိုက်တော့ ရန်ကုန်မှာ ခွဲစိတ်ဖို့ အစီအစဉ်ပေါ့။

ဒိုး ။ ။ခံစားမှုက ဘယ်လိုရှိလဲ၊ ဘယ်လိုနေလဲ၊ ခံစားမှုဆိုတာ အဲဒီလို ရောဂါဖြစ်နေတဲ့ အချိန်အခါမှာ။

သင်း။ ။နာတယ်။

ဒိုး ။ ။ဘယ်ဘက်လား ညာဘက်လား။

သင်း။ ။ညာဘက်က အနာများတယ်။

ဒိုး ။ ။ညာဘက်ကပိုပြီး အောင့်ပြီးနာတာလား။

သင်း။ ။အောင့် အောင့်ပြီးနာတာ။

ဒိုး ။ ။ကျောဘက်ကလား ရှေ့ကလား။

သင်း။ ။ကျောဘက်ကလည်း နာတယ်၊ ကျောဘက်ကလည်း ခါးတွေ နာတယ်၊ ညာဘက်က ဆိုးတယ်။

ဒိုး ။ ။ညာဘက်က ရှေ့ကော နောက်ကော ညှပ်နာတယ်၊ ဒါဖြင့်ရင် ကံကောင်းတယ်ပေါ့၊ မှားခွဲရင် မလွယ်ဘူး၊ ကုသိုလ်ကံတရားပဲ၊ တခြားလူတွေနဲ့ ယှဉ်ကြည့်ဖို့ မေးရတာပါ၊ ရန်ကုန်မှာ အများကြီးပဲ၊ မှား မှားခွဲတာ ရှိတယ်၊ ပြီးတော့ နောက်ကျပြီး ခွဲတာလည်း



ရှိတယ်ဆိုတော့ အူအတက်ကျတော့ သူက ရောဂါကို တိုးတိုးထွက်လာပြီးတော့ ပွင့်ထွက်တာကို၊ အဲဒီ ပွင့်ထွက်တဲ့ အချိန်မတိုင်ခင် ကြာရှည်လည်း နေလို့မှ မရတာကို။

သင်း။ ။ပြောတယ်၊ ဆရာမက အတော်ရှင်းလင်းပြီး စပြောပါတယ်။

ဒိုး ။ ။ဟုတ်ကဲ့၊ သူက မှားခွဲရင် မသက်သာဘူး၊ ဒုက္ခရောက်ဦးမယ်၊ အဲဒီမှာ နာတယ်၊ အောင့်တယ်၊ ဖျားလား။

သင်း။ ။မဖျားဘူး၊ ကိုယ်နည်းနည်းနွေးတယ် ဖြစ်တာပေါ့၊ စားပြီးရင် ပျို့ချင် အန်ချင်တယ်၊ အစားစားပြီးရင် ဗိုက်တောင့်တယ်၊ အများကြီး မစားနိုင်ဘူး၊ စားနိုင်သလောက်စားမရဘူး။

ဒိုး ။ ။ရောဂါသမားတွေ ဒါတွေ သိဖို့ လိုတာလေ၊ နောက်တော့ ဘယ်လိုက ဘယ်လို ကျောက်ကပ်လို့ သိလာရလည်း။

သင်း။ ။ဓာတ်မှန်ရိုက်ကြည့်တော့မှ ကျောက်ကပ်မှာ ကျောက်တည်တာကို သိတော့တာပါ။

ဒိုး ။ ။အဲဒါ ဘယ်မှာရိုက်တာလည်း

သင်း။ ။အဲဒါ မန္တလေးမှာရိုက်တာ၊ သစ္စာဓာတ်မှန်မှာရိုက်တာ၊ ဆေးရုံမှာ ပြတာ၊ အဲဒီက ကျောက်ကပ်မှာ ကျောက်တည်တယ်ဆိုပြီး ပြောလိုက်တာ။

ဒိုး ။ ။ဩ မြင်ရလား၊ ဘယ်လောက်ကြီးလဲ။

သင်း။ ။ကျောက်ကပ်က သေးတယ်၊ သုံးလုံးပဲ မြင်ရတယ်။

ကျောက်ကပ် ရောဂါသည်တို့ စုံစွာသိရန် စုံစွာမေး၍ ဆိုတာပဲ ဖော်ပြပေး နေရပါတယ်။

ဒိုး ။ ။အဲဒါနဲ့ အောင့်နေတာပေါ့လေ၊ သူက ဘာလုပ်ပေးမယ် ပြောလဲ။

သင်း။ ။သူတို့က ချေမယ်လို့ ပြောတယ်၊ ချေပေးမယ်တဲ့။

ဒိုး ။ ။စက်နဲ့ ချေမယ်၊ ခွဲမယ်လို့ မပြောဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



သင်း။ ။ခွဲမယ်လို့ မပြောဖူး၊ ကြီးမှ ခွဲတာပေါ့၊ သူက သေးတယ်ဆိုတော့ ခွဲစရာမလိုဖူး စက်နဲ့ ချေရမယ်ဆိုပါတယ်။

ဒိုး ။ ။မန္တလေးမှာ မချေဖြစ်ဖူးပေါ့။

သင်း။ ။မချေဖြစ်ဖူး၊ ဒီကဆရာတော်ခေါ်တာနဲ့ ဒီကိုပဲလာလိုက်တာပါ။

ဒိုး ။ ။အဲဒီအချိန်မှာ ဒီလိုပဲ ဆရာတော်က ဒီရောဂါဖြစ်နေတယ်ဆို လာခဲ့ပါပေါ့။

သင်း။ ။အဲဒါပြီးတော့ တစ်ခါမှာ ဆရာသာဂဒိုးတို့ရှိတယ်လို့ အဲမှာ ရှိတယ်ဆိုပြီးခေါ်ခဲ့တော့တာပါ၊ ဆရာတော်ဆီမှာလည်း ဘဘရဲ့ စာအုပ်တွေရှိထားတယ်၊ ရှိထားတဲ့ အခါကျတော့ ကြုံသိနေရတာပေါ့။

ဒိုး ။ ။အဲဒီ စာအုပ်တွေထဲမှာ ကျောက်ကပ်ကိစ္စမပါဘူး

သင်း။ ။မဟုတ်ဖူး တတိယစာအုပ်မှာ ပါတယ်။ ဆီးနဲ့ အသည်းနဲ့ပါတယ်။ ဆီးမှာ ကျောက်တည်တာပါတယ်။ နောက် အသည်းမှာ ကျောက်တည်တာပါတယ်။ ကျောက်ကပ်မှာ ကျောက်တည်တာ မပါဘူး။ မပါတော့ အဲဒီမှာကျတော့ ကျောက်ဖရုံသီးနဲ့ရှာလကာရည်နဲ့ ဘဘက ပြောလိုက်တာလေ။

ဒိုး ။ ။ကျွန်တော်က ကယားပြည်နယ်ကိုသွားတယ်ခမျာ၊ ကယားပြည်နယ်က တိုင်းရင်းသားတွေဆီက ဆေးနည်းမျိုးစုံတွေ တွေ့ရတယ်။ ဒီကျောက်ကပ်နည်းလဲပါတာပေါ့။ တွေ့ကြတဲ့အထဲမှာ ပိစပ်ဆိုတာလည်းပါတယ်၊ ပိစပ်ကြောင့် ရောဂါမျိုးစုံ ပျောက်တယ်ဆိုတာ ကျွန်တော် အရင်က ယုံတာမဟုတ်ဘူး။ ဒါပေမယ့် မယုံရင်မှာ ဒီတိုင်းနေရာက ကျွန်တော်က အခန့်သင့်တာနဲ့ ပဲခူးသွားပြီးတော့ ပိစပ်နဲ့သွေးကင်ဆာပျောက်တဲ့သူရှိတော့ တကယ် ပျောက်တာ အံ့သြသွားတယ်၊ တွေ့ပြီး ဓာတ်ပုံတွေ ရိုက်တယ်၊ အဲဒီမှာ စိတ်ကဖြစ်တယ်၊ ဒီကိစ္စဟာ ပေါ့ပေါ့ဆဆ မဟုတ်ဘူး၊



ငါတို့သေသေချာချာ သွားလေ့လာမှပဲတွေးတယ်၊ လှိုင်ကော်ကို သွားကြည့်မယ်ပေါ့၊ ဒီမှာသွားစရာလမ်းခရီးကသိပ်ပင်ပန်းတယ်၊ သိပ်ခက်တယ်၊ ခက်တယ်ဆိုတာကလေယာဉ်ပျံက အဆင်မပြေဘူး။ မမှန်ဘူးပေါ့လေ၊ ဒီတော့ Bus နဲ့ပဲ သွားရတယ်၊ Bus တွေက တစ်ညအိပ်မသွားရင် မရဘူး၊ တစ်နေ့နဲ့တစ်ည ခရီးရှည်သွားရတယ်၊ ကားကူးရသေးတယ်၊ ကား ပြောင်းရသေးတယ်၊ ဒီကနေ ရန်ကုန်ကနေ ထွက်သွားတယ်၊ အောင်ပန်းကို မနက်ရောက်တယ်၊ အောင်ပန်းက တစ်ခါ နောက်ကားတစ်စီးနဲ့ သွား။ ကျွန်တော် သွားရတာပါ၊ ဘာဖြစ်လို့လဲဆိုရင် ဒီအသက်အရွယ်နဲ့ လဲသွားမယ်၊ အားက ပြတ်မယ်ပေါ့၊ ဒါပေမယ့် လှိုင်ကော်ရောက်တော့ ကျွန်တော် မျိုးစုံတွေ့ရတော့ ရောဂါပျောက်သူတွေနဲ့ ဆုံရတော့ ချက်ချင်း လန်းဆန်းကျန်းမာ ဖြစ်သွားတယ်။ စစချင်းလဲ ဦးတင်မြင့် ဆိုတာ တွေ့တယ်။ ဘာရောဂါလဲလို့ မေးတော့ အစာအိမ်ကင်ဆာတဲ့၊ အစာအိမ်ကင်ဆာသမားက ဒီလောက် ကျန်းမာနေသလား၊ ကျွန်တော့်စိတ်ထဲမှာအံ့သြတယ်၊ မဟုတ်သလို ဖြစ်တယ်၊ သူကလည်းပဲ အဲဒီလို သူ့ကိုကြည့်တာ မကြိုက်ဘူး၊ သူက တစ်ခါတည်း ကျွန်တော့်ကို ဓာတ်မှန်တွေ ထုတ်ပြတယ်၊ သူက ဆေးရုံမှာ အစာအိမ်ကင်ဆာနဲ့ တက်ခဲ့ရတယ်၊ ဒီလိုပဲ ရောဂါသည်စုံတွေ ပိစပ်နဲ့ ပျောက်တာတွေ တွေ့သမျှကို ဒီမှာစုံအောင်ပြောပြလိုက်ပါတယ်၊ နောက်ပြီး ပြည်နယ်သားတို့ရဲ့ ဆေးပညာမျိုးစုံပါ တွေ့ရသင်ရတာလဲ အခု ထပ်ပြောပြလိုက်ပါတယ်၊ ရွှေပဲပင်လို အရွက်နဲ့ကပ်ပြီး အဖျားကြီးသူတွေကုနည်းကိုလဲ ပြောပြတော့ သိပ်ကို အံ့သြကုန်ကြပါတယ်၊ ဆေးလုံးဝမပါဘဲ အဖျားကြီးတာကို ချက်ချင်း ကျအောင် ကုနိုင်တဲ့ ထူးဆန်းနည်းကို ခုနက ညီမသောက်တဲ့ ကျောက်ကပ်ကိစ္စ ကျောက်ဖရုံသီးဆေးလည်း သူတို့ဆီကရလို့ ပြောပြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မသင်းသင်းထွန်းက ဝင်ပြောပါတယ်။

သင်း။ ။ကျွန်မက ငါးပန်းကန်လောက် စားလိုက်တယ်။

ဒိုး ။ ။ရပါတယ်၊ ကောင်းတယ်လေ၊ ကျောက်ဖရုံသီးက ဘယ်လောက်ပေးရသလဲ။

သင်း။ ။ကျောက်ဖရုံသီးက ၅၀၀။

ဒိုး ။ ။၅၀၀ ဟုတ်ပါတယ်၊ ၅၀၀ ကုန်တယ်၊ ဒါ ရောဂါပျောက်နေပြီ၊ ရောဂါ ရှိ မရှိ စစ်တုန်းက ဘယ်လောက်ကုန်နေပြီလဲ၊ ခန့်မှန်းပေါ့၊ စစ်ဆေးတာ။

သင်း။ ။တစ်သိန်းနီးပါးလောက် ကုန်တယ်။

## အစာအိမ်ကင်ဆာသမား

ထိုမှ ဆရာတော် ခေါ်လိုက်၍ အစာအိမ်ကင်ဆာဖြစ်နေသူ မညွန့်ညွန့် ဆိုတာ ဝင်လာပါသည်။ သူက ၅၁ လမ်းတွင် ယခင် အတူနေသူဖြစ်၍ ခင်မင်နေပြီး သူ့ရောဂါ အူဖြတ်ထားရပုံကအစ အကျယ်ပြောပြလာပါတယ်။

ညွန့် ။ ။နောက်တစ်ခုရှိတယ်၊ ကျွန်မ အိပ်မပျော်တာဘဲ ဒါခက်တယ်။

ဒိုး ။ ။အိပ်ပျော်လိမ့်မယ် ပိစပ်သောက်ကြည့်ပြီးရင် အိပ်ပျော်လိမ့်မယ်။

ညွန့်။ ။ခွဲစိပ်ပြီးတော့ ဟိုတွေး ဒီတွေးနဲ့ အိပ်မပျော်တာပါ။

ဒိုး ။ ။မနက်တစ်ဇွန်း ညနေတစ်ဇွန်းသောက်ပါ၊ ဟိုလှိုင်ကော်မှာ ဘာတွေလဲဆိုတော့ အစာအိမ်ကင်ဆာသမား၊ အရိုးကင်ဆာသမား အစုံတွေ့တယ်၊ အရိုးကင်ဆာသမား အသက် ၂၀ ကောင်မလေးပါ၊ သူက တုတ်နဲ့ထောက် သွားနေတာပါ၊ သွားနေရပြီးတော့ သူဘယ်လို ပိစပ် သောက်တယ်ဆိုပြီးတော့ ပြောပြတာ အသံသွင်းပြီး ယူလာတယ်၊ သူက အခု မော်တော်ဆိုင်ကယ် စီးနေတယ်၊ သူ တုတ်ကောက် မလိုတော့ဘူးပေါ့၊ ဒူးနာတာတွေလည်း ကောင်းသွားတယ်။

ဒီအချိန်မှာဘဲ စကားဝိုင်းနေရာ ဆရာတော်ထပ်ကြွလာပါတယ်။ ဆရာတော်ကလဲ သူ ည ည ဆီးသွားလွန်တဲ့ရောဂါ ရရှိနေတယ်လို့ မိန့်ကြားပါတယ်။ ဒီတော့ သာဂဒိုးက လျှောက်ထားလိုက်ပါတယ်။ ဒီကျောင်းဝန်းကျင်မှာ ခံတက်ပင် ရှိလားလို့ပါ။ ခံတက်ရွက် ခြောက်ခြောက်လောက်ကို သုံးခွက်တစ်ခွက်တင်ကြိုသောက်ရင် ည ည ဆီးများတာ ပျောက်သွားမှာ

www.burmeseclassic.com

www.burmeseclassic.com



လို့ လျှောက်ထားရပါတယ်။ အဲဒါ ဆရာတော်ဘုရားအမိန့် ရှိတယ်၊ ဆရာတော်ကလည်း ဆီးသွားလွန်းလို့၊ ဆီးကျိတ်တင်းတာ၊ ခံတက်ပင် မရှိဘူး။

ဒိုး ။ ။ရေခံတက် မဟုတ်ဘူးနော် ကုန်းခံတက်ပါ၊ အဲဒီဟာကို ငါး ရှက် ခြောက်ရှက်လောက်ပြုတ်နော်၊ တစ်ဖန်ခွက်နော်၊ နေ့ခင်း တစ်ခွက် လေးနာရီ တစ်ခါသောက်၊ ညကျရင် ဟန်ကျမယ်။

ဘုန်း။ ။အခုဟာ ဆီးကျိတ်မဟုတ်ဘူးနော်။

ဒိုး ။ ။ဒါ ဆီးကျိတ်၊ စနေပြီ။

ဘုန်း။ ။ဘယ်လိုပြောမလဲ အနေခက်တယ်ပေါ့။

ဒိုး ။ ။အဲဒါ ဆီးက ဒုက္ခပေးနေတာ၊ ခံတက်ပင်က သုံးမျိုး ရှိတယ်၊ ထောပတ်ခံတက်၊ ရေခံတက်၊ ကုန်းခံတက်တွေပါ၊ ကုန်းခံတက် သုံးရမှာ။

ဒီမှာ ကင်ဆာရောဂါသည် မညွန့်ညွန့် ခင်ပွန်း ကိုမြတ်သူ ကလည်း ဝင်ပြောလာသည်။ သူလည်း ဆီးများရောဂါ ရှိသည် တဲ့၊ ဒီမှာ စူလာနဖာနှင့် ပိစပ် နှိုင်းယှဉ် ဆွေးနွေးခန်းလည်း ဖြစ်သွားသည်။

ဒိုး ။ ။စူလာနဖာက များများသောက်လို့ရှိရင် သွေးကျတယ်၊ ပိစပ်က သိပ်သောက်ရင် သွေးတက်တယ်။ ပိစပ်ကို တစ်ခါ နှစ်ခါ သုံး လေးခါ ဇွန်းလေးနဲ့ သောက်ရင် ဘာမှမဖြစ်ဖူး နှစ်ခုစလုံးလည်း ကျွန်တော် အရွက်နှစ်မျိုး သဘာဝ လေ့လာထားတယ်။

မြတ်။ ။သုံးဇွန်းပေါ့၊ မနက်၊ နေ့လယ်၊ ညနေမှ သောက်။

ဒိုး ။ ။ဒီလူကြီး တစ်ယောက်ကတော့ သကြားလေးနဲ့ သောက်တယ်၊ တချို့က ဆားလေးနဲ့ သောက်၊ ခံတွင်းထဲမှာ သူက အနံ့လေး ရှိတာကိုများ အနံ့များတယ်၊ အဲဒါကြောင့် ဆားလေးနဲ့။

မြတ်။ ။ခံတက်ကော ထည့်ရမှာလား။

ဒိုး ။ ။ခံတက်က တခြားပါ၊ သူ့ချည်းသောက်။



မြတ်။ ။ကျွန်တော့် သားအကြီးလေ၊ သူကလည်း သဘော်တွေလိုက် တော့ ရေကြောင်းတွေ ဘာတွေမှာ အော်အော် ပြောရင်းနဲ့ နားဘေးမှာ အလုံးလေး ထွက်လာတယ်၊ သူ စိုးရိမ်တာတော့ လည်ပင်းကြီးရောဂါပေါ့၊ နည်းနည်းလေး ရောင်သွားတာဆိုပြီး တော့ အင်္ဂလိပ်ဆေး သူဦးလေးက ပေးတယ်၊ အဲဒါသောက် နေတာ လနဲ့ချီနေပြီ၊ ထွက်တာကတော့ မြန်တယ်၊ အလုံးလေး က ငုံးဥအရွယ်စားလေး၊ အခုတော့ တဖြည်းဖြည်း လျော့တယ်၊ သို့ပေမယ့်လည်း လုံးလုံးမပျောက်ဘူး။

ဒိုး ။ ။သောက်ကြည့်ပါ၊ ပိစပ်တို့ ဘာတို့၊ သူတို့က လုံး၀ မမှားဘူး၊ များရင် ခုနက ပိစပ်က များများသောက်ရင် နဲနဲမူးတယ်၊ ဟို စူလာနဖာကလည်း များများသောက်ရင်မူးတယ်၊ စူလာနဖာက သွေးကျတယ်၊ ပိစပ်ကတော့ သွေးတက်တယ်ပေါ့။

ဘုန်း။ ။အတိုင်းအတာနဲ့ သောက်ပေါ့။

ဒိုး ။ ။ဇွန်းလေးနဲ့သောက်တာ ဘာမှပင်ပန်းတကြီး မဟုတ်ဘူး။

ဘုန်း။ ။ဟင်းခတ်ဇွန်းနဲ့လား။

ဒိုး ။ ။ဟုတ်တယ်။

ဘုန်း။ ။ပိစပ် ပိစပ်၊ ရလွယ်ရဲ့လား။

ဒိုး ။ ။ပေါပါတယ်ဘုရား၊ အရမ်းပေါပါတယ် ဒီအပင်တွေက အိမ်မှာ တောင် တစ်ခါတလေ ပေါက်ချင်ရင် ပေါက်တာ။

ဘုန်း။ ။ခြံထဲမှာ ရှိပါတယ်။ နာမည်အခေါ် သာ ကွဲတာ၊ ချပ်ပနီပင်တဲ့၊ အိမ်နားမှာ ခေါ် တာလေ။

ဒိုး ။ ။ကျောက်ဖရုံသီးနဲ့ ရှာလကာရည် ကျောက်ကြေတယ် ဆိုတာ မှတ်နော်၊ ကျောက်ကပ်မှာရှိတဲ့ ကျောက်၊ နောက်ပြီးတော့ သည်းခြေမှာရှိတဲ့ ကျောက်၊ အဲဒါပျောက်တာဟာ မှတ်ထား လိုက်တာလေဟု ပြန်၍ရှင်းလင်းပြောပြနေရပြန်ပါတယ်။

www.burmeseclassic.com

## ရောဂါပျောက်သူကို လိုက်ကြည့် လိုက်မေးချင်သလား

ဟုတ်ပါသည်။ ရောဂါပျောက်သူများကို လိုက်ကြည့် လိုက်မေး အလုပ်တွေ တွေ့တွေ့နေပါသည်။ ပထမတော့ ဒီလိုတွေကို ငါတို့ မယုံသလားလို့ တွေးတော စိတ်မကောင်းပါ။ နောက်တော့ စိတ်ချချင်လို့ ရောဂါရှိသူများ၊ ရောဂါပျောက်သူများကို လိုက်ကြည့်လိုကြတာပဲလို့ အဖြောင့်တွေး တွေးပစ်လိုက်ပါသည်။

တချို့များ မသက်ာစိတ် ကြီးလိုက်တာ။ ကျွန်တော်တို့ ရေးတာ လုပ်တာများသည် တစ်ခုခု အကြံအစည်နှင့် လုပ်နေတာလို့ ထင်တာများ တောင် ရှိသည်။ သေလိုက်ပါတော့။ သူဖြစ်ဖြစ် ငါဖြစ်ဖြစ် လက်တွေ့ သောက်ကြည့်လိုက်ပါတော့လို့ ပြောမိရလေသည်။ အချို့ကတော့ ဒီလိုပါ။ ဒီပိစပ်ဆိုတဲ့ ချဉ်ပင် ချဉ်ရွက်တို့က ဤမျှကြီးမားသည့် ရောဂါများပျောက်နိုင် ပါ့မလား။ ရိုးရိုးလေးတွေ တွေးတာပဲဖြစ်ပါတော့သည်။ ဘာ စိတ်ဆိုးစရာ ရှိပါမည်နည်း။

ပျောက်သူ ရောဂါသည်များ လိပ်စာကို ကျွန်တော့်ထံ အများပဲ တောင်းနေကြပါသည်။ အချို့ ရောဂါရှင်တို့ စိတ်အနှောင့်အယှက်တွေ ဖြစ်မည်ပါပဲ။ ကျွန်တော် စိတ်ညစ်စွာဖြင့် ပေးပေးနေခဲ့ရသည်။ ရောဂါ ပျောက်ခဲ့သူများ အနည်းအများ စိတ်အနှောင့်အယှက် ဖြစ်တာများ တောင်းပန်ပါသည်လို့ ပြောရပါသည်။

တချို့ကား စကားတုံးတိသမားတွေကလည်း ပါနေလေတတ်သည်။ လာမေးသူက 'အမှန်ပဲလား၊ ဒါ တကယ်ပဲလား' ပြောတော့ ကိုယ့်လူ လိမ်လို့ မေးတာ ဖြစ်ဖြစ်နေပါသည်။ ကျွန်တော်ပင် အတော် စိတ်ဆိုး



စိတ်တိုဖြစ်သည်။ ကာယကံရှင်များကားဆိုလျှင် တစ်ခါတည်းကို မွန်ထူ သွားနိုင်သည်။ သို့သော် မိမိ လူနာပျောက်ချင်ဇောနှင့် သေချာအောင်ပြော တာ မေးတာလို့ သဘောထားပါလို့ ကျွန်တော် ခဏခဏ ဝင်ရသည်။

အလုပ်လက်ဝင်သော်လည်း ဤလိုလာမေးတာကို ကျွန်တော့် ကိုယ်တွင်းစိတ်ကတော့ သိပ်ကို ကြိုက်သည်။ ဤသို့ စူးစိုက်သူတို့သည် တကယ် သောက်မည် လုပ်မည်လို့ ယုံကြည်ရသည်။ ဤလိုလူများကို သည်းခံပေးကြပါလို့ ရောဂါ ဖြစ်ခဲ့သူများကို ကိုယ်တိုင်လည်း တောင်းပန် ပြီး ဤနေရာမှလည်း ထပ်လို့တောင်းပန်ပါသည်။ ရောဂါတွေက ကြီးကြီး လာသည်။ ဆေးဈေးတွေကလည်း များသည်။ ကယ်မယ့်သူဝေး ဖြစ်ဖြစ် နေသည်။ အခု လမ်းဘေးဖွေးဖွေးက ပိစပ်တို့က ရောဂါစုံကို ကယ်နေတာ ဖြစ်ပါသည်။

ပဲခူးမှ ဦးအောင်ကျော်ဆီလည်း အရောက်သွားကြသည်။ ပိစပ် သောက်လို့ သွေးကင်ဆာ ဦးအောင်ကျော်ပျောက်ကင်းရာ၊စိတ်ချယုံကြည် မှုရရန် လူကို အရသွားတွေ့သူများကလည်း ရှိသေးသည်။ လှိုင်ကော် လှမ်းလှမ်းမေးကြ တာကလည်း အများကြီးဖြစ်သည်။ ဟိုက ဦးတင်ငွေက တရစပ်ဆောင်ရွက်လို့ ပေးနေရသည်။

ပိစပ်သောက်၍ အစာအိမ်ကင်ဆာပျောက်သည့် လှိုင်ကော်မှ ဦးတင်မြင့်မှာ မယုံသူများကြောင့် တရားခံပမာ စာရွက်စာတမ်း သက်သေ တွေ ထုတ်ထုတ်ပြရတာ မောတာဖြစ်သည်။ မိုးဖြူမှ ဘီပိုးပျောက်သည့် ခင်မေထူးကား သူ့ဝဖြိုး ကျန်းမာတာကြည့်ကာ မသက်သာသလိုကြည့်၍ ကျိန်စာဆိုပြရမလိုဖြစ်သည်။ အရိုးကင်ဆာပျောက်သည့် နော်ဆီသည့် မိန်းကလေးကား အရင် အရိုးကင်ဆာဖြစ်စဉ်က ထော့ကျိုးဖြစ်တာကို အခု နမူနာလုပ်ရတော့မလိုဖြစ်ပြီ။

လူတွေအတွက် ကျွန်တော်က သူတို့အား တောင်းပန်ရပါသည်။ လူတွေ အလကားလာ၍ မေးကြကြည့်ကြတာမဟုတ်ပါ။ သူတို့ ရောဂါ အတွက် စိတ်ချစွာ ပိစပ်သောက်ချင်လွန်းလို့သာ တမင်မေးကြည့်တာလို့

www.burmeseclassic.com

ပြောရပါသည်။ စိတ်ချ ယုံကြည်စွာ ကြိုးစားသောက်တော့ ရောဂါတွေ ပျောက်ကြသည့်ပေ့ါ၊ ဝမ်းသာရသည်ပေ့ါ။

အေ ရောဂါသည်ဘဝမှ လူကောင်းပကတိဖြစ်လာသည့် မောင်မျိုးညွှန့် အဖို့ကား အမေးအမြန်း အစုံအစမ်းကိစ္စမှာ ဒုက္ခအခံရဆုံး ဖြစ်လျက်ရှိပါသည်။ တအုံကြီး လာရှာကြမေးကြဖြစ်သည်။ ဒါကို 'မောင်မျိုးညွှန့်ရဲ့ ဒါကို စိတ်မရှုပ်ပါနဲ့ကွာ၊ ဒီရောဂါက ယုံကြည်စွာ လွတ်မြောက်ရဖို့ သေချာအောင် လာကြတာပါ ကွာ၊ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့ကွာ၊ မင်းက ဒီလူတွေအားလုံးကို ဘဝ အသစ်ပေး အသက်ကယ်တာလို့မှတ်ပါ'

သူလည်း ပြောပြောပြရသည်။ တချို့လူများ မျက်နှာအနေအထားကို သူမကြိုက်ချင်တဲ့။ ဒါနှင့် လာသူကို ဟိုမေး၊ ဒီမေး ပြန်လုပ်တော့ သူ ရင်ဆို့ပြန်ပါရောတဲ့။ ဘာလို့လဲ။ ဒီလူနှစ်ယောက်က သူတို့ရဲ့ အေရောဂါသည် လက်မှတ်လေးတွေကို ကိုယ်စီပြလို့ပါတဲ့။ အထင်မှားတာ မျက်ရည်ဝဲမိလိုက်ရပါသည်တဲ့။

ကျွန်တော် နေ့စဉ်နဲ့အမျှ ဤရောဂါ ဤပိစပ်ကိစ္စများ ရေးသားလှုံ့ဆော် ထုတ်ပြောဖော်တွေ လုပ်နေသည့်ကြားက အခုထိ ပိစပ်အမှားဖြင့် ဒုက္ခပွားသူ ရှိတာလည်း အံ့စရာဖြစ်ကြရပြန်ပါသည်။

'ဦးဒိုးလား ခင်ဗျာ၊ စကားပြောချင်လို့ခင်ဗျ'

'ကျွန်တော်ပါ၊ ပြောချင်တာ ပြောဗျာ'

'ပိစပ် အမှား အမှန်ကိစ္စပါ၊ လူတွေမှာ အတော် ကသိကအောင့်ဖြစ်ကြရပါတယ်၊ ကျွန်တော်လဲ ပါတယ်ပေ့ါ၊ အတော်အရပ်ထဲမှာ ပြဿနာလိုဖြစ်နေတယ်'

ကျွန်တော်က 'အရှင်းလေးကို ဘာလို့ ရှုပ်သလိုဖြစ်ပါလိမ့်' ဟု ပြောပြီး အမိကအားဖြင့် ပိစပ်ပင် နှစ်မျိုးကို မြင်နေတတ်သည်။ အလွယ်ခွဲလျှင် အဝါပွင့်လေးတွေ ပွင့်သည့် ပိစပ် မသုံးနှင့်၊ အဖြူပွင့် ပိစပ်ကိုသုံး၊ အဲဒါ ဆေးသုံးပဲလို့ ပြောရသည်။ အဖြူပွင့်ပိစပ်သည် တခြားရာသီထက် ခုလိုနွေဦးရာသီတွင် စလို့ ပွင့်တတ်ကြသည်။ အဝါပွင့်ပိစပ်က ဟာမ်မိုးတွင်း



လုံး အဝါပွင့်နေပြီး အခုလည်း ပွင့်နေသည်။ ဒါ ရှင်းပြီ မဟုတ်လားဟု ထပ်ရှင်းလို့ ပြောပြသည်။

'ဘယ်မှာ နေလို့တုံး၊ ပိစပ်နဲ့ နီးတဲ့နေရာလား၊ မနီးတဲ့နေရာလား' မေးပါသည်။

'ကျွန်တော်တော့ ဒုက္ခပဲ၊ တောက်လျှောက်အမှားပါလား၊ ကျွန်တော်နေတာ အက်ဖ်အမ်အိုင်စီးတီး ခင်ဗျာ၊ ကျွန်တော် အကြာကြီး တောက်လျှောက် သောက်နေခဲ့တာ အဲဒီအဝါပွင့် ပိစပ်ချည်းပါလား၊ ဒုက္ခပါပဲ'

'တောက်လျှောက် သောက်လာခဲ့တာ'

'ဟုတ်တယ်ခင်ဗျာ၊ ပြီး တစ်ပြုလုံးကြီး အကျအန ဒီအဝါပွင့်ပိစပ်တွေ စိတ်တိုင်းကျ စိုက်ထားလိုက်တာကလဲ အဲဒီ အဝါပွင့် ပိစပ်ချည်းပဲ၊ တစ်ခြံလုံး ဝါဝါထိန်ပါပဲ'

'အိုး၊ ဒီလိုကို ဖြစ်သလား၊ စိုက်ထားတာတွေ ဒါ အချည်းအနှီးတော့ မဖြစ်ပါဘူး၊ အဲဒီဘက်မှာ ရပ်ကွက်တွေလဲပဲ ရှိတယ် မဟုတ်လား၊ အခုအဝါပွင့်တွေဟာ ဟင်းရွက်ပိစပ်ဖြစ်တော့ ဟင်းချက်စားလို့ ယူကြဆို၊ ကုသိုလ်အတော်ကို ရမှာလေခင်ဗျာ'

သူမောသလို ကျွန်တော်လည်း မောသွားရပါသည်။ သူ့နောက်မှ တောက်လျှောက်ဝင်လာသည့် တယ်လီဖုန်းမှာ

'ကျွန်တော် ဝမ်းသာစွာ ရောဂါပျောက်တာ ပြောချင်လို့ပါခင်ဗျာ၊ စီပိုး ပျောက်တာကိုပါခင်ဗျာ၊ စီပိုးဟာ ကုရခက်တယ်လို့ သိပ် သတင်းကြီးပါတယ်၊ တစ်သက်စာ ဒုက္ခဖြစ်လို့ ပြောကြတယ်လေ၊ ကျွန်တော့် ဇနီးမှာ ဒီရောဂါဖြစ်တော့ အလွန်ကို သောကကြီးနေခဲ့ရပါတယ်၊ ဆရာ့မေးတော့ ကြိုးစားပြီး ဂရုတစိုက်သာ သောက်ပါလို့ ပြောခဲ့ပါတယ်၊ ဆေး ရက်ကျော်တာ မဖြစ်စေနဲ့လို့ ဆရာမှာခဲ့ပါတယ်၊ ကျွန်တော်တို့ အတိအကျ ဆောင်ရွက်ပါတယ်၊ ဒီနေ့ ဆေးစစ်တော့ ကျွန်တော့ဇနီးရဲ့ စီပိုးရောဂါဟာ လုံးလုံးမရှိတော့ဘဲ နဂ္ဂတစ် ထွက်ပါတယ် ခင်ဗျာ၊ ဒါကို . . .'

သူရှည်လျားစွာ ဝမ်းသာစွာ ကျေးဇူးတင်စကားတွေ ပြောနေခဲ့ပါတယ်။ ကျွန်တော် ထပ်ပြောရန် တစ်ခွန်းတည်းရှိတော့သည်။ ကိုယ့်လို

www.burmeseclassic.com

ရောဂါရှိသူတွေ၊ ကိုယ်သောက်တာ ပျောက်တာပြောပြီး၊ အားတက်သရော ကြိုးစားသောက်ရန် နည်းညွှန်အားပေးပါလို့ ပြောပြရသည်။

ပိစပ်နှင့်ပတ်သက်၍ ခုထိက ဘေးထွက်ဆိုးကျိုး မတွေ့မကြုံရသေးပါ။ ပိစပ်ကို လွန်လွန်ကျူးကျူးဆိုမလား။ တစ်နေ့တစ်နေ့ တစ်ဖန်ခွက်သောက်နေသူတစ်ဦး ရှိတာတွေ့ရာ ဆိုးကျိုးသာရှိပါက ကြွလောက်ပေပြီပေါ့။

တစ်ခု လိုက်ရှာနေသည်မှာလည်း ကျွန်တော်တော့ ခုထိ မတွေ့သေး။ ယင်းမှာ ပိစပ်သည် ပုံမှန်မသောက်က ဆေးယဉ်တတ်သလားဆိုသည့် အချက်ဖြစ်သည်။ ကျွန်တော်က ကြိုပူပြီးလူများတော့ သတိပေးပေးနေသည်။ ကျွန်တော် တွေ့သူမှန်သမျှကို ရက်မကျော်စေဘဲ မှန်မှန်ကြိုးစားသောက်သောက်ပေးပါ။ မတော်တဆ ဆေးယဉ်လျှင် အခက်တွေ့နိုင်သည်လို့ ပြောတာဖြစ်သည်။

ကျွန်တော် လိုက်လေ့လာသည့်အထဲတွင် ဆေးယဉ်သူကို ပိစပ်ကတောင် တိုက်ခိုက်ကူညီနိုင်သည်ကို တွေ့တွေ့နေရသည်။ တီဘီဆေးဆေးယဉ်ပြီး ဒုက္ခတွေ့သူကို ကျွန်တော်က ပိစပ်သောက်စေရာ ပိစပ်ရွက်က ရောဂါကောင်းစွာ ဖယ်ရှင်းပေးနိုင်သည်ကို အံ့သြစွာ တွေ့ရှိရပါသည်။

ဤအစွမ်းကတော့ သိသည့်အတိုင်း အံ့တစ်ပါးလို့တောင် ပြောရမည်။ တီဘီဆေးယဉ်ဖြစ်တာမျိုးက အလွန်ကြောက်စရာ ဘဝဖြစ်သွားပြီပဲ။ လွယ်လွယ်ပြောတော့ ရောဂါနှင့်သေဖို့ပဲ။ ဤလို သေဒဏ်ရောဂါသည်ဘဝကို အရကယ်နိုင်တာ တွေ့ဖူးတော့ ကျွန်တော် ပိစပ် အကျိုးကြီးတာကို တိုးပြီးသိရှိရပြန်တော့တာ ဖြစ်တော့သည်။

[ဈေးကွက်ဂျာနယ်။ ။၃၀၊ နိုဝင်ဘာ၊ ၂၀၀၆]

## မြန်မာဆရာတို့ အေ-ရောဂါကို ဝိုင်းဖြိုကြပါ

တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးကျင်းပချိန်နှင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ်ဟာ ထူးခြားစွာတိုက်ဆိုင်လို့ နေပါလား။ အလွန်ကောင်းလှပေတာပဲ ဖြစ်တော့သည်။ ကြွေးကြော်သံက 'အေအိုင်ဒီအက်စ် တိုက်ဖျက်ဖို့ အားလုံးပါဝင်စို့' လို့ လှုံ့ဆော်ထားခဲ့ပါသည်။

ညီလာခံကြီးတက် နယ်အချို့က သမားတော်အချို့ ကျွန်တော့်ဆီဝင်လာကြပါသည်။ ဤအထဲ ရောင်းရင်းကြီး မကွေးဝင်းမြင့်ကြီးလည်း ပါလာခဲ့သည်။ ကျွန်တော်နှင့် တွေ့သမျှ ဆရာများ၊ ကျွန်တော့်ဆီ ရောက်သမျှ ဆရာများကို ကျွန်တော်က အေအိုင်ဒီအက်စ် ရောဂါသည်များကုသကြဖို့ပြောကာ ကျွန်တော် တွေ့သိသမျှ ကုသခြင်းနည်းလမ်းကိုလည်း ပြောခဲ့ပါသည်။

ကျွန်တော် တတ်နိုင်သမျှ ရောဂါတွေကူညီခဲ့တာ ထိုအေရောဂါသည်များ အတော်ကို ပျောက်ခဲ့ကြပါပြီ။ ကျွန်တော်က ရောဂါသည်များအား ပိစပ်ပင်ကို ထိုးပြကာ သောက်စေခြင်းဖြင့် ဆောင်ရွက်တာဖြစ်ပါသည်။ မြန်မာသမားတော်များကား ကုလျှင် ကျွန်တော်လို လုပ်လို့ဖြစ်ပါ။ ထို့ကြောင့် သူတို့လုပ်ကိုင် ဆောင်ရွက်ရမည်ကို ဝါ ဆေးနည်းနှင့်ကုနည်းကို ကျွန်တော်သိသမျှ ပေးဝေလိုက်တာ ဖြစ်ပါသည်။

အခု အေ-ရောဂါကုရန် စိတ်ထက်သန်သည့် မြန်မာဆရာများအတွက် ဆေးနှင့်နည်းလမ်းကို ကျွန်တော် ဤနေရာမှစေတနာဖြင့် ထပ်

www.burmeseclassic.com

ကာ ဖြန့်ဝေပေးလိုက်မှာဖြစ်ပါသည်။ ဆရာများ ဂရုပြု မှတ်ယူတော်မူကြပါ။ အေ-ရောဂါ ဧကန်အမှန်ပျောက်တာ ကျွန်တော့်မှာ လက်တွေ့ဖြစ်ခဲ့ပြီးလျက် အကြိမ်ကြိမ်လည်း ကယ်ခဲ့ရပါပြီ။

ဆရာများ ပိစပ်ကို သိကြပါသည်။ အပွင့်အဝါပွင့် ပိစပ်မသုံးရဘဲ အဖြူပွင့်သည့် တောပိစပ်ကိုသာ သုံးရမှာဖြစ်ပါသည်။ ထို ပိစပ်ကို ဆရာသုံး အဖြစ်က အရည်ကျိုရမည် ဖြစ်ပါသည်။ ဆန်တစ်ပြည်ချက်အိုးတွင် ပိစပ်ရွက်ကို အပြည့်ထည့်ပါ။ ပိစပ်ကို သိပ်၍ထည့်ပြီး ရေအပြည့်လည်း ထည့်ပါ။ ယင်းကို အနည်းဆုံး ငါးနာရီကျိုပါ။ ပိစပ်အရွက်များ ကြေကုန်သည်အထိ ကျိုပါ။ ထို့နောက် ငှက်ပျောဖူးပုလင်း သုံးလုံးစာလောက် ကျန်အောင် အရည်ကို ဆက်ကျိုပါ။ သုံးပုလင်းစာ ရပြီဆိုလျှင် အဲဒါသည် အေ-ရောဂါရေး ကုသရေးလုပ်လို့ရပြီ ဖြစ်ပါသည်။

မိတ်ဆွေတို့ သိကြပါလိမ့်မည်။ ပိစပ်ရွက်ကို ထောင်းကြိတ်၍ သတ္တုရည် တိုက်စဉ်က လက်ဖက်ရည်ကြမ်း ပန်ကန်လုံးတစ်ဝက်သာသာကို တစ်နေ့ သုံးကြိမ် တိုက်ခဲ့ကြရပါသည်။ အခုတော့ ကျိုချက်လိုက်သောကြောင့် တကယ်အစွမ်းထက်တာ ဖြစ်လာ၍ သူ့ကိုတိုက်ရသည့်ပုံစံတစ်မျိုးဖြစ်လာပါသည်။ အခု ကျိုသည့် ပိစပ်ရည်ကို လက်ဖက်ရည်ဇွန်းနှင့် တစ်ဇွန်းခွဲကိုသာ တစ်နေ့ သုံးကြိမ် တိုက်ရမည်ဖြစ်သည်။

သိသိသာသာအကျိုးဖြစ်ပါသည်။ ဆရာများသည် ဤသို့ ဆေးရည်ဖော်၍ အေ-ရောဂါသည်ကို ဆေးတိုက်ကာ ကုသပေးရာတွင် ထိုက်သင့်သည့် ငွေကြေးတော့ယူကြရပေါ့မည် ဖြစ်ပါသည်။ ရေဖိုး၊ထင်းဖိုးကအစ ငါးနာရီ ဆေးကျိုချက်ရသည့် လုပင်ပန်းခလဲကြည့်ပါ။ ထို့ကြောင့် ဆရာများ ထိုက်သင့်သည့် ဆေးဖိုးနှင့် ကုသခကတော့ ယူကြရမည်ဖြစ်သည်။

ကျွန်တော့်သဘောကတော့ မြန်မာသမားတော်ဆရာများ တစ်ဦးချင်း ကုသသလို ဆရာ နှစ်ယောက်တွဲ သုံးယောက် လုပ်ကာ လူနာသုံးယောက်၊ ငါးယောက်လိုကို ဆေးခန်းပမာ အိပ်စရာလုပ်ပေးပြီးပင် ကုသကြရလျှင် ပိုကောင်းမည်လားလို့ တွေးပါသည်။ ထိုက်သင့်သည့် အခတော့ ယူကြရမှာပဲ ဖြစ်ပါသည်။



ဆရာတို့ လူနာ အေ-သမားများကို ပိစပ်ရည်ကျိုချက်ကာ တိုက်လျှင် တစ်ရက် နှစ်ရက်နှင့် သိသာသည့် လက္ခဏာ မြင်ရတတ်သည်တို့ကို ကြိုပြောထားလိုပါသည်။ မျက်နှာက အနာများ စပျောက်မည်။ ဝမ်းအခြေအနေ ပြောင်းမည်။ ပါးစပ်ထဲက အနာများလည်း ပျောက်လာကာ ထမင်းဝါးလို့ရလာမည်။ ခုလိုတစ်ဆင့်ပြီးတစ်ဆင့် ချက်ချင်း သိသိသာသာရှိတတ်ပါသည်။

ထမင်းစားချင်စိတ် ဝင်လာသည်နှင့်ပဲ အားဆေးတော့ မုချကျွေးရပါမည်။ ယင်းမှာ ငါးရှဉ့်နှင့် ငွေးသီးချက်ကျွေးလိုက်ရမှာ ဖြစ်သည်။ ဒီနောက် အားအင်က တစ်အား ပေါ်လွင်စွာ တက်လာပြီး ကုန်းနေသောခါး အလိုလို ပြန်ဆန့်သွားမည် ဖြစ်သည်။

ဆက်၍လည်း လူနာရောဂါသည် ကိုယ်အတွင်းရှိ လည်ပင်းနှင့် ကုတ်များ တွင်ရှိ အဖုအကြိတ် အတွဲကြီးသည် တဖြည်းဖြည်း တစ်စချင်း ပျောက်ကုန်မည်။ ဒီနောက်ကား လူကောင်းပကတိဖြစ်ဖို့ ရှိလာသည်။

ထမင်းအစားကောင်းမည်။ စားနိုင်သမျှ စားရမည်လည်း ဖြစ်တော့သည်။ လူကောင်းပကတိလိုဖြစ်လာသည်နှင့် စိတ်ကလည်း လှုပ်ရှားပြီး ကုတ်နေခဲ့ရသမျှ သွားချင်လာချင်တွေဖြစ်မည်။ အချို့ ဤအခါ ခရီးဝေးစွတ်သွားရာ ဒုက္ခဖြစ်ကြတာရှိသည်။

အသင့်အတင့် သွားလာလှုပ်ရှားခြင်း လွန်စွာကို ကောင်းသည်။ ထမင်း အင်မတန် ဆာတတ်ရာ စားကောင်းလာသည်။ သို့သော် ဝမ်းကတစ်မျိုးဖြစ်တတ်သည်။ မပူပါနှင့်၊ နှစ်ရက်မှ တစ်ခါ သွားသလို ဖြစ်သည်။ သွားတာက တကယ့် ဝမ်းကောင်းပဲဖြစ်နေတော့ ပူစရာမရှိ ဖြစ်သည်။

ဤအချိန် သတိထားရမှာက အအိပ်ပျက်မခံဖို့ဘဲ ဖြစ်သည်။ ပြီး အလေးအပင်တွေများ မ မဖို့ ဖြစ်သည်။ ရုံးလုပ်ငန်းတွေလောက်ကတော့ ကောင်းစွာ လုပ်ကိုင်နိုင်ပြီ။ လူကောင်းပကတိအတိုင်းဖြစ်ပြီး အလုပ်လုပ်နိုင်လာရာ ဤ အချိန်မှာ ဆရာက လက်လွှတ်ချင်လွှတ်လို့ ရပြီဖြစ်သည်။

သို့သော် ပိစပ်က လက်လွှတ်လို့ မဖြစ်တာကိုတော့ သတိပေးလိုသည်။ အေအိုင်ဒီအက်စ်ရောဂါသည်များ ပြန်ထန်သည့် ဆိုးကျိုးတွေရှိ

www.burmeseclassic.com

တာ လူတိုင်း သိသည်။ ဤရောဂါဒဏ်ကြောင့် ကိုယ်တွင်းမှာ ရောဂါစုံဝင်လွှယ်နေတတ်ကြကုန်သည်။ ထို့ကြောင့် ပိစပ်ကို ဆက်ဆက်သောက်ဖို့ကတော့ လိုသည်။ ဆရာသမားပေးသည့် ပိစပ်ချက်ဆေးကို သောက်လိုသောက်၊ သို့မဟုတ်လည်း မိမိကိုယ်တိုင်လုပ်သည့် ပိစပ်သတ္တုရည်ကို သောက်လို သောက်။ တစ်ခုခု သောက်ခြင်းကတော့ ရှိနေရမည်။

ပေါ့ဆသူတစ်ဦး ဆုံးရှုံးရတာကို ကျွန်တော် တွေ့ဖူးထားလို့ ပြောရသည်။ တခြားရောဂါတစ်ခု မထင်ဘဲ ရုတ်တရက်ဝင်ကာ သေရှာရသည်။ ဤနေရာလည်း အသက်ဥာဏ်စောင့်ဖို့ လိုအပ်တာဖြစ်ပါသည်။ ဆရာကြပ်မတ်ကုသမှု အောက်မှာ ဆက်နေတာ အကောင်းဆုံးပဲ ဖြစ်သည်။

အခု ကျွန်တော်အတော်စုံလင်စွာ တင်ပြနေခဲ့ပါပြီ။ ပိစပ်လုပ်နည်း ရောဂါ ကုသနည်းရော ပါခဲ့ပြီ။ အေအိုင်ဒီအက်စ်တွေ ကေန်ပျောက်ပြီး လူကောင်း ပကတိလုပ်ကိုင်စားသောက်နိုင်သည့်ဘဝအထိရောက်တာကို ကျွန်တော် များစွာပင် ကိုယ်တွေ့မျက်မြင် ဖြစ်ခဲ့ပါလေပြီ။ ကြွားလိုက်ပါ၏။ ကေန်ပဲ ကမ္ဘာကို ကြွားနိုင်လောက်တာ စင်စစ်ဖြစ်လို့နေပါပြီ။

ဤကိစ္စ ထူးခြားကိစ္စတစ်ခုလည်း ဖြစ်ပြီ။ ဤနည်း ပိစပ်ကိစ္စသည် ကျွန်တော်တွေ့သည့် နည်းလမ်း မဟုတ်ပါ။ ကျွန်တော် ဖော်သည့်ဆေးလည်း မဟုတ်။ ပြည်သူလူထုတွေအကြား အချင်းချင်း နှီးနှောရင်းသာ ကုသကြယိုင်းပင်းကြနှင့် ဤနည်းပေါ်ကာ အေအိုင်ဒီအက်စ် ရောဂါကြီးတွေ ပျောက်သည်အထိ ထူးခြားသည့်အတွေ့ကြီးကို ကျွန်တော်တွေ့၍ ကျွန်တော်က သတင်းပေး ရေးသားဖော်ထုတ်တင်ပြတာပဲ ဖြစ်သည်။ ကေန် လူထုကြားက ပညာစစ်စစ်ပဲ ဖြစ်တော့သည်။

သမားတော်ဆရာများကို ဆက်ပြောချင်တာ တစ်ခုလည်း ကျန်ရှိနေပါသည်။ အခြားမဟုတ်ပါ။ အခုအစကိစ္စက ကမ္ဘာ့ခုခံအား ကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး နှီးဆော်ချက် အချိန်အခါညီစွာ အေအိုင်ဒီအက်စ် ရောဂါကုသကိစ္စကို အရှည်တင်ပြနေရတာ ဖြစ်သည်။ အမှန်ကားသမားတော်များကို ကျွန်တော် နည်းပြသည့် ပိစပ် ကျိုချက်ဆေးသည်



ရောဂါစုံအကြီးကြီးတွေကိုလည်း ကုသပျောက် ကင်းစေနိုင်တာ အမှန်ဖြစ်သည်။ ကျွန်တော်တွေ့တာ အစာအိမ်ကင်ဆာပျောက်တာ၊ အရိုးကင်ဆာပျောက်တာ၊ သွေးကင်ဆာပျောက်တာ လက်တွေ့ ကိုယ်တွေ့တွေ ဖြစ်ခဲ့ပါပြီ။

ကင်ဆာသမားများကို အေ ရောဂါသည်လိုပဲ လက်ဖက်ရည်ဇွန်းနှင့် တစ်ဇွန်းခွဲပဲ။ ဆရာတို့ နည်းပေးတာကို သောက်ပါ။ ဘီပိုးသမားကို တစ်ဇွန်း၊ စီပိုး သမားကို တစ်ဇွန်းခွဲ တစ်နေ့နှစ်ကြိမ်တိုက်ပါ။ အခြားရောဂါမျိုးစုံလည်း ပျောက်ပါသည်။

ဆရာများ မရှင်းလျှင် ကျွန်တော့်အိမ် နှစ်ဦး သုံးဦးပေါင်း၍ လာမေးလည်း ကျွန်တော် စေတနာနှင့် ရှင်းပြပါမည်။ တယ်လီဖုန်းဖြင့် မေးလည်း ကျွန်တော် ပြောမည်ပဲဖြစ်ပါသည်။ အေ-ရောဂါကိုတော့ အထူးထား၍ တိုက်ခိုက်ကုပေးစေ ချင်ပါသည်ခင်ဗျာ။ ဘာလို့ဆိုတော့ အေ ရောဂါသမား ကုသ ဆောင်ရွက်ခြင်းသည်ပင် တိုင်းပြည်အကျိုးဆောင်ရွက်ခြင်းနှင့် လူ့အရင်းအမြစ်အကျိုးကို ဆောင်ရွက်ခြင်းမည်ကာ တိုင်းပြည်မှာ လွန်စွာအကျိုးဖြစ်တာမို့ပါ။ ရောဂါသည်များက စိတ်ငယ်တတ်လွန်းရာ စိတ်ဓာတ်ရေးရာ စိတ်ဆေးလည်း ကျွေး၍ ကုသရတာ ကျွန်တော်ပင် အသက်များစွာ ကယ်နိုင်ခဲ့တာ၊ ဆရာတို့ကား ဆရာသမား အဖြစ်နဲ့ လူနာများစွာကို အကျိုးများစွာ တိုးပွားကြီးစားနိုင်မှာ ဖြစ်ကြောင်း ယုံကြည်စွာ အထူးတွန်းအားဖြင့် လေးလေးစားစားကြီး ပြောကြားလိုရပါသည် ခင်ဗျာ။

[ဈေးကွက်ဂျာနယ်။ ။၁၄၊ ဒီဇင်ဘာ၊ ၂၀၀၆]

www.burmeseclassic.com

www.burmeseclassic.com

## လူကောင်းပကတိ ပြန်ဖြစ်လာတာကိုကြည့်ကာ

စူလာနဖာကိစ္စကား လူထုက သိမှုမရှိသလောက်ဖြစ်ပြီး ကျွန်တော် ပြန့်ကျယ်စွာ သိအောင် ကြိုးစားတင်ပြရင်းက လူထုအများ သိသွားခဲ့တာဖြစ်ပါသည်။ ပိစပ်ကိစ္စကားဆို ပြောင်းပြန်ဖြစ်တော့သည်။ လူထုအများကြားမှာ ပိစပ်ကို သုံးနေကြသည်ကို ကျွန်တော် ကြားသိသွားပြီး အပြေးအလွှားတွေ လေ့လာစုစည်းတင်ပြခဲ့ရတာဖြစ်သည်။ ပိစပ်က လူထုပြသည့် လူထုကြားက ပိစပ် အမှန်ဖြစ်တော့သည်။

ပိစပ်မှာ ဆေးစာရင်းလည်း မဝင်၊ စိုက်သူဆိုတာကလည်း မြန်မာပြည်မှာ လုံးလုံးမရှိ ခြံရှုပ်ပင်သက်သက်လိုဖြစ်ခဲ့ပြီး၊ ကြံ့ရာ ခြံရှင်တို့ ကြံ့ရာယာသမားတို့က ခုတ်ချည်းပစ်နေခဲ့ရသည်ပင် ဖြစ်သည်။ ဒီလိုကနေ ဘယ်လိုက ဘယ်လို အစွမ်းထက်တာသိရှိပြီး လူထုတွေ သုံးကြတာလည်း မသိပြီ။ 'အဘိုးသံ' လူတွေကို ပေးပေးနေခဲ့သည်ကိုတော့ တစ်စွန်းတစ်စ ကြားနေခဲ့ရသည်။

ကျွန်တော် ပိစပ်စွမ်းပကား နည်းနည်းပါးပါး လေ့လာလိုက်သည်နှင့် အံ့မခန်းရောဂါတွေ ပျောက်တာကို အထိတ်တလန့်ဖြစ်အောင်ကို တွေ့တာ ဖြစ်တော့သည်။ ကျွန်တော် အစီရင်ခံဖူးသည့်အတိုင်း ပဲခူး ဦးအောင်ကျော် (ဆန်စက်ပိုင်ရှင်) သွေးကင်ဆာပျောက်သည် ဆိုသည်ကို ကျွန်တော် မရအရ သွားတွေ့ကာ လေ့လာပြီး အံ့ဩတကြီး စဖြစ်ရသည်။ ဒီအပင်ကတော့ ထူးပြီဟု အမှတ်တကြီး ဖြစ်မိပြီး လှိုင်ကော် ဦးတင်ငွေ အကူအညီဖြင့် ကယားပြည်နယ်တစ်ခွင် ပြေးလွှားကာ ဆက်လေ့လာရာ မယုံနိုင်စရာချည်း ဖြစ်ခဲ့ရသည်။ အစာအိမ်ကင်ဆာ ပျောက်သည့်



ဦးတင်မြင့်၏ ဓာတ်မှန်နှင့် စာရွက်စာတမ်းများ မြင်ရခြင်း၊ အရိုးကင်ဆာပျောက်သည့် မနော်ကို တွေ့ရခြင်း၊ မိုးဗြဲမှ မခင်မေထူး ဘီပိုးပျောက်တာကိုတွေ့ရခြင်း စသည်တွေ အံ့ဖွယ်ရာ ကိုယ်တိုင်ကြုံတွေ့ရာ ကျွန်တော် ပြည်သူများကို စုံလင်စွာ ရေးသားတင်ပြခဲ့ပါသည်။ ပြည်သူများကလည်း ယုံကြည်စွာ ပိစပ်သုံးကြပြီး ကျွန်တော့်ထံလည်း လာ ဟော အကူယူခဲ့ကြပါသည်။ ကျွန်တော်ကလည်း လာသူ မေးသူ ရောဂါသည်များကို ကိုယ်သိသမျှပြောပြ၍ ကူညီရာ မထင်သော ရောဂါစုံတွေပင် ပျောက်နေခဲ့ကြပါသည်။ ထိုထိုထဲတွင် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်များလည်း များစွာပါခဲ့ပါသည်။

မြန်မာတို့ကား တစ်ခုခက်သလားဘဲ။ ရောဂါရှိနေစဉ်တွင် တွင်တွင်ကြီး အပူကပ်၍ မျိုးစုံဆောင်ရွက်ရပြီး ရောဂါလည်းပျောက် အသံလဲပျောက် လူလဲပျောက်လို့ချည်း ဖြစ်ဖြစ်နေကာ ကျွန်တော်မှာ အတော်ခွကျနေခဲ့ပါသည်။ ပိစပ်ကလဲ အံ့စရာပင်။ ကျော်ကြားထင်ရှား ရောဂါကြီးတွေ ပျောက်အောင် စွမ်းဆောင်နိုင်သလို၊ ဖွတ်စအိုနာလိုမျိုး၊ ပြောရစေတော့ အဖျူဆင်း ကိစ္စလိုမျိုး၊ တစ်ကိုယ်လုံးပွေးစွဲရောဂါမျိုး လိပ်ခေါင်းရောဂါမျိုးစုံလို ဒီလိုရောဂါမျိုးစုံတွေကနေ တိုလီမိုလီအထိလိုက်ပျောက်တော့တာကနေ ယှဉ်ပြိုင်စရာ ခမ်းနားစွာ အံ့ဩယူရမလိုတွေ ဖြစ်နေပါတော့သည်။

ကျွန်တော်ကလည်းဆို ကိုယ်သိသမျှကို အကုန်ညွှန်းပါသည်။ ပြောသည်။ နည်းပေးသည်။ ပြသသည်။ သို့သော် ခက်သည်က အထက်မှာဆိုခဲ့သလို ရောဂါကြီးသမား၊ ရောဂါမကြီးသေးသမား၊ ရောဂါငယ်သမားတွေရောဟာ (အားလုံးကိုတော့ ပြောတာ မဟုတ်ဘူးနော်) ရောဂါပျောက်တာနှင့် လူရိပ် အသံရိပ်တွေ ပျောက်ကာ တစ်ချိတည်း ကိုယ်ပျောက်ချည်း ဖြစ်ဖြစ်နေပါတော့သည်။ ကျွန်တော်က ကျွန်တော့်ကို ပိုက်ဆံပေးရဘူး နော်လို့ ကြိုပြောသည်။ ဒါကြောင့် တချို့များ ကျေးဇူးတင်စကား ပြောလိုက်ရမှာကို နှမြောသလားပဲ မသိပြီ။ ကဲ၊ ဒါမျိုးများကတော့ ပိုက်ဆံနှိုက်လိုက်သူတို့နှင့်မှ အံကိုက်သမားတွေ ထင်ရသည်ပါလေ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သိချင်နေသည်ကား ရောဂါအဆင့်ဆင့်ပျောက်တာကို ဖြစ်နိုင်လျှင် ရက်စွဲအမှတ်လေးနှင့် အစုံတေးတာကို စနစ်ကျစွာ စုံစွာ မှတ်စုရှိစေချင်တာဖြစ်သည်။ ကျွန်တော်စေတနာထားတာတွေ အလကား ကနေ အလကားတွေလိုချည်းဖြစ်တော့ မှတ်တမ်းကလဲ ကောင်းစွာမရနိုင် ခဲ့ပါ။ ဤတွင် ကျွန်တော် အကြံတစ်ခုထုတ်ပါသည်။ အခြား ဘာဆေးမှ မရောစပ်ဘဲ ပိစပ်သက်သက်ဖြင့် ရောဂါကြီးတစ်ခုခုကို အဆင့်ဆင့် ပျောက်တာ သိရအောင် ကိုယ်တိုင် တစ်ယောက်ယောက်ကို လုပ်ကြည့် မယ်လို့ ကြံစည်လိုက်တာ ဖြစ်ပါသည်။ ဤကိစ္စ ဟိုတိုင်ပင်၊ ဒီတိုင်ပင်နှင့် ကျွန်တော့်မိတ်ဆွေကောင်းတစ်ယောက် မမျှော်လင့်ပဲ ရပါလေတော့ သည်။ သူအမည်က ဦးတင်အုန်း ဖြစ်ပါသည်။

သူက 'ဦးဒိုးမပူနဲ့၊ ကျွန်တော့် အိမ်နားတင်နော်၊ ပြောရစေတော့၊ သေလုလု ရောဂါသည်တစ်ယောက်ရှိနေတယ်၊ အေရောဂါသည်လေဗျာ၊ ဦးဒိုးက အဲဒီကနေ တယ်လီဖုန်းနဲ့သာပြော၊ ကျွန်တော် တစ်ဆင့်ပြီး တစ်ဆင့် လုပ်သွားမယ်၊ ပိစပ်သတ္တိလဲ ပိုသိတာပေါ့'

အေရောဂါသည်မှာ တကယ်ယဲ့ယဲ့အခြေရှိနေပြီ။ ကာယကံရှင် ကိုယ်တိုင်က သူမုချသေတော့မည်လို့ စိတ်ကလည်း ဒုန်းဒုန်းချပါလေပြီ။ ဇနီးဖြစ်သူကို သေခါနီး အမှာတွေပင် မှာနေပြီ။ စာရွက်စာတမ်းတွေပါ ပေးနေပြီ။ ဘယ်သူ့ဆီကို သွားလို့လဲ အားကိုးစရာ လမ်းညွှန်နေပြီ။ ဒါတွေ ရင်ဆို့ခြင်းနှင့် မျက်ရည် အတွေးတွေ ပွားနေချိန်မှာ ဦးတင်အုန်းက ရောက်သွားတာ ဖြစ်တော့သည်။

ပိစပ်အကြောင်း ပြောပြရာ သူကလဲ သောက်မည်ဟု ပြောပြ၍ ချက်ချင်းပင် ပိစပ်ပင်များ ယူသွားကြရန် ရှိရာနေရာပါ ညွှန်လိုက်ကာ ထိုနေ့မှာတင် ပိစပ် စလို့ သောက်စေလိုက်သည်။ ထိုနေ့ကဆို ဘဝမှာ မှတ်လောက်သားလောက်တဲ့ ၂၀၀၆ ဇူလိုင် ၁၉ ရက်နေ့ ပါတဲ့။ သူ့အမည် ကားဆို မောင်မျိုးညွှန့်ပါတဲ့၊ ရောဂါကကျွမ်းနေပြီ။ မျက်နှာမှာဆို ဗျစ်ထူထူ အနာကြီးတွေ ပေါက်နေပြီ။ တစ်ကိုယ်လုံးလဲ အစက်အပြောက်တွေ



မွစလီကြနေပြီ။ အကျိတ်များကား ဆန်းပြားစွာ တစ်ခုချင်းမပေါ်ဘဲ အပြုံ လိုက်တွေ စုပေါ်လာဖြစ်သည်။

အဖုအကျိတ်တွေက စပျစ်သီးခိုင်ပမာ ပြွတ်နေတာတဲ့။ ထပ်လို့ ထပ်လို့ ဆန်းပြားစွာအတွဲကြီးတွေတဲ့။ ဘယ်နေရာတွေလဲ။နေရာစုံတည်း။ လည်ပင်းတွေ၊ ကုတ်တွေ၊ ရင်တွေမှာ တစ်လုံးပေါ် တစ်လုံး ဆင့်ကာ အကျိတ်တွေ ပေါ်နေတာတည်း။

ဆေးသောက်လို့ နှစ်ရက်အကြာ မျက်နှာက ဗျစ်ထူအနာကြီးထဲက သုံးလုံး စလို့ ညှိုးကျသွားတော့ ခြေငါးလှမ်းမှာ တစ်ခါနားရတဲ့ မောင်မျိုး ညွှန့်က အားရမှုကြီးဖြစ်ပြီး ဦးတင်အုန်းထံ အရောက်လာပြတယ်တဲ့။ ဒီလို ပျောက်တော့ ပိစပ်ကို စွဲစွဲကြီးသောက်ပြီပေါ့။ အံ့ဩစရာက ဘယ်လို ဆန့်ဆန့် ဆန့်မရတဲ့ ခါးကိုင်းနေတာကြီးဟာ တစ်ခါတည်း ဆန့်ဆန့်ကြီး အလိုလိုပြန်ဖြစ်တာတဲ့။

ဦးတင်အုန်းနှင့် ကျွန်တော်တို့ဟာ လွန်စွာကို ပျော်ပါချေပြီ။ လက်တွေ့လုပ်လို့ပဲ လက္ခဏာဆန်း တွေ့ရပြီ။ ဘာဆေးမှ မသောက်ဘဲ ပိစပ်ပဲသောက်သည့် အစွမ်းက တန်းတန်းကြီးပေါ်နေပါချေပြီ။ ကိုယ်ပေါ် က အနီပြောက် အနက်ပြောက်များဟာ တဖြည်းဖြည်းပါးကာ ပျောက်ပါ လေပြီ။ ထမင်းစားမရတဲ့ အာခံတွင်းထဲက မှက္ခရုလို အနာကြီးဟာလဲ ပါးလို့ ပါးလို့ ပျောက်ပြန်ပါလေပြီ။

ဘယ်ဆေးမှမသောက်ဘဲ ပိစပ်ချည်းသောက်လို့ တစ်လသာသာ အကြာမှာ ကိုယ်ခန္ဓာဟာ လူကောင်း ပကတိပမာကို ဖြစ်တာကို ကျွန်တော်ရော ဦးတင်အုန်းပါ လွန်စွာကို အံ့ဩလိုက်ရကြတာဖြစ်သည်။ နေပူသွားမရ။ လေထိမခံ ဘဝကနေ တောင့်တင်းခိုင်မာသွားတာ အံ့ဩ ရတာဖြစ်သည်။ ထိုဆရာတို့ဆေးသတ္တိမှာ ဤမျှမမြန်ပါ။ရောဂါလည်းမတိုး ဘဲ နုံးနုံးချည့်ချည့်ဖြစ်လို့ နေတတ်သည်။ မောင်မျိုးညွှန့် ကျေးဇူးနှင့် ကျွန်တော်တို့ အထူး ပူးတွဲ လေ့လာကြည့်မြင်းတွေ လုပ်နိုင်ခဲ့ပါလေပြီ။ သူတို့ နုံးချည့်ချည့်မှာ မောင်မျိုးညွှန့်က လူကောင်းပကတိ ဖြစ်သွားတဲ့ နယ်စပ်ဘက်အထိကို သွားလည်ပတ်လိုက်တာကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မျိုးညွန့်ကိုလဲ ကျွန်တော်တို့က ကိုယ့်စိတ်အားကိုယ်အား အခြေအနေကို အမြဲတမ်း ဂရုပြုပြီး ကျွန်တော်တို့ ပြန်ပြောဖို့ အသေအချာ ပြောရသည်။ ကိုမျိုးညွန့်တစ်ချက်ပြန်ပြောပြသည်။ သူသည်တဲ့ အလေးအပင်ကို တအား ကျုံးမလို့မရတဲ့။ ပြီး ဒုတိယအချက်က အအိပ်မပျက်ဖို့သာ သိပ်သတိထားရသည်တဲ့။ အိပ်ပျက်ခြင်းဟာ ဤနာလန်ထ သမားအဖို့ကား ကားခနဲ ခံသွားရနိုင်သည်တဲ့။

လူကောင်းပကတိ ကျန်းမာစွာဖြင့် တစ်လွှားလွှား သွားနေသည့် နှစ်လသာသာအကြာမှာ အေရောဂါသည်တို့အား တရားဝင်စစ်ပေးသည့် ဆေးခန်းကြီးတစ်ခုမှာ သူ့ရောဂါများ သွားစစ်ကြည့်လိုက်သည်။ အေရောဂါသည် လက္ခဏာများဖြစ်သည့် တစ်ကိုယ်လုံး အစက်အပြောက်များ မရှိ၊ အနာများလဲ လုံးလုံး မရှိပြီ၊ စပျစ်သီး အခိုင်ကြီးလိုရှိရှိနေတတ်သည့် အကျိတ်များ လုံးလုံးမရှိတော့တာကို ဆိုင်ရာဆရာတို့ အံ့ဩသွားသည်။ ဒါကို 'ပိစပ်နှင့်ကုလို့ပျောက်တာ' လို့ မှတ်သားထားလိုက်သည်။

'အေပိုးစစ်တာကိုတော့ ကျွန်တော် ခြောက်လကြာမှာ စစ်မယ်လို့ စိတ်ကူးထားတယ်ခင်ဗျာ' သူ ပြောသည်။

'ကိုယ့်လူကိုကြည့်ပြီး၊ ကိုယ်တို့အားတက်ကုန်ပြီ၊ ရောဂါပိုးက တစ်ကိုယ်လုံး စားထား လူးထားတော့ ပျောက်တာ နှေးချင်နှေး မြန်ချင်မြန်ပေါ့လေ၊ အရေးကြီးတာက ပိစပ်ဟာ လူကောင်းပကတိ လုပ်ကိုင်စားသောက်နိုင်အောင် ခန္ဓာကိုယ်ကို လုပ်ပေးထားနိုင်တာ သိပ်ကို ထူးတာပဲ' အားရစွာ ပြောလိုက်မိပါသည်။

ပရိသတ်ကြီးကို အားရစွာ အစီရင်ခံချင်တာ ဒါပဲ ဖြစ်ပါသည်။ ဤမျှနှင့် ပိစပ်က သိပ်ကို ထူးနေပါချေပြီ။ သေခါနီးရောဂါသည်ကို လူကောင်း ပကတိ လုပ်စားသွားနိုင်အောင် စွမ်းဆောင်နိုင်ခြင်းစွမ်းအားကလည်း လွန်စွာ ထူးလှပါလားလို့ လက်တွေ့လေ့လာကာ အခြားရောဂါသည် များလည်း သိရှိနိုင်ရန် ရဲဝံ့စွာ တင်ပြလိုက်ရတာဖြစ်သည်။

ဤ ရောဂါဖြစ်မိတာ ဘဝဆုံး လုပ်အားဆုံး မဖြစ်ရပါ။

[ ဈေးကွက်ဂျာနယ်။ ။ ၁၆၊ နိုဝင်ဘာ၊ ၂၀၀၆]

## ထိုသို့မပျောက်တာ ဤသို့ပျောက်လေ

'ကျွန်တော် မောင်လွင်ပါ ခင်ဗျာ'

ခန့်ခန့်ညားညား လူတစ်ယောက်ဖြစ်သည်။ ထွားကျိုင်း ကျန်းမာပုံရ၏။ မြို့သားတို့ ဝတ်စားပုံဟန်အပြည့်၊ ကျွန်တော် ထင်လိုက်သည်မှာ သူ့သားသမီးကိစ္စ တစ်ခုခုလို့ မှတ်လိုက်ပါသည်။ တကယ်ကား သူကိုယ်တိုင် သူ့ရောဂါကိစ္စ လာပြောတာဖြစ်နေရာ ကျွန်တော် အံ့ဩထိတ်လန့်ဖြစ်ပါသည်။ သူ့ရုပ်ရည် လက္ခဏာဖြင့် ဤရောဂါမျိုး အပ်စပ်မည် မထင်နိုင်ပါ။ အေးလေ၊ ဒုလ္လဘကို ဓားကိုင်ခေါင်းရိတ်ရာက ဆရာတော်ကြီးများပင် မဖြစ်သင့်တာ ဖြစ်ခဲ့ရသေးတာပဲဟု ဖြေတွေးတွေးယူပါသည်။

'ဒီရောဂါဖြစ်တာ ဘယ်လောက်ရှိပြီလဲ'

'ခြောက်နှစ်ပါခင်ဗျာ၊ တောက်လျှောက် ဒုက္ခစုံတွေခံနေရတာပဲ'

'ဆိုင်ရာက ဆေးတွေ မစားဘူးလား၊ သတ်မှတ်ဆေးပေါ့လေ'

သူ ညင်သာစွာ 'ဟုတ်ကဲ့ စားခဲ့ပါတယ်၊ မပြတ်ပါဘဲ၊ ဒါပေမယ့် ရောဂါက ဒီအတိုင်းပါပဲ၊ ကျွန်တော့်ရှိနေတာတွေ စစ်ဆေးကြည့်ပါခင်ဗျာ၊ ကြည့်စမ်းပါ၊ ကျွန်တော့်လျှာမှာ'

ကျွန်တော် သူ့လျှာကို ကြည့်ကာ 'ဒီအတိုင်းပါလား၊ အေးဗျာ'

'ဆေးက ဆက်မတိုးအောင် တားရုံ တားထားတာလေ ခင်ဗျာ၊ ဖြစ်ခဲ့တဲ့ အတိုင်းပဲလေ၊ ကျွန်တော်ကတော့ အတော်ကိုပင်ပန်းနေပြီ'

'ဆေးဖိုးက'

'ဆေးဖိုးက တစ်လ တစ်လကို တစ်သိန်းကုန်ပါတယ် ခင်ဗျာ'

ဟင် . . .

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အသံမထွက်အောင် ကျိတ်ကာ ဟင်မိလိုက်ပါသည်။ အတော်တတ်နိုင်ရသူတို့ပါလား။

ကျွန်တော် ခေါင်းကုတ်မိလေပါသည်။ ဤလို ဤလို လှောင်ချိုင့်ထဲကျနေတာ အဘယ်လောက်များ ရှိရှိနေလေသနည်း။ မသိနိုင်ပါလေပြီ။ သူ အတော် အားလျော့နေပုံရလေသည်။ ကျွန်တော်က အားတက်စကား ပြောကြားရတော့ သည်။

'ကဲ. . . ကိုလွင်ရေ ခင်ဗျား ဒီအချိန်ကစလို့ ဝဋ်ကျွတ်တော့မယ် ဟလို့သာ မှတ်လိုက်တော့ဗျာ၊ ခင်ဗျား တန့်နေတဲ့ရောဂါဆိုတဲ့ လျှာက အနာလည်း စလို့ပျောက်မှာပါ'

'ဒီ . . . ဒီမှာ ရှိနေသေးတယ်'

လက်များတွင် ပေါ်နေသည့် အနီစက်များ ဖြစ်သည်။ သူ ကျနစွာ မြင်သာအောင် နေရောင်တွင် ထိုးပြပါသည်။

'ဟုတ်ကဲ့. . . မြင်ရပါပြီ၊ ကိုလွင်ရေ မပူပင်နဲ့တော့၊ ဒါတွေအားလုံး ပျောက်မယ်၊ ခင်ဗျား တစ်လတစ်သိန်းကြီးလည်း လျော့သွားမယ်'

သူ မယုံတစ်ဝက်မျက်နှာဖြင့်

'ဟာ . . . တကယ်လား'

'ဒါကတော့ ခင်ဗျားအပေါ်မှာပဲ တည်တယ်လေ ကိုလွင်'

ကျွန်တော် သူ့ကြည့်ကာ အတော်စိတ်ထွေးသွားပါသည်။ ဒီလောက် ခံရ ဒီလောက်ဖြစ်ရလေလားလို့ စိတ်မှာ ဖြစ်ရတာတည်း။ ကျွန်တော် 'အေးလေ၊ အကြံဉာဏ်ပေးတာတွေ လက်ခံလုပ်ကိုင်ရင်တော့ ဒီရောဂါတွေဟာ လပိုင်းမှာကို ပျောက်ပြီး လူလည်း လူကောင်းပကတိပြန်ဖြစ်မယ်၊ အားအင် ဆုတ်ယုတ်တာတွေလည်း ကင်းသွားမယ်'

'ဟုတ်ပါတယ်၊ ကျွန်တော့် ဗလကြီးနဲ့ နုံးခွေခွေဖြစ်တာ အတော်ကို ခက်တာပါပဲ၊ အားမရှိဘူး'

'ပိစပ်ကတော့ လူကောင်းပကတိဖြစ်အောင် ပြန်လုပ်ပေးမှာပါ။ အသေ အချာပြောတယ်၊ အဲ. . . ပိုးစင်တာ မစင်တာကတော့ မသိဘူး၊



ရုပ်စွမ်းအားဟာ လူကောင်းပကတိဖြစ်မယ်၊ ခုလို လူကောင်းပကတိအနေ အထား ဒီရောဂါသည်တွေကို ပြန်ဖြစ်အောင် ပိစပ်ကပဲ တတ်နိုင်စွမ်း တယ်၊ ကျွန်တော် စူးစူးစမ်းစမ်း လုပ်လို့ရသမျှကတော့ ခုလို လူကောင်း ပကတိ ကိုယ်ခန္ဓာပြန်ပေးပြီး အလုပ် လုပ်စားအောင် ပြန်လုပ်ပေးတဲ့ဆေး ဟာ ကမ္ဘာမှာကို မရှိသေးဘူးဗျာ၊ ခင်ဗျား အားနဲ့ အင်နဲ့ လုပ်စားနိုင်တဲ့ လူကောင်းပကတိ ပြန်ဖြစ်မယ်'

'ကြားရတာ အားရှိလိုက်တာ ခင်ဗျာ၊ ကျွန်တော့်မှာ တစ်လ တစ်သိန်းကြီး ကုန်ကုန်ပြီး လူက ခုလိုကြီးပဲ ဖြစ်နေတာ'

'ပိစပ်စွမ်းရည်က အင်မတန်ကို အံ့သြစရာ ကောင်းလှတာနော်၊ မကြာခင်က အေသမားရောဂါသည် တစ်ယောက်ဟာ ကိုယ်တွင်းက စက်တွေ ဘယ်လောက်ထိ ပျက်နေမှန်း မသိဘူး၊ မုန့်ဟင်းခါးစားရင် မုန့်ဟင်း ခါးပဲ ယိုထွက်တယ်၊ ဘိန်းမုန့်စားရင် ဘိန်းမုန့်ပဲ ယိုထွက်တယ်၊ ဒီလိုချည်း ဖြစ်နေတော့ လူနာက ပိစပ်မသောက်ရဲဘူးဖြစ်တာကို ကျွန်တော့် ပြော တယ်၊ ကျွန်တော်က ခင်ဗျားတို့ မှားနေတယ်၊ ပိစပ်ပဲ ဆက်တိုက်ပါ၊ ပိစပ်က ပြန်ကောင်းအောင်လုပ်ပေးမှာလို့ အတန်တန်ကို ပြောရတယ်၊ နောက် ကျွန်တော့်စကားနားထောင်ပြီး ပိစပ် ဆက်တိုက်သောက်လိုက် တာဟာ အတွင်းက စက်တွေကို ပိစပ်က ဘယ်လိုပြင် လိုက်မှန်း မသိ ပါဘူး၊ အားလုံးပြန်ကောင်းပြီး တစ်ရက် နှစ်ရက်အတွင်း ဝမ်းဟာ ဝမ်း အဖြစ်နဲ့ ပုံမှန်ပြန်ဖြစ်တယ်'

ကိုလွင် 'ဟာ . . . ဒါအရေးကြီးတယ်၊ ကျွန်တော်လည်း တစ်ခါ တစ်ခါမှာ အဲဒီလိုကြီး ဖြစ်ဖြစ်နေတယ် ခင်ဗျာ'

'ဒါတော့ မပူနဲ့တော့၊ ရောဂါအတွက် ပိစပ်တွေသောက်ရင်း အဲဒါ ကြီးရော ပျောက်မှာပါ၊ တစ်နေ့ကို လက်ဖက်ရည်ကြမ်းပန်းကန်နဲ့ တစ်ဝက် သုံးကြိမ် ပိစပ်သောက်ဗျာ၊ ထောင်းထုပြီးအရည်သောက်ကို သောက်ပါ၊ ပထမဆုံး လျှာပေါ်က အနာတွေ စ ပျောက်မယ်ဗျာ၊ သူပြီး တာနဲ့ လက်တွေမှာပေါက်တဲ့ အနီစက်တွေ ဘာတွေ ဆက်ပျောက်မယ်

www.burmeseclassic.com

ဗျာ၊ အဲဒီလို ပျောက်လာပြီဆိုလျှင် အားဆေးစားရမယ်လေ၊ ဒါ ပိစပ်နဲ့ အတွဲအဖက်ပဲ'

'အားဆေး၊ ဘယ်လိုအားဆေးလဲခင်ဗျာ'

'မြန်မာ့သဘာဝအားဆေးပါ၊ ငါးရှဉ့်နဲ့ ငွေးသီးချက်စားရတာ၊ ငါးရှဉ့်ကို အကောင်လိုက်ပဲ သန့်အောင်ဆေး၊ တိုက်ချွတ်ဆေး၊ ဒီလိုဆေးပြီး ဗိုက်ခွဲ အူထုတ်လိုက်တဲ့အခါကျတော့ ထပ်ရေမဆေးရတော့ဘူး၊ သူ့သွေးတွေနဲ့ပဲရော ဟင်းချက်ရမယ်၊ ဒီအားဆေးစားလိုက်ရင် တစ်ဟုန်ထိုး အားတက်လာမယ်၊ လူကောင်း ပကတိကို ဒီမှာတွန်းပို့တာပဲ၊ ရောဂါသည် မဟုတ်ဘဲ လုပ်ကိုင် စားသောက်နိုင်တဲ့ လူကောင်းအဖြစ်ကို မုချရောက်တယ်ဖြစ်တယ်၊ အဲ တစ်ခုက ပိစပ်အလွဲတော့ သွားမလုပ်မိစေနဲ့.'

'ခင်ဗျာ . . . ပိစပ်အလွဲ'

'ဟုတ်တယ်၊ အဝါရောင်အပွင့်လေးတွေပွင့်တဲ့ ပိစပ်ကို မှားမသုံးနဲ့၊ ဒါအရေးကြီးတယ်၊ ဆေးသုံးပိစပ်က တောပိစပ်ခေါ်တယ်၊ နွေမှာ အဖြူရောင် အပွင့်ပွင့်တယ်၊ အရိုးက မာတယ်၊ အခေါင်းပွအထဲမှာ ဖော့ရှိတယ်၊ အနံ့က စူးရှတယ်၊ ဒီလို တောပိစပ်ကိုသုံးရမှာ သတိထား၊ အရွက်ကြည့်ပြီးတော့ အထင်မသေးနဲ့၊ ကမ္ဘာမှာ ဆိုးဝါးတဲ့ဒီရောဂါ၊ ကမ္ဘာ့ဆေးတွေ မတတ်နိုင်တဲ့စွမ်းရည်ကို ပိစပ်ကပေးပြီး လူကောင်းပကတိ အလုပ်လုပ်စားနိုင်တဲ့ ဘဝကို ပိစပ်ကပေးမယ်၊ ပေးတယ်၊ ဒီလိုစွမ်းရည်ပြန်ပေးတာကို ကျွန်တော်တို့ကတစ်ဆင့်ကြား မဟုတ်ဘူး၊ လူနာကို ကုကြည့်ပြီး ကိုယ်တိုင်တွေ့တာဗျား'

'အားရှိလိုက်တာခင်ဗျာ၊ ကိုယ့်ဘဝအသစ်ကို ပိစပ်က ပြန်ပေးမှာပါလား'

'ကျွန်တော်များစွာကို တွေ့ပြီးကြည့်ပြီးပြီဗျာ၊ သူ့ ကိုယ်တွင်းကပိုးတော့ ဘယ်လောက် ကျန်တယ် မကျန်ဘူး မသိဘူး၊ လူကတော့ စွမ်းရည်အပြည့် လုပ်စားနိုင်တဲ့လူပြန်ဖြစ်ပြီး သားသားနားနား တကယ်လုပ်စားနိုင်တယ်၊ ခင်ဗျား တစ်လတစ်သိန်းတန်ကြီးက ခုလိုလုပ်စားလို့ မရဘူး



လေ၊ ရောဂါလက်ကျန်နဲ့ အားနည်းတာနဲ့ရောပြီး လူတောမတိုးဖြစ်တယ်၊ ကိုလွင်ကိုယ်တိုင် ကိုယ်တွေ့ပဲလေ'

'ဟုတ်တယ်၊ တစ်လတစ်သိန်းသာ ကုန်တယ်၊ လူက အနာတွေ လက်ကိုင်ရှိပြီး အားချည့်ချည့် ပျော့စိစိ'

'ကဲ . . . ကဲ ရှင်းတယ်နော်၊ ပိစပ်က တစ်ပြားတစ်ချပ်မှကို မကုန်ရဘဲ အခမဲ့ကယ်တင်ရှင်ကြီးပဲ၊ ဒါကို အချိန်ကောင်း ကံကောင်းလို့မှတ်ဖို့ပဲ မိမိက ယူတတ်ဖို့ပဲ၊ ဒါကို ကျွန်တော်ဟာ ကြုံရာမှာ နှိုးဆော်တာ၊ ကိုလွင်ကို အထူးပြောချင်တဲ့ အရေးကြီးတဲ့အချက် ရှိတယ်၊ ကိုလွင် ပျောက်ရင် ပျောက်သလို ပိစပ် အကျိုးခံစားရသလို တခြားလူများ ခံစားရအောင် နှိုးဆော်ဗျာ၊ နီးရာတွေ ပြော ပြောပြဗျာ၊ ပိစပ်က ကယ်တင်သလို ကျွန်တော်တို့လည်း ပါးစပ်က တတ်နိုင်သမျှ ကယ်တင်ကူညီဖို့ပဗျာ၊ ဒါ သေရမယ့်လူကို ဘဝအသစ်ပေးသလိုမျိုးကို အကျိုးရှိပါတယ်ဗျာ၊ ကိုလွင် ရေ လုပ်ပါ'

[ ပေါ်ပြူလာဂျာနယ်။ ။ ၂၈၊ နိုဝင်ဘာ၊ ၂၀၀၆]

www.burmeseclassic.com

www.burmeseclassic.com

## ရောဂါကြီးရုတ်ခြည်းဝင်ကာ သေလုလုကြုံရတာ

ဟာ၊ သေရဖို့ ဝေဒနာဆိုတာ ရုတ်တရက် ဝင်ချင် ဝင်တာပါလားလို့ ကျွန်တော်ဒိုးမှာ ငယ်ထိပ်ကြီးသွေးပြန့်အောင်ပင် ထိတ်လန့်သွားရသည်။ ကိုယ့်ကျန်းမာရေး ကိုယ်ကြည့်ပြီးတော့ ရုတ်တရက် သေနိုင်မယ်ဆိုတာ ဘယ်လာလို့ စဉ်းစားနေမှာလဲ။ သို့သော် ဝေဒနာဆိုတာက အချိန်းအချက် သတ်မှတ်တာနှင့် လာတာမှ မဟုတ်ဘဲလေ။ ရုတ်ခြည်း မထင်သည့် ဝေဒနာ ကျရောက်လိုက်ပြီး ကျွန်တော် သေမည် ထင်သွားရသည်။

ခံစားဖူးကြလား၊ ဖြစ်ဖူးကြလား။ ညအချိန်အိပ်ကောင်းတုန်း မမျှော်လင့်တဲ့ အချိန်မှာ ထင်မှတ်မှုလုံးလုံးမရှိဘဲ ရုတ်ခြည်း 'ပေါင်ကြောနှစ်ဖက်ကြွက်တက်ရောဂါ' တိုက်ခိုက်ခံရလေရာ ပြင်းထန်စွာ အကြောတွေဆိုင်းပြီး ဒိုင်းခနဲကြီး အသက်ဓာတ်ပြတ်ပြီလို့ကို ထင်လိုက်ပါပြီ။

မကြာခင်ရက်ကဖြစ်ပါသည်။ လဆန်း ပထမပတ်မှာ ဖြစ်ပါသည်။ ည နှစ်နာရီလောက်ကြီးအချိန်၊ အားလုံး အိပ်ပျော်ချိန်မှာ ဤရောဂါက ကျွန်တော့်ကို မထင်မှတ်ဘဲ တိုက်ခိုက်တာခံရကာ အသက်ရှူပင် ရပ်လုလု ဖြစ်တာတည်း။ ဒီလိုဖြစ်ရင် ဘယ်လိုလုပ်ရမယ်လို့ ကြိုတင်လေ့လာခဲ့မှု အသိလေးရှိလို့သာ။ အင်း ကိုယ့်အသက် သနားဖွယ်ကို ပြန်ကယ်နိုင်တာ ဖြစ်ပါတော့သည်။

အချို့ပြောတာရှိသည်။ ယင်းက 'ဘယ်သူဟာလေ သေကံကောင်းလိုက်တာ၊ ဘာမှမသိလိုက်ဘဲ ညအိပ်နေတုန်း အေးအေးလေး သေနေတာကို မနက်ကျမှ သိကြရတယ်' ဝမ်းသာအားရပြောကြတာမျိုး ခဏခဏလို ကြားဖူးနေရသည်။ ဟုတ်ရဲ့လားလို့ပြောလျှင် မျက်စောင်းထိုး



စိတ်ဆိုးတွေတော့ ဖြစ်ကြမည်ပဲ။ ညအိပ်နေစဉ် သေဆုံးကြရသည့်အထဲ ကိုယ်ထင်သလို အေးအေးလေး သေသူက ဘယ်လောက်ရှိမည်နည်း။

နှလုံးကိစ္စဖိစီးမှုဖြင့် အော်မရပြောမရဖြစ်ပြီး ရုတ်တရက် တင်းကျပ် သေဆုံးရမှုတွေ ရှိတတ်သည်။ ကျွန်တော် လေ့လာပါသည်။ တချို့က ခေါင်းရင်းကတံခါးလေး ဖွင့်အိပ်တတ်ကြရာ အအေးဝင်မှုသိပ်များလာစဉ် ကိုယ်မှာ ကိုယ်တွင်း တင်းကျပ်မှုတွေဖြစ်ကာ အသက်မရှူနိုင်ဘဲ ကိစ္စများ တတ်ကြရတာလည်း ရှိသည်။ အနားမှာ လူရှိလျှင်တော့ ချက်ချင်း ကယ်တင်ပေးနိုင်သည်။ ထို့ကြောင့် အသက်ကြီးသူများ ဘေးအဖော် မနီးမဝေး ထားအိပ်လို့ပြောရတာ ဖြစ်သည်။

အခု ကျွန်တော်တွေ့ကြုံသည့် အကြောကိစ္စများလဲ အတော်ကို အိပ်ရာမှာကို လူသတ်တာဖြစ်တော့သည်။ ကျွန်တော်မှာ သင့်တင့်သည့် ဗဟုသုတလေးများ ရှာထားမိလို့ ထိုညက ကိုယ့်ကိုယ်ကို ကယ်နိုင်ကာ တစ်ချီတည်းနှင့် ကိစ္စမပြတ်တာ ဖြစ်သည်။ ဒီလိုကိစ္စနဲ့ ဘဝချောရသူ များပြီ။ ကျွန်တော် တွေ့ဖူး သိဖူးလို့ သတိထားခဲ့ပါသည်။

အဆွေတို့၊ ကျွန်တော် တွေ့ကြုံသည့် အချိန်မတော်ကြီး ပေါင်နှစ်ဖက် ကြွက်တက်သည့်အဖြစ်မျိုး ကြုံဖူးလားမေးလျှင် အချို့မှာ ပြန်ပြောရခက်ပြီး ဗိုက်ထဲဆဲမည်လားဘဲ မသိပြီ။ ဒီအဖြစ်မျိုး အချိန်အခါမဟုတ်ကြီး ဖြစ်လျှင် သေတတ်တာတော့သိကြသည်။ အခု ကိုယ့်ကိုယ်ကိုယ် ကယ်နိုင်ခဲ့လို့ ကျွန်တော် အသက်ဓာတ်မပြတ်တာဖြစ်ပြီး ဤသို့ဖြစ်လျှင် ဘယ်သို့ လုပ်ပါလို့ ပြောပြရန်ဖြစ်လာတာတည်း။

ရောဂါဖြစ်ပြီး ရုတ်တရက်ကြီးလန့်အနိုးတွင် ရောဂါက ဖိစီးမှုတိုးလျက် ဆိုးနေပြီ။ ပေါင်နှစ်ဖက်က တင်းကျပ်ပြီး ကြွက်တက်လိုက်သည်မှာ အသားများ ဆတ်ဆတ်ခါ၍ နာကျင်လွန်းလှတော့သည်။ တစ်ချိန်တစ်ခါမှ မဖြစ်ဖူး၍ ရုတ်ခြည်းလည်း ထိတ်လန့်သည်။ ပေါင်အသားတို့ တအားတင်းကာ ဆတ်ဆတ် နာကျင်လိုက်သည်မှာ နိုင်မရ ကိုင်မရဖြစ်သည်။ ခေါင်းက တအားမူးနောက်သွားပြီး အိမ်ကြီးက ဝိုင်းဝိုင်းလည်နေ

www.burmeseclassic.com

သလိုဖြစ်သည်။ ထိုခေါင်းကြီးမူးနောက်သည့်အထဲ ပေါင်က ဆတ်ဆတ်ခါ နာစဉ်မှာပင် အပြင်းအထန် အော့ချင် အန်ချင် ဖြစ်လာသည်။

ငါ့ဘာဖြစ်တာလဲလို့ ရုတ်ခြည်း တွေးမရ၊ ထိန်းလဲမရ၊ သက်သာလို သက်သာငြား ခေါင်းထိုးကာ အန်ပစ်လိုက်တော့ အတော်ကို ပေါင်တွေက ကျင်နေသည့်အထဲ ပင်ပန်းပြန်လေသည်။ နောက်မှ ကျွန်တော် ပြန်တွေး သိမိ ဖြစ်ပါသည်။ အကြောတွေ ကြွက်တက်တာပဲဟု အသိက လင်းခနဲ ဝင်လာပါသည်။ ဤလိုသိတာနှင့် ကုနည်းလည်းမြင်ပြီးတော့ ကျွန်တော် အားကို သုံးရသမျှ ဖျစ်ညှစ်သုံးကာ ထုံကျဉ်ကိုက်ခဲနေသည့် ပေါင်နှစ်လုံး ကို ကြိုးစားပူးကွေးလိုက်၍ ကြပ်ကြပ်ကြီး ဖက်ဖြစ်လိုက်ပါသည်။

ခုလို ပေါင်ကြွက်သားတို့ အကြောတင်းတတ်ပြီး ပြင်းစွာ ထိုးနှက် ကြွက်တက် နာကျင်လျှင် ခုလို ယင်းပေါင်နှစ်ဘက်ကို တင်းတင်းကြပ် ဖက်ရပါသည်။ ဒူးကိုကွေး၍ ဒူးခေါင်းနှင့် မေးစေ့ ထိလုလုအထိကု (နာကျင်တာ မေ့လိုက်ပြီး) အပြင်းဖက်ပေးလို့ ကုရတာဖြစ်ပါသည်။ ခုလိုလုပ်လျှင် ပေါင်ကြွက်သားတို့ နာကျင်ပြင်းထန်မှု သိသာစွာ မြန်စွာကို လျော့တတ်ပါလေသည်။

အသက်ရှူလို့ လွယ်သွားနိုင်ပါသည်။ အမူးလည်းလျော့ပါသည်။ ထိုအခါတော့ ဘဝသက်ပြင်းချဖို့လည်းအချိန်ရကာ အခုမှ ဘုရားလည်း တ ဖြစ်လို့ သတိတရကို ဖြစ်လေပါပြီ။ ဘေးကြီးတစ်ခုက လွတ်ပြီကိုး။ သေတွင်းတစ်ခုက ဖြတ်ကျော်ပြီ။ ကျွန်တော် အခုမှ အသာအယာလည်း ထလို့ရသွားပြီ။ ကျွန်တော် စိတ်လှုပ်ရှားစွာပင် လှုပ်၍ ကိုယ့်အိမ်သားတို့ နှစ်ခန်းကူးပြီး မျက်နှာများ လျှောက်လို့ကြည့်ကာ တစ်တောင်သာသာကြီး တကယ့်သက်ပြင်းရှည်ကို ညင်သာစွာ ချမိပါလေသည်။

နို့ ခုလို ဘာလို့ဖြစ်တာနည်း။ ခုလိုမျိုး မဖြစ်ရအောင် ဘယ်လို သတိထား လုပ်ဆောင်တတ်ရမည်နည်း။ ဒါက အခုရေးသည့်စာအဖို့ အရေးကြီးတာဖြစ်ပါတော့သည်။ အိပ်သည့်အခါတိုင်း ကျွန်တော်တို့ သတိ ပြုထားသင့်သည်မှာ အိပ်ကြစဉ်မှာ ခြေထောက် အညောင်းဆန့်သလိုမျိုး



ကြီး ခြေထောက်ကို တအားကန်ပစ်တာမျိုး၊ ဆန့်ပစ်တာမျိုး ခပ်ရမ်းရမ်း မလုပ်မိကြရန် သိပ်သတိထားကြဖို့ လိုအပ်တာဖြစ်ပါသည်။

ဤလိုလုပ်တာ မကောင်းတာကို ကိုယ့်ခန္ဓာကပင် သတိပေးကာ ခြေသလုံး ကြွက်တက်တာ လုပ်ပြလိမ့်မည်။ ခြေသလုံးကြွက်တက်တာ ခဏခဏ ဖြစ်လို့ လာ လာ နေလိမ့်မည်။ ခြေသလုံးကြွက်တက်မှုသည်ပင် လျှင် ခံစားမှုဘယ်လောက် ပြင်းထန်ပြီး အိပ်ရာထဲ အဆိုးဆုံးဖြစ်တာကို ကိုယ့်ဘာသာသိမည်၊ တွေ့မည်။ အဲ အဲသလိုဖြစ်တာမှ မဆင်ခြင်ဘဲ ခဏ ခဏ ခြေတအားဆန့်လို့ ကြွက်တက်မှုကလည်း များလာခဲ့လျှင် နောက် တစ်ဆင့်လာမှာက ကျွန်တော်မျိုး မောင်ဒိုး ဖြစ်တာမျိုးပဲ တစ်ခါတည်း ဘဝပြတ်လုနီးဘက်သို့ ပေါင်အကြောကြွက်တက်တာ ဖြစ်လာတော့ကာ (ဖြေနည်းသာ မသိပါလျှင်) အိမ်သားတွေ မသိလိုက်အချိန်မှာ မချိမဆံ့ ကြွက်တက်ဒဏ်ဖြင့် ကေန်ကြွတတ်တာများ ရှိနေလေပါသည်။ သိကြပါ စေတည်း။

ဤလိုဖြစ်လာပါလျှင် ဘယ်လိုအသက်လွတ်အောင် ဘယ်လိုရှောင် လို့လဲ ပြောခဲ့ပါပြီ။ ပေါင်နှစ်ဘက်ကို ရင်နဲ့ကပ်အောင်လုပ်ခြင်းနှင့်အတူ ဒူးနှစ်ဘက်ကိုပါ တအားကပ်အောင် ဆွဲကျုပ်ကာ ဖက်ထားရမှာဖြစ်သည်။ ကျွန်တော့်အသက်ကို ကယ်ကာ ခုလို ဆွဲဖက်၍ ပေါင်ကြွက်တက်ပြေ အောင် ကယ်ခဲ့သည်မှာ မြန်မာနည်း ဖြစ်သည်။ လူကြီးများလက်ထက် သင်ခဲ့လေပါသည်။ နိုင်ငံခြား အင်္ဂလိပ်နည်းကတော့ ဘာကိုဖက်၍ ဘယ်လိုကြီး ချက်ချင်းကယ်မည်တော့ ကျွန်တော် မသိသေးပြီ။

ရရာဇဟုသုတကို မှတ်သားမှုပြုပြီး နေရာတကျ အသုံးချမှုအတွက် ကြောင့် ကျွန်တော့်အသက်ကို ကယ်နိုင်တာ နှစ်ခါရှိပြီလို့ ပြောရမည်လား မသိပြီ။ ၁၉၈၆ ခုနှစ် ဟတ်အတက် ခေါ် နှလုံးသွေးကြောပိတ်ဆို့ကစဉ် သေလုသေခင်အဖြစ်မှာလဲ ခုလိုဗဟုသုတတိုလီမုတ္တကကိုယ်ကိုကယ်ခဲ့တာ ဖြစ်သည်။

ထိုစဉ်မှာ ကျွန်တော် ကြေးမုံသတင်းစာ အယ်ဒီတာချုပ် လုပ်နေပြီး အပေါ်ဆုံး လေးထပ်တွင် အစည်းအဝေး လျှင်းပနေစဉ် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မမျှော်လင့်ဘဲ ရုတ်ချည်းကြီး နှလုံးသွေးကြောပိတ်တာ ဖြစ်လိုက်သည်။ အလွန် နှလုံးကအောင့်ပြီး ချက်ချင်းကြီး အသက်ရှူမရဖြစ်တော့သည်။ ဝဲဘက်ရင်မှာ တစ်ခုခုတူကြီးလိုနှင့်ထုသလို တဒုန်းဒုန်းကြီးဖြစ်တာလည်း လွန်စွာအောင့်လှသည်။ လက်ဝဲဘက်လက်မောင်းကြီးလည်း လှုပ်မရသလို ဖြစ်သွားသည်။ အသက်ကို တအားကျုံးရှူလဲမရနှင့်ဟာ တအား အော်ပစ်ချင်နေသည်။ ဒီအချိန် နှလုံး သွေးကြောပိတ်ရုတ်ခြည်းဖြစ်တာမျိုးဟာပဲလို့သိပြီး ချက်ချင်း စိတ်ထိန်းချုပ်၊ နာတာကိုကိုယ့်ဘာသာကိုယ် အရင်လုပ်သည်။ ပြီး ကိုယ့်ဗဟုသုတ တိုလီမုစ္စအရ 'ခုလို နှလုံးသွေးပိတ်တာသိလျှင် လှုပ်လှုပ်ရှားရှား မဖြစ်လိုက်စေနဲ့၊ ငြိမ်ပြီးရနိုင်သမျှ ကိုယ့်အသက်ကိုရအောင်လို့ ကြိုးစားရှူပါ။ မရအရ အတင်းသာရှူပါ' ဒါ ပြန်သတိရကာ ကျွန်တော် ကိုယ့်အသက်ကိုပဲ အပြင်းအထန်ကိုရှူတာလုပ်ပါသည်၊ ချက်ချင်းဘယ်ရမည်နည်း၊ အတော်ကြီးကို စိတ်ငြိမ်စွာနဲ့ ကြိုးစားလွန်းတော့မှ မျှင်းမျှင်းလေး စ လို့ ရကာ လူလည်း 'ဒါနှင့် ငါသေမနိုင်ပြီ'လို့သိ၍ ကြိုးစားလိုက်ကာ ထိုမှ ကိုယ်နိုင်ကာ အသက်အသင့်အတင့်ရှူတော့ ကိုယ့်အသက်ကို ကယ်နိုင်ခဲ့တာဖြစ်တော့သည်။ ဤအသက်ကယ်ဗဟုသုတ တိုလီမုစ္စတွေကို အများဝေနေအတွက် ဖြန့်ဝေနေတာ ဖြစ်ပါသည်။

'ဒါတွေဟာ အလကားဟာတွေပါ'လို့ ကျွန်တော့်စကား အလကားလို့ သဘောထားခဲ့လျှင် အလကားသေမှာ ဖြစ်လေသည်။ အခု တိုလီမုစ္စသိတာနှင့် သေဘေးကျော်ခြင်းက အသက် ၆၀ လောက်မှာ ဖြစ်ခဲ့ပြီးအခု အသက် ၈၀ မှာ တစ်ခါ၊ အသက်ကယ်ခဲ့ပြန်တာ ဖြစ်ပြီ။

ကဲ၊ ကြိုက်သူ ယူ၍ မကြိုက်သူများကားဆို တစ်ခါတည်းဗျာကိုယ့်လမ်းကိုယ်သွားပဲ ဖြစ်တော့သည်။

[ ဈေးကွက်ဂျာနယ်။ ။ ၁၉၊ အောက်တိုဘာ၊ ၂၀၀၆]

## တစ်ပြုံမကား တစ်ပြားမကုန် ဆေးနည်းများ

ကျွန်တော့်မှာ ရောဂါသည် မိန်းကလေးတစ်ယောက်အတွက် ထိုရက်များမှာ အတော် ကိစ္စများနေခဲ့ရသည်။ မိန်းကလေး၏ ရောဂါကလည်း ပြောခက်လှဘိ ဖြစ်၏။ သူ့အပူကို ကိုယ့်အပူလုပ်၍ ရှုပ်လိုက်သည်မှာ ကိုယ့်သူငယ်ချင်း အရင်းကြီးတစ်ဦး ဖြစ်ပါသည်။

ကြည့် သူပြောတာက 'ကိုဒိုးရာ ခင်ဗျား ကူညီနိုင်မှာပါ၊ ကျုပ်တူမလေး တစ်ယောက်ပါဗျာ၊ အရွယ်ငယ်ငယ် ချောလဲ ချောပါတယ်'

ငါ့ ဘာတွေလာပြောနေပါလိမ့်ဟု ကျွန်တော် မျက်နှာတည်ပြီး မျက်လုံးက နီချင်နေပြီ၊ သူဆက်၍

'သူ ကြိုက်တဲ့သူကလဲ ပေါ်နေတယ်၊ သူကလဲ နှစ်သက်တဲ့သဘောရှိတယ်၊ ဒီအခါကျမှ အဖျက်အဆီးကကွာ မထင်ဘဲပေါ်တယ်'

သူလုပ်တာနဲ့ ကျွန်တော်အတော်ပဲ စိတ်ရှုပ်ချင်ပါပြီ။ ချောလို့ချစ်သူပေါ်တာနဲ့ ပြန်ချစ်တာနဲ့ ကျွန်တော်သာဂဒိုးနှင့် ဘာဆိုင်နေတုံးလေ။ 'ကဲ သူငယ်ချင်း၊ ပြောရမှာ အားနာတယ်၊ ကိုယ့်လူရဲ့ တူမချောချော၊ သဘောကောင်းကောင်း၊ လိုချင်သူရှိ၊ ချစ်သူရှိကို တခြားသွား ကြေညာတော့လေဗျာ၊ ကျွန်တော်နဲ့က ဘာမှပတ်သက်စရာ မရှိတဲ့ဟာ၊ မှားယွင်းနေဦးမယ်ဗျာ'

သို့ပြော၍ ကျွန်တော် စိတ်ရှုပ်ရှုပ်နှင့် ရုတ်ခနဲ လှည့်အထွက်မှာ ကိုယ့်လူကား ကြမ်းတမ်းလှပါလား။ ကျွန်တော့်ဆောင့်ဆွဲပြီး 'ဟကောင်သာဂဒိုး၊ ငါ ထိုးလိုက်တော့မှာနော်၊ မင်း သာဂဒိုးမဖြစ်ခင်ကတည်းက မင်းအကျိုးတွေပြုခဲ့တဲ့ ငါ့ကို ငါ့စကားတော့ နည်းနည်းနားထောင်စမ်းဟာ၊

www.burmeseclassic.com

(သူ ဒေါသဖြစ်ပုံရပြီး ရှိုက်သွား၍) မင်းမပါရင် မဖြစ်တဲ့ ကိစ္စမို့ပါကွာ၊ မင်းနားလည်အောင် ဇာတ်ပါရှင်းပြနေရတာကွာ၊ ပြောရရင်ကွာ၊ ဒီငါ့တူမလေး အိမ်ထောင်ကျလုလုမှာ ငါ သိလာတာ သူ့ပေါင်တွေမှာ ခရုသင်းတွေ ရှိနေလို့ကွာ၊ သေရော'

အာ၊ ဒီစကားအကြားတွင် ကျွန်တော် ယိုင်ကာ ဖင်ထိုင်ကျသွားခဲ့လေပါသည်။ ဖြစ်ရလေ။

'သာဂဒိုးရ၊ ဒီလိုကိစ္စ အရေးကြီးလို့ မင်း ပြောနေရတာဟ၊ လက်ထပ်ပြီး တွေ့ရင် ဘယ်လိုဘယ်လိုတွေ ဖြစ်မလဲ၊ သူ ကျိတ်ငိုနေတာ အဒေါ်က သိပြီး အမှုပေါ်လာတာ၊ သေပေါက်ကွာ'

ထူးလှသည့်ကိစ္စအတွက် ကျွန်တော် ပြူးပြူးကြီးပဲ ကြည့်နေမိလေပါသည်။ စိတ်ကတော့ တောင်းပန်နေရပြီ။ 'အဲ အဲဒါ မင်း ကယ်နိုင်မယ်ထင်လို့ပါကွာ၊ ကယ်ပကွာ၊ ငါ့တူမလေး သနားမိတာ ငါတောင် ငိုမိတယ်၊ ကယ်လို့ဖြစ်မလားလဲ အရင်ပြောစမ်းပါကွာ၊ ခုဟာ သေကောင်ပေါင်းလဲ ကိစ္စတစ်ခုလိုပါပဲ'

ကျွန်တော် နှုတ်လေးနေသော်လည်း ပါးစပ်ကထွက်ရပါလေသည်။ 'ကြိုးစားကြည့်ရမယ်ကွာ၊ အမြန် ကြိုးစားကြည့်မှာပါ၊ ဖြစ်ရလေခြင်းကွာ၊ ဒီကလေးမလေးလဲ ငါ မမြင်ချင်ပါဘူး၊ သိရင် သိတဲ့သူ ငိုမိစရာပဲ'

သူက ဝမ်းသာစွာ ကျွန်တော့် ဖက်ပါတော့သည်။ သမင်ဖြူတို့၊ ခရုသင်းတို့ဆိုတာ ဘယ်မှာ မြန်စွာပျောက်နိုင်တာရှိသနည်းဗျာ။ အချိန်ယူ အချိန်ပေး၍ ကုသရတာပဲဖြစ်ပါသည်။ မြန်မာဆေးနည်းတွေ မျိုးစုံရှိပါသည်။ အပင်၊ အရွက်တို့ဖြင့်ကုသသည့် တောဆေးနည်းတွေ ဖြစ်ပါသည်။ အတော်များများမှာ ဓာတ်စာသဘော ဆောင်ပါသည်။ သို့သော် ရောဂါ မြန်မြန် ပျောက်ကင်းတတ်သည့် သဘောအနေအထား မရှိကြချေပါ။

တစ်ခုတော့ရှိသည် လောက်မင်းပင်ကို ရှာရမည်။ သူနှင့်ဆို အခြားနည်းလမ်းထက် မြန်စွာပျောက်နိုင်သည်လို့ ကျွန်တော် မြင်မိသည်။ သူက အခြား အပင် အရွက်များကိုလဲ အကူမယူပါ။ လိမ်းတော့လဲ ရှင်းလှသည်။



သူ့ချည်းလိမ်းပြီး သူ့ချည်းကကို လျှင်မြန်စွာ ပျောက်စေတာ ဖြစ်သည်။ လောက်မင်းပင်။ ခက်သည်က ဤအပင်ကို မြင်ဖူးလို့လား။ ကြားဖူးသူပင် ရှားလှတာတည်း။

နို့ ဤအပင် ဘယ်မှာ ရှိသနည်း။ ရန်ကုန်မြို့ ဝန်းကျင်မှာကတော့ ကျွန်တော် မတွေ့ မကြား ဖြစ်နေပါသည်။ ဤအပင် ဒေးဝွန်းပါဘက်တွင် ရှိသည်လည်းဆိုသည်။ ပေါင်မြို့ဘက် လိုက်ကြည့်ပါလားလို့လဲ ပြောတာရှိသည်။ ကော့မှူးမှာ စုံစမ်းပါ ဆိုသူက ဆိုပါသည်။ ဒါနှင့် ကျွန်တော်တို့မှာ အနီးဆုံး အနေအထားအရတော့ ကော့မှူးသွားဖို့ပဲ ဖြစ်တော့သည်။

လောက်မင်းပင်မှာ တစ်ပေသာသာ တစ်ပေခွဲလောက်သာ ရှိတာဖြစ်ပါသည်။ လောက်ပုံသဏ္ဌာန် ဥအရှည်များ အုံလိုက်တွေ့ကြရသည်။ ခရုသင်း ကုကြရာ၌ ဤဥများကို ပေါင်းချွေးခံကာ သုံးတာဖြစ်ပါသည်။ ယင်းပေါင်းချွေးကို ရောဂါအကွက်များ အသေအချာ လိမ်းရပါသည်။ နှစ်ကြိမ် သုံးကြိမ် လိမ်းရုံမျှဖြင့် ရောဂါအကွက်များ အလွှားအလွှား ကွာကျကာ ရောဂါပျောက်တာ ဖြစ်ပါသည်။ ပျောက်ပါသည်။

ကျွန်တော်တို့သိရှိမှု ဗဟုသုတကတော့ ဤလို အပျောက်မြန်သည့် ဆေး အခြားမသိခဲ့ကြရဘူးပါ။ ခရုသင်းဆိုတာ ကာလကြာရှည် အတော်ကုယူရသည့် ရောဂါမျိုးပင် ဖြစ်ပါသည်။ ပျောက်ပင် ပျောက်သော်လည်း နှစ်ရှည်ကြာကြာ ရောဂါကုသည့် ဆေးများသာ များတာဖြစ်သည်။

ကျွန်တော် ဆေးတစ်ထုပ်ကို မျှော်လင့်တကြီးထားရင်းသား ကံအားလျော်စွာရပါလေသည်။ ဆေးထုပ်ကိုယူပြီးသည်နှင့် ကိစ္စတစ်ခု ပေါ်လာပြန်လေသည်။ မိတ်ဆွေတစ်ဦးကို ကားဂိတ်တွင် မမျှော်လင့်ဘဲတွေ့တာ သူ့ကိုကြည့်ပြီးလဲ အံ့အားတသင့်ကြီးဖြစ်နေရပြန်ပါသည်။ ဟာ သူ့ကိုယ်က မျက်နှာက လက်မောင်းတွေက ရောဂါတွေ ပျောက်နေပါလားလို့ သတိပြုမိကာ၊ ကျွန်တော်ထိုသူကို အမိဖမ်းလှမ်းခေါ်နေမိရတာဖြစ်သည်။ သူ့က လက်တားကာ ခဏနေရန် ဟန်ပြသည်။ ကျွန်တော်နှင့်အတူ ဆေးလာရှာသူကို မြန်စွာခွာဖို့ ဖြစ်တော့သည်။

www.burmeseclassic.com

ww.burmeseclassic.com



'ကဲ ကဲ ကျေးဇူးရှင်ကြီးသွားတော့၊ ဒီအထုပ်လေးဟာ ခင်ဗျားတူမ တော် ဘဝကို ထောက်မနိုင်တာ သေချာပြီလေ၊ ပြောတဲ့အတိုင်းသာ လုပ်တော့၊ ကိုယ့်မှာ ဟိုမှာ အရေးပေါ်ကိစ္စလေးတစ်ခုပေါ်လို့'

တူမအတွက် ခေါင်းပူသူကို စေတနာဝေဖြာစွာ လိုချင်တာ လုပ်ပေးပြီးပြီမို့ မြန်စွာလမ်းခွဲကာ ကိုယ့်မိတ်ဆွေထံ မြန်စွာကူးသွားလိုက်ရသည်။

'လာပါဦး ဒိုးကြီးရာ၊ ဒီလိုနေရာ ဆရာကြီးကို မမျှော်လင့်မိပါဘူးဗျာ၊ ဆရာ မျက်နှာကြည့်တာ သိနေပါတယ်၊ ကျွန်တော့် ဘုကြီး ရောဂါတွေ ပျောက်တာကို သိချင်လို့ပဲ မဟုတ်လား'

'မှန်လိုက်လေ ငါ့ညီရာ၊ ဒီလောက်အချိန်တိုလေးအတွင်းမှာ ဒီလို ရောဂါတွေ ပျောက်နေကုန်တော့ ငါ အမြင်မှားလေသလား၊ လူမှားလားတောင် ထင်မိတာ'

အသက် သုံးဆယ်ခန့် လူငယ်တစ်ဦး ဖြစ်ပါသည်။ ကျွန်တော်ထံကို သူ့ အဖုအကျိတ်တွေ လာလို့ပြခဲ့ပါသည်။ ကျွန်တော် အကျိတ်အဖုသမားတော်တော်များများကို တွေ့ဖူးခဲ့သော်လည်း ထိုသူများ၌ သူလိုတော့ မမြင်ဘူးခဲ့ပါ။ မျက်နှာမှာ လည်ပင်းနေရာတွေ လက်မောင်းနေရာတွေ ဒါတွေက အပြင်မြင်ကွင်းပဲ ဖြစ်တော့သည်။ ကိုယ်တွင်း၌ ဘယ်လောက်အထိ ရှိနေမည်လဲ။ ကျွန်တော် စုံလင်စွာ မကြည့်လိုက်ပါ။

သူ့အဖုမှာ အဆီဖုချည်းများဖြစ်တာကို ကျွန်တော် လေ့လာသိမြင်ပါသည်။ ပျော့စိစိအဖုအကြိတ်များချည်းဖြစ်ပါသည်။ ထိုအဖုကို ခွဲထုတ်လိုက်လျှင် အရည်ချွဲချွဲများ အဆီတွေ ထွက်ပါသည်။ အဖုတစ်ဖုကို ခွဲလျှင် တစ်သိန်း နှစ်သိန်း ကုန်ပါသည်။ ထိုသူတွင် ကျွန်တော် သိမြင်နေရသည့် အဖုများချည်း ခွဲလျှင်ပင် မော်တော်ကြီး တစ်စင်းဖိုးကတော့ ရှင်းရှင်းကုန်သွားမည်လို့ ကျွန်တော် မြင်ထားပါသည်။ သူတို့မိသားစု မော်တော်ကြီး ပိုင်ရှင်ဖြစ်လို့မို့ ခုလို ကျွန်တော်က ဈေးတွက် တွက်တာ ဖြစ်ပါတယ်။ သူ့အတွက် ဒီလောက်မကုန်အောင် ကျွန်တော် ကြိုးစားကုခဲ့ပါသည်။



'ကဲ သူငယ်ချင်း၊ ခင်ဗျား ဒီအဆီဖုပျောက်ဖို့ နည်းနည်းအချိန်ယူရမယ်၊ အဖုတွေပျောက်မှ မိန်းမယူဖြစ်မှာမို့၊ မိန်းမယူဖို့ နည်းနည်းလေးတော့ အချိန်ဆွဲရမယ်ပြောတာ (ခုလိုပြောအပြီး) ခင်ဗျား နည်းနည်းတော့ ကြိုးစား၊ အဖုတွေကို သံပုရာသီးခွဲပြီး ပွတ်ပွတ်ပေးပြီး နေ့တိုင်းလဲပဲ သံပုရာသီး နံနက် နေ့ ည သောက်ပေးပါ' လို့ ဒီအကြံ ပေးလွှတ်လိုက်တာ ဖြစ်ပါသည်။ အဲ ကျွန်တော့်နည်းနှင့်ကတော့ ခုလောက် မမြန်နိုင်။ တခြား ဘယ်နည်းက ဤအဆီဖုတွေ ကင်းရှင်းသွား အောင်မြန်စွာကို လင်းဖြစ်အောင် ရှင်းဖြစ်လိုက်သနည်း။ ဒါ အမြန်သိချင်တာဘဲ ဖြစ်လေတော့သည်။

'အာ ပျောက်မယ့်ပျောက် သိပ်လွယ်လွယ်လေးနဲ့ကို ပျောက်တာပါ ဆရာကြီးရယ်၊ ပိုက်ဆံလဲ တစ်ပြားဆို တစ်ပြားလေးမှမကုန်ဘူး၊ကျွန်တော့်ကို ဦးဇင်းတစ်ပါးက နည်းပေးတာနဲ့ ချက်ချင်းလုပ်တာ၊ ဘယ်လိုလဲ သိလား၊ လမ်းဘေးကလေ ထိကရုံးဆူးပေါက်ပင်တွေ ရှိတယ်မဟုတ်လား၊ အဲဒီအပင်ကဆူးနဲ့ ဒီ အဆီဖုတွေ ဖောက် ဖောက် ဖောက်နဲ့ ထိုးထိုး ဖောက်လိုက်တဲ့ဥစ္စာ အဆီဖုအားလုံးဟာ ရှုံ့တွပြီး ပျောက်ကုန်ကြပါရော ခင်ဗျာ၊ အဲဒါနည်းလမ်းပါပဲ ခင်ဗျာ၊ ဆရာကြီးလဲ မှတ်ပါ'

ဒိုး အံ့သြခြင်းတွေတိုးပြီး 'ဟာ ထူးလိုက်တာ၊ တပြုံမကားနဲ့ တစ်ပြားမကုန် အစစ်ပါပဲလား ဟာ'

[ ဈေးကွက်ဂျာနယ်။ ။၁၂ အောက်တိုဘာ၊ ၂၀၀၆]

www.burmeseclassic.com

## ဘာလို့ လူကကောင်းပြီး အညွန့်းကဆိုးနေရသနည်း

တွေးရတွက်ရ အလွန်ခက်သည့် ပြဿနာတစ်ခုက ဖုလျက်ရှိနေပါသည်။ ပိစပ်နှင့် အေရောဂါ ကုသရာတွင် လူကလုံးဝပတိ လူကျန်းမာကြီးဖြစ်တာတွေရပြီး လက္ခဏာတစ်ခုက ရောဂါတက်နေတာ ပြပြနေသည့်ကိစ္စ ဖြစ်ပါသည်။ ဒါကို ဘယ်လို တွေးလို့တွက်လို့မှ အကြောင်းအချက် မပေါ်ပါ။ ဘယ်လိုလုပ်မည်နည်း။

ကျွန်တော်တို့သည် ပိစပ်ဖြင့် အေရောဂါသည်ကို ကိုယ်တိုင်ကြပ်မတ် ကုသ၍ အကျိုးရှိမှု ကြည့်သည်ကို အများသိပြီး ဖြစ်ပါသည်။ ကျွန်တော်က ဦးတင်အုန်းကို တိုက်တွန်းခဲ့ပြီး ဤ ပိစပ်အရွက်ဖြင့် အေရောဂါသည်များ ပျောက်လာသည်ကို တွေ့ကြားနေဖြစ်သော်လည်း ကျွန်တော်တို့ကိုယ်တိုင် စ ဆုံး (ရောဂါသည်းရာမှ ပျောက်သည့်ထိ) ကို ရောဂါသည် တစ်ဦးရှာပြီး ကုကြည့်ရန် လုပ်ခဲ့ပါသည်။ ဦးတင်အုန်းက ကြိုးစားဆောင်ရွက်သည်။

ထိုဝေဒနာရှင်မှာ ကိုမျိုးညွန့် ဖြစ်ပြီး သူ့ကိုယ်တွေ့ကို သူပင် ဈေးကွက်ဂျာနယ်တွင် အဖြစ်စုံစွာ ရေးခဲ့ပါပြီ။ ဒါ ပြည်သူတို့သိသည့် ကိစ္စတစ်ရပ် ဖြစ်ခဲ့ပါသည်။

ကျွန်တော်တို့လိုပင် ရောဂါသည်ကို ပိစပ်ဖြင့် ကိုယ်တိုင်ကု ကိုယ်တိုင်ကြပ်မတ်နှင့် ဆောင်ရွက်ခဲ့သူတစ်ဦးကိုလည်း ကျွန်တော် တွေ့ခဲ့ရပြန်ပါသည်။ သူကား ကိုဝင်းကျော်ဆိုသော ပုဂ္ဂိုလ်ဖြစ်လျက် ကေအင်တီမှ ကျောင်းဆရာဟု ပြောပြပါသည်။ ကိုဝင်းကျော် ပိစပ်၏သတ္တိကိုလက်တွေ့ သိချင်စဉ် သူနှင့်ရင်းနှီးသူတစ်ဦး ရောဂါဖြစ်နေသည်နှင့် ကြုံဆုံမိသွား



သည်။ ဤတွင် ကိုဝင်းကျော် ကိုယ်တိုင် ကြပ်မတ်ကာ ပိစပ်ဖြင့် ကုသဆောင်ရွက်ခဲ့ပါလေသည်။ သူ့လူ၏ ရောဂါဝေဒနာမှာ ကုစ အခြေအနေက ကိုမျိုးညွန့်နှင့် မတိမ်းမယိမ်းလို့ ဆိုပါသည်။

ယင်းသို့ကုသရာ၌ တစ်ခုတော့ ကွာဟသည်တဲ့။ ကိုမျိုးညွန့်ကို ကျွန်တော်တို့က တခြားဘာဆေးမျှမသုံးဘဲ ပိစပ်သက်သက်ဖြင့်သာ ကုသကြိုးစားတာဖြစ်ပါသည်။ ကိုဝင်းကျော်ကား သူ့လူနာကို ကျေနပ်မှုရှိအောင် ပိစပ်အပြင် ခေတ်နည်းကိုလည်း သုံးပါသည်လို့ ပြောပါသည်။ ကိုဝင်းကျော် ကုသဆောင်ရွက်သည့် လူနာလည်း အံ့ဖွယ်ရာ ရောဂါများကင်းစင်သွားကာ လူကောင်းပကတိ အနေအထားဖြင့် သွားလာလုပ်ကိုင်နိုင်သည့်ဘဝ ရောက်ရှိခဲ့ပြန်ပါသည်လို့ ပြောပြပါသည်။

ကျွန်တော်တို့လူနာနှင့် ကိုဝင်းကျော်လူနာ ပျောက်ပုံ အရှိန်ချင်းလည်း တူလှပါသည်။ တစ်ထပ်တည်းနီးပါးပင်တည်း။ ကျွန်တော်တို့ ဒီလိုကြားတော့ ဝမ်းသာအားရတွေ သိပ်ဖြစ်ရပါလေသည်။ နောက်လူနာများအတွက် အားကက်ပါသည်။ လူတွေမှာ ကုန်လည်း ကုန်ကျခဲ့ကြပြီ။ ပန်းလည်း ပန်းခဲ့ကြလှပြီ။ ဤနည်းဤဟန်ဖြင့် ရောဂါပျောက်၍ လူကောင်းဖြစ်နိုင်မည်ဆိုလျှင်ဖြင့် ဆုံးရှုံးနေသည့် လူသားတို့၏ အသက်များစွာကို ကယ်နိုင်ရမည်လို့ အတွေးတွေပေါ်ကာ ပျော်ပါသည်။ သေဒဏ်ကျခဲ့ကြရာက လွတ်မြောက်ကြမည်လို့ အတွေးပေါ်ကာလည်း ပျော်ရသည်ပင်။

သို့သော် ဝိဝါဒတစ်ခုကားရှိနေခဲ့ပြန်တာကို ဤနေရာမှာ ဖော်ပြောရဦးတော့မည် ဖြစ်သည်။ ကျွန်တော်တို့ကား ပြောပြပြီးအတိုင်း ပိစပ်သက်သက်ဖြင့်ပင် ကုသ စမ်းသပ်ခဲ့ကြသည်။ ကိုဝင်းကျော်ကား အထက်မှာ ပြောပြီးအတိုင်း ပိစပ်အပြင် ခေတ်နည်းလည်း သုံးလျက် လူနာလက္ခဏာကိုလည်း မပြတ် တိုင်းတာကြည့်မှု လုပ်ခဲ့လေပါသည်။ ဤတိုင်းတာမှု၏ ရလဒ်ကိစ္စတွေကြောင့် ခွကျကုန်ခဲ့တာဖြစ်တော့သည်။

အေ ရောဂါသည်များအား စီကီ တိုင်းတာသည် ဆိုတဲ့နည်းနဲ့ စမ်းသပ်တာ ရှိပါသည်။ ဆေးလောကမှာ စီတီဖိုးကောင့်လို့လည်း အသုံး

www.burmeseclassic.com

www.burmeseclassic.com



များပါသည်။ လူကောင်းပကတိသည် စီတီ ၂၀၀၀ ရှိရသည်လို့ပြောသည်။ အရောဂါ ရှိသူတို့ကား စီတီ ၂၀၀ သာရှိလျှင် ချက်ချင်း လူနာစာရင်း သွင်းရပြီး လူနာမှတ်ပုံတင် တာတွေ လုပ်ကြသည်။ ကုသရမည့်လူနာ ဖြစ်ပြီ။ အရောဂါအတွက် ဒါကိုပင် တရားဝင်လူနာလို့ ပြောလို့ရသည်။

ကိုဝင်းကျော်သည် သူ ကြပ်မတ်ကုသဆောင်ရွက်ပေးသည့် လူနာကို ဤ စီတီတိုင်းတာခြင်းတွေကိုပါ မှန်မှန်လုပ်ခဲ့တာ ထူးနေပါသည်။ ကျွန်တော်နှင့် ဦးတင်အုန်းတို့ ကုခဲ့သောကိုမျိုးညွန့်အား ဘာမှတိုင်းတာ တာမလုပ်ဘဲ ပိစပ်နှင့် ကုခဲ့တာဘဲ ဖြစ်ပါသည်။

ကိုဝင်းကျော် ခုလို တိုင်းတာကုသတော့ ဘာတွေ တွေ့သနည်း။ တွေ့ပါသည်။ ဤဒီတွေ့တာအတွက် ကိုဝင်းကျော်မှာ အံ့သြထိတ်လန့်ပင် ဖြစ်တာတည်း။ တိုင်းတာကိရိယာ ပြလာတာက ပြောင်းပြန်တွေပေါ်နေလို့ နေပြီတည်း။

ဘယ်လို ပြောင်းပြန်တွေ ပေါ်သနည်း။ တကယ် မယုံစရာ ဖြစ်ပါသည်။ လူက ကောင်း၍ ကောင်း၍လာသည်။ တိုးတက်၍ လာသည်။ သို့သော် စီတီဖိုးကောင့်လက္ခဏာက ရောဂါတိုးပြီး ဆိုးလာသည့်လက္ခဏာ ချည်း ဖြစ်လို့နေသည်။ တကယ်တွေးရခက်ကြီး ဖြစ်လေတော့သည်။

ဤပြဿနာ ဘယ်လိုရှင်းရမှန်း မသိ။ ဘယ်ကိုမေးလို့ ဘယ်လို နားလည် ဘယ်လိုပြောရမှန်းမသိ။ ပြောင်းပြန်ပြီး သဘာဝမကျတာတွေ ဖြစ်တာလည်း၊ ပိစပ်ကြောင့် လူက တကယ်ရောဂါတွေပျောက်ကာ တိုးတက်လာပြီး အားအင်တွေလည်းရှိလျက် လွှားခနဲ လွှားခနဲပင် သွားလာနိုင်နေပြီ။ စီတီလက္ခဏာက ရောဂါတိုးနေတာပြတော့ တွေးမရ တွက်မရ တွေကို ဖြစ်တာတည်း။ နေဦး၊ ပိစပ်စွမ်းအားနှင့် ဆန်းပြားပြီး စက်ပါ ကြောင်သွားသလား ပြောရမလိုဖြစ်ပြီ။

ဤကိစ္စတော့ ကျွန်တော်လည်း ရှင်းလင်းစွာ မမြင်တတ်၊ မပြော တတ်ချေပါ။ ကိုဝင်းကျော်လည်း သူ တွေးလို့ရသမျှတို့ မေးလိုသမျှလုပ် သည်ပေါ့။ ဒီလိုဖြစ် ဒီလိုတွေ့တာကို ကမ္ဘာ့ကျန်းမာရေးဆရာများပင် အကြည်အလင် ပြောနိုင်ပါ့မလား မသိပြီလို့ ဆိုနိုင်သလား။



ကျွန်တော်တို့ အားရသည်ကတော့ ရောဂါပြင်းထန်သူများသည် ကိုယ့်ရှေ့ မျက်မြင်တွင်ပင် လူကောင်းပကတိ သွားလာလုပ်ကိုင်နိုင်ခြင်းကို လွန်စွာ အားရကျေနပ်ရခြင်းပင် ဖြစ်ပါသည်။ အလုပ်များပင် ဝင်လုပ်ကိုင် နိုင်သည်မှာကား ကျန်းမာမှုအဆင့်ကို ပြနေခြင်းပင်ဖြစ်တော့သည်။

ကိုမျိုးညွန့်ကားဆို ခြေလေးငါးလှမ်းတစ်ခါနားကာ ရပ်ရထိုင်ရသည့် ဘဝမှနေပြီး နိုင်ငံတစ်လွှား တရကြမ်း သွားလာပစ်နိုင်အောင်ကို ထောင် သွားတော့တာ ဖြစ်သည်။ သူတို့ ဆေးမစစ်ဘူးလားဟု မေးသည်။ ဤ ရောဂါများကုသသည့် ဆရာဝန်ကို ပြသသည်။ အရင် သူ့ကိုယ်ပေါ်မှာ ရှိနေသည့် သပျစ်သီးကဲ့သို့ အမြှာမြှာအတွဲတွဲဖြစ်နေခဲ့သည့် အကျိတ် အပြွတ်ကြီးများ အတွဲကြီးများသည် ယခု တစ်ခုမျှမရှိသည်ကို ဆရာဝန် အံ့သြကာ 'ပိစပ်ကြောင့်ပျောက်သည်' လို့ ရေးလေသည်။

အခုအခြေအနေ ပေါ့စွတစ်လား၊ နဂ္ဂတစ်လားပေါ်အောင်မစစ်ဘူး လားလို့ မေးသည်။ ကိုမျိုးညွန့်က ကျွန်တော့်ရောဂါကုတာနဲ့ လူကောင်း အခြေအနေ ဖြစ်တာ သုံးလတည်း ရှိသေးတယ်။ ခြောက်လကြာရင် ကျွန်တော် စစ်မယ်လို့ ဆိုပါသည်။

ဤသို့ ပိစပ်သောက်သူများကွင် နဂ္ဂတစ် ထွက်သူတို့၊ ပေါ့စွတစ် ပေါ်သူကို့ရယ်လို့ မျိုးစုံတော့ကြားတွေ့နေရသည်။ ဆရာဝန်များ ရှင်းပြသံ လည်း ကြားရသည်။ ယင်းက ပိုးကဲ့သလိုဖြစ်ချိန်မှာ နဂ္ဂတစ်တော့ပေါ်နိုင် တာဘဲ။ ပိုးများချိန်ဆို ပြောင်းပြန်ပေါ့လေတဲ့။

ကျွန်တော်တွေးသည်ကား တစ်ခုတည်းပဲဖြစ်သည်။ 'ကပ်နှင့်ထမ်း ချရမလို ယဲ့ယဲ့ဖြစ်အောင် ရောဂါသည်းနေသည့်လူနာ ပိစပ်ဖြင့်လူကောင်း ပကတိဖြစ်ပြီး သွားလာလှုပ်ရှား လုပ်စားနိုင်တယ်ဆိုတာ ဘဝမှာ ကျေနပ် စရာ' ဒီလို အတွေးထွက်ကာ နှိုးဆော်ဆောင်ရွက်တာပဲ ဖြစ်ပါသည်။ သေနေရာက ဘဝပြန်ရပြီး လုပ်စားသွားလာဆို ဒုလ္လဘကြီးကို ပြန်ရသလို ကြီးပင် မဟုတ်လား။

အဲ၊ ကိုဝင်းကျော် တွေ့ကြုံတဲ့ကိစ္စကိုတော့ တွေးကြ အဖြေရှာကြ ပေါ့လေ။ သူ့လူက ခုအထိကို လန်းလန်းနဲ့ကြီး ကောင်းနေတော့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ီလက္ခဏာ အပြဖောက်တာနှင့် လူကောင်းကို လူနာလို့ အတန်းချရမှာ ကတော့ ခွကျကြီးကို ကျနေပါသည်။

ဤသည့်ကိစ္စဆွေးနွေးလိုသူ လေ့လာလိုသူရှိပါလျှင် ကျွန်တော် ဦးဝင်းကျော်နှင့်ညှိပြီး လက်ကမ်းပေးပါမည်ဗျာ။ ကမ္ဘာအထိတင်ချင်လည်း တင်ကြဗျာ။ နားလည်သူများပြောချင်လည်း ပြောဗျာ။

တခြားအတွေ့အကြုံ ထူးတာများရှိလည်း ပြောကြပါ။ ညှိနှိုင်း တိုင်ပင်ကာ အဖြေကြည့်၍ ညှိကြတာပေ့ါ ဆိုရမည်။ အရေးအကြီးဆုံး အချက်ကား ဘာလဲ။ သေလုလုအခြေကနေ လူကောင်းပကတိမျိုး တိုးတက်လာတာဆို ကျွန်တော်တို့ ဝမ်းသာစွာ ကြိုကြရမှာပဲ ဖြစ်သည်။ ဤရောဂါသေဒဏ်က ပြင်းထန်လွန်းသည်။ ခုအကောင်းကနေ ရှေ့တင် ပင် အသက်ငင်တာတွေရသည်အထိ ဆိုးလည်း ဆိုး၍ ကြမ်းလည်း ကြမ်း သည်။ ဒါကို ပိစပ်က ပြောင်းပြန်ကြီးဖြစ်သည်။ သေငင်ငင် နေရာကကို အသက်အသစ် ပေးရသလိုကို မျက်စိရှေ့တွင်ပင် မြင်မြင်နေရပြီ။ ဒါသည် ပိစပ်သည် ကပ်တစ်ခုအလား ဆိုးဝါးလှသည့် ဘေးဆိုးကိုထိုးနှက် ဖယ်ရှား ကယ်သွားနေပြီလို့ ဒီလိုပင်မြင်နေမိရပါလေသည်။

[ဈေးကွက်ဂျာနယ်။ ။ ၂၃၊ နိုဝင်ဘာ၊ ၂၀၀၆]

## အသက်ကယ်ဆေးသာမက ဘဝကယ်ဆေးလည်း ဖြစ်နေပြီ

ပိစပ်ဆိုတာ ဘာအဖိုးတန်သလဲ။ ဟုတ်ကဲ့ မတန်ပါဘူး။ လမ်းဘေး က အပင်ပါ။ ခုတော့ သူက ဘဝကယ်ဆေး၊ အသက်ကယ်ဆေးတွေ ဖြစ်လို့နေပါလေပြီ။

အရင်က ဤအပင်က အဖိုးမတန်ပါ။ ခြံရှင်းဟော့၊ တောရှင်းဟော့ ဆိုလျှင် သူ့ပဲ ခုတ်လို့ပစ်ချည်းနေရတာပါ။ ခုတော့ မယုံနိုင်စရာပါလား၊ ဘဝတွေကယ် အသက်တွေကယ် ရောဂါတွေရှင်း လူတွေအကျိုး သိပ် သယ်ပိုးတဲ့အပင် ဖြစ်ခဲ့ပါလေပြီ။

ကျွန်တော့်ဆီကို လူနှစ်မျိုး လာ လာ နေပါသည်။ တစ်မျိုးက ပိစပ် ကြောင့် လူအကျိုးဖြစ်ပြီး ရောဂါတွေပျောက်တာကို အားပါးတရပြောပြ သတင်းပေး ကြတာဖြစ်ပါသည်။ နောက်တစ်မျိုးကား ဤပိစပ်သတင်း စကားနှင့် မယွင်းမှားရအောင် လုပ်နည်းသောက်နည်း အတိအကျသိဖို့ရန် လာပညာယူကြတာတွေ ဖြစ်ပါသည်။

တချို့မြို့နယ်တွေမှာဆို ရောဂါပျောက်တာတွေ လူတွေပြော၍ ပိစပ်ရှိတဲ့ နေရာကိုလည်း လိုက်ပြကြ ခူးပေးကြ လုပ်ကြတာ ဖြစ်သည်။ ဤသူတွေ ဘာယုံကြည်တာနည်း။ ရောဂါပျောက်တာကို ကိုယ်တိုင် ယုံကြည်တွေ့ရှိ၍ လူအများ စေတနာထားပြီး တစ်လမ်းလမ်းနှင့် [illegible] ဝန်ထမ်းကြတာပဲ ဖြစ်ပါသည်။

တယ်လီဖုန်းများနှင့် သတင်းတွေ တသွင်သွင်ဝင်လာသည်။

'အစ်ကိုကြီး ဝမ်းသာတော့ဗျ၊ ကျွန်တော်ကူညီတာ လူနာခုနစ်ဆယ် ကျော်သွားပြီ၊ ဒီထဲမှာ ဖွတ်စအို သုံးယောက်၊ [illegible]လေးယောက်နဲ့ အေရောဂါသမားက နှစ်ယောက် ခင်ဗျာ၊ အေရောဂါသမား နှစ်ယောက်

ဟာ အခု ကျန်းမာပြီး ကောင်းမွန်စွာ လူကောင်းပကတိ လုပ်ကိုင်စားသောက်လို့နေပါပြီ’ တဲ့။

သူတို့က ဝမ်းသာစွာပြောတော့ ကိုယ့်မှာလည်း ဝမ်းသာခြင်းတွေ ကူးပါသည်။ အလွန်ပျော်ရွှင်ကြည်နူးရပါသည်။

‘ဆရာ ဦးဒိုးလား၊ ကျွန်မတို့က မြို့ယူအင်ဒီပီကပါ။ ပိစပ်နဲ့ လူနာတွေကို တတ်နိုင်သမျှ ကုသလုပ်ပေးရာမှာ စနစ်ပိုကျချင်တာပါ။ သူ့ခမျာများ သိပ်ကို သနားဖို့ကောင်းလှပါတယ်၊ ရောဂါက ဆိုးဆိုးလာနေပါတယ်၊ ပိုက်ဆံကမရှိဘူး၊ ဒီတော့ သူတို့ သိပ်ကိုသနားတာနဲ့ ပိစပ် အကူယူပြီးလည်း သူတို့ဘဝကို တတ်နိုင်သမျှ လုပ်ပေးရတယ်လေ’

ကျွန်တော်က စနစ်ကျစွာလုပ်ရေးကို ကျနစွာပြောပြရပါသည်။

‘ဖျော်ရည်ဖျော်စက်ရှိ မဟုတ်လား၊ အဲဒါ အသင့်ထား၊ ပထမ ပိစပ်တွေကို ရေဇလုံထဲမှာ ရေနွေးထည့်ပြီး နာနာလေး လှုပ်ဆေးပေးပါ။ ပိုးပါလာရင် ရှင်းသွားအောင်ပေါ့။ ပြီးတော့ ဖျော်ရည်အိုးမှာထည့်ပြီး ခုတ်ပေတော့၊ ကြေသလောက် ရှိတဲ့အခါမှာ ပိတ်ပါးထဲထည့်ပြီး အရည်တွေညှစ်ယူပါ။ ဒီလိုလုပ်တော့ လူအများကြီးကို တိုက်လို့ရပါတယ်၊ အဲဒီအရပ်မှာ ပိစပ်ပေါတာ သိပါတယ်’

‘ဆေးတိုက်တာကတော့ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် အနုအရင့်ရယ် မရွေးပါနဲ့ဗျာ၊ အားလုံးကို တစ်နေ့ကို သုံးကြိမ် သောက်စေပါ။ ဆေးကို လက်ဖက်ရည်ပန်းကန်လုံး တစ်ဝက်သာသာနှုန်းနဲ့ သုံးကြိမ်တိုက်ရမှာပါ’

‘ကျွန်တော် ဒီမှာ ကူညီကုသတာဖြင့် ရောဂါတွေကို ဒီလိုမြင်ပါတယ်၊ မျက်နှာတွေမှာအထိ အနာပေါက်တာရှိတယ်၊ လျှာမှာ မှက္ခရုလိုဟာကြီးဖြစ်ပြီး ကိုယ်ထဲဝင်သွားထာက အများကြီး၊ ကိုယ်ခန္ဓာအသားတွေမှာ အနီစက်တွေ များတတ်တယ်၊ ပြီးတော့ သပျစ်သီးအခိုင်ပမာလို အဖုအကျိတ်အတွဲကြီးတွေ လည်ပင်းတွေ၊ ရင်ဘတ်တွေမှာ ရှိနေတတ်တာများပါတယ်’



‘ဝမ်းတဗျစ်ဗျစ် သွားမယ်၊ အဖျားရှိန် များလိုက် နည်းလိုက်နဲ့ ဆိုးတယ်၊ အိပ်မရ စားမရနဲ့ အလိုလိုခါးကိုင်းလာမယ်၊ သူ့သွေးသာမက သူ့သားနံ့ရည်တွေကပါ အပြည့်အဝ ရောဂါကူးစက်နိုင်တာတွေ ဖြစ်နေပြီးသတိထားစရာဖြစ်ပြီ’

‘ဒီလိုတွေကို နုနုရင့်ရင့် ပိစပ်တိုက်ပြီး ဖြို့ရတာပဲ၊ ထူးတာက ပိစပ်ဟာ ပိုးသတ်ဆေး မဟုတ်ဘူး၊ ကိုယ်တွင်းအရှိန်တွေကို မျှတာ မျှနှိမ်တာနှိမ် လုပ်တာ လက်တွေ့မြင်ရမယ်၊ ပိစပ်သောက်ခိုင်းလို့ သုံးလေးရက်နဲ့ကို သိသာတဲ့လက္ခဏာတွေ တွေ့နိုင်တယ်၊ မျက်နှာ အနာများ စ ကျက်ပြီး ကွာတတ်တယ်၊ ဝမ်း ပြောင်းသွားတယ်၊ ဝမ်းတဗျစ်ဗျစ်ကနေ ပုံမှန်လို စ ဖြစ်မယ်၊ လူလည်း လေးလေးပင်ပင်ကြီး ဖြစ်နေရာက သိသာစွာ ပေါ့ပါးသွားမယ်၊ ဒါ ရောဂါပျောက်ဖို့ အခြေခံအစပဲ’

‘ထမင်းစားချင်စိတ်တွေ ပေါ်လာမယ်၊ အိပ်ရာထဲ မှိုချည်းနေချင်တဲ့ဘဝကနေ သွားချင်လာချင်တွေ ဖြစ်လာမယ်၊ ဒီလိုအချိန်မှာ အားဆေးကျွေးဖို့ လိုနေပြီ၊ အားဆေးကတော့ ကယားပြည်နယ်မှာ ကျွေးနေကြတဲ့ ရိုးရာအားဆေးပဲ၊ ဓာတ်စာပေါ့လေ၊ ငါးရှဉ့်နဲ့ ငွေးသီးချက်ကျွေးကြမယ်၊ ငါးရှဉ့်ကို အကောင်လိုက်မှာ သန့်ရှင်းနိုင်သမျှသန့်ရှင်းအောင် တိုက်ချွတ်ပစ်ပြီးတော့ နောက် ရေမဆေးရတော့ဘူး၊ ဗိုက်ခွဲ အူထုတ်လည်းလုပ်စွန့်တာကို စွန့်ပစ်ပြီး ရေမဆေးတော့ဘူး၊ တစ်ခါတည်း တုံးတစ်ခုတ်ထစ်ပြီး ငွေးသီးနဲ့ရောချက်တာ လုပ်ရတာပါ၊ ဒီနောက်မှာက ရောဂါသည်ဟာ ထမင်းအရမ်းစားပြီ၊ ပိစပ်က အလွန်အစာတောင်းတဲ့ ဆေးပဲ၊ ထမင်းတစ်နပ်ပြီးတစ်နပ် စားချင်တယ်၊ ကုန်းနေတဲ့ ခါးကြီးဟာ အလိုလို ပြန်မတ်လာမယ်၊ ဒီအခါ ငါ သေတွင်းကလွတ်ပြီဆိုပြီး ထင်ရာသွား လှုပ်ရှားချင်စိတ် သိပ်ပေါ်တယ်၊ စိတ်က ပျော်ပြီး သွားလာတာလည်း ပေါ့တတ်တယ်၊ ဒီအခါမှာ လူနာကို ‘စီတီအကောင့်’ သူ့ရဲ့ကိုယ်အားကို တိုင်းတဲ့အခါ ထိတ်လန့်စရာ တက်လိုက် ကျလိုက်တွေ ဖြစ်နေတတ်တယ်’

BURMESE CLASSIC .com
www.burmeseclassic.com

'အိမ်မှာ ငြိမ်ငြိမ်နေ၊ ရပ်ကွက်လောက်ပဲ ဟိုဒီသွား၊ ထမင်းစားလည်း မှန်လို့ အအိပ်မှန်ရင်တော့ 'စိတ်အကောင့်' သူ့တိုးတက်မှုဟာ ပုံမှန်တိုးတက်မှုကောန်ပေါ်တယ်၊ ခက်တာက သေချာပြန်တာ မေ့လွယ်တာဖြစ်တယ်၊ ဝမ်းသာပီတိ ဖုံးလွှမ်းလို့လည်း ဖြစ်နိုင်တယ်၊ ဆေးသောက်မှန်ဖို့က အရေးကြီးတယ်၊ ဒီမှာ ကြပ်မတ်ရတာပဲ၊ သူ့ခြေထောက်က လျှောက်သွားနိုင်နေပြီလေ၊ အိပ်ပျက်တာလည်း ဖြစ်နေတတ်ပြီ'

'အိပ်တာကအစ ကိုယ့်ကိုယ်ကို သတိမရ ဖြစ်လာပြီဆိုရင် နဂိုလမ်းကြောင်းကို စောင်းပြန်တဲ့သဘောဖြစ်တယ်၊ ဒီလိုဘဝ ပြန်နာလန်ထူတဲ့ရောဂါသည်ဟာ အရေးအကြီးအချက် အိပ်ပျက်မခံရ၊ အလေးအပင်တွေ မ မ ရ၊ ဒါ အရေးကြီးပြန်တာပဲ၊ လုပ်တော့ ဘာဖြစ်သလဲ၊ လုပ်ကြည့်ပေါ့၊ လုပ်လို့ သိပ်မကြာခင်မှာကို လက်တွေကိုယ်တွေမှာ မသိမသာ အနိစက်လေးတွေ ပြန်ဝင် ပြန်ပေါ်တယ်၊ အဲဒါ ဘဝပြန်သေဖို့လမ်းကို ပြန်လှမ်းမိသလိုဖြစ်တာပဲ'

'ပိစပ်သောက်ပြီး စည်းကမ်းတကျ နေတတ်သူတိုင်းဟာ လူကောင်းပကတိ လုပ်ကိုင်စားနိုင်အောင်ကို ပြန်ကောင်းနိုင်ပါတယ်၊ လူများစွာကိုပင် တွေ့ရပြီးပြီ၊ သို့သော် ကိုယ်ခန္ဓာဒဏ်၊ ရောဂါဒဏ်ပြင်းထန်ခဲ့တော့ ပိစပ်မှန်မှန် သောက်ပေးခြင်း၊ အိပ်ပျက်မခံခြင်း၊ အလေးအပင် မ မခြင်းတို့ကတော့ ပညာ သတိနဲ့အတူ ဉာဏ်ကူတာလေးကတော့ ရှိကြရလိမ့်မယ်။ ဆင်ဆင်ခြင်ခြင်နေသမျှကတော့ ဤအိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်သမားတို့ဟာ လူကောင်းပကတိ ပြန်ဖြစ်ကာ လုပ်စားကိုင်စား လှုပ်ရှားကိုလုပ်ကိုင်စားနိုင်ပါတယ်'

ကျွန်တော် ဒီလိုဒီလိုတွေ အစုံပြောတာပဲဖြစ်တော့သည်။ တချို့လူများတော့ ထူးဆန်းတာက ရှိတာကိုလည်း ပြောပြရဦးမည်။ တခြားမဟုတ်ပါ။ ဝမ်းသွားကိစ္စဖြစ်သည်။ အချို့မှာ လန့်တတ်လို့ ပြောပြထားရသည်။ ရောဂါတွေပျောက်ပြီး လူကောင်းပကတိလို လုပ်ကိုင်လာသူသည် အခါ



အားလျော်စွာ ဝမ်းကတစ်မျိုးဖြစ်တာ တွေ့ရတတ်ပါသည်။ ပမာဆိုနှစ်ရက်မှ တစ်ခါ ဝမ်းသွား သည်။ ထမင်းအများကြီးစား စားပြီး နှစ်ရက်တစ်ခါ ဝမ်းသွားတော့ တချို့လန့်လာတတ်သည်။ ဒါ လန့်စရာမဟုတ်ပါ။ နှစ်ရက်တစ်ခါ သွားဦးတော့ ဝမ်းက သဘာဝဝမ်း ဖြစ်နေတာကို အံ့စရာကြုံပြီး ကိုယ်တွင်အခြားဖောက်ပြန်မှု မရှိတာကလည်း ထူးဆန်းပါသည်။ ကျွန်တော်ကတော့ တတ်နိုင်သမျှ စုံစွာလေ့လာပြီး အများသိထားရန် ပြောကြား ရပါသည်။


တချို့က မေးဆစ်သည်၊ ကယားအားဆေး ငါးရှဉ့်နှင့် ငွေးသီးအစား အခြားအားဆေး စားမရဘူးလားလို့ မေးဆစ်ကာ မေးတတ်ပါသည်။ ဒါကတော့ ကျွန်တော် သိတာ မြင်တာတွေတာ ပြောပြခြင်းဖြစ်ရာ မိမိစိတ်ကူးနဲ့ထူးပြီး စူးစမ်းချင်ရာ စမ်းပေါ့လို့သာ ပြောဖို့ရှိပါသည်။


ပိစပ်နှင့်စပ်ပြီးလည်း ထပ်ခါပြောပြရပါမည်။ အပွင့်ဝါဝါ ပိစပ်ဆိုတာကို လုံးလုံးမသုံးပါနှင့်ဗျာ၊ အပွင့်ဖြူဖြူ ပိစပ်အမျိုးကိုသာ သုံးပါလို့ ထပ်ခါပြောလိုက်ရပြန်ပါသည်။ မနေ့ညကလာသည့် ကန်တော်ကလေးဘက်က မိသားစုက အပွင့်ဝါ သုံးပြီး အပွင့်ဖြူကို လွှင့်ကိုလွှင့်ပစ်တာ ကျွန်တော့်အိမ်ရောက်တော့မှ သိကာ ရင်ကျိုးပြီး အော်ငိုချင်သွားခဲ့လေပါသည်။ လအတော်လည်း သောက်ပြီး နေပြီ။

အဖြူပွင့် ပိစပ်က ကိုင်းထိုးစိုက်လို့ သိပ်လွယ်တာကိုလည်း လက်ဆောင်ပါးစကား ပြောကြားလိုက်လိုရသေးတော့သည်။

[ပေါ်ပြူလာဂျာနယ်။ ၊၁၂၊ ဒီဇင်ဘာ၊ ၂၀၀၆]

ww.burmeseclassic.com




www.burmeseclassic.com